မြန်မာ ကျူးပစ်ဖိုရမ် [myanmarcupid.net] မှာ “wiper” ရိုက်တင်ပေးခဲ့တဲ့

နိုင်ဝင်းဆွေ – ဘဝစာမျက်နှာများ

ဒီရေမြင့်သစ်ရဲ့ အကြို

လှဆွေ၏ အမှာ

နေရထားသည်
စပါးဆန်ရေ၊ မသေဆေးဝါး
သမားများစွာ၊ သယ်ဆောင်လာပြီ။

ကျွန်တော့်မှာ ကဗျာစပ်ရင်း စိတ်လှုပ်ရှားနေသည်။ စိတ်မှာ အစိုးမရတတ်နိုင်။ကောက်ကြောင်းများ ဆွဲမပြီးသေးမီ အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေသည်။ လက်ရေး လက်သားညံ့လွန်းသော ကျွန်တော့်မှာ စာလုံးများကို ပီသအောင် တဖြေးဖြေး တရွေ့ရွေ့ ရေးကာ မောနေသည်။ တဲရှေ့က နှင်းဆီတောမှာ လေတိုးလွန်းသဖြင့် တင်းခံထားရင်း တဆတ်ဆတ်တုန်နေသည်။ သည်နေ့မှ လေက သောင်းကျန်းနေသည်။ ခြံဝက ပိတောက်ပင်၊ သရက်ပင်၊ ဝါးရုံပင်အုပ်များကို ရှန်းရင်းဆန်ခတ် တွန်းတိုက်နေရာက တဲနောက်ဖေးပေါက်သွားကာ ငှက်ပျောတောထဲ တဝုန်းဝုန်း ဖြောင်းဆန် နေပြန်သည်။ တချက်တချက်တွင် ခနော်ခနဲ့ တဲစုတ်ကလေးကို ဆောင့်ဆောင့်တွန်းသေးသည်။ တဲစုတ်လေးမှာ တဖျစ်ဖျစ် တချွတ်ချွတ် မြည်နေတော့သည်။

ကဗျာရတနာများကား ကျွန်တော့်ရင်ထဲမှာ ရောင်ခြည်လွှတ်လျှက်။

အလင်းရောင်ကို
မျက်မှောင်ညိုကြွက်၊ ပျက်လိုပျက်စီး
ဖျက်ဆီးနေသူ၊
ငတ်မွတ်ရောဂါ
လူနာရှင်ထံ၊ ကုသမွေးကျောင်း
သမားကောင်းကို၊ ကြိမ်းမောင်းမာန်ထ
အမျက်ရှသူ။

[၂]

နိုင်ဝင်းဆွေက တဲတဖက်ဒေါင့်ထဲမှာ ဘဝစာမျက်နှာ ရေးနေသည်။ တဲမှာ အိမ်မကြီးရှိစဉ်က ဘေးတွဲလေးဖြစ်ခဲ့သည်။ အိမ်ရှင်တို့က အိမ်ကြီးကို ပြောင်းရွှေ့သောအခါ ထိုဘေးတွဲလေးကို ချန်ထားခဲ့သည်။

ပထမတော့ ထိုတဲလေးတွင် နေရသည်ကို အပျော်သဘောပိုက်ထားသည်။ ဤလို တဲအစုတ်ပလုတ်လေးမှာ လာနေရသည်ကို သိပ်အလေးအနက်မရှိမိ။ ထိုတဲစုတ်လေးကို အချိန်မရွေး စွန့်ခွာသွားနိုင်သည်ဟု မာန်ထောင်ထားကြသည်။ ထို့ကြောင့် တဲစုတ်တွင် နေခိုက်၌ ပျော်ပိုက်သည်။

“နှင်းဆီပွင့်တွေ အထွက် လျှော့လာတယ်ဟေ့”

ကိုသောင်းနွယ်က ကတ်ကျေးတလက်ဖြင့် နှင်းဆီပွင့်များကို လိုက်ဖြတ်ရင်း ပြောလိုက်သည်။ ကျွန်တော့်တို့မှာ ခေါင်းနပန်းကြီးသွားသည်။ အပင် ၂၀၀–စိုက်ခင်းထားသော နှင်းဆီတောသည် ဆန်တပြည်ဖိုးပင် အနိုင်နိုင် ပွင့်သည်။ လူသုံးယောက်က သူ့အပွင့်ကို မှီခိုနေသည်။ အခု နှင်းဆီပွင့်က လျှော့လာပြန်သတဲ့လေ။

“အိုကွာ၊ တဖြေးဖြေး အပွင့်တွေများလာမှာပါ။ ဟို ဖြတ်ထားတဲ့ ကိုင်းတွေက အပွင့်တွေ အများကြီး ထွက်လာမယ် မင်းသိလား”

နိုင်ဝင်းဆွေက မပူမပန်ဖြင့် လှမ်းပြောသည်။ သူသည် ထိုသို့ပြောပြီး နှင်းဆီတောဆီ ကြေကွဲစွာ ကြည့်နေသည်။

လွန်ခဲ့သော ဆယ်ရက်လောက်က နိုင်ဝင်းဆွေသည် ပေါင်းသင်၊ ဆေးဖျန်း၊ ကိုင်းခက်လေးတွေဖြတ်နှင့် နှင်းဆီပင်များကို ကြိုးစားပမ်းစား ပြုစုပျိုးထောင်ခဲ့သည်။

မိုးထဲလေထဲမှာ နှင်းဆီပင်တိုင်း မပွင့်နိုင်ပါတကား။

မိုးပေါက်လေးများ ကျလာသဖြင့် ကိုသောင်းနွယ် တဲထဲဝင်လိုက်သည်။

[၃]

သူတို့သည်ကား
နေရထားအောက်၊ ပြားပြားမှောက်လျက်
နောက်၌ ကျန်ရစ်လတ္တံ့။

မိုးစက် မိုးပေါက်များ ကျွန်တော်တို့ ခေါင်းပေါ်ကျကာ ပါးပေါ်စီးဆင်းသွားသည်။ လေနှင့် စဉ်လာသော မိုးမှုန်များ တဲထဲစွတ်ဝင်နေသည်။ အစတော့ တဲလေးကို အခင်း အကာ ပြင်ဖို့ အားခဲကြသေးသည်။ အထမမြောက်မီ စလူဖက်က ထိပ်တက်လာသည်။ အခင်းအကာကို အသာထားလိုက်။ တဲ မိုးရလိမ့်မည်။ တဲ မမိုးနိုင်မီ ပြဿနာသစ် ဖြစ်လာပြန်သည်။ စားဖို့ စားဖို့။ စားဖို့။

စင်စစ် အဖက်ဖက်က အထွေထွေကပ်ကြီး ဆိုက်နေသည်သာ။ ခေါင်မိုးတွေ ဆွေးပျက် ကျွတ်ထွက်နေပေ့စေ။ တနေရာစာလုံလျှင် အဲဒီနေရာ ရွှေ့နေမည်။ ပဆိုးဖင်ပေါက်နေပေ့စေ။ ထိုအပေါက်ကို ရှေ့ထားဝတ်မည်။ စားဖို့ကျတော့ ဖင်လှည့် ခေါင်လှည့် လုပ်လို့ မရ။

အခြေအနေကို လိမ်လို့ရသည် မဟုတ်။ လိမ်လို့ရ ခဏဘဲ။ ကဲ ဒီအစုတ် ကလေးက အချိန်မရွေး စွန့်ခွာ နိုင်မယ်ဆို။ မစွန့်မခွာနိုင်ရုံမက တဲစုတ်ထဲမှာ ရွှေနှလုံးသားဖြစ်အောင် လေ့ကျင့်နေရပြီ။

နိုင်ဝင်းဆွေက မိုးလုံရာ ကွက်လပ်မှာ ရွှေ့ပြီး ဘဝစာမျက်နှာ ဆက်ရေးနေသည်။ သူ့အာရုံများသည် စာလုံးများ အပေါ် စိုက်နစ်နေသည်။ ထိုအခါ၌ သူ့နှလုံးသား၊ သူ့အတွေးများသည် သိမ်မွေ့ ရှိုင်းနက်နေမည်ဟု ကျွန်တော်ထင်သည်။ ထိုအခါ၌ သူသည် အရိုးသားဆုံးနှင့် အနူးညံ့ဆုံးဖြစ်နေမည်ဟု ကျွန်တော်ထင်သည်။ ထိုအခါ၌ သူ့ခွန်အားများသည်လည်း တခဲနက် ပြည့်မောက်နေလိမ့်မည်ဟု ကျွန်တော် ထင်သည်။ တဆက်ထဲတွင်လည်း စိုးရိမ်ရိပ်များ ကျွန်တော့်ပေါ် ထိုးကျနေသည်။ သူ ရေးနေသည်က "ဘဝစာမျက်နှာများ" မဟုတ်ပါလား။ အဟောင်းနှင့် အသစ် ပဋိပက္ခများကား ဘဝစာမျက်နှာများတွင် တိုက်ပွဲဆင်နေပေမည်။ လူတန်းစား တိုက်ပွဲ။

နိုင်ဝင်းဆွေ၏ အနုပညာကိုကား ကျွန်တော်စိတ်ချသည်။ အနုပညာမှုဖြင့် သူသည် သိစေချင်သည်ကို အသိပေးပေမည်။

ညကာလများ၌ နှင်းဆီတောဝယ် အမှောင်လွှမ်းနေသည်ကို နိုင်ဝင်းဆွေ မေ့ထားမည်မဟုတ်ပါ။ အမှောင်ထဲမှ ပိုးစိမ်းဖြူတို့ တလက်လက် သွားနေသည်ကိုလည်း သူမြင်နေပါဦးမည်။ ကြယ်ကြွေသောညက သူ့ ရင်ခုန်သံသည်လည်း စဲဦးမည်မထင်ပါ။

မိုးကောင်းကင်တွင် မရေမတွက်နိုင် ရှိနေသော ကြယ်ပွင့်များကိုကြည့်ရင်း ဘဝစာမျက်နှာများသည် တက်ကြွမှုဖြင့် ပြည့်နှက်နေစေသတည်း။

လှဆွေ
၂၇၊ ၆ ၊ ၇၃

ဆည်းဆာရီမှ မပီမသ ရုပ်ပုံလွှာ
(ဘဝစာမျက်နှာများ – ၁)

နက်ပြာသော ကောင်းကင် ဖလ်ရိပ်တွင်းမှ ကြယ်ပွင့်ကလေးများ ဖိတ်လက်နေကြ၏။ ဆည်းဆာရောင်တွင် ကျွန်တော်တို့သည်လည်း အမှောင်ထဲ၌ ပျောက်ကွယ် နေကြတော့သည်။

ဒဂုန်တာရာ
(စာပေသစ်၏ ဆည်းဆာရောင် ၃ မှ)

ဆေးရုံမှ အပြန် မြို့ပြင်ဘက်လမ်းပေါ် ကျွန်တော် ရောက်နေချိန်မှာ ကျွန်တော်ချစ်သော ညနေဆည်းဆာလည်း မှေးမှိန် လာနေပြီ။ ကျွန်တော် ချစ်သော နှင်းပုလဲများလည်း တဖွဲဖွဲကြွေစပြုပြီ။ ကျွန်တော် နှစ်ခြိုက် နှစ်မျောနေမိတတ်သော တိတ်ဆိတ် ငြိမ်သက်ခြင်းမှာလည်း အသံ မပြည်စေရန် ညင်သာစွာ ကြွေနေကြပြီ။ အမှောင်ရိပ်သည် ကျွန်တော့် ကိုယ်ပေါ်၊ ကျွန်တော့် နှလုံးသားပေါ်၊ လမ်းမအပေါ်၊ ပတ်ဝန်းကျင် သက်မဲ့ အရာဝတ္ထုများ အပေါ် ချစ်စရာ ငြိမ်သက်နေသော အနောက်ဖက် တောင်တန်းအပေါ် မြင်မြင်သမျှ အပေါ် တစထက်တစ ပို၍ ဖုံးလွှမ်း လာနေပြီ။

ကျွန်တော်သည်လည်း အမှောင်ထဲ၌ ပျောက်ကွယ်သွားတော့မလား။

တိတ်ဆိတ်ခြင်း၌ နှစ်မျောနေတော့မလား။

အခုအခါ၌မူ ကျွန်တော် နှစ်မျောမနေနိုင်။

ကျွန်တော့် နှလုံးဝိညာဉ်သည် လူးလွန့် လှုပ်ရှားနေသည်။ စိတ်သည် အဝေးသို့ ပြေးသွားနေသည်။

စိတ်သည် မကြာမီကမှ ကျွန်တော် ထွက်ခွာလာခဲ့ရာ ဆေးရုံ၊ လူနာကုတင်တခု အပေါ်မှ တူမလေးဆီပျံသန်းသွားနေသည်။ တူမကလေးရဲ့ မျက်နှာ၊ သူ့နှုတ်ခမ်း ကိုက်ထားဟန်၊ သူ့ငိုရှိုက်သံ၊ ကျွန်တော်က နှုတ်ဆက်ခဲ့သံ။

"ဦးလေးပြန်တော့မယ်နော်"

ဤနှုတ်ဆက်ခြင်းမှာ နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်နေပြီကို ကျွန်တော်သိပြီးပါလျှက် သူ့ကိုမကြည့်နိုင်ဘဲ အသံတည်ငြိမ်အောင်ထိန်းပြီး နှုတ်ဆက်ခဲ့သည်။

"ဟုတ်ကဲ့" သူ့က ငိုသံကြားမှ ရှိုက်နေသံကြားမှ၊ မျှော်လင့်ချက် မှန်သမျှ ပျက်ပြုန်းသွားမှန်း သိနေလျှက်မှ၊ နောက်ဆုံးပေါ့ ..... နောက်ဆုံး နှုတ်ဆက်လိုက်သံ။

ထိုအသံကို ထပ်တလဲလဲကြားနေသဖြင့် အခုအခါ၌ ကျွန်တော့်တွင် တိတ်ဆိတ်ငြိမ်သက်ခြင်းဟူသည်မှာ မရှိနိုင်။ ခေါင်းငိုက်စိုက်ကျနေရခြင်း ကို မုန်းတီးလှသော ကျွန်တော်၊ စိတ်ထိခိုက်ရမှု မှန်သမျှကို အလွယ်တကူ မေ့ပျောက်ပစ်ကာ ထာဝစဉ် ရယ်မောနေတတ်သော ကျွန်တော်၊ ယခု အခါ၌ ထိုကျွန်တော်မှာ တကိုယ်ကောင်းဆန်စွာ တိတ်ဆိတ်ခြင်း၌ နှစ်မျောမနေနိုင်။ အခုခါတွင်မူ စိတ်ထိခိုက်ရမှု ပင့်ကူအိမ်၌ ကျွန်တော် ငြိတွယ်နေပြန်ပြီ။

"ဘာလို့ ငါဒါလောက် စိတ်ထိခိုက်နေရမလဲ၊ နှစ်ဝမ်းကွဲ တူမကလေး၊ ဆွေမျိုးနီးစပ်ပဲ တော်တာ မေ့ပစ်လိုက်ပေါ့"

သတိရမှု ရေအလျဉ်မှာ သူ့ဘာသာ စီးဆင်းနေခြင်း ပေတကား။ ကျွန်တော် အစိုးမရသော အရာပေတကား။ ကျွန်တော့်ဘဝ စာမျက်နှာများ ပေါ်တွင် ကျွန်တော် မဟုတ်သော ရုပ်ပုံကားချပ်ပေါင်း များစွာသည်လည်း ထင်ဟပ်နေကြသည်။ ကျွန်တော့်၏ ထင်းခုတ်သမား ဘဝ စာမျက်နှာ အချို့ပေါ်တွင် ဤမိန်းကလေး၏ ရှစ်နှစ်အရွယ်က ရုပ်ပုံသည်လည်း လာထင်နေသည်။

ထို အသက်အရွယ်တွင် သူသည် အလုပ်သမကလေး တစ်ဦးဖြစ်နေခဲ့ပြီ။ သူ့အဖေ၏ ကူဖော် လောင်ဖက်အဖြစ် တောတောင် လျှိုမြောင်များ သို့ လိုက်ပါနေရပြီ။

ထင်းခုတ်အပြန် လှည်း စခန်းများတွင် ကျွန်တော့်ကို နွားကျောင်းကူရန် လိုက်နေရပြီ။ သူ့လည်ပင်းတွင် ကျွန်တော် လုပ်ပေးထားသည့် ဝါးခလောက်ကလေး တစ်ခုဆွဲထားကာ သူ နွားမောင်းရန် ပြေးလွှားနေလျှင် ကသစ်အိုင် လျှိုကြီးထဲ၌ သူ့လည်ပင်းမှ ဝါးခလောက်သံသည် ဆူညံလျှက်။ ဤ တခေါင်ဒင်ဒင် မြည်သံကို သူ အလွန်နှစ်သက်သည်။

ညအိပ်လျှင် ကျွန်တော့် အိပ်ယာကောက်ရိုးပုံထဲ၌ ကျွန်တော့် နံဘေးတွင် အိပ်ရင်း သူ့ခလောက်ကလေး ပျောက်သွားမည် စိုးသဖြင့် လက်နှင့် ကိုင်အိပ်သည်။

ထိုအခါက ၁၆၊၁၇ အရွယ်ကျွန်တော်ကား စာရေးသူတစ်ဦး စာအုပ်ဖြစ်လိုသည့် စိတ်ကူးဖြင့် ရူးနေလေရာ တောထဲသို့လည်း ဖတ်စရာ ဗလာစာအုပ်၊ ခဲတံများ ယူသွားသည်။ နေ့ခင်းနွားကျောင်းရင်း သစ်ပင်ရိပ်မှာ ကဗျာစပ်သည်။ ကာရံရှာမရဖြင့် ခဲတံ နားရွက်ကြားညှပ်ရင်း စိတ်သောကဖြင့် ငေးနေတတ်သည်။ ကသစ်အိုင်လျှိုတဖက်ထိပ်ရှိ စိမ်းညို့နေသော ရေအိုးမြှပ် တောင်ပေါ်မှ စေတီအိုမှာ ကျွန်တော် ဘုရားတိုင် ကဗျာ အရေးခံပေတကား။ စေတီမှ ဆွဲလဲသံသည် တောပန်းရနံ့များနှင့်အတူ လွင့်မျောလာနေသည်။ တောကြက်ဖ တွန်သံ၊ ဂျီဟောက်သံ၊ ကြေးငှက်များမြည်ကြွေးသံ၊ နွားမြူးသံ၊ နေ့ခင်းများ၌ ချိုးကူသံမှာ ကျွန်တော်၏ ခံစားမှု လွန်ကဲတတ်သော နှလုံးသားအိမ်ကိုလာကာ လှိုင်းရိုက်နေသည်။

တောင်ကညို့ညို့၊ တောင်ကုန်းမို့အလည်
မည်သူတည်ထား၊ မသိသားတည့်
ဘုရားပရမေ၊ စေတီအို။
နေညိုလာလျှင်၊ ဝိညာဉ်အများ
စေစားလိပ်ပြာ၊ ဖူးမြော်လာမည်
ငါထင်သည်။

နေညိုလေပြီ တောဆီညို့ဆိုင်း
တောင်လည်းမှိုင်းမျ၊ မြိုင်ဝတခို
နှင်းလည်စိုးလို့ ၊ ကြည်ညိုသဒ္ဓါ
လိပ်ပြာဝိညာဉ်၊
စေတီရင်အပါး၊ ခစားလာမှ
ဖွင့်ဟတကိုယ်၊ ချိုးမ ငိုပေါ့
ငိုသံအဝေး၊ ပြေးနေပြီ။

လိပ်ပြာထွေပြား၊ ဝပ်တွားရင်ပြင်
ကြည်ညိုစဉ်လေ ....
ဝိညာဉ်ထဲမှာ၊ ချစ်သူပါလို့
ပါသည့်ချစ်သူ၊ စိမ်းကားသူမို့
သူငိုနေပြီ၊ ငါထင်သည်။

တောင်ခိုးငွေ့များ အလယ်၌ စေတီအိုမှာ မှိုင်းပျ သွားလေသည်။ မြဆွဲလဲသံများလည်း တိုးတိမ်သွားနေသည်။

တခါတရံ၌ ကျွန်တော် ဝတ္ထုရေးရန် ကြိုးစားကြည့်သေးသည်။ ဇာတ်လမ်းဇာတ်ကွက် ရှိနေ၏။ ချရေးသောအခါ "ကိုစိန်အောင်" သည်မျှသာ ရေးနိုင်သည်။ ရှေ့သို့ တကြောင်းမှ ဆက်ရေး၍မရ။ ကြာသော် စိတ်အားငယ်လာသည်။ ကျွန်တော်သည် ဗလာစာအုပ်နှင့် ခဲတံကို မြက်ကြားထဲလွှင့်ပစ်ပြီး မောမောနှင့် အိပ်ပစ်လိုက်သည်။ မိန်းကလေး၏ နွားငေါက်သံ၊ သူ့ခလောက်သံ၊ သူ့ပေါက်တတ်ကရ သီချင်းဆိုသံ များသည် ကျွန်တော်ကို ချော့မြူ သိပ်နေသလိုပင်။

လှည်းကောက်ချိန်တွင် သူသည် ကျွန်တော့်ကို မရမက လာနှိုးသည်။ ရိုးရိုးနှိုးမရသောအခါ လက်ထဲမှ နွားရိုက် ဝါးတံဖြင့် အင်္ကျီချွတ်ထားသော ကျွန်တော့် ကျောပြင်ကို တဖျန်းဖျန်းရိုက်သည်။ ထိုအခါတွင် ကျွန်တော့်ကို စိတ်ဆိုးနေသည့် သူ့မျက်နှာကလေးကို တွေ့နေရသည်။

"ထလေ .. ထလေ၊ ဟော ... မျက်လုံးကြီး မှိတ်သွားပြန်ဘီ။ အိပ်လိုက်တာ လွန်ကော၊ နေကြီးပူနေတာလဲ နိုးဘူး၊ ကျွန်တော်ကတော့ နွားတွေ ပျောက်လို့ လိုက်ရှာနေရတာ၊ ကျွန်တော်ချည်း ကျောင်းနေရတာဘဲ၊ ကဲ....ထတော့လေ၊ အစောက တခါလာနှိုးသေးတယ်ဗျ။ အော်နှိုးလို့လဲ ရဘူး။ လှုပ်နှိုးလို့လည်ရဘူး။ တက်နင်းတာလဲရဘူး။ ကျောကိုကန်တာလဲ တဘုန်းဘုန်းနဲ့နိုးဘူး။ ဒီတခါတော့ ရိုက်နိုးတော့တာဘဲ။ ကဲ .. ခုလဲ မထသေးဘူးလား။ ရိုက်လိုက်အုံးမယ်နော်။ ကဲ ... မှတ်ကော မှတ်ကော"

ကျွန်တောလည်း ကျောပွတ်ရင်း ကမန်း ကတမ်း ထလိုက်ရသည်။ ကျွန်တော့်ကို ခြေထောက်ဖြင့် ကန်နှိုးသည်ဟု သူပြောသည်ကို သဘော ကျသွားပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ သူ့ကို ကိုင်မြှောက်ပစ်ချလိုကသည်။ သူလည်း စိတ်ဆိုးပြေကာ လဲနေရာမှ တသိမ့်သိမ့် ရယ်နေသည်။

"မိုက်ကန်းလိုက်တာ၊ လူကြီးကို ခြေထောက်နဲ့ ကန်နှိုးရသလား။ နင်ကြီးလာရင် ကုလားနဲ့ညားမှာ။ ဘိုးလကြောဘိုင်ကြီးနဲ့ ညားမှာဟ"

သူရယ်နေရာမှ စိတ်ဆိုးသွားပြန်ပြီ။ ထိုနေ့ အပြန်၌ ကျွန်တော့်ကို မခေါ်တော့။ ကျွန်တော့်လှည်းကို မစီးတော့။

အခါတိုင်းက ကျွန်တော့်လှည်းပေါ်တွင် သူ လိုက်စီးနေကျ ဖြစ်သေးသည်။ ကြမ်းတမ်းသော တောင်အဆင်းလမ်းများ၌ လှည်းသည် စောင်းပြီး ကြမ်းတမ်းစွာ ပြေးဆင်းသွားသည်။ လှည်းပေါ်မှ ထင်းတုံးများ တဖက်သို့ရွေ့သွားသည်။ လမ်းနှစ်ဖက်ဘေးရှိ ဆူးကိုင်း ဝါးကိုင်းများသည် မျက်နှာကို ကုတ်ခြစ်ရန် ပြေးလာနေသဖြင့် ရှောင်တိမ်းနေရသည်။ ထိုအခါ၌ သူသည် ကြောက်လည်းကြောက် ပျော်လည်းပျော်ကာ တသောသောရယ်ရင်း ကျွန်တော့် ကျောနောက်ဖက်မှ တအား သိမ်းပွေ့ထားလေသည်။

"ထင်းလုပ်စားရတာလဲကွာ လူက မျောက်ဖြစ်၊ ဓားမက ဓားမောက်ဖြစ်၊ လှည်းမီးသာတို နွားသာအိုကော၊ စားရတော့လည်း တလုပ်တဆုပ်ပဲ" ဟူ၍ ထိုအခါက ထင်းသမားများ၏ ညည်းညူသံမှာ ခုအခါ၌ ကျွန်တော့်အတွက် အတိတ်အဝေးဆီဝယ် မှေးမှိန်ကျန်နေရစ်ခဲ့ပြီ။

မကြာမီ ကျွန်တော်လည်း အခြားအလုပ်များ ပြောင်းလုပ်ရင်း ကျောင်းနေသည်။ အစိုးရအမှုထမ်းဘဝသို့ ပြောင်းလဲသွားသည်။ ကျွန်တော်တို့ ခုတ်ခဲ့ရာ ထင်းတောများ ပြုန်းကုန်ပြီဖြစ်၍သဖြင့် ကံတရိုက်သူဌေးများသာ ကြီးပွားကြောင်း ဖြစ်စေသည့် ထင်းလုပ်ငန်းသည်လည်း တင်းတော သစ်များရှိရာ ဝေးလံရာ ဖြစ်တဖက်ကမ်းသို့ ပြောင်းရွှေ့သွားသည်။ မိန်းကလေးသည်လည်း သူ့မိဘများပြောင်းရာ ရေကြည်ရာ မြက်နုရာသို့ လိုက်သွားပါတော့သည်။

ကျွန်တော့်ဘဝ စာမျက်နှာများပေါ်မှာ ဤတူမကလေး၏ ရုပ်ပုံလွှာသည်လည်း ပျောက်ကွယ်နေခဲ့ရသည်။

နှစ်အတန်ငယ် ကြာညောင်းလာသောအခါ ကျွန်တော်စောင့်စားနေခဲ့သော လမ်းစည် ပေါ်လာပြီဖြစ်သဖြင့် ကျွန်တော် ငြီးငွေ့သော အစိုးရ အမှုထမ်းအလုပ်ကို စွန့်လွှတ်ကာ အိမ်ပြန်လာခဲ့သည်။ ကျွန်တော့်တွင် စာပေသမုဒ္ဒရာကို ကူးခတ်ရန် ရည်ရွယ်ချက်ကြီး ပါလာသည်။ ကျွန်တော်ကား ကျွန်တော့်အတွက် မရေရာသော၊ အလင်းရောင် ဖျော့မှိန်လှသော လမ်းပေါ်၌ တက်ကြွစွာ လျှောက်လှမ်းလာလေသည်။

ထွက်သွားစဉ်ကကဲ့သို့ အိပ်ယာလိပ်တခု ကျောပိုးပြီး အိမ်သို့ ကျွန်တော် ပြန်လာသောညနေမှာ ကျွန်တော်ချစ်သော နှင်းမှုန်များသည်လည်း ကျွန်တော့်ကို ဆီးကြိုနေသလို ရွာအပြင်ဖက်မှာ ရွှေဝါရောင် စပါးပင်များ မှည့်ဝင်းနေလျှက်၊ ညနေဆည်းဆာ၏ မှိန်ဖျော့ဖျော့ ကြက်သွေးန သည်လည်း မပီမသ လွှမ်းနေသည်။ ကျွန်တော့်ဇာတိရွာသို့ ပြန်အဝင်၌ ကျွန်တော်သည် ငိုမိမတတ် ကြည်နူးနေသည်။ သည်အခါတွင်ပင် လမ်းမကြီးပေါ် ကျွန်တော့် ကျောဖက်မှ ပြေးလိုက်လာသော သူ့ခြေသံ ကြားရသည်။

"ဦးလေး မို့လား .. ဦးလေး ... ဦးလေး ... နေအုံး ဦးလေး နေအုံး" ဖြင့် အော်ဟစ်ရင်း သူ အပြေးလိုက်လာသည်။

ကျွန်တော်ရပ်ပြီး သမင်လည်ပြန်လှည့်ကြည့်နေသည်။

ဖက်တောမှ အပြန် အပျိုမကလေး၏ လက်ထဲ၌ ဓားမတိုတချောင်း ကိုင်ထားသည်။ သူ့လည်ပင်း၌ ပုဆိုးစုတ် တထည်ပတ်ထားသည်။ နေလောင်ထားသည့် သူ့နဖူးပြင်တွင် ချွေးဥကလေးများ စီနေသည်။ သူကျွန်တော့်အနား၌ ယှဉ်ရပ်လိုက်သည်။ ပထမ၌ ကျနော်မမှတ်မိ၊ နောက်မှ သူ့အပြုံးကို သတိရလာသည်။ တစ်စဉ်ကသူ့ပုံမှာ အပျိုမကလေး မျက်နှာပေါ်တွင် ထပ်လျှက် ပေါ်နေလာနေသည်။

"ဘိုးလကြောဘိုင်ကြီးလားဟေ့" ဟူ၍ ကျနော်လည်း ပျော်ရွှင်စွာအော်ဟစ် နှုတ်ဆက်လေသည်။

မောလာသဖြင့် သူ့အသက်ရှူသံမှာ ကြမ်းတမ်းနေသည်။

ကျနော့်ကို ရဲရဲမကြည့်ရဲ၊ အပျိုစိတ်ကလေးကြောင့် သူရှိန်းနေပြန်သည်။ မျက်လုံးများ နှုတ်ခမ်းများ၌မူ လှပသော အပြုံးရိပ်မှာ တက်ကြွ နေသည်။ မို့နေသော ပါးပြင် ညိုညိုများ ပေါ်မှာ ရှက်သွေးရောင်များ ကြွလာသည်။သူရပ်လိုက်ပုံမှာ သဲပြင်ထက်၌ ကျောက်တိုင် စိုက်လိုက် သလိုပင်။ သူ့ခန္ဓာကိုယ်မှာ ယောကျာ်းလေးကဲ့သို့ ကြံ့ခိုင်နေသည်။

"ဦးလေးကို ဟိုးကလှမ်းကြည့်လာတာ၊ ဦးလေးနဲ့ တူပါတယ်ဆို ကျနော် ပြေးလိုက်လာတာ၊ ဦးလေး အလုပ်ထွက်လိုက်ပီဆို၊ စာစီဆရာဆိုလား လုပ်မလို့ဆို၊ ခုအပီး ပြန်လာတာလား၊ အဲဒါဆို ဦးလေးတော့ဘုံပျောက်နေပီဗျ၊ ဦးလေးအခန်းမှာ ကျနော်နေတာဗျ၊ အဲဒါ ဖယ်မပေးနိုင်ဘူး"

ကျနော့် ပခုံးပေါ်မှ အိပ်ယာလိပ်ကို ဆတ်ခနဲဆွဲယူပြီး ရွက်သည်။ ကျနော့်နှင့် ဘေးချင်းကပ်ယှဉ်လျှက် လိုက်လာရင်း ငယ်စဉ်ကလို စကားတွတ်တွတ် ပြောလေသည်။ တချက် တချက်မူ သူရှက်နေဆဲ။

"ကျနော့်ကို ဦးလေး အမှတ်မရပါဘူး၊ မညာပါနဲ့၊ ကဲ...အမှတ်ရရင် ကျနော့်ပုံနာ ဘာပါခဲ့သလဲ" ဟူ၍ သူမေးနေသည်။

ကျနော်လည်း ပြုံးနေရ။

သူတို့သည် အရှေ့ဖက်ကမ်းသို့ ထင်းခုတ်သွားနေရင်း ဟိုမှာထင်းခုတ်အလုပ် မဟန်သောအခါ ရရာအလုပ် လုပ်ရသည်။ နောက်စိတ်ပျက်ပြီး လွန်ခဲ့သည့်နှစ်က ရွာသို့ ပြန်ပြောင်းလာသည်။

ရွာတွင်လည်း လယ်ယာမဲ့ မိသားစုမှာ ကြုံရာကျရာ အလုပ်များကို လုပ်မြဲပင်။ ကောက်စိုက်၊ စပါးရိပ်၊ မျှစ်ချိုး၊ အိမ်မိုး၊ အင်ဖက်ကောက်၊ သက်ငယ်ရိပ်၊ ဈေးထုပ် အင်ဖက်ထုံးများခူး စသည်ဖြင့် ထမင်းစားအနိုင်စားရသည့် အလုပ်များကို တရက်မနား လုပ်နေရမြဲပင်။ သူတို့မိသားစုသည် နံနက် အရုဏ် တက်လောက်ကတည်းက အိမ်မှထွက်ခွာသွားကာ မိုးစုပ်စုပ်ချုပ်မှ အိမ်သို့ ပြန်ရောက်လာလိမ့်မည်။

ဈေးထုပ်အင်ဖက်များကို တနေကုန် တချက်မနား ခူးလျှင် လေးငါးရှစ်ထုံးရနိုင်သည်။ အင်ဖက်တထုံးကို သုံးမတ်မျှ ရလိမ့်မည်။ သုံးမတ်သည် သူတို့ရသည့် အမြင့်ဆုံးဈေး ဖြစ်၏။

အင်ဖက် ကုန်သည်မှာမူ တထုံးကို နှစ်ကျပ် ကျော်ကျော်ရသည်။ အင်ဖက်တထုံးသုံးမတ် အင်ဖက်ခူးသမားများ ရသည်ဆိုရာ၌လည်း အင်ဖက်ခူးသမားများမှာ ကုန်သည်ထံမှ ဈေးကုန်များနှင့် လဲလှယ်ယူနေရသဖြင့် စင်စစ် ပြားငါးဆယ် မျှပင် တွက်ခြေမကိုက်။ အင်ဖက်ကုန်သည်ကား တိုက်ဆောက်လိုက်ပြန်ပြီ။ သူတို့မှာမူ ဤအလုပ်မလုပ်လျှင် လည်းငတ်။ လုပ်နေရင်းမှာလည်း ငတ်နေဆဲ၊ ပြတ်နေဆဲ၊ ကြွေးနွံအိုင်၌ နစ်နေဆဲ။ ဤအကြောင်းများကို ကျနော် အမှတ်မထင် တွေးနေမိသည်။

ဤအလုပ်သမကလေး၏ မျက်နှာပေါ်မှာ နားဋ္ဌောင်းတဖက်ပင်မရှိ။ သူထမိဝတ်ထားပုံမှာ ခြေသလုံး တပတ်ရစ်။ သူသည် သဲပြင်တွင် ခြေဖဝါးမြုပ်အောင် ဆောင့်နင်းသွားနေသည်။ သူ့အမူအရာမှာ ကြမ်းတမ်းသည်။ ဖိုးဖိုးဇတ်ဇတ် နိုင်သည်။ ဖျတ်ဖျတ်လတ်လတ် ရှိသည်။ ဤဟန်ပန်များကို သူဖြတ်သန်းရသည့် ဘဝက သူ့ကို သင်ကြားလေ့ကျင့်ပေးသည်။

သူသည် သူ့မိဖများအိမ်တွင် ညအိပ်ရန် နေရာကျဉ်းကျပ်လှသဖြင့် ကျနော်တို့ အိမ်မှာ အိပ်သည်။ ကျနော်ငယ်စဉ်က အခန်းကို သူအပိုင်ယူထားသည်။ ကျနော်တို့ မိသားစုထဲ၌ ဤအပျိုမကလေးမှာ နောက်ပြောင်စရာ ခလေးကလေး ဖြစ်နေသည်။

ညပိုင်း၌ သူသည် လမ်းတဖက်မှ သီချင်းကလေး တအေးအေးဆိုရင်း တခါတရံ လေချွန်ရင်း အမှောင်ထဲတွင် စမ်းနင်းပြီး ကျနော်တို့အိမ်ကူးလာသည်။

အိမ်ပေါ်သို့ရောက်လျှင် သူ့အခန်းထဲတောက်လျှောက် ဝင်သွားပြီး အိပ်ယာ မခင်းနိုင်။ ပစ်လှဲ အိပ်လိုက်သည်။ ချက်ချင်းလိုပင် သူသည် မောမော ပန်းပန်း အိပ်ပျော်သွားပြီး သူ့ဟောက်သံပေါ်လာသည်။

တိတ်ဆိတ် ငြိမ်သက်သော ညများ၌ ကျနော်သည် သူ့ဟောက်သံ စည်းချက်ဝါးချက်ကြားမှ ကျနော်၏ "ညအသော်ချေမှာ" "နွေတည" နှင့် အခြားဝတ္ထု ကလေးများကို ရေးခဲ့သည်။ ကြာသော် သူ့ဟောက်သံမှာ ကျနော့်အတွက် အနှောင့်အယှက် မဖြစ်တော့သည့်အပြင် သူ့ဟောက်သံမကြားရလျှင်ပင် စာရေးရာ၌ တစုံတရာလိုအပ်နေသလို ထင်မိသည်။

"ဒီနေ့ည မှန်မှန်ဟောက်ကွယ်၊ ဦးလေးဝတ္ထု ဇာတ်သိမ်းတော့မယ်" ဟု ကျနော် ပြောမိသည်။ ထိုအခါ၌ သူသည် ငယ်စဉ်ကလို နှုတ်ခမ်းစူစိတ်ကောက်သွားပြန်သည်။ တစ်ဖက်လှည့်ပြီး ပြုံးနေသည်။

မကြာမကြာပင် သူသည် အမေနှင့် ရန်ဖြစ်တတ်သည်။ "ငါ့အိမ်မလာနဲ့" ဟု အမေသည် သူ့ဝသီအတိုင်း ပြောပစ်သည်။

သူသည် စိတ်ဆိုးကာ အိမ်ပေါ်မှ ခြေဆောင့်နင်းကာ ဆင်းသွားသည်။ တအိမ်လုံး သူဆောင့်နင်းသွားသဖြင့် သိမ့်သိမ့်ခါနေခဲ့သည်။

လှေကား လက်ရမ်းတို့လည်း ပြုတ်ထွက်ခမန်း ဆွဲဆောင့်သွားသည်။ လှေကားရင်းတွင် အိပ်ပျော်နေသော ခွေးအိုကြီးကိုလည်း တအိုင်အိုင်အော်နေရစ်အောင် ဆောင့်နင်းသွားသည်။

မြေအိုး ခွေးစားခွက်မှာလည်း သူဆောင့်ကန်သွားသဖြင့် ကွဲကျန်ရစ်ခဲ့သည်။ ထိုနေ့၌ ကျနော်တို့အိမ်မှာ တိတ်ဆိတ်နေရစ်ခဲ့သည်။

နေညိုလာလျှင် အမေသည် သူ့ကို မျှော်နေပြန်သည်။ "ကောင်မလေး အဟုတ်စိတ်ဆိုးသွားမှာဘဲ၊ ငါ့ပါးစပ်က လွန်ပါတယ်" ဟု အမေသည် ဝမ်းနည်းစွာ မြည်တမ်းနေပြန်သည်။

ည၌နက်လာပြီ၊ သူမလာတော့ဟု ကျနော်တို့ တွေးနေချိန်တွင်မှ သူသည် မီးတုတ်ကိုင်မြှောက်ပြီး လမ်းတဖက်မှ ကူးလာနေသည်။ ဒေါသကား မပြေသေး။

အိမ်အဝင်၌ ဒေါသဖြင့် မီးတုတ်ကို ကိုင်ပေါက်ပစ်ခဲ့သည်။ ကျနော်တို့ကို မကြည့်ဘဲ ကြမ်းဆောင့်နင်းကာ သူ့အခန်းထဲ ပြေးဝင်သွားသည်။ ခန်းဆီးကို ဆွဲ၍ရမ်းလိုက်ပြီး သူ့အိပ်ယာထဲသို့ ကြမ်းတမ်းစွာ ပစ်လှဲလိုက်သည်။

ကျနော်တို့သည် ငြိမ်သက်စွာ ကြည်နူးစွာ ပြုံးနေကြသည်။ ထိုအခါ၌ ပင် အိပ်ယာပေါ်မှ သူ့လှမ်းကြိမ်းသံ ပေါ်လာနေသည်။ "တော့အိမ်က ကျုပ် ဘယ်တော့မှ ဆင်းမသွားဘူး ဒေါ်ဖွားဆိုင်၊ ကျုပ် ယောကျာ်းရမှ ဆင်းမယ်" ဟု သူ၏ ကြိမ်းဝါးသံထဲ၌ စိတ်ထိခိုက်သံ ဝမ်းနည်းလွန်းသဖြင့် တုန်ယင်နေသည်။

ချက်ချင်းလိုပင် သူသည် ဝမ်းနည်းခြင်း၊ နာကျဉ်ခြင်း၊ ဒေါသဖြစ်ခြင်းများ ပျောက်ကွယ်သွားကာ ဟောက်သံ မှန်မှန်ဖြင့် အိပ်မောကျ သွားလေသည်။

ဤအလုပ်သမကလေးအတွက် ပျော်ပွဲရွှင်ပွဲ သွားလာရသည်မှာ နည်းပါးလှသည်။ နွေရာသီ၌ တလလျှင် တခေါက်လောက် ပြတတ်သည့် အကာသာရှိသည့် အမိုးမဲ့ရုပ်ရှင်ပြကွင်းတွင် ရုပ်ရှင်ကားဟောင်းမျိုး လာပြမည့်ရက်ကိုသာ သူမျှော်နေတတ်သည်။

ရုပ်ရှင်ပြလျှင် သူသည် ကျနော့်ကို မရမက ခေါ်တတ်သည်။ ကျနော်ကား ဘယ်သောအခါတွင်မှ လိုက်မပြဖြစ်။ သူ့ကို ရုပ်ရှင်လိုက်ပြရန် မသင့်လျှော်ဟု ကျနော် တွေးမိသည်။

"ဦးလေး ဘယ်တုန်းကမှ လိုက်မပြဘူး၊ ဒီတခါတော့ ပြရမယ်။ မရဘူး။ ဒီတခါတော့ ပြရမယ်"

ကျနော် ခေါင်းခါနေမြဲ ခုသောအခါ သူသည် တဖြည်းဖြည်း ငြိမ်သက်သွားနေသည်။ သူ့မျက်လုံးအိမ်ပေါ်၌ ဝမ်းနည်းရိပ်ကလေးများ သန်းဝေလာနေသည်။ ထိုတငွေ့ငွေ့ ကျွမ်းလာနေသည့် ဝမ်းနည်းရိပ်ကလေးများမှာ သူ ကျနော့်အပေါ် တွယ်တာသည့် သံယောဇဉ်ကြိုးများကို တိုင်းထွာနေသလိုပင်။ ကျနော့်နှလုံးသား၌လည်း တိတ်တဆိတ် သက်ပြင်းရှိုက်နေပြန်သည်။

သူသည် အခြား အဖော်သို့ကာ ရုပ်ရှင်ပွဲသွားသည်။ နောက်နေ့ညတွင် ဘယ်သူ နားထောင်ထောင် မထောင်ထောင် သူနားလည်သလို ရုပ်ရှင်ဇာတ်လမ်းကို တဖွဲ့တနွဲ့ ပြောနေသည်။

"ဦးလေးရယ် ကျနော်တို့နောက်မှာလေ ကာလသားတွေ တရုန်းရုန်းနဲ့ ကြိတ်ကြိတ်ကြိတ်ကြိတ်နဲ့ ကျနော်တို့လဲ ရှေ့တိုးတာပေါ့၊ အဲတာလဲ နောက်က လိုက်တိုးတာဘဲ။ ပျော်လဲ အပျော်သား" ဟု သူပြောချလိုက်သောအခါ အမသည် သူ့နဖူးကို ဒေါင်ကနဲ ခေါက်လိုက်၏။

အမေသည် "နွားမလေး" ဟု ပြုံးရင်း ငေါက်လိုက်၏။

အကိုနှင့် ကျနော်လည်း ဟက်ဟက်ပက်ပက် ရယ်မောနေမိ ကြပြန်သည်။

ကျနော်ကား နေရသည်ကို ညဉ်းငွေ့လာလျှင် ခရီးထွက်သွားသည်။ ရောက်ရာဒေသ၌ တနှစ်ကုန်ကုန် တနှစ်ဆန်းဆန်း ပျော်သလောက် နေပစ်လိုက်ပြီးမှ အိမ်သို့ပြန်လာသည်။

ဤသို့ဖြင့် တတိယအကြိမ် ထွက်ခွာသွားပြန်သည်။ သည်တကြိမ်မှာ မိန်းကလေးနှင့် ခွဲခွာရမည့် နောက်ဆုံးအကြိမ်ပေတကား။

သည်တကြိမ် ကျနော်ပြန်လာသောအခါ သူသည် ခြံဝမှ ထွက်မကြိုနိုင်။ တိတ်ဆိတ်နေသော အိမ်ပေါ်သို့ ကျနော် လှမ်းတက်လိုက်သည်။ သူသည် သူထိုင်နေကျနေရာ တိုင်မှီထိုင်နေရင်း ကျနော့်ကို ပြုံးပြီးကြိုနေသည်။

"ဦးလေး လာမှ လာသေးတယ်နော်"

သူကအသံမှာ ဝမ်းနည်းရိပ်ကလေးများ ကြေကွဲဖွယ်ရာ ရစ်သန်းနေသည်။ သူ့မျက်လုံးထဲ၌မှု ကြည်နူးရွှင်ပြရောင်များ တောက်ပလာနေသည်။ ရုက်ကိုးရုက်ကန်း ဟန်ဖြင့်လည်း သူ့မျက်နှာကလေးမှာ ထူပိန်းလာသည်။ ဤ တိတ်ဆိတ်နေသော အိမ်ကြီးပေါ်တွင်. သူတယောက်ထဲ မြင်တွေ့ရသည်။

ကျနော်လည်း ပင်ပန်းနွမ်းနယ်စွာ ပစ်ထိုင်ချလိုက်သည်။ "လဖက်ရည်အိုး တယ်ကွာ" ဟု လှမ်းပြောလိုက်သည်။

"ကျနော် မထနိုင်ဘူး ဦးလေးရဲ့၊ ဒူးကြီး ယောင်နေလို့"

သူ့ဒူးပေါ်မှ ထမီကို ဖယ်ရှားပြသည်။ သူ့မျက်နှာကလေးမှယမး ကျနော်ရောက်လာသဖြင့် ဝမ်းသာကြည်နူးစွာ ပြုံးနေဆဲပင်။ သူ့ညာဘက်ဒူးမှာ ဒူးနှစ်လုံး ဆင့်ထားသလို ရောင်ကိုင်းနေသည်။ ခြေထောက်မှာ ကွေးနေပြီ။ ပေါင်လည်း သိမ်နေပြီ။ ကျနော်လည်း မလှုပ်မရှက် ငိုင်ကြည့်နေမိသည်။ ရင်ထဲတွင် စိုးရမ်သောကများ ဖိစီးလာပေပြီ။

"ဘယ်လိုဖြစ်တာလဲ၊ ဘယ်လောက်ကြာပလဲ၊ ဆေးရုံမသွားဘူးလား" စသည့်မေးခွန်းများကို ဒလစပ် မေးနေမိသည်။

လေးလကြာပြီ။ ဖက်ခူးရင်း သစ်ငုတ်တခုနှင့် တိုက်မိရာမှ စဖြစ်သည်။ ဆေးရုံမသွား၊ ဒေါက်တာရမ်းကုတဦးနှင့် ကုနေသည်။

"မဖြစ်လောက်ပါဘူးကွယ်၊ ဆေးရုံသွားရင် ငါးရက်လောက်နဲ့ ပျောက်ပါတယ်" ဟု ကျနော်သည် အသံကို ဖော့ပြီးပြောသည်။

ထိုနေ့တွင်ပင် သူ့ကို ဆေးရုံ တင်ပို့ပေးရန် သူ့အဖေကို ပြောသည်။ သူ့အဖေက ဒေါက်တာရမ်းကုနှင့်ပင် ပျောက်မည်ဟု ယုံကြည်နေသည်။ စပါးရိတ်လည်း အရေးကြီးနေသည်။ ဆေးရုံဆိုတာလည်းကြောက်၊ ဆရာဝန်ဆိုတာလည်း ကြောက်နေသည်။ ဆေးရုံတင်ပို့နိုင်ရန် ငွေလည်း မရှိ။ ရောဂါကိုလည်း ကြီးကျယ်ဟု မထင်။

ကျနော် တိုက်တွန်းနေသည့် နေ့ရက်များ၌ပင် မိန်းကလေးခံစားနေရပုံမှာ သနားစဖွယ်ဖြစ်လာသည်။ ဒေါက်တာရမ်းကု ဆေးထိုးပေးနေသည့်ကြားမှ ပို၍ ရောင်ကိုင်းလာနေသည်။ ည အအေးပိုင်းရောက်လာလျှင် သူမသည် ကိုက်ခဲသဖြင့် တအင်အင် ညဉ်းနေရသည်။

"ဆေးရုံမသွားချင်ဘူး ဦးလေးရယ်၊ ဆေးရုံဆိုတာ ပိုက်ဆံရှိမှ၊ နို့မို့ဆိုရင် ဖြတ်ပစ်တာဘဲတဲ့၊ ကျနော် ကြောက်ပါတယ်" ဟူ၍ ဟူ၍ ကျနော့်ကို ပြောပြနေသည်။ သူ ပြောသလို မဟုတ်ကြောင်း ကျနော်ပြောသည်ကို သူမယုံနိုင်။

သူ့ရောဂါကား ကျွမ်းနေပါပြီ။ အဘယ် ငွေကြေး ကြွယ်ဝသူတဦးသည် သူ့သမီး၌ ဤသို့ဖြစ်နေလျှင် ဤမျှ ကြာရှည်စွာ ဒေါက်တာ ရမ်းကုတဦးဖြင့် ကုသနေပါသနည်း။ အဘယ် ချယ်လှယ် အုပ်စိုးသူတဦးသည် သူ့သမီး၌ ဤသို့ဖြစ်နေလျှင် ဤမျှ ကြာရှည်စွာ ရောဂါကို မွေးမြူထားပါသနည်း။ ကျနော့် အမေးကို ဖြေစမ်းပါ။

ယခုကား ငွေကြေးမဲ့မှုကြောင့် ပညာမဲ့ အသိမဲ့နေရသော ဤပတ်ဝန်းကျင် အမှောင်အပိန်းကြီးအောက်မှာ သူနစ်မွန်းနေရပေပြီ။

ဤညများကား လမိုက်ရက်ညများ ဖြစ်၏။ အဖြစ်အပျက်မှာလည်း မျှော်လင့်ချက် ကင်းမဲ့နေသည်။ သူ့ မိဘများသည်လည်း ကျနော့်လို တသက်လုံး အတူနေတဦးကို အထင်မကြီး။ ကျနော် တိုက်တွန်းသည်ကို ဂရုမစိုက်။ နောက်ဆုံး၌ ကျနော်သည် ဒေါက်တာရမ်းကုကို မသိမသာ ခြိမ်းခြောက်ရ၏။ ထိုအခါတွင်မှ ဒေါက်တာရမ်းကုသည်လည်း လက်လွှတ်တော့သည်။ ရက်ပေါင်းများစွာ ကြာပြီးမှ သူ့ကို ဆေးရုံ ပို့ဖြစ်တော့သည်။ ဆေးရုံပို့သည်နေ့က ကျနော် အရှေ့မြစ်ရိုးဖက်ဆီသို့ ခရီးထွက်နေသည်။

သူ့ကို လှည်းပေါ် ပွေ့တင်နေစဉ် "ဦးလေးကို ပြောပါ၊ ဦးလေးလိုက်ခဲ့ပါလို့ ကျနော်မှာသွားတယ်လို့ ပြောပါ" နှင့် သူ တတွတ်တွတ် မှာသွားခဲ့သည်။

ဤ အပျိုမကလေးမှာ လဲလှယ်ရန် အဝတ်လည်း ပေါပေါများများမရှိ။ အမသည် သူ့နားဋ္ဌောင်းကို ချွတ်ပေး လွှတ်လိုက်၏။ အမေက ခေါင်းအုံးတလုံး စောင်နွမ်း တထည်၊ ခြင်ထောင်အိုကလေးတလုံး နှင့် ကျပ်တန်ကလေး လေးရွက် ပေးလိုက်သည်။ လှည်းပေါ်၌ သူ တရှိုက်ရှိုက် ငိုသွားသည်။

သူ မရှိသည့်ရက်များ၌ ကျနော်တို့ အိမ်မှာလည်း သူ့တေးသံမဲ့ကာ တိတ်ဆိတ်ကာ ဟာလာဟင်းလင်း ပွင့်ကျန်ရစ်ခဲ့သည်။

သူ့ဒူးကို ခွဲစိတ် ကုကြည့်သည် မရ။ ခါတ်မှန်ရိုက်သည်။ ရိုးတွင်းချဉ်ဆီ လိုက်နေပြီ။ ဖြတ် ကု ရတော့မည်။ သူ့အမေက ငိုယိုပြီး လာပြောပြ၏။

"ဦးလေး လာပါအုံးလို့ တတွတ်တွတ် မှာတာဘဲ၊ နင် သွားပါအုံး" ဟု သူ့ အဖေက ပြောနေပေပြီ။

သူ့အဖေ၊ သူ့ဘိုးအေ၊ သူ့အဖွား၊ ကျနော့် အမ တို့နှင့် အတူ ကျနော်လည်း ဆေးရုံလိုက်သွားရသည်။ စုံစမ်းသော အခါ သူ့ဝေဒနာကား ကျွမ်းနေပြီဖြစ်၍ ပေါင်ကဖြတ်ရမည်။ မဖြတ်လျှင် အသက် ဆုံးရှုံးခံရမည်ဟု သိလာရသည်။

ထို့နောက် သူတို့ ဆေးရုံမှ ဆင်းလာသည်။ ဘုန်းကြီးကျောင်း တခုသို့ ပြောင်းကုသည်။ ခွဲစိတ်ထားသဖြင့် အနာမှ သွေးပုပ်များဆင်းကာ သူ၏ နောက်ဆုံးနေ့ တံခါးဝမှာ အနီးသို့ ကပ်လာနေသည်။

"ဦးလေး သိပ်စိမ်းကားတယ်၊ ကျနော့်ကို မချစ်လို့ မလာတာလို့ ပြောလိုက်ပါ၊ ဦးလေး လာပါအုံးလို့ ပြောပေးပါ" ကျောင်းမှ သူ၏ တတွတ်တွတ် လှမ်းမှာ နေသံကို တဆင့် ကြားနေရသည်။ ဤအခါတွင်ကား ကျနော် သွားမတွေ့နိုင်။ ရင်မဆိုင်နိုင်။

"ကျနော် ခြေထောက် ဖြတ်ရမယ်ဆိုတာ ဦးလေး ငိုသေးသလား" ဟု နောက်ပိုင်းရက်များ၌ သူ့အဖေကို မေးသွားသည်။

ဤမိန်းကလေးကား သူ့အတွက် ကျနော် ငိုစေ့ချင်သည်။ သူ့ကို ကျနော် သံယောဇဉ်ကြီးမားလှကြောင်း သိပြီးကြည်နူးသွားချင်သည်။

သူ့ဆန္ဒကို မသိရှာသည့် သူ့အမေက ခေါင်းရမ်းပြနေသောအခါ သူသည် ငြိမ်သက်ငေးမောကာ စိတ်ထိခိုက် သွားခဲ့သည်။

နောက်ဆုံး သူကွယ်လွန် သွားသည်ကို သူ့အပေါင်းအဖော် စပါးရိပ်သမများ သိကြသောအခါ လယ်ကွင်းပြင်ကြီးထဲ၌ ဆူညံသွားအောင် အော်ဟစ် ငိုယိုကြသည်။ မငိုသူမရှိ၊ သူ့အပေါင်းအဖော်များသည် သူ့အကြောင်း လပေါင်းများစွာ ပြောကျန်နေရစ်ခဲ့သည်။

ကျနော်ကိုယ်တိုင်လည်း သူ့ကိုနောက်ဆုံးတွေ့ခဲ့သည့် ဆေးရုံပေါ်မှ တညနေကို ဘယ်အခါတွင်မှ မေ့နိုင်မည်မဟုတ်နိုင်။

သူသည်ဆေးရုံကုတင်တွင် ကွပ်ပစ်ပေါ်တွင် တဖက်လှည့်ပြီး တရှုပ်ရှုပ်ငိုနေလျှက်။

"ပေါင်ရင်းက ဖြတ်ရမယ်တဲ့၊ သေချင်သေ အဖေကြီးသဘောတော့ ဆေးရုံကဆင်းမယ်" ဟူ၍... ဟူ၍...သူ့ ဘိုးအေကြီးသည် မျက်ရည်ကြားမှ အသံ အက်ကွဲကြီးဖြင့် ပြောနေလျှက်။

သူ့အဖေသည် ကုတင်ခြေရင်းဘက်တွင် တင်မလွှဲထိုင်ပြီး မငိုမိစေရန် အံကြိတ်နေလျှက်။

သူ့ဘိုးအေကြီးကိုလည်း ကျနော်အပြစ်မတင်နိုင်။ ဤအဖိုးအိုကြီးမှာ စာပင် ဟုတ္တိ ပတ္တိ မသင်ဘူးခဲ့ရရှာသူ။ ဆေးရုံမှ ဘာမှမပြောဘဲ ဆင်းလာခဲ့လျှင် မိန်းကလေးမှာ သူ့အတွက် မျှော်လင့်ချက် မရှိတော့သည်ကို သူသိသွားပါပြီ။ သူ၏နောက်ဆုံး ရက်ကို သူမြင်တွေ့နေရပေပြီ။

သူသည် ဖြည်းဖြည်း ပြန်လှည့်လိုက်ပြီး ကုတင်ရှေ့တွင် ရပ်နေသူ ကျနော့် မျက်နှာကို အားကိုးကြီးစွာ မော့ကြည့်နေသည်။ သူ့မျက်နှာကလေးမှာ သွေးအားနည်းကာ ဖြူဖျော့နေပြီ။ မျက်လုံးများ ရီဝေနေပြီ။ ဤမျက်လုံးများပေါ်မှာ နောက်ဆုံးမျှော်လင့်ချက်ကလေးတခု လျှို့ဝှက်စွာ တဖိတ်ဖိတ် လက်နေသေးသည်ကို ကျနော် တွေ့မြင်နေသည်။ သူဘာမှ မဆုံးဖြတ်ရ သေးပါ။ ကျနော့်ကို မေးနေသည် ကျနော်သိနေသည်။ နောက်ဆုံးတွင် ဤ ရောင်ခြည် မျှင်ကလေးသည်လည်း အားအင်ကုန်ခမ်းလာကာ တစတစ မှိန်ဖျော့လာနေသည်။

ရင်ထဲနာကျင်လာသည်။ မငိုတတ်သော ကျနော့်မျက်လုံးများပေါ်မှာ မျက်ရည်များ ပြည့်လာနေသည်။ သူ့နှုတ်ခမ်းများမှ ကျနော့်ကို အတိုင်းအတာမဲ့ တွယ်တာမှု၊ အတိုင်းအတာမဲ့ အားကိုးမှုများ ဖွင့်ပြောနေသလိုပင်။

ကျနော် ခေါင်းငုံ့လိုက်ပါသည်။ မျက်ရည်ပေါက်သည်လည်း သံမန်တလင်းပြင်ပေါ်သို့ ကြွေကျသွားသည်။ အို….ကျနော် ငိုနေပြီ။

အတန်ကြာ ငြိမ်သက်နေသည်။

“သမီးသဘောလေ” ဟု သူ့ဘိုးအေသည် ငိုသံဖြင့် ပြောနေသည်။

ထပ်ပြီး ငြိမ်သက်နေသည်။

အချိန်များစွာ ကြာပြီးမှ “သေမယ်၊ သေမယ်” ဟု မိန်းကလေးက ယတိပြတ် ပြောချလိုက်လေသည်။ သူသည် သူ့မောင်ကလေးများ ညီမကလေးများကို သူ့အဖေနှင့်အတူ လုပ်ကိုင် ကျွေးနေရသူ၊ အလုပ်သမ ကလေး။ အလုပ်လုပ်နိုင်မှ ထမင်းစားရသူ။ သူ့တသက်တာလုံးအတွက် သူတွေးရမည်။ အလုပ်လုပ်နေရင်းမှာပင် သူတို့မှာ ကြွေးနွံအိုင်ကြီးထဲတွင် လည်ပင်းနစ်မြုပ်နေ ရသည်။

“ဒေါ်.....ကို ဖက်ထုံးတရာ ပေးရအုံးမယ်၊ ပေးပြီးပလား အဖေ၊ ပေးလိုက်ပါနော်၊ တော်ကြာ သံသရာကြွေး … တင် — တင် — တင် …….” ပြောနေရင်း သူ့အသံ နစ်မြုပ်သွားသည်။ တဖက်လှည့်ပြီး သူကြိတ်၍ ငိုနေရပြန်သည်။

ဤစကားများကား “မသိန်းရှင်ဆီ ရောက်အောင် ကျမ ထန်းညက်တောင်း ပို့ ….ပို့ ….ပေး ….ကြပါ” ဟူ၍ ရေးခဲ့သူ ရှေ့မှောက်၌ ပြောနေသော စကားများ ပေတကား။

သူ့တသက်လုံး ဒေါ်….ကို လုပ်ကျွေးခဲ့ပြီးပြီ။ တိုက်ဆောက်ရအောင် လုပ်ပေးခဲ့ ပြီးပြီ။ သူသေမည် ရှိသောအခါ နောင်ဘဝအတွက်ပင် ဒေါ်…၏ ကြွေးမြီများ ပါသွားဦးမည် ဆိုနေပါကလား။ ဒါသည် ပါရမီဆိုတာ ပါကလား။ ဒါသည် အထုံရေစက် ဆိုတာပါကလား။

အချိန်များစွာ ကြာလွန် သွားပြန်သည်။ သူ့ကို နောက်ဆုံးမှန်း သိလျှက် နှုတ်ဆက်ရန် ကျနော် အားယူလိုက်ရသည်။

“ဦးလေး သွားမယ်နော်”

သွားမယ် ခလေးရေ…ဘယ်တော့မှ ပြန်မတွေ့ကြဘူး။ ဒါနောက်ဆုံးဘဲ။ မင်း သေမယ်။ လူသေရင် မြေဘဲဖြစ်မယ်။ မြေထဲ ပြန်သွားရမယ်။

“ဟုတ်ကဲ့”

သူပြောလိုက်ပြီး ကျနော့်ကို လှည့်မကြည့်တော့။ အဆုံးသတ်မှာ ပီပြင်နေပေပြီ။ သူလည်း အသံမထိန်းနိုင်တော့ဘဲ ငိုနေရစ်ခဲ့ပြီ။ ဤငိုသံကြားမှ ဆေးရုံအပြင်ဖက်သို့ ကျနော် ထွက်လာခဲ့သည်။

မြို့အပြင်ဖက်သို့ ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်လာသည်။ မှောင်ရိပ်လွှမ်းစ ဆည်းဆာအောက်၌ ကျနော်လျှောက်နေမိပြီ။ အမှောင်ရိပ်များသည် ကျနော့်ကို တိတ်တဆိတ်လွှမ်းလာပေပြီ။ ကျနော်လည်း အမှောင်ထဲအောက်၌ ပျောက်ကွယ်သွားရမည်လော။

အမှောင်ထဲ၌ အလှောင်ခံထားရသူများသည် ရုန်းကန်ဖွင့်ထွက်ကြရမည်။ ကျနော်သည် လက်သီး ကျစ်ကျစ် ဆုပ်လိုက်၏။ အံကြိတ်လိုက်သည်။ ကိုယ်ကို မတ်လိုက်သည်။ အကြော အခြင် ကြွက်သားများလည်း ဖုထစ်ကြွလာသည်။ ရင်ထဲ၌ ဒေါသချောင်းသည် အဟုန်ပြင်းစွာ စီးဆင်းနေသည်။ ကြမ်းတမ်းဧော မုန်တိုင်းတခုသည် ရင်ထဲ၌ တိုက်ခတ်နေသည်။

ဟုတ်သည်။ ကျနော်တို့ကား အမှောင်ထဲမှာ နစ်မြုပ်နေရင်း အမှောင်ထုကို အာခံကြရပါမည်။

မိုးဝေမဂ္ဂဇင်း
ဖေဖော်ဝါရီလ၊ ၁၉၇၂

အလှဆည်းဆာ
(ဘဝစာမျက်နှာ – ၂)

အခုလေးတင်ဘဲ ကဗျာလုံးချင်းကလေး တအုပ်ထဲမှ "ဆည်းဆာ" ဆိုတဲ့ ကဗျာကလေးတပုဒ်ကို ဖေဖေဖတ်လိုက်တယ်။ ဘာကြောင့်ရယ် မသိဘူး။ ဆည်းဆာတွေကို စိတ်လှုပ်ရှားစရာ သင်္ကေတတွေ့လို့ ဖေဖေတွေးနေလိုက်မိတယ်။

မနက်ခင်းမှာဆို ငှက်ကလေးတွေရဲ့ အိပ်ယာကနိုးသံ၊ တေးသံတွေနဲ့အတူ ဆည်းဆာဟာလဲ အရှေ့ဘက် တောင်တန်းကြီးတွေပေါ်မှာ နိုးလာတယ်။ နှင်းမှုန်တွေ ကြားမှာပေါ့။ သစ်ပင်တွေ အိပ်မောကျနေဆဲမှာပေါ့။ အမှောင်ရိပ်တွေထဲမှာပေါ့။

ညနေခင်းတွေဆိုလဲ အိပ်တန်းတက် ငှက်ကလေးတွေ ပျံနေကြဆဲ ဆည်းဆာဟာ တောက်ပလာတယ်။ အနောက်ဖက် ရိုးမတောင်ခြေမှာပေါ့။ မြူတွေ ကြားထဲမှာပေါ့။

ညနေခင်းတွေဟာ ဖေဖေ့ကို အိပ်မောကျနေသူကို တပ်လှန့်နိုးလိုက်သလိုဘဲ။ ခံစားမှု စိတ်လှိုင်းတွေလဲ နိုးကြွလာတတ်တယ်။ သားရယ် ဖေဖေ့ကို စိတ်ကူးယဉ်တတ်လွန်းတယ်လို့ ရယ်ချင်ရယ်လိုက်စမ်းပါ။ ဖေဖေဟာ အဲဒီ လှုပ်ရှားနေတဲ့ စိတ်လှိုင်းတွေကို တားဆီးချည်နှောင် ထုပ်ပိုးပြီး ပို့ပေးလိုက်ချင်တယ်။

ဘာရယ်လို့ မဟုတ်ပါဘူး။ ဆည်းဆာကို ဖေဖေကတော့ အနုပညာ အလှပစ္စည်းကလေးလိုဘဲ တွေးမိနေတယ်။ ဆည်းဆာကို ချစ်တာပါဘဲ။ ကဗျာဆရာကလေးကတော့ ....

"မိုးလေရှင်း၍
ဟင်းလင်းကောင်းကင်
တိမ်မျှင်တိမ်ထွေး
သွေးရောင်ပြေးနေ။
ယခုခန
စိတ်ကလွတ်မြောက်
သွေးကိုသောက်၍
ဖောက်ပြန်သူကို သုတ်သင်အံ့။
နေရောင်အစား
လရောင်မလို
နေညိုချိန်ရောက်
တိမ်ထောင်တောက်စွ .. .." တဲ့။

ကဗျာဆရာလေးဟာ ဆည်းဆာကို ရေးဖွဲ့နေရင်း လက်သီးတဖက်ကို ကျစ်ကျစ် ဆုပ်ထားနေလိမ့်မယ်။ သူ့ကလောင်ကို ဆတ်ခနဲ ပစ်ချပြီး သူရေးပြီးတဲ့ ကဗျာစာရွက်ကလေးကို စေ့ကြည့်နေလိမ့်မယ်။ သူ့မျက်နှာ သူ့နဖူးစမှာ အဆီပြန်လို့ပေါ့ သားရယ်။ သူငြိမ်သက်နေလိမ့်မယ်။ သူ့ရင်ထဲက နာကျည်းမှု ဝေဒနာဟာ မီးတောင်လို ပေါက်ကွဲလာမယ့်ဆဲဆဲပေါ့။ ဒေါသမီးတောင်ဟာ အငွေ့ပျံစ ပြုလာနေသလိုဘဲ။ မီးတောက်ကလေးတခုဟာ မီးတောင်ဝက ဖျတ်ကနဲ ထိုးထွက်ပြီး လွင့်စင်လာတယ်။ စာရွက်ကလေးပေါ် ဖျက်ကနဲ ကျလိုက်တယ်။

"ဒါ ဆည်းဆာ၊ ဆည်းဆာ" လို့ ကဗျာဆရာလေးက လှမ်းအော်ပြောနေတယ်။

သူ့ပြောသံဟာ ခရီးမိုင်ပေါင်းများစွာကနေပြီး ဖေဖေ့ဆီပြေးလာခဲ့သလိုဘဲ။ ဖေဖေ့အနားရောက်တော့ သူ့အသံ တုန်တုန်ရီရီဟာ သဲ့သဲ့ ကလေးဘဲ ကျန်တော့တယ်။

ဟုတ်ပါတယ် သားရယ်၊ ဆည်းဆာပေါ့။ သွေးသောက်တဲ့ ဆည်းဆာ၊ နီစွေးတဲ့ ဆည်းဆာ၊ ဒေါသအလျှံညီးညီးကြောင့် လှပနေတဲ့ ဆည်းဆာ။

သားရယ် ဖေဖေဟာ ကဗျာဆိုတာ ဘာမှန်းမသိတဲ့လူပါ။ ကဗျာကို ခွဲခြမ်းစိတ်ဖြာဖျက်ဆီးကြည့်ဖို့အလုပ်ကိုတော့ သုတေသီတွေရဲ့ အလုပ်လို့ဘဲ ဖေဖေထင်တယ်။ ကြည့်ရင်တော့ ဒီကဗျာကလေးဟာ ဒီခေတ် ကဗျာလမ်းကြောင်း လမ်းဟောင်းထဲမှာဘဲ ငုတ်ချည်ပေါ်ချည် ဝင်ချည် ထွက်ချည် လဲချည်လျှောင်းချည် လုပ်နေမယ့် ကဗျာပေါ့။

ဖေဖေသိတာတော့ တခုထဲရှိတယ်။

အဲဒါ ဘာလဲဆိုတော့ ကဗျာစာအုပ်ကလေးကို စားပွဲပေါ်မှာ အသာအယာ ချထားလိုက်မိတာဘဲ။ စာအုက်ကလေးပေါ် လက်တင်ထားရင်း ငေးမောနေမိတာဘဲ။ ဆည်းဆာပေါင်းများစွာကို ပြန်တွေးနေမိလိုက်တာဘဲ။

တချို့ ဆည်းဆာတွေမှာ ထူးခြားတဲ့၊ မမေ့ပျောက်နိုင်တဲ့ အမှတ်အသား ခြေရာတွေ ထင်ကျန်ရစ်တော့ အဲဒီ ဆည်းဆာတွေဟာ ပြန်လန်းဆန်းလာတယ်။ ပြီးတော့ ဖေဖေ့ စိတ်ဝိညာဉ်ဟာ အဝေးကို ပျံသန်းနေရပြန်တာပေါ့။

ဥပမာ သားတို့ မေမေနဲ့ တွေ့ဆုံခဲ့တဲ့ ညနေဆည်းဆာ ဆိုပါတော့ကွယ်။ အဲဒီညနေဆည်းဆာဟာ အလှတွေနဲ့ ပြည့်ဝနေတာပေါ့။ အဲဒီဆည်းဆာပေါ်မှာ သားတို့မေမေရဲ့ ခလေးလို ရွှင်ပျရယ်မောသံကလေးတွေ ထင်ရစ်မယ်။ သားတို့ မေမေရဲ့ အပြုံးရိပ်၊ သူ့ကိုယ်ကလေးကို လှုပ်လှုပ်ပြီး ရယ်မောဟန်၊ သူ့ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားဟန်၊ သူနဲ့ ဖေဖေနဲ့တွေ့ဆုံတဲ့ ရေခပ်တဲ့ သဲချောင်းကလေးရဲ့ သဲပြင်ပေါ်မှာဆို ဆည်းဆာ တိမ်တောက်တွေ တောက်လို့ပေါ့။

နောက် ဖေဖေတို့အိမ်ထောင်ရေးသက်တမ်း အစပိုင်းရက်တွေက ဆည်းဆာတွေဟာ လှနေတယ်။ ဖေဖေတို့ဟာ မနက်ဆည်းဆာလာပြီဆိုရင် အိပ်ယာက နိုးနေကြပြီ။ သူက တဖက်က အိပ်ရင်း စကားတွေ တဖောင်ဖောင် ပြောလို့ပေါ့။ ပြတင်းဝကလှမ်းပြီး ဆည်းဆာတွေကို ထိတွေ့နေရတယ်။ ဖေဖေက သူ့နဖူးပေါ်က ဆံစကလေးတွေ သပ်တင်ပေးနေတယ်။

ညနေခင်းတွေမှာဆိုလဲ ဖေဖေနဲ့သူဟာ မြို့အပြင်ဖက်ကို လမ်းလျှောက်ထွက်ကြရင်း သူ့အလှနဲ့ ဆည်းဆာအလှဟာ အလှချင်း ပြိုင်နေတယ်လို့ ဖေဖေ ထင်ခဲ့တာပေါ့။ ဖေဖေတို့ ခေါင်းပေါ်မှာ ငှက်ကလေးတွေ ပျံနေကြတယ်။ သူရယ်လိုက်တာကလေးတွေ ခုထိ ဖေဖေ မမေ့သေးပါဘူး။ ဒါပေမယ့် အခုတော့ ပြန်တွေးတဲ့အခါ အိပ်မက်တွေလိုဘဲ သားရယ်။

နောက်တော့ အိမ်ထောင်ရေး ပြိုကွဲလုဆဲဆဲက ဆည်းဆာတွေကျတော့ ကြေကွဲစရာ တိတ်ဆိတ် ငြိမ်သက်နေတယ်လို့ ဖေထေ ထင်တယ်။ အလှတွေ ပျက်စီးစ ပြုနေပြီပေါ့။ ဖေဖေက သူ့ကိုလည်ပင်းညှစ်သတ်လိုက်ဖို့ ကြံခဲ့ဘူးတဲ့ ဆည်းဆာတွေကို ပြန်မတွေးချင်တော့ဘူး။
ဒီတုန်းက သူဟာ အထည်ကုန်ကူးရင်း ပျက်စီးစ ပြုနေပြီ။ အခြေအနေအရ သူဟာ လော်ရင်း နစ်လာနေပြီ။ သူ့ကိုယ်ရော စိတ်ဓါတ်ရော ပျက်စီးနေပြီ။ ဖေဖေဟာ သူ့ကို အပြစ်လဲ မတင်သင့်ဘူးဆိုတာ သိပါတယ်။

သူဟာ သမုဒ္ဒရာကြီးထဲ လွင့်ကျသွားတဲ့ အမှိုက်ကလေးပေါ့။

ဒါပေမယ့် သားရယ် ဖေဖေ ခွင့်မလွှတ်နိုင်ဘူး။ ဖေဖေက သူ့ကို စပယ်ကလေးလို ဖြူစင်နေစေ့ချင်တာ။ ဖေဖေဟာ သဘောထားမကြီးနိုင်ဘူး။ ချစ်တာကိုး။ ဒါကြောင့် သူမသိဘဲ သူနဲ့ခွဲသွားဖို့ ဆုံးဖြတ်လိုက်ရတယ်။ အတူနေကြရတဲ့ စက္ကန့်တိုင်းဟာ ငရဲတွင်းထဲမှာ နေရသလို ဖြစ်နေတာကိုး။

သူ့ကို ဖေဖေ ခွဲလာရတဲ့ ဆည်းဆာကို "အလှဆည်းဆာ" လို့ ဖေဖေ ဘယ်လိုပြောနိုင်မလဲ။

အဲဒီ ဆည်းဆာမှာဆို ဖေဖေဟာ သူ့ဆီက ထွက်ပြေးဖို့ အတွက် ရထားပေါ် ရောက်နေရပြီ။

ဖေဖေ့မျက်လုံးတွေဟာ နာကျည်းမှုတွေ၊ ဒေါသတွေနဲ့ အလျှံညီးညီး တောက်နေမှာဘဲ။ ဖေဖေဟာမငိုမိအောင် နှုတ်ခမ်း ဖိကိုက်ထားမိမှာဘဲ။ ရထားထွက်လာတဲ့အခါ ဖေဖေဟာ မျက်နှာကို တဖက်လွှဲထားလိုက်တယ်။ သားတို့မေမေ မရှိတဲ့ဖက်ပေါ့။ နေဝင်ရာ ဆည်းဆာဖက်ကိုပေါ့။

သားရယ် အဲဒီညကမှ ဆည်းဆာဟာ လှနေလိုက်တာ။ အနောက်ဖက် တောင်တန်းပြာကြီးအပေါ်မှာ၊ လယ်ကွင်းပြင်ကြီး အပေါ်မှာ၊ ကျောက်တောင်ကုန်းတွေ ပေါ်မှာ၊ တိမ်စိုင်တိမ်စတွေပေါ်မှာ စိန်ရောင် ရွှေရောင် ပတ္တမြားရောင် အပြာလဲ့လဲ့ ရောင်စုံယှက်လို့ တိမ်တွေ တောက်နေလိုက်တာ။ လင်းနေလိုက်တာ။

သားတို့မေမေ နေရစ်ခဲ့တဲ့မြို့နဲ့ ဝေးလာတော့ အဲဒီအလှတွေဟာ သားမေမေ့ ရင်ခွင်ထဲမှာ ကျန်နေရစ်ခဲ့သလိုဘဲ။ ဆည်းဆာရဲ့ အသွေးဟာ ဖျော့လာနေပြီ။ နေခြည်စွယ်ကလေးတွေထဲ အမှောင်ရိပ်အစတွေ တိုးယှက်လာနေပြီ။

ဖေဖေလဲ အလှပျက်ပြယ်လာနေတဲ့ ဆည်းဆာကို မကြည့်ချင်တော့ဘူး။

ကုလားထိုင် နောက်မှီကို အားအင်ကုန်ခန်းသွားသလို မှီရင်းပေါ့။ ငိုတော့မယ့် မျက်လုံးတွေကို မှိတ်ထားရင်းပေါ့။ "ငါ မငိုဘူး" လို့ စိတ်က ပြောနေမိတယ်။ ဖေဖေ့မျက်နှာပေါ်မှာ နာကျည်းမှုနဲ့ တောက်လောင်တော့မယ့် ဒေါသတွေနဲ့ နှလုံးသားကတော့ ငိုနေလိမ့်မယ်။ နှလုံးသားဟာ ဖေဖေ့ကို အသိမပေးဘဲ သူ့ဘာသာသူ တိတ်တိတ် ရှိုက်နေလိမ့်မယ်။

အို ဆည်းဆာတခုဟာ ချုပ်ငြိမ်း ပျက်ပြယ်သွားပြန်ပြီ ခလေးရယ်။

နောက်ဆည်းဆာတခုမှာ သားရဲ့မေမေ နောက်အိမ်ထောင်ပြုလိုက်ပြီလို့ ဖေဖေ အဝေးက လှမ်းကြားလိုက်ရတယ်။ နောက်တော့ သားကို မွေးလိုက်တယ်တဲ့။ နောက်တော့ သူ့ ဒုတိယအိမ်ထောင်နဲ့ ကွဲသွားပြန်ပြီတဲ့။ နောက် တတိယအိမ်ထောင်သစ် ထူထောင်လိုက်ပြန်ပြီတဲ့။ အဖြစ်မှန် အတိုင်းတွက်ရင် ဖေဖေနဲ့ သူနဲ့ ကွဲကွာကြပြီး ၁၅ လ အကြာမှာမှ မွေးတဲ့ကလေးကို ဖေဖေ့သားလို့ ပြောနိုင်ပါ့မလား။

ဒါပေမယ့် သူမွေးတဲ့သားဆိုရင် ဖေဖေ့သားလို့ဘဲ ဖေဖေယုံနေတယ်။ နှလုံးသားနဲ့တွက်ရင် လူကလေးဟာ ဖေဖေ့သားပဲကွယ်။

သားရဲ့ မေမေကလဲ သားရဲ့ဖေဖေဟာ "ကို" လို့ ဖေဖေ့နာမည်ဘဲ ပြောထားသတဲ့။

ဒါကြောင့် သားကို "မင်းအဖေ ဘယ်သူလဲလို့" တယောက်ယောက်က မေးလိုက်ရင်-

မာနကြီးတဲ့ လူကလေးဟာ ခါးကို တင်းတင်းထောက်လိုက်ပြီး ....

"ကျုပ်အဖေ ကို ပေါ့ဗျ" လို့ ဖေဖေ့နာမည်ကိုဘဲ ပြောနေသတဲ့။

"ကျနော်တို့ဖေဖေက သိပ်စိမ်းကားတာ။ ကျနော်တို့ သားအမိကို အတွေ့မခံဘူး"

လူကလေးရဲ့ မိုင်ပေါင်းများစွာက အဝေဒက ပြောနေသံတွေဟာ လူတွေ သယ်ယူလာကြလို့ ဖေဖေ့ရှေ့မှောက် ရောက်လာနေတယ်။ ဖေဖေက "ဟုတ်ပါတယ်ကွာ၊ မင်းဟာဖေဖေ့သားပါ" လို့ ရင်ထဲက ပြောနေသံတွေလဲ သားရှေ့မှောက် ရောက်လာနိုင်မလားဘဲ။

ဖေဖေဟာ သားရဲ့မေမေကို မေ့ထားလိုက်ချင်လို့ ကဗျာစာအုပ်ကလေးကို ကောက်ကိုင်လိုက်တယ်။ ကဗျာကလေးတွေကို စိတ်မပါနိုင်ဘဲ လျှောက်ဖတ်နေမိတယ်။

အတော်ကြာတော့ ဖေဖေ့စိတ်ဝိညာဉ်ဟာ ကဗျာစာအုပ်ကလေးပေါ်မှာ ငြိမ်သက်သွားပြန်တယ်။ ခုဆို သားရယ် ဖေဖေဟာ ဒီခေတ် လူငယ်ကလေးတွေရဲ့ သိန်း စွန်ရဲ နှလုံးသားပေါ်က ဒေါသ အမျက်တွေကြား ရောက်သွားရသလိုပါဘဲ။

ဒေါသဆိုတာ အပူမီးပေါ့။ လောင်မြိုက်မှုပေါ့။ အကျည်းတန်တာပေါ့။ ဒါပေမယ့် တခါတရံမှာ ဒေါသဟာ ကိုးကွယ်ရာ ပြီးပြည့်စုံတဲ့ အလှတရား ဖြစ်နေတတ်ပြန်တယ်လို့ ဖေဖေတွေးနေမိတယ်။ ဘယ်အခါမှာလဲဆိုရင် သားရယ် ...

"ယခုခန
စိတ်ကလွတ်မြောက်
သွေးကို သောက်၏"

ဒီပြင် ကဗျာကလေးတွေ ဖတ်နေပေမယ့် ဖေဖေ့ရင်ထဲမှာတော့ "ဆည်းဆာ" လာပြီး အရိပ်ထင်နေတယ်။ ဒီတော့ စာအုပ်ကို ပြန်ချလိုက်ပြီး ဖေဖေ့နှလုံးသားကို ဖေဖေ မေးခွန်း ပြန်ထုတ်နေမိတယ်။ ဖေဖေဟာ ဒေါသကို ခံစားတတ်သူလား။ ဖေဖေဟာ ရုန်းကန် ပွင့်အန်တတ်သူလား။

"ဟုတ်တယ်" လို့ ပြန်ပြောလိုက်မိတယ်။

အခုဆို ဖေဖေဟာ ဂျပန်စစ်ဖိနပ်အောက်က တညနေကို ဖျတ်ကနဲ သတိရနေမိတယ်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမှုတ်လား။ ခုအခါမှာတော့ အိပ်မက်တခုလိုပေါ့။ ဒါပေမယ့် လတ်ဆတ်သစ်လွင်နေတဲ့ အိပ်မက်ပေါ့။

ဒီတုန်းက ဖေဖေဟာ ၁၇-၁၈ နှစ်အရွယ် ဖေဖေ့အကိုက ၂၆-၂၇ အရွယ်။

ဒီတုန်းက အကိုဟာ ဇာတိရွာကလေးကို ပြန်ရောက်လာစ။ အကိုဟာ ၁၀ နှစ်ကြာလောက်မှာ ရွာကလေးက ထွက်ခွာသွားခဲ့တယ်။ ဘဝမျိုးစုံ ကျင်လည်ခဲ့ရပြီး နောက်ဆုံးမှာ သူဟာ ရွာကလေးရဲ့ အေးငြိမ်းတဲ့အရိပ်ခိုဘို့ ပြန်ရောက်လာစ။ ဖေဖေက ရွာကလေးကို စွန့်ပစ် ထွက်ခွာ သွားတော့မယ့် ဆဲဆဲပေါ့။

သူနဲ့ဖေဖေဟာ အသွား အပြန်လမ်းပေါ်မှာ ခနလောက်ဆုံမိကြသလိုပါဘဲ။ တွေ့စက သူဟာ ဖေဖေ့ပခုံးကို ကိုင်ပြီး အံ့အားသင့်နေတယ်။

"ဟေ ဒီကောင်ကြီးတောင် ငါ့လောက် ရှိပါပေါ့"

သူက တအံ့တသြကြီး အော်ပြောလိုက်တယ်။

ဒီတုန်းက ဖေဖေဟာ ထင်းခုတ် အလုပ်သမားကလေးပဲ။ အကို ရောက်လာတဲ့အခိုက်မှာတော့ ထင်းခုတ် သမားတွေဟာ ထမင်းငတ်ပြတ် နေပေမယ့် အလုပ်တွေ ရပ်ဆိုင်းထားရတယ်။ သူတို့ရဲ့ ကျွဲတွေ နွားတွေကို ရွာအပြင်ဘက် ကြိုးဖြေ လွှတ်ထားနေရတယ်။

ရွာအနောက်ဖက် လယ်ကွင်းပြင်ထဲမှာဆို ညနေတိုင်းဆိုရင် နွားတွန်သံ၊ နွားချင်းဝှေ့သံ၊ ခလောက်သံတွေ ညံနေလျှက်ပေါ့။ လယ်ကွင်းပြင်ရဲ့ အဆုံးသတ် ပေါက်ပင်တောခင်တန်းကြာဟာ ပေါက်ပွင့်တွေ ရဲရဲလျှံလျှက်ပေါ့။ အဲဒီနောက်ဖက်ကြောက တောတန်းကြီးဟာ စိမ်းညို့ လျှက်ပေါ့။ ကန်နဘေး မြုံပြင်တွေပေါ်မှာ ရွှေဝါရောင်ဖုံးနေတယ်။ ညနေ ဆည်းဆာ တိမ်တွေတောက်လာတဲ့အခါ နဘူးနွယ်ပန်းရယ်၊ ပေါက်ပန်းတွေရယ်၊ ဆည်းဆာရယ် အဲဒီ ရောထွေးနေတဲ့ အလှကို ဖေဖေဟာ ဘယ်တော့မှ မမေ့ဘူး။ ဆည်းဆာ တိမ်တောင်အောက်မှာ ပေါက်ပန်းတွေဟာ တဝဲဝဲကြွနေကြတယ်။

ညနေဆို ဖေဖေတို့ အလုပ်သမားတွေကတော့ လယ်ကွင်းပြင်ကိုဖြတ်ပြီး ဖောက်တဲ့ လမ်းမကြီးပေါ်မှာ ရောက်နေတယ်။ လမ်းမကြီးတွေဟာ မျဉ်းတဖြောင့်တည်း ရွာတွေကိုဖြတ်ပြီး ဖောက်လိုက်တယ်။ အိမ်တွေ မျဉ်းကြောင်းပေါ်ကျနေရင် ဖြိုဖျက်ပစ်လိုက်တယ်။ သစ်ပင်တွေ အုန်းပင်တွေကို လှဲချလိုက်ကြတယ်။ ရေတွင်းတွေကို ဖို့ပစ်လိုက်ကြတယ်။

ရွာကို ပြန်ရောက်လာစ အကိုလဲ အလုပ်ထဲ မပါမနေရ ပါလာရတာပေါ့။ အကိုဟာ အသားညိုညို ဗလတောင့်တောင့် အားကောင်း မောင်းသန်ကြီးဘဲ။ တဇွတ်ထိုး လုပ်တတ်တယ်။ ဒေါသကြီးတယ်။ မဟုတ်မခံဘူး။ ဒီတုန်းက ဖေဖေဟာ လူဗလံကလေးပေါ့။ ပိန်ပိန်သွယ်သွယ်။ ဒါပေမယ့် သားရယ် အလုပ်သမားတယောက်ဆိုတော့ ဖေဖေ့ကြွက်သားတွေဟာလဲ သံမဏိမျှင်တွေလို မာနေလိမ့်မယ်။

ရွာကို ပြန်ရောက်လာစ အကိုလဲ အလုပ်ထဲ မပါမနေရ ပါလာရတာပေါ့။ အကိုဟာ အသားညိုညို ဗလတောင့်တောင့် အားကောင်း မောင်းသန်ကြီးဘဲ။ တဇွတ်ထိုး လုပ်တတ်တယ်။ ဒေါသကြီးတယ်။ မဟုတ်မခံဘူး။ ဒီတုန်းက ဖေဖေဟာ လူဗလံကလေးပေါ့။ ပိန်ပိန် သွယ်သွယ်။ ဒါပေမယ့် သားရယ် အလုပ်သမားတယောက်ဆိုတော့ ဖေဖေ့ကြွက်သားတွေဟာလဲ သံမဏိမျှင်တွေလို မာနေလိမ့်မယ်။

အလုပ်လုပ်တဲ့အထဲမှာ သက်ကြီးရွယ်အိုတွေလဲ ပါတယ်။

နေပူရှိန်ထဲမှာ ပေါက်တူးတွေနဲ့ သံမဏိလိုမာတဲ့ မြေသားတွေကို ပေါက်နေကြတယ်။ ပေါက်တူးသွားနဲ့ မြေသားထိမိတိုင်း "ချွင်း" ကနဲ မြည်သွားပြီး မီးပွင့်ကလေးတွေ လက်လာကြတယ်။ နွေရဲ့ အပူကြောင့် တံလျှပ်တွေ တရိုတ်ရိုတ်တောက်နေတယ်။ လေပွေမွှေလိုက်ရင် ဖေဖေတို့ဟာ ဖုန်လုံးကြီးတွေအောက်မှာ ပျောက်ကွယ်နေတယ်။ ချွေးနဲ့ ဖုန်နဲ့စေးကပ်နေတယ်။ အင်္ကျီမဲ့ ကျောပြင်တွေပေါ်မှာ နေခြည်တွေ ကျနေတာ မီးဖိုတခု တင်ထားရသလိုဘဲ။

တော်သေးတာပေါ့။ ဖေဖေတို့ရွာဟာ မြို့နား နဲနဲနီးလို့ ပြောင်းရွှေ့ရတဲ့ ရွာတွေထဲ မပါသေးဘူး။ ဟိုဘက် လယ်ကွင်းပြင်ကြီးရဲ့ တဖက်မှာဆို ငရဲမီးလောက်ပူနေတဲ့ နေရောင်အောက်မှာ ရွာတန်းရှည် ရွာကြီးတရွာ ပြောင်းရွှေ့နေတာ အရိပ်မရှိ အကာအကွယ်မရှိနဲ့ လူတွေ ကလေးတွေ ရောဂါဘယတွေနဲ့ သေကြကြေကြလို့။

ဖေဖေတို့လဲ ဆဲဆိုသံတွေကြားမှာ ခိုင်းစေတဲ့အတိုင်း အလုပ်ကို ကုန်းလုပ်နေရတယ်။

"နှမ × × ဒါအလုပ်ကွ၊ မင့်အမေ × × နေတာ မဟုတ်ဘူး ဖိမ်ဆွဲမနေနဲ့"

ဒီဆဲသံတွေ ဖိနပ်သံတွေ အော်ငေါက်ခိုင်းသံကြားမှာ ဆဲတဲ့အသံကို အများနဲ့ ရောနှောပြီးခံရတာကိုး။ ဝေမျှခံရတော့ သက်သာသလိုရှိတယ်။

သူတို့ဟာ ကြိမ်လုံးတွေ ကိုင်မြှောက်ပြီး အလုပ် လုပ်ရာကို လိုက်ကြည့်နေတယ်။ အဆဲခံရတဲ့အထဲမှာ အသက် ငါးဆယ်ကျော်တွေလဲ ပါတာပေါ့။ အိမ်ဖျက်ပေးလိုက်ရတဲ့ လယ်သမားကြီးတွေလဲ ပါတယ်။

ဖေဖေတို့နဲ့ ခပ်လှမ်းလှမ်းမှာ အလုပ်လုပ်နေတဲ့ အထဲက အသက်ငါးဆယ်ကျော် လူကြီးတဦးဟာ ပင်ပန်းနွမ်းနယ်လွန်းလို့ ပေါက်တူးချက် မမှန်တော့ဘူး။ သူဟာ မိုးမှာဆို လယ်သမားကြီး၊ နွေရောက်တော့ ဖေဖေတို့နဲ့ အတူ ထင်းခုတ်အလုပ်သမားပေါ့။ ကျန်းမာရေးလဲ မကောင်းဘူး။ အလုပ်လုပ်ရင်း ချောင်းလဲဆိုးဆိုးနေတယ်။ သားထောက် သမီးခံ မရှိလို့သာ အလုပ်လုပ်နေရရှာတာ။

ခုလဲ သူ ပေါက်တူး ပေါက်နေပုံဟာ မနိုင်ဝန်လေးကြီးကို မ နေရသလိုဘဲ။ သူမောပန်းနေတာကို ခပ်လှမ်းလှမ်းက မြင်နေရတာ သနားစရာဘဲ။ ခုနေ ခါမှာသာ ရပ်နားခွင့်ရရင် သူဟာနေရာမှာတင် လှဲအိပ်တော့မလိုဘဲ။ ပေါက်တူးပေါက်ပြီးတိုင်း နားနားနေရတယ်။

"ဦးလေးထွန်းတော့ ဒုက္ခဘဲ" လို့ ဖေဖေ့နားက လူငယ်တစ်ယောက်က ခပ်တိုးတိုး ပြောနေတယ်။

"ဒီအတိုင်းဆို ဒုက္ခပါဘဲ"

ဒီလိုနဲ့ နေ အနောက်ဘက် လျှောကျလာတော့ သူ့အတွက် ဖေဖေတို့ စိတ်သက်သာရာ ရလာတယ်။ ဒါပေမယ့် သားရယ် အလုပ်သိမ်းခါနီးမှာ သူ့အနားကို တယောက် ရောက်လာပြီး ရပ်လိုက်တယ်။ အဲဒီလူဟာ ခပ်တုတ်တုတ်ဝဝဘဲ။ သန်သန်မာမာနဲ့ သူ့ကို "မွတ်တား" လို့ ဖေဖေတို့ ခေါ်ကြတယ်။ သူက ဦးလေးထွန်းကို ဆဲလိုက်တယ်။

ဦးလေးထွန်း တခုခုပြန်ပြောလိုက်တယ်။

ချက်ချင်းဘဲ ဆဲဆို ရိုက်နှက်သံတွေ ထွက်လာတယ်။

ဦးလေးထွန်းဟာ ယိုင်ပြီး မြောင်းထဲ ကျသွားမတတ်ဘဲ။ သူ့ကျောပြင်ကြီးကို တဘုန်းဘုန်း ရိုက်နှက်နေတယ်။ ဦးလေးထွန်းဟာ သူ့ကိုယ်သူ လဲမကျသွားအောင် ပေါက်တူးကို အားပြုထားနေတယ်။ သူ့ရဲ့ ကမ္ဗည္ဌာန်းရုပ်ဟာ တွန့်လိမ်နေတယ်။

မွတ်တား ထွက်သွားတော့ သူ အလုပ်ပြန်လုပ်ဖို့ ကြိုးစားနေတယ်။ သူဟာ အရွယ်လဲကျပြီ၊ မာန်လဲကျပြီ၊ အစွယ်လဲကျိုးပြီ၊ အဆိပ်လဲ မရှိတော့ဘူး။ သူ ပေါက်တူးကောက်မြှောက်လိုက်တုန်း ချောင်းတဟွတ်ဟွတ် ဆိုးလာတယ်။ ရုတ်တရက် သွေး အန်ချလိုက်တယ်။ ဒါဟာ ပြဇာတ်တပုဒ်ကို ကြည့်နေရသလိုဘဲ။ ခု ဖေဖေပြန်မြင်နေရတယ်။ ဦးလေးထွန်းရဲ့ တွန့်လိမ်နေပုံကို မမေ့နိုင်တော့ဘူး။

ဖေဖေနဲ့အကိုဟာ ဦးလေးထွန်းကို ပြိုင်တူ လှမ်းကြည့်ကြတယ်။ မွတ်တားတော့ အနားက ထွက်ခွာသွားပြီ။ ဖေဖေတို့ အနားမှာရှိတဲ့ လူငယ်ငါးယောက်လဲ ဖေဖေတို့ ညီအကိုနဲ့ အတူ ဦးလေးထွန်းကို လှမ်းကြည့်လိုက်တယ်။ အားလုံးရင်ထဲမှာ တစုံတခုထဲ တပြိုင်နက် ခံစားကြရမယ်။ စိတ်ဓါတ် အတိုင်းအတာအရ စိတ်လှုပ်ရှားမှု အတိုင်းအတာတော့ ကွာခြားမှာပေါ့။

ခနနေကြာတော့ ဦးလေးထွန်းလဲ ပြန်အလုပ်လုပ်နေပြီ။ အဖြစ်အပျက်ဟာ အရှိန်သေစပြုပြီ။

ဒါပေမယ့် လူတိုင်းဟာ ကိုယ်ခံရမယ့် အလှည့်ရောက်ရင် ဘာလုပ်ကြမလဲလို့ တွေးနေကြပြီ။

အကိုဟာ အလုပ်လုပ်နေရင်းက ဖေဖေ့ကို လှမ်းကြည့်တယ် သားရယ်။

သူ့မျက်လုံးတွေဟာ သိန်းငှက်ရဲရဲ့ မျက်လုံးတွေဘဲ။ အသားညိုညို သူ့မျက်နှာဟာ မဲမှောင်သွားနေတယ်။ သူ့အသားတွေ တဆတ်ဆတ်တုန်နေတာ ဖေဖေ မြင်နေရတယ်။ သူ့နှလုံးသား တဆတ်ဆတ် တုန်နေသော ဖေဖေ မြင်ရတယ်။

ဒီအချိန်မှာ နေလဲ ဖျော့မှိန်စ ပြုလာနေပြီ။ ပေါက်ပင် တောတန်းဖက်မှာ နီမြန်းတဲ့ ဆည်းဆာလဲ တောက်ပလာတော့မယ်။

မွတ်တားနဲ့ သူ့လူတယောက်ဟာ လမ်းဘေးက လူတချို့ကို ကြိမ်ဖျားခတ်ပြီး ရိုက်နှက်ခိုင်းစေလာနေရင်း ဆဲသံဆိုသံနဲ့အတူ ဖေဖေတို့ဖက် လျှောက်လာနေပြီ။

"သားရေ ..."

ဒီအချိန်တုန်းက ဖေဖေတို့ဟာ ဘယ်လို တွေးလိုက်ကြသလဲ။ ဘယ်လိုဆုံးဖြတ်လိုက်ကြသလဲ။

အခုလေးတင် ဖေဖေဖတ်လိုက်တဲ့ ဒီခေတ်လူငယ်ကဗျာဆရာလေးရဲ့ ကဗျာတပုဒ်က တပိုင်းတစကို ဖေဖေ ပြန်ရွတ်ပြမယ်။

"ဘယ်အရေးထင့်
တွေးခွင့်မရ၊ တံခါးဝက
ကျိုးကျမလောက်၊ ဆက်တိုက်ခေါက်နေ
ခါးအောက်သေနတ်၊ လက်ဝါးကပ်၍
ဆုံးဖြတ်ချက်နှင့်၊ သွားရောက်ဖွင့်သည်
အသင့်ပြင်ဆင်လျက်တည်း။

ကဲ – လက်တကမ်းထိ
လာစမ်းမည်သူ၊ လေးမမူတော့
ဦးသူနိုင်ရတမ်း၊ သွေးချင်းလွမ်းလိမ့်
ဝရမ်းပြေးလည်း လက်နတ်နှင့်။"

ဖေဖေကလဲ အကို့ကို တချက် ပြန်ကြည့်လိုက်တယ်။ သူ့လိုဘဲ ဆုံးဖြတ်ချက် ချလိုက်တယ်။ အနီးအနားက လူငယ်တွေရဲ့ စိတ်ပိုင်းဖြတ် လိုက်သံတွေကိုလဲ ဖေဖေတို့ ကြားလိုက်ရသလိုဘဲ။ ဒီအခါမှာတော့ ဖေဖေတို့ လူငယ်တွေရဲ့ အနာဂတ်ဆိုတာ လာမယ့်စက္ကန့်ပိုင်းကိုဘဲ ခေါ်လိမ့်မယ်။ ဟိုဘက်ကိုတော့ ဖေထေ ပိုင်ချင်မှ ပိုင်တော့မယ်။ ဒီဘက် စက္ကန့်တွေကိုတော့ ဖေဖေတို့ အစိုးရတယ်။

ဒီအခါမှာတော့ "လူဆိုတာ ဘာလဲ၊ လူ့သိက္ခာဆိုတာ ဘာလဲ" ဖေဖေတို့ နှလုံးသားထဲမှာ နက်ရှိုင်းစွာ နားလည် ခံစားလာရတယ်။ လူဟာ လူ့သိက္ခာကို ထိန်းသိမ်းသွားရမယ် မှုတ်လား။

"ဘယ်လိုလဲ" လို့ ဖေဖေ့မေးသံဟာ နဲနဲ တုန်ယင်နေတယ်။ တိုးတိုးမေးတာ။

"နဲနဲစောင့်" လို့ အကိုက လေသံနဲက တည်ငြိမ်စွာ ပြောနေတယ်။

ဒါပေမယ့် လူငယ်ခုနစ်ယောက်စလုံး အလုပ်ကို ရပ်လိုက်ကြတယ်။ ပေါက်တူးတွေကို ရှေ့မှာ ထင်းထင်း ထောင်လိုက်ကြတယ်။ ငါတို့လက်တွေဟာ အလုပ်လုပ်ဖို့ မဟုတ်တော့ဘူးလို့ ကြွေးကြော်လိုက်သလိုဘဲ။

ငါတို့ရဲ့ သံမဏိကြွက်သားမျှင်တွေဟာ အခိုင်းအစေခံဖို့ မဟုတ်တော့ဘူး။

ငါတို့ရဲ့မျက်လုံးတွေဟာ ရှိသေကျိုးနွံဘို့ မဟုတ်တော့ဘူး။

ငါတို့ရဲ့ နှလုံးသားတွေဟာ လူဆိုတဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားတဲ့

မဟာလူသားတွေရဲ့ ကျောက်ခေတ်နှလုံးသားတွေ ဖြစ်လာကြပြီ။

ငါတို့ဦးနှောက်တွေဟာ ပေါက်ကွဲလုလု မီးတောင်ဝတွေ ဖြစ်လာကြပြီ။

ငါတို့ဟာ စစ်ကြေငြာလိုက်ပြီးပြီ။

ငါတို့ဟာ နီးကပ်လာပြီဖြစ်တဲ့ သူတို့ကို စိုက်ကြည့်နေတယ်။

သူတို့ကလဲ ပြန်ကြည့်ပြီး လျှောက်လာနေပြီ။ သူတိုဖိနပ်သံတွေ နီးကပ်လာနေပြီ။ သူတို့ဖိနပ်ကြီးတွေဟာ ဖုံထဲနစ်မြုပ်သွားလိုက်၊ ဖုံထဲက ပြန်ပေါ်လာနေလိုက်နဲ့။

တလှမ်းချင်း တလှမ်းချင်း စက္ကန့်ချင်း နီးပက်လာနေပြီ။

ငါတို့ဟာ ကျောက်သားရုပ်တုတွေ၊ သံမဏိရုပ်လုံးတွေလို ငြိမ်နေကြတယ်။

မုန်တိုင်းကျတော့မယ်။ ငါတို့ ငြိမ်နေကြတယ်။

ငါတို့ ငြိမ်နေကြတယ်။ မုန်တိုင်းကျတော့မယ်။

သူတို့ အနားရောက်လာနေဘီ။ ငါတို့ ငြိမ်နေကြတယ်။

ငါတို့ ဘယ်လိုရင်ဆိုင်ကြမလဲ။

သူတို့ဟာ ငါတို့ကိုကြည့်ရင်း ပထမ အံ့အားသင့်နေတယ်။ ဒုတိယ စိမ့်ကြောက်လာတယ်။ တတိယ စိတ်အား ပြန်တင်းနေတယ်။ စတုတ္ထ စိမ့်ကြောက်နေတယ်။ ပဉ္စမ စိတ်အားပြန်တင်းနေတယ်။ စိမ့်ကြောက်နေတယ်။ စိတ်အားပြင်းထန်နေတယ်။ ငါတို့ တွေ့နေတယ်။ မြင်နေတယ်။ သိနေတယ်။

သူတို့ ငါတို့ကို ဓွတ်ဝင်ရိုက်ကြတော့မလား။

သားရေ့..

အကိုဟာ ဒီစက္ကန့်ကလေးကို သီးခံနိုင်ဟန် မရှိတော့ဘူး။ အကိုဟာ ပေါက်တူးနဲ့ ပြေးခုတ်လိုက်ဖို့ တွေးလိုက်တယ်။ သူဆုံးဖြတ်လိုက်တယ်။ အဲတာ သူ့မျက်လုံးတွေထဲမှာ ရိပ်ကနဲ ပေါ်လာတယ်။ သူ့မျက်နှာမှာ–

ဖေဖေက သူ့ကိုစိုက်ကြည့်ပြီး ခပ်ပြောင်ပြောင် ခေါင်းရမ်းပြလိုက်တယ်။ ခ စောင့်ပါအုံး ခ လို့ ဖေဖေ့စိတ်က သတိပေးလိုက်သံ သူကြားမှာပေါ့။

အကိုဟာ ပြန်ငြိမ်သက်သွားတယ်။

ဖေဖေတို့ဟာ ငြိမ်နေမြဲဘဲ။

နောက်ဆုံးမှာ လမ်းတဖက်မှာ သူတို့ရပ်လိုက်ပြီး "ဒီနေ့ အလုပ်သိမ်းဘီ" လို့ တယောက်က ပြောလိုက်တယ်။

ဖေဖေတို့ဟာ ပေါက်တူးတွေ ဆောင့်ဆွဲလိုက်ရင်း ပြုံးလိုက်ကြတယ်။

လူတွေဟာ အလုပ်သိမ်းတော့ ပိုလှုပ်ရှားလာတယ်။ မွတ်တားတို့ ထွက်ခွာသွားတဲ့ ဖိနပ်ကြီးတွေနင်းသံဟာ ဝေးသွားနေတယ်။ သူတို့လဲ အောင်မြင်စွာ ဆုတ်ခွာသွားနေကြပြီ။

"အေးကွာ ဒါကောင်းပါတယ်" လို့ အကိုဟာ တုန်နေတဲ့ အသံနဲ့ ခပ်အုပ်အုပ် ပြောနေတယ်။

ခနအတွင်းမှာ အနောက်ဖက် ပေါက်ပင်တော ခင်တန်းကြောဖက်က ဆည်းဆာဟာ တောက်ပလာတယ် သားရယ်။

စင်စစ်မှာ ဆည်းဆာဆိုတာ ရောင်စုံ လွှမ်းပါတယ်။ အနီရောင် သွေးရောင် သွေးရောင်တင်မဟုတ်ပါဘူး။ ဟိုမှာ ရွှေရောင်၊ ငွေရောင်၊ ပေါက်ပင် တောင်တန်းကတော့ နီစွေးလို့ပေါ့။ တိမ်ဖြူစကလေးတွေဟာ ငြိမ်သက်လို့ပေါ့။ နေခြည်အစွန်းအစ ကလေးတွေလဲ ကျန်ရစ်နေဆဲ။ တိမ်တွေဟာ ထတောက်လာတယ်။ ငြိမ်သက်နေတယ်။ ဖေဖေချစ်တဲ့ ဥဩငှက်ကလေးတကောင်ဟာ ကန်ကြီးဖက်မှာ သဲ့သဲ့တွန်ကျွေးနေတယ်။

ဒါပေမယ့် သားရယ်၊ ခုတော့ ကဗျာ စာအုပ်ကလေးကိုဖတ်ရင်း ဟိုးတုန်းက ဆည်းဆာကိုလဲ သွေးရောင်တခုထဲလို ဖေဖေခံစားနေတယ်။ ဒီတရောင်ထဲနဲ့ ပြီးပြည့်စုံတဲ့ အလှဖြစ်နေပါပြီ။ ဝင့်ထည်မာန်ကြွနေပါပြီ။

သားရယ်....
ကဗျာစာအုပ် ကလေးကို ပြန်ချထားလိုက်တဲ့ ခုအခိုက်မှာ မမြင်ဖူးသေးတဲ့ သားရဲ့မျက်နှာကလေးကို ဖေဖေ ပုံဖော်တွေးယူနေမိတယ်။ ဖေဖေ့လိုဘဲ အစဉ်ရယ်မောနေတတ်တဲ့ခလေးတဲ့။ အစဉ်သဖြင့် ပြုံးရယ်နေတတ်တယ်လို့ ဖေဖေအဝေးကနေ ကြာရတယ်။ ဖေဖေ့လိုဘဲ အသားညိုတယ်တဲ့ မျက်ခုံးဆက်နေတယ်တဲ့။ မျက်နှာကလေးကျတော့ သူ့မေမေလို ဝိုင်းဝိုင်းတိတိကလေးတဲ့။ ရယ်လိုက်ရင် ပါးချိုင့်ကလေးနဲ့တဲ့။

"ကျနော်တို့ဖေဖေက သိပ်စိမ်းကားတာ၊ ကျနော်တို့ သားအမိကို အတွေ့မခံဘူး"

အဲဒီသားရဲ့ စကားဟာ ဖေဖေ့နားမှာ ဝဲချည်ပျံချည်ပေါ့။ ကဗျာကလေးတပုဒ်လိုပါဘဲ။ လိပ်ပြာကလေး တကောင် ပျံဝဲနေသလိုဘဲ။ ဥဩငှက်ကလေး တွန်ကျွေးနေသလိုဘဲ။

သားက သားဖေဖေလို့ ယုံနေတဲ့ ဖေဖေကို နာကျည်းပြီး အဝေးကလှမ်းပြောနေတဲ့ စကားသံတွေစာ ဖေဖေ့ရှေ့ အနားရောက်လာတော့ ရာမမင်းကို သူ့သားတော်က လေးနဲ့ ခွင်းပေမယ့်၊ ရာမမင်းရှေ့မှောက်ရောက်တော့ သားပစ်တဲ့မြှားတွေဟာ ကန်တော့ပွဲ ဖြစ်ရတယ်ဆိုသလိုဘဲ သားရယ်။ ဖေဖေ့ရှေ့မှောက်မှာ မေတ္တာဘွဲ့ တေးကဗျာတွေ ဖြစ်နေတယ်။

ဖေဖေလဲ သားဆီ မေတ္တာဘွဲ့ကဗျာတပုဒ် ပို့ပေးချင်ပါတယ်။ သားဟာ ခုဆို ငါးနှစ်လောက်ရှိပြီနော်။ ကျောင်းနေစပြုပြီ။ နောက် သားစာတတ်လာတော့ ဖေဖေပို့ပေးတဲ့ မေတ္တာဘွဲ့တေးကလေးကို သားဆိုညဉ်းကြည့်ပေါ့။

အဲဒါ ဖေဖေဖတ်လိုက်တဲ့ ကဗျာစာအုပ်ကလေးထဲက ကဗျာလေးတစ်ပုဒ်ပေါ့ သားရယ်။ ဖေဖေရေးပို့ချင်တာက တပုဒ်လုံးမဟုတ်ဖူး။ တပိုင်းတစဘဲ။

သူ့ကဗျာကလေးက "လူ" တဲ့....

"စားဖို့အသင့်
နေဖို့အသင့်၊ ကန်နှင့်ကြာနှင့်
အသင့်ပြည့်စုံ၊ ကုံလုံလောက်င
ချမ်းမြသလော။
တိရစ္ဆာန်ဥယျာဉ်
ကြည့်မြင်လှည့်လည်၊ စိတ်ဝယ်ထင်မှတ်
မေးခွန်းထပ်။"

(လှဆွေ၏ မွန်းတည့်နေမှ)
(မိုးဝေမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၇၂)

အဆိပ်ပင်
(ဘဝစာမျက်နှာများ – ၃)

မယမုံ၏ နောက်ဆုံးဝတ္ထုတိုလေးကို ကျနော် ဘယ်အခါတွင်မှ မေ့ပစ်နိုင်မည် မဟုတ်။

မယမုံ၏ ဝတ္ထုများကို ကျနော် ဆယ့်သုံး လေးနှစ်သားကတည်းက တပ်မက်စွာ တွေ့ထိခဲ့ရသည်။

သူ့ဇာတ်ကောင်များသည် ဖြူဖွေးသော ပန်းပွင့်ကလေးများ တဖွေ့ဖွေ့ကြွေကာ အထပ်ထပ်ပုံနေသည့် လမ်းပေါ်တွင် ခေါင်းငိုက်စွာချကာ အတွေးရေအလျဉ်၌ မျောလျက် လေးတွဲ့စွာ တလှမ်းချင်း လျှောက်သွားနေရင်း အသဲလည်းကြွေနေသည်။

ရှမ်းတောင်တန်း၏ ယာခင်းတခုထဲမှ ကျောက်တုံးအိမ်ထဲတွင် မယမုံ၏ ပညာတတ်ဇာတ်ကောင်သည် ဆေးတံကို ဖွာရှိုက်ရင်း အတွေးမှိုင်တွေ့ထဲ၌ မျောပါနေသည်။ အရာရှိကတော် ဇာတ်ကောင်သည်လည်း ထိုယာခင်းထဲရှိ ကျောက်တုံးအိမ်သို့ ရောက်သွားသည်။ သူသည် ကျောက်တုံးအိမ်မှ ခလေးများကို စာသင်ပေးရင်း၊ နှင်းမှုံထဲမှာ လမ်းလျှောက်ရင်း၊ ယာခင်းရှင်ကို သူ့ရင်ထဲမှာ တိတ်တဆိတ် စွဲလမ်းနေသည်။ သူတို့ချင်း ခွဲခွာကြသောအခါ ကောင်းကင်၌ အလွမ်းလိမ်တောင်များ ရွေ့လျောနေတော့သည်။

ထိုအခါက မယမုံ၏ ဝတ္ထုများမှ ကျနော့်အတွက် တသသဖြစ်နေစရာချည်းပင်။ ကျနော်မေ့မရတော့နိုင်။ သူ့ဝတ္ထုများ၏ အမည်နာမများ၊ ဇာတ်ကောင်များ၏ အမည်နာမများမှာ ကျနော့်ရင်ထဲ၌ ကိန်းဝပ်နေခဲ့ကြသည်။

မယမုံသည် ဇာတ်ကောင်များ၏ ရင်ထဲမှာ လှုပ်ရှားနေသော လှိုင်းများကိုလည်း ပန်းချီကားလို ရေးခြယ်သည်။ ဇာတ်ကောင်များနှင့် ဆက်စပ်နေသမျှ ရုပ်ဝတ္ထုများကိုလည်း ခံစားမှုနှင့် ရေးခြယ်သည်။ အတွင်းစိတ်အာရုံ လှိုင်းများနှင့် အပြင်အပ ရုပ်ဝတ္ထုများကို ခွဲခြားမပစ်နိုင်အောင် ရောယှက်ထားနိုင်သည်။

သူ့ဇာတ်ကောင်သည် ဇေများစွာ ကျယ်ပြောလှသည့် တိတ်ဆိတ်ငြိမ်သက်နေသော ဆေးရုံဝင်းကြီးထဲတွင် သစ်ပင်များအောက်ရှိ လမ်းတွင်လျှောက်နေရင်း ဥသြတွန်သံများသည် သူ့နောက်မှ ပြေးလိုက်လာနေသလို တွေးသည်။ ဤညှင်းတွဲ့လှသည့် ချိုအေးလှသည့် ဥသြ၏တေးသံများသည်လည်း ရှန်းကြွလှုပ်ရှားလာသည်။

ကောင်းကင်၌ တိမ်စကလေးများ တစနှင့်တစ ရောယှက်ပေါင်းစည်းမိသွားချိန်၊ ရွေ့လျားသွားနေကြချိန်များတွင် မယမုံ၏ အတက်လှွာမှ အိမ်ထောင်ရှင်မသည်လည်း ရှိုက်သက်ပင့်သက်များနှင့်အတူ စိတ်လှုပ်ရှားနေသည်။

မယမုံ၏ အမြင်အတွေးများမှာ တရားနိမ္မိတ္တဆံနေတတ်သည်။ ကြေကွဲဆွေးမြေ့နေသည်။ မှိုင်းညို့ နေသည်။ အုံ့ပျညစ်ထေးနေသည်။

“စိတ်ဆိုတာ ထိန်းရ ချုပ်ရ ခက်သားလား”

မယမုံ၏ အထက်လှွာဇာတ်ကောင်များသည် ညဉ်းတွားရွတ်ဆိုလျှက် စိတ်ထိခိုက်နေသည်။

“ဒီလိုပါဘဲလေ..လူ့ဘုံလောကကြီးဟာ ဖောက်ပြန်ပျက်စီးနေတာပါ၊ ယိုယွင်းပျက်စီး နေတာပါ”

မယမုံ၏ နောက်ဆုံး ဝတ္ထုတိုကလေးကို ဖတ်နေရချိန်တွင် ကျနော်လည်း စာရေးစ လူငယ်တဦး အဖြစ်ဖြင့် ကျင်လည်နေသည်။

ထိုဝတ္ထုကို မယမုံသည် ဘယ်နေရာကနေ ရေးလိုက်ပါသလည်း။

ဝတ္ထုထဲတွင် ချက်ပလက်ကားမှ ဓါတ်ဆီရနံ့၊ ဂိုယာရေမွှေး၏ သင်းမြမြရနံ့၊ လျှပ်စစ်ပန်ကာ တဝီဝီလည်နေသံ၊ အအေးခန်းထဲမှ ကော်ဖောပေါ် ရေခဲသေတ္တာကို ဖွင့်လှစ်နေသံ၊ စိတ်ကိုတိမ်းမူးယစ်ဝေစေသည့် စန္ဒယားကို သွယ်လျလက်ချောင်းကလေးများဖြင့် ချိန့်စွာ တို့ကစားနေသံ၊ သွေးဆူပွက်နေသည့် ကက်ဆက်ဖွင့်သံ၊ နိုင်ငံခြားစီးကရပ် တဝက်လက်ကျန်ကို စိတ်လှုပ်ရှားစွာဖြင့် ငွေပြာခွက်ထဲ တွန်းချေနေသံ၊ နှုတ်ခမ်းဖျားသံဖြင့် ညှင်းတွဲ့တွဲ့စကားသံ၊ မိန်းမူးစေသည့် တခစ်ခစ်ရယ်မောသံ၊ ပိုးဇာခန်းဆီးကို လေတိုးဝှေ့နေသံ၊ ဤအသံရနံ့ ရုပ်ဝတ္ထုပစ္စည်းများကို ချစ်တဲ့မယမုံက ပြည့်စုံစွာ မဖော်ပြသေသည်လည်း ကျနော်ခံစားတွေ့ထိနေရသည်။

မယမုံစာရေးစကဆိုလျှင် ထိုနေရာမျိုးသို့ ရောက်သွားသည့် တောသူမဆန်သော တဝက်တစိတ်ရိုင်းသည့် သူ့ဇာတ်ကောင်များ၏ လှုပ်ရှားမှု၊ စိတ်အားငယ်မှုများကို ရေးတတ်သည်။

ခုတော့လည်း မယမုံဝိညာဉ်ပူးကပ်ထားသည့် ဇာတ်ကောင်များမှာ ပန်ကာအောက်မှ နူးညံ့လှသည့် ဆိုဖာပေါ် ရောက်နေပေပြီ။

ကျနော်သည် ကျူရှင်ကျောင်းတဆောင်၏ နောက်ဖေးဘက် ခုနစ်ပေပတ်လည် အခန်းကျဉ်းကလေးထဲတွင် ကပ်ရပ်နေထိုင်ရင်း မယမုံ၏ ဝတ္ထုကို ဖတ်နေသည်။

အခန်းကျဉ်းကလေးထဲရှိ တယောက်အိပ် ကွပ်ပျစ်ပေါ်တွင် ဖတ်လက်စစာအုပ်များ၊ ရေးလက်စစာမူများသည် ပရမ်းပတာပွကျဲနေသည်။ အဖုံးမဲ့နေသော ဖောင်တိန်သည် ကွပ်ပျစ်ထောင့်စွန်းပေါ်တွင် တင်နေသည်။ နိမ့်လွန်းသော သွပ်အမိုး၏ အပူဒဏ်မှ သက်သာရာရအောင် မျက်နှာကျက်အဖြစ် ပိတ်ဆီးထားသော စောင်ကြမ်းဟောင်းပေါ်တွင် ပင့်ကူမှေးများ ရှုပ်ထွေးနေသည်။

ဤအခန်းကျဉ်းကလေးသည် ကျူရှင်ကျောင်း၏ ထောင့်စွန်းတွင်ရှိသည်။ ယခင်က ကျောင်းရုံးခန်းတခုဖြစ်ရာ ကျနော်သည် ကျောင်းစာသင်ခန်းနှင့် ဆက်သွယ်သည့်ဝင်ပေါက် ထွက်ပေါက်ကို ပိတ်ထားလျက်၊ ကျောင်းသား ကျောင်းသူများ အနှောင့်အယှက် မဖြစ်စေရန် ပြတင်းပေါက်မှ ဝင်ထွက်လေသည်။

ကျောင်းသားများ ရောက်လာချိန်များတွင် သူတို့ကို အနှောင့်အယှက်မဖြစ်စေရန် ကွပ်ပျစ်ပေါ်တွင် ငြိမ်သက်နေရသည်။ ထိုအခါချိန်၌ အထက်လွှာ ကျူရှင်ကျောင်းသားများ၏ ပရမ်းပတာ စကားပြောသံ၊ အင်္ဂလိပ်တေးသွားများကို လေချွန်သံ၊ ခုံများကိုပုတ်ပြီး အနုန်အပျံ စည်းဝါးလိုက်သံများဖြင့် … ဤဆူညံနေသည့် ပတ်ဝန်းကျင်ထဲတွင် မယမုံ၏ ဝတ္ထုကလေးများကို ဖတ်နေရသည်။

ကွပ်ပျစ်နံဘေးမှ ပြတင်းပေါက်ကို ဖွင့်ထားလေသည်။ လူတယောက် သွားသာရုံခြားသည့် တဖက် ဆရာဝန်မအိမ်မှ ဟင်းချက်ညှော်နံ့လည်း အခန်းထဲတိုးဝှေ့လာသည်။ ဆရာဝန်၏အိမ်ဖော်မကလေးသည် သီချင်းတအေးအေးဆိုရင်း အဝတ်လျှော်နေသည်။ သူ၏ ကရင်အမျိုးသားသံ ဝဲဝဲကြောင့် မည်သည့်တေးများကို သီဆိုနေမှန်းမသိနိုင်။ သူသည် သခင်များ ပေးကမ်းထားသည့် နွမ်းရော်နေသည့် အဝတ်များကို ဝတ်ဆင်ထားသည်။ ခေတ်အမှီဆုံးကား ဖြစ်နေသည်။

သူသည် မူလက တောင်ပေါ်ရွာကလေးတရွာမှ လာခဲ့လိမ့်မည်။ သူ့ခြေသလုံးသား တောင့်တင်းခိုင်မာနေသည်မှာ တောင်များပေါ် အဆင်းအတက်လုပ်ရလွန်းသောကြောင့် ဖြစ်မည်။ သူသည် တောင်ပေါ်မှ ရွာကလေးကို ဘာကြောင့်စွန့်ခွာလာခဲ့ရသနည်း။ သူ့ကိုယ်ကို အစေအပါးကလေး အဖြစ်ဖြင့် သူကိုယ်တိုင်က ရောင်းစားချင်သောကြောင့် လာခဲ့ရလေသလား။

မေးခွန်းကို ကျနော်ထပ်ပြန်တလဲလဲ မေးမိလေသည်။

မယမုံ၏ဝတ္ထုမှာလည်း အိမ်စေမလေးတယောက် ရုပ်ပုံကို ပုံကြမ်းသွန်းလောင်းထားသည်။

မယမုံ၏ အိမ်စေမလေးမှာ အသက်ဆယ့်ရှစ်နှစ် ဝန်းကျင်မျှသာ ရှိပါလိမ့်မည်။

အသားလတ်လတ် ကိုယ်လုံးသွယ်သွယ်နှင့် ကောင်မလေးကို မယမုံ၏ ဒရိုင်ဘာက ခေါ်လာခဲ့သည်။

"ကျနော့်ညီမလေးပါ မမ"

ဒရိုင်ဘာက ခေါင်းငုံ့ကာ တဖြေးဖြေး လေးလေး ပြောသည်။

အိမ်စေမလေးသည်လည်း မယမုံရှေ့တည့်တည့်မှာ ခေါင်းငုံ့ကာ နိမ့်ချကျိုးနွံစွာ ရပ်နေသည်။ သူ့လက်ထဲတွင် ဟောင်းမြွေ့နေသော အရောင်အဆင်း ပျက်ပျယ်နေသည့် သားရေသေတ္တာကလေးကို ဆွဲထားသည်။

သူ့ကိုကြည့်ရသည်မှာ အခြားအိမ်ဖော်မကလေး များလို ဆတ်ကော့လတ်ကော့ ဟု မယမုံ မထင်နိုင်။ ယဉ်ကျေးသိမ်မွေ့သည့် သူ့မျက်နှာကလေးမှာ ကြည်လင်နေသည်။ သူ့ဆံဖျားမှ ခြေဖျားအထိ ရိုကျိုးနိမ့်ချထားသည့် အသွင်လည်း ဆောင်နေသည်။

"သည်မိန်းကလေးဟာ သိမ်သိမ်မွေ့မွေ့ကလေး နေတတ်မယ်၊ ဆတ်ကော့လတ်ကော့ ပုံမျိုးမဟုတ်ဘူး၊ ရှုပ်ရှုပ်ရှက်ရှက် ရှိမှာမဟုတ်ဘူး၊ ဒိပြင်အိမ်ဖော်မကလေးတွေလို ပရမ်းပတာ ဟုတ်မှာ မဟုတ်ဘူး၊ သူတို့တော်တော်များများနဲ့ ငါဆုံခဲ့ဖူးပြီဘဲ၊ ပြီးတော့ သူ့အကိုလဲရှိတော့ ပိုပြီးဟန်ကျတာပေါ့လေ အနေအထိုင် ဆင်ခြင်ဖို့လဲ ငါသိပ်ပြော နေရမှာ မဟုတ်ပါဖူး။"

မယမုံ၏ ထိုအတွေ်းစများ၊ စိတ်ကူးများသည် သူ့ဝတ္ထုပေါ်မှ စာလုံးကလေးများအပေါ်တွင် အရိပ်လွှမ်းနေသည်။

တိုက်၏ ပြောင်လက်သော ပျဉ်းကတိုးအခင်းပေါ်တွင် အိမ်ဖော်မကလေးသည် ငြိမ်သက်ရပ်နေဆဲ။ ခေါင်းငုံ့ ထားသော သူ၏ချိုးနှိမ်ထားသည့် မျက်နှာကလေး၏ အရိပ်သာ ပြောင်လက်နေသည့် ပျဉ်းကတိုးအခင်းပေါ်တွင် မထင်မရှား ထင်နေသည်။

ကျနော်ကမူ မယမုံ မည်သည့်အခါတွင်မှ မမေးမည့်မေးခွန်းများ စဉ်ပြီး ခေါင်းထဲမှာ ပေါ်လာနေသည်။

"ဘာပြုလို့ ဒီမိန်းကလေးဟာ သူ့ကိုယ်သူ ကျွန်လိုရောင်းချဖို့ ဒီနေရာကို ရောက်လာရတာလဲ၊ ပြောပြစမ်းပါ တကယ့်အကြောင်းရင်း ဇစ်မြစ်ကို ပြောပြစမ်းပါ"

သူသည် အိမ်ကြီးရှင် သခင်ရှေ့၌ ဤသို့ ကျိုးနွံစွာ ရပ်နေချင်ပါ့မလား။ သူ့ကိုယ်သူ "အစေခံ" ဟု သတ်မှတ်ထားချင်ပါ့မလား။ သူတပါးခိုင်းရာ လုပ်နေရသည့်ဘဝ၌ နေချင်ပါ့မလား။ သူတပါးအညစ်အကြေးများ ပေကျန်နေသည့် အဝတ်များကိုလျှော်၊ လူတယောက်စီးရမည့်

ဖိနပ်များရှေ့တွင် ပုဆစ်ဒူးတုတ် ထိုင်ပြီး ဖိနပ်တိုက်၊ မိမိအိမ်မဟုတ်သည့် အိမ်၏ လူတကာ နင်းသွားနေသည့် ကြမ်းပြင်ကို အရောင် ဖိတ်လာအောင် တိုက်ချင်ပါ့မလား။

သူ့အတွက် အိပ်ယာ နေရာမှာမူ အိမ်အနောက်ဖက် တန်းလျား၏ အခန်းကျဉ်းကလေးထဲတွင်သာ ပိတ်လှောင်နေမည်။ သူ့သားရေ သေတ္တာဟောင်းကလေးကို ဆွဲကာ သူထိုနေရာသို့ သွားရတော့မည်။

ကျနော့် စိတ်အာရုံများမှာ မယမုံ၏ စာလုံးကလေးများပေါ်တွင် မရှိတော့။

ကျနော့် စာရေးဆရာမကလေးသည် ကျနော့် စိတ်အာရုံကို မဖမ်းချုပ်နိုင်တော့ပါတကား။

ယခင်ကဆိုလျှင် ကျနော့်စိတ်များမှာ မယမုံ ခေါ်သွားရာ နေရာသစ်များသို့ မိန်းမောစွာလိုက်ပါကြသည်။ မယမုံ ချိုသာစွာ ပြောပြနေ တတ်သည့် လောကအမြင်ကိုလည်း မငြင်းဆန်နိုင်။ သူ၏အံ့သြဖွယ်ရာ ဖန်ဆင်းချက်များကြောင့် ကျနော်ကားငေးမော ငြိမ်သက်ရသည်။

ယခုတော့မူ ကျနော်လည်း ကျနော့်လောကအမြင်ကို သံမဏိချောင်းလို တင်းမာခက်ထရော်လှသည့် လက်ချောင်းများဖြင့် ဆုပ်ကိုင်ထားသည်။

မယမုံ၏ အမြင်သည် မယမုံကျင်လည်ရာ လူမှုတရား၊ ဇီဇတရားမှ ပေါက်ဖွားလာခဲ့သလိုပင် ကျနော့်အမြင်သည်လည်း ကျနော့်ဘဝ၏ လူမှုလက်တွေ့မှ ပေါက်ဖွားလာခဲ့သည် မဟုတ်လား။

မယမုံရှေ့၌ ရိုကျိုးစွာရပ်နေသည့် အိမ်စေမကလေး၏ ရုပ်ပုံမှာ ကျနော့်အမြင်တွင် ကျနော့်အမ၏ ရုပ်ပုံဖြစ်နေပေပြီ။

အိမ်စေမကလေးသည် မြို့ပြအရိပ် တိုက်တာအရိပ်မှာ နေသည်။ သူ့ဆင်ယင်မှုသည်လည်း မြို့ပြဖြစ်နေသည်။ ယခုအခါ၌ သူ့အတွေး၊ အမြင်၊ စိတ်ဓါတ်များသည်လည်း မြို့အရိပ်၊ တိုက်အရိပ် အထက်လွှာမှ ရောင်ပြန် ဟပ်နေသည့် အရိပ်များဖြင့် ရောယှက်နေသည်။ သူ၏လုပသန့်စင်သော ဇီဇစိတ်ဓါတ်သည်ပင် အဆိပ်သင့်နေပလား။ သူ၏ပြောဟန်၊ ဆိုဟန်၊ လှုပ်ရှားဟန်များတွင် တိုက်ရိပ် ကားရိပ် သင့်နေပေမည်။

အမသည် ကျေးတောသူ၊ လယ်သူမကြီး၊ ကျဘန်းအလုပ်သမကြီး အဖြစ်ဖြင့် ကျင်လည်နေသည်။ သူ့ခန္ဓာကိုယ်မှာတောင့်ခိုင်မာကျောသည်။ တိုက်ရိပ်မိနေသူ အိမ်စေမကလေးလို ဖြူဖျော့မနေဘဲ အမ၏ နေလောင်အသားမှာ ကြမ်းထော်မဲညစ်နေသည်။ အိမ်စေမကလေးက ဖိနပ်သဲကြိုး အဖြူအပါးကလေးစီးထားသော်လည်း ဖိနပ်မစီးတတ်သော အမသည် ထမီတိုတိုဝတ်ကာ နေပူပြင်းပြင်းအောက်ရှိ တမျှော်တခေါ် စပါးခင်းကြီး ထဲတွင် တံစဉ်ကိုကိုင်မြှောက်လျှက် ရိပ်သိမ်းနေရင်း ကွမ်းများကို တရာပြီးတရာ ဝါးနေတော့မည်။

ဤအသွင်သဏ္ဍာန်နှစ်ခုကား ခြားနားလွန်းလှသည်။ သူတို့အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုနှင့် အတွေးအမြင်အသိ ခြားနားလွန်းပုံမှာ ဆက်စပ်၍ပင်မရနိုင်။

သူတို့နှစ်ဦး၏ ခွဲစိပ်မရအောင် တူညီချက်များမှာမူ သူတို့၏ နှလုံးသားများပေါ်တွင်သာ ထာဝရတည်ရှိနေတော့မည်။

ကျနော်တို့၏ ငယ်ဘဝကြေးမုံပြင်မှာ ခုအခါတွင် အချိုကမှေးမှိန်စ ပြုနေပါပြီ။ ကြည်လင်လန်းဆတ်နေဆဲ အစိပ်အပိုင်းကလေးများကိုမူ ကျနော် ဘယ်အခါတွင်မှ မေ့ပျောက်မည်မဟုတ်နိုင်။ ကျနော် သေဆုံးချိန်၌ပင်လျှင် ကျနော်၏ သင်္ချိုင်းမြေ ကမူပေါ်တွင် ထိုအမှတ်အသား ကလေးများ ထင်ကျန်နေရစ်လိမ့်မည်။

ထိုအခါက ကျောင်းဝင်မှတ်ပုံတင် စာရွက်ပေါ်တွင် ကျနော့်အတွက် "မိဘအမည် .... ကုလီ" ဟု ရေးမှတ်နိုင်ခဲ့သော်လည်း အမ၏အမည်နာမ ကိုမူ မည်သည့်ကျောင်း မှတ်ပုံတင် စာတရွက်ပေါ်တွင်မှ တွေ့နိုင်မည်မဟုတ်နိုင်။

အမ၏အမည်ကို ခေါ်ငင်သံမှာ လယ်တော၊ ယာတော၊ တောတောင်များထဲတွင်သာ ကြားနေရမည်။

"ခင်နုရေ"
"ဟေး ... ခင်နု"
"ခင်နုရေ"

ဤအသံမှာ သူ့အပေါင်းအဖော်များ၏ အသံ၊ အဖေနှင့် အမေတို့၏ အသံများဖြစ်လိမ့်မည်။

ဤအသံများသည် အင်တော၊ ဝါးတောကြီးများကို ဖြတ်သန်းသွားသည်။ ချောက်ကြိုမြောင်ကြားမှ ပဲ့တင်ရိုက်ခတ်လာသည်။ တောင်နှာမောင်း များကို ဖြတ်ကျော်လာသည်။

ထိုအခါက ကျနော်သည် တောတောင်များထဲတွင် လှည့်ပတ်သွားလာရသည်ကို ကြည်နူးနှစ်ခြိုက်မိသော်လည်း မျှစ်ချိုးရသည့် အလုပ်ကိုမူ ကြောက်ရွံ့နေသည်။

မျှစ်ချိုးသောအခါ ပိန်းပိတ်မှောင်နေသော ဝါးတောကြီးထဲတွင် ကိုယ်ပေါ်၌ ခြင်ရိုင်းကြီးများသည် ကိုက်ခဲနေမည်။ စိုစွတ်လှသော မိုးများသည်လည်း အဆက်မပြတ် ရွာနေသည်။ တကိုယ်လုံးမှာ ဝါးမွေးများ စူးဝင်နေသောကြောင့် ယားယံနေမည်။ မျှစ်ထမ်းတောင်းများကို မလျှက် ဝါးတရုံမှ တရုံသို့ ကူးပြောင်းသွားနေရသည်။ မျှစ်ပုံများတွေ့လျှင် ဝါးရုံပေါ်သို့ ကုတ်ကပ်တွယ်တက်သွားပြီး ဖြတ်ယူရသည်။ အဖော် မကွဲစေရန်လည်း မကြာ မကြာဟစ်ခေါ် အသံပေးနေရမည်။ အထမ်းကို မနိုင့်တနိုင်ထမ်းလျှက် တောင်အောက် ချိုင့်ကြီးများထဲ ဆင်းသွားရမည်။ တောင်ကုန်းပေါ်သို့ မနိုင်မနင်း သယ်ပိုးတက်လာရမည်။ တကိုယ်လုံးမှာလည်း မိုးရိုက်ထားသောကြောင့် ပြာနှမ်းကာ တခိုက်ခိုက် တုန်နေမည်။ မိုးရွာနေဆဲ ကျွန်းပင်ကြီး အရင်းတွင် ထမင်းထုပ်ဖြေစားသောအခါ စားနေရင်းပင် ထမင်းများမှာလည်း ရေသံစွပ်စွပ် မြည်လာလိမ့်မည်။

မျှစ်တောင်းကို မနိုင်မနင်းထမ်းပြီး ပြန်လာခဲ့သည့်ခရီး၌ ချောက်ကြိုမြောင်ကြားများကို ဖြတ်ကျော်လာရမည်။ တောင်နှာမောင်းများကို ကွေ့ပတ်လာရမည်။ ပခုံးများမှာလည်း အထိမခံချင်အောင် စုတ်ပြတ်ရောင်ကိုင်းလာမည်။

သုံးလေးမိုင်မျှ သွားပြီးလျှင် ခြေထောက်များကို မသယ်ချင်။ ဒူးခေါက်ကွေးများ ညွတ်လာမည်။

ပခုံးပေါ်တွင် ညွှတ်ကွေးသွားလိုက် မြောက်ကြွလိုက်နှင့် ပါလာသည့် မျှစ်တောင်းနှစ်ခုမှာလည်း ခြေတလှမ်းထက်တလှမ်း ပို၍လေးပင်လာနေသည်။ အထမ်းကိုထမ်းသွားနေရင်း ပါးစပ်ကို ငါးလိုဖွင့်ကာ အသက်ရှူရသည်။ မိုးရေစက်ကလေးများကို အမောပြေ စုပ်မျိုလာရသည်။ ရှေ့တွင်လည်း ခရီးသုံးမိုင်မျှ ကျန်သေးသည်။

ခြေတလှမ်းပြီးတိုင်း ခရီးတိုလာခဲ့ပြီဟု တွေးကာ အားပေးနေရသည်။

သဲကန္တာရလိုဖြစ်နေသည့် လှည်းလမ်းမကြီးအတိုင်း သွားနေရသောအခါ ခြေထောက်များကို မဆွဲချင် မရုန်းချင်တော့ပေ။

လမ်းတွင် ခရီးထောက်နားရာနေရာများ၌ အထမ်းကိုလွှတ်ချလိုက်ပြီး နီးစပ်ရာ မြက်တော၊ ကုန်းကမူများပေါ်တွင် လှဲချအိပ်လိုက်ရတော့သည်။ ခရီးဆက်ရဦးမည်ကို ကြောက်ရွံ့သည့်စိတ်ကား ရင်ထဲ၌လေးလံလှသည်။

ထိုအခါကျနော့်အနားတွင် သူ့တောင်းကိုချပြီး ရပ်နာနေသည့်အမသည် ကျနော့်ကို အားပေးစကားများ ပြောတတ်လေသည်။

သူပြောခဲ့သည့် စကားများမှာ ယခုလည်း ကျနော့် နားထဲတွင် လတ်လတ်ဆတ်ဆတ် ပြန်၍ ကြားနေရဆဲပင်။

"ကဲ ..... ရုန်းလိုက်ကြအုံးစို့ဟေ့ ... ကောင်လေး ... ထ၊ ထ"

ထိုအခါက အမ၏အသက်မှာ ဆယ့်ခြောက်နှစ်ထက် ကျော်ဦးမည်မဟုတ်။ သူ့ကို ကျားသစ်တကောင်လို သန်မာဖျတ်လတ်သည်ဟု ကျနော်ထင်သည်။ သူသည် ထမီကို တိုတိုဝတ်သည်။

ခွန်အား ပြည့်ဖြိုးသော သူ့မျက်လုံးများမှာ မာကျောစွာ တောက်ပနေတတ်သည်။

သူခါးထောက်ရပ်လိုက်လျှင် မည်သူ့ကိုမျှ အလျှောမပေးမည့် ဟန်ဖြင့် တင်းမာနေသည်။

သူရယ်စရာတွေ့၍ ရယ်မောလိုက်လျှင်လည်း တောတောင်တခုလုံး ညံလောက်အောင် ဟက်ဟက်ပက်ပက် ရှိနေတတ်သည်။

တခါတွင် ကျနော်သည် တောင်ကြား ချောင်းကလေးတဖက်ကမ်း၌ ခရီးမဆက်နိုင်တော့သဖြင့် ပစ်လှဲချလိုက်ရသည်။

မည်သို့မျှ စိတ်အားတင်းထား၍ မရတော့ပေ။ ပခုံးများမှာလည်း ရောင်ကိုင်းရာမှ စုတ်ပြတ်စပြုလာသည်။ ထမ်းပိုးနှင့် အထိမခံချင်တော့။ ခြေထောက်များကိုလည်း ဆက်၍မသယ်နိုင်။ ဝန်လေးပိသဖြင့် ခါးလည်းမခိုင်တော့ပေ။

နောက်ဆုံး၌ ကျနော်သည် မျှစ်အထမ်းကို လူသွားလမ်းနံဘေး၌ ပစ်ချလိုက်ရသည်။ ထိုင်ပင်မထိုင်နိုင်တော့သဖြင့် လမ်းနံဘေး ကမူကလေးကို ခေါင်းအုံးကာ ပစ်လှဲချလိုက်ရသည်။

အဖေနှင့် အမကား ရှေ့မှ သွားနှင့်ကြပေပြီ။ အဖေလည်း သူ့အထမ်းကိုသူ အနိုင်နိုင်သယ်ပိုးကာ ချောင်း ဟိုဖက်ကမ်းရှိ တောင်ကုန်းထိပ်ပေါ် ရောက်နေပေပြီ။ သူ့ထမ်းပိုး ညွှတ်ပက်မှ တကျီကျီ မြည်သံကိုပင် မကြားရတော့ပေ။

အမလည်း ချောင်းကိုဖြတ်ကူးသွားနှင့်သည်။ သူလည်း သူ့တောင်းအထက်၌ ဝါးကိုင်းများကိုစိုက်ကာ မျှစ်များ မောက်လျှံအောင် ထည့်ထားသဖြင့် အနိုင်နိုင် သယ်နေရသည်။ သူ၏တောင့်ခိုင်လှသော လည်ပင်းကြောများသည် သံစို့များစိုက်ထားသလို တင်းမာနေသည်။ ဝန်လေး ပိထားသောကြောင့် သူတချက်လှမ်းသွားတိုင်း မြေတခါတုန်သွားနေသလိုပင်။

ကျနော်သည် မျှစ်အချို့ကို စွန့်ပစ်ခဲ့ရန် တွေးနေမိသည်။

ခရီးတဝက်ကျော်လာပြီးမှ ထိုသို့လည်း မစွန့်ပစ်နိုင်။ စွန့်ပစ်ခဲ့ရမည့် မျှစ်များ၏ တန်ဖိုးများမှာ စာရင်းဇယားများအဖြစ်ဖြင့် ခေါင်းထဲ၌ ပေါ်လာကြသည်။ မိသားစု၏ စားဝတ်နေရေး၊ ဝက်ရူးပျံရောဂါစွဲကပ်နေသူ ညီမလေးအတွက် ဆေးဝါးကုသရေးများမှာကား ကျနော့်လို ဆယ့်သုံးနှစ်အရွယ် ကောင်ကလေးတကောင် မဖြေရှင်းနိုင်သည့် အရှုပ် အထွေးများပင်။

အဖေနှင့် အမကြီးသည် အိမ်တွင် မျှစ်ပြုတ်ကာ ရွာစဉ်လှည့်လည် ရောင်းချနေသည်။ ဝက်ရူးပျံရောဂါ စွဲကပ်နေသည့် ကောင်မကလေးကို အကျဉ်းချထားသလို အိမ်တွင်တံခါး အလုံပိတ်ဆို့ထားခဲ့ရသည်။ ခုဆိုလျှင် သူသည် အိမ်ထောင့်ကလေး၌ ဝက်ရူးပျံတက်ပြီး သတိလစ် မေ့မြောနေမည်။ သူ၏ပိန်ခြောက်နေသော အကြောဆွဲနေတတ်သည့် ဖြူဖျော့ဖျော့ ပုံသဏ္ဌာန်မှာလည်း ကျနော့်စိတ်နှလုံးထဲမှ မထွက်နိုင်။

အဖေသည် "လယ်တပွဲလောက်၊ နွားတရှဉ်းလောက်ရရင် ဘာမှမကြောက်ဖူး" ဟု အကြောင်းတိုက်ဆိုင်တိုင်း တမ်းတနေတတ်သည်။

ယခုမူ အဖေသည် တောင်ထိပ်တွင် အထမ်းကြီးနှင့်ရပ်ကာ နောက်ပြန်လှည့်ကြည့်နေသည်။

အမမျက်နှာမှာ ပင်ပန်းလွန်းနေသည့်ကြားမှပင် အပြုံးများဝေနေသည်။ ချောင်းအစပ်၌ရပ်ကာ ကျနော့်ကို လှည့်ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်လေသည်။

"နွားလေး ... ဒါကြောင့် နင်မနိုင်ပါဘူးလို့ ငါပြောတယ်"

သူသည် ရယ်သံနှင့်ပင် နောက်ပြန်လှည့်ကာ ချောင်းကမ်းပေါ်တက်လာသည်။ ကျနော့်အနား၌ သစ်ငုတ်တခုကို အားပြုပြီး သူ့မျှစ်တောင်းကို ချသည်။

သူသည် ခေါင်းခုပုဆိုးစုပ်ဖြင့် သူ့မျက်နှာပေါ်မှ ချွေးဥ ချွေးပေါက်များကို သုတ်သည်။ မောပန်းလွန်းသဖြင့် သူလည်း ပါးစပ်ဟပြီး အသက်ရှူနေသည်။ ကျနော့်မျှစ်ထမ်းနှင့် သူမျှစ်ထမ်းတောင်းကြား၌ ပုဆစ်တုပ် ထိုင်လိုက်လေသည်။

"ဒါလောက် သယ်လာပြီးမှတော့ မထားခဲ့နိုင်ဘူး။ ကြည့်စမ်း ...ကြည်စမ်း နွားလေး၊ ဒါလောက်များများကြီး နင်ဘယ်နှယ် ထမ်းနိုင်မတုံးဟယ်၊ ဒါတွေမထားခဲ့နိုင်ဘူး ငါနိုင်အောင်သယ်မယ်။ ကြည့်စမ်း မိုးတွေတောင် မှောင်လာနေပီ။ ဒို့ မိုးမိအုံးမယ်ထင်တယ် ဒီနွားလေး လုပ်ပုံနဲ့"

သူက ကျနော့်တောင်းထဲမှ မျှစ်များကို သူ့တောင်းထဲပြောင်းရွှေ့ ထည့်နေစဉ် ကျနော့်ရင်ထဲတွင် ခံစားနေရသည့် ဝေဒနာမှာ စူးရှ နာကျင် လွန်းလှသည်။

ကျနော်လည်း အမလိုပင် ထိုမျှစ်ချောင်း ကလေးများကို မထားခဲ့နိုင်။ သူတို့ကို ဆန်များ၊ ဆီများ၊ ညီမလေးအတွက် ဆေးဝါးများ၊ ကျနော် ကျောင်းတက်ရန် စာအုပ်များဟု မြင်နေရသည်။

အမလည်း သူ့တောင်းထဲသို့ တွင်တွင်သာထည့်သာနေသည်။ သူ့အတွက် မနိုင်ဝန်ဖြစ်နေပါပြီ။

သူ့လက်ခုတ်ထဲ ဝါကျင့်ကျင့် မျှစ်ချောင်းများပါသွားတိုင်း ကျနော့်အတွက် ဝန်လေးကြီးတခုပေါ့သွားနေလျှက် သူ့အတွက်ဝန်လေးကြီးတခု ပိလာနေသည်။

ဤခံစားရမှုမှာ လက်တခုပ်ထက်တခုပ်တက်လာကာ နောက်ဆုံး၌ မခံရပ်နိုင်အောင် ရင်ထဲတွင် နင့်လာသည်။ ကျနော်ကား ကျနော့်မျှစ်များကို မနိုင်နိုင်အောင် ထမ်းရန် ရှိသမျှ စိတ်အားကုန် တင်းလေသည်။ ရင်ထဲ၌ နင့်လာနေရသည်မှာ ပေါက်ပြဲစုတ်ပြတ်နေသည့် ပခုံးပေါ်မှ နာကျင်ရမှုထက် ပို၍ နာလေသည်။

နောက်ဆုံး၌ ကျနော်သည် အမလက်များကို ဆောင့်တွန်းလွှတ်လိုက်သည်။ သူ့တောင်းထဲမှကော ကျနော့်တောင်းများထဲမှ မျှစ်များကိုပါ လက်နှင့်တဆုပ်ပြီးတဆုပ် အဝေးသို့ လွှင့်ပစ်လေသည်။

မျှစ်ချောင်းဝါဝါကလေးများ ရှုပ်ထွေးနေသည့် သစ်ကျိုင်းပေါက်ပင်များ ခြုံပုတ်ငယ်များထဲသို့ တဖျောဖျော ကျရောက်နေသည်။

အမသည် ကျနော့်လက်များကို အတင်းချုပ်ကိုင်ကာ "တော်တော့ ... တော်တော့ တော်ပါတော့ဟဲ့" နှင့် သံကုန်အော်ဟစ်ရင်း မျက်ရည်ဝဲလာသည်။ ကျနော့်ကိုလည်း အားကုန်ဆောင့်တွန်းလေသည်။

သူသည် သစ်ကျိုင်းပင်ပေါက်များကြားထဲသို့ ပြေးလွှားကာ မျှစ်များကို လိုက်ရှာဖွေရင်း ဝမ်းနည်းပက်လက် ဖြစ်နေသည်။ ဤမျှစ်ဝါးချောင်း ကလေးများကို ရွှေငွေရတနာလို နှမြောနေသည့် အမ၏ မျက်နှာ၊ ချုံပုတ်များအောက်၌ လိုက်လံကောက်ယူရှာဖွေရင်း သူ၏ တတွတ်တွတ် ပြောနေသံများကို ကျနော်ကား တသက်တာ၌ မေ့ပျောက်နိုင်တော့မည် မဟုတ်နိုင်။

အမကား မျှစ်ချောင်းကလေးများ အတွက် ငိုယိုခဲ့ရရှာသည်။

မိုးများလည်း ဖွဲဖွဲရွာနေရာမှ ရုတ်တရက် သွန်းရွာ ချလိုက်သည်။

"ငါနိုင်ပါတယ်ဟဲ့ ... နွားလေးရဲ့ ငါနိုင်ပါတယ်လို့ ပြောနေရက်နဲ့ လွှင့်ပစ်လိုက်တာ ခုတော့ ကုန်ပီ . ကုန်ပီ"

မယမုံက အိမ်စေမကလေးကို ဖော်ထားရပုံမှာ အပေါ်ယံဆန်သည်။ ပုံကြမ်းဆန်သည်။ အိမ်စေမကလေး၏ ရင်တွင်းမှ ခံစားချက်များကို မယမုံ မတွေ့ထိနိုင်။ စာရေးဆရာမလေး၏ ခံစားချက်များသည် အိမ်ရှင် သခင်မကြီး၏ ခံစားချက် အမြင်များပေတကား။

မယမုံသည် အိမ်စေမကလေးကို မခြယ်မှုန်းနိုင်သောအခါ သူ၏အိမ်ရှင် သခင်မဘဝကို စုတ်ချက်စိပ်စိပ်ဖြင့် ရေးခြယ်နေသည်။ သူ့ချစ်လင် အရာရှိကြီး၏ အထက်လွှာပုံပန်းသဏ္ဌာန်ကိုသာ ပီပီသသ ဖော်ပြမိနေသည်။

ကျနော်ကမူ မယမုံက မဖော်ပြဘဲလျှက် ကောင်မကလေးအဝတ်လျှော်ရင်း တေးတပုဒ်ညည်းနေသံကို ကြားနေမိသည်။

ရေပိုက်ခေါင်းမှ ရေပန်းများ တဖွားဖွားကျနေသည့်အောက်တွင် အိမ်စေမကလေးသည် အဝတ်ပုံကြီး နံဘေးတွင် အဝတ်များကို တထည်ပြီးတထည် လျှော်နေသည်။ သူ့လှုပ်ရှားမှုများမှာ စက်ရုပ်နဲ့ မခြားနားနိုင်။ သူ့စိတ်များမှာ ပျံ့လွင့်နေသည်။

သူ့အတွေးများ သူ့အာရုံများသည် ဘယ်ဆီ ရောက်နေသနည်း။

သူ့စိတ်ဓါတ်မှာ အဆိပ်သင့်ကာ အိမ်ကြီးရှင် သခင်များဖြစ်လိုနေမလား။

သူသည် အဖိနှိပ်ခံရလွန်းသဖြင့် မနာကျင်တတ်တော့ဘဲ ထုံ၍များ နေပလား။

သူမယမုံစာရေးနေရာသို့ ကော်ဖီခွက်ကို ယူသွားနေပုံမှာ ခြေသံမမြည်အောင် ခြေဖွနင်းလျှက် ကျို့ကျို့ ရို့ရို့ နိုင်လွန်းလှသည်။ ထိုအခိုက်၌ သူ့ရင်ထဲတွင် မည်သည့်နာကျင်မှု ခံစားရမှုများ ငြိမ်သက်စွာ တိတ်တဆိတ် ပေါ်ပေါက်လာနေမည်နည်း။

သူသည် မယမုံ၏သမီးလေးကို ပုခက်ထိုင်လွှဲ ပေးနေသည်။ ဤခလေးကလေးသည်ပင် သူ့အတွက် အရှင်သခက်တပါး ဖြစ်နေပေသည်။

သူကြမ်းတိုက်နေစဉ်တွင် သူ့ရုပ်ပုံနှင့်အတူ လယ်တောထဲမှ အမကို ကျနော် သတိရနေမိသည်။

ညနေခင်း၌ ကောက်စိုက်ရာမှ ရွံ့များ ပေရေလျှက်ရှိသည့် အမသည် အိမ်ကိုကျော်ကာ မလှမ်းမကမ်းရှိ ချမ်းသာသော လယ်သမားတဦးအိမ်သို့ ခရီးဆက်သွားနေရသည်။ သူသည် နေ့ခင်းက စိုက်လာသည့် ကောက်စိုက်ခစပါးကို ဆောင်းဦးပေါက် စပါးပေါ်ချိန်အထိ မထားနိုင်။ ချက်ချင်း စပါးပေး ပြေးယူရသည်။ လက်ငင်း စား ဝတ် နေရေးသည် အရေးအကြီးဆုံး ဖြစ်နေသည်။

အိမ်ကို ဖြတ်ကျော်သွားစဉ်၌ အိမ်ဖက် လှမ်းကြည့်ခိုက်တွင် အမ၏ကြည်လင်နေတတ်သော မျက်နှာမှာ တချက် ညှိုးရော်သွားသည်။ သူသည် ချက်ချင်းပင် သူ့အလုပ်လုပ်ခ စပါးတတင်းကို နမျှောမိသည့်စိတ်ကို ချေဖျက်ပစ်ရလိမ့်မည်။

စပါးပေးယူပြီး သူပြန်လာခဲ့သောအခါ သူ့မျက်နှာမှာ ကြည်လင်မြဲ ကြည်လင်နေသည်။ သူ့စိတ်ထဲတွင် ဖြစ်ပေါ်သည့် နာကျင်မှုကို အခြား သူများအား မခံစားစေချင်ပေ။

သူ့လက်ထဲတွင် ကျပ်တန်တရွက်နှင့် အကြွေစေ့ကလေးများ ဆုပ်ကိုင်လာခဲ့သည်။

သူ့လက်ထဲတွင် ကျပ်တန်တရွက်နှင့် အကြွေစေ့ကလေးများ ဆုပ်ကိုင်လာခဲ့သည်။

"ဟဲ့ကောင်လေးလာယူစမ်း .. ၊ အမေ့ကို တကျပ်ပေးလိုက်နော်၊ ငါးမူးကို စာအုပ်ဝယ်"

ကျနော်လည်း အိမ်ပေါ်မှငုံ့ကာ ရေစိုနေသော ကျပ်တန်ရွက်မှ အကြွေစေ့ကလေးများကို လှမ်းယူရသည်။

"ဒီငွေကို ခုမယူဘဲနေရင် ဆောင်းဦးပေါက်ရင် စပါးတတင်းဖြစ်လာမှာ"

ဒီအတွေးမှာ ဓါတ်ပြားဟောင်းတခုကို မကြာခန ပြန်ဖွင့်နေရသလို ထပ်ပြန်တလဲလဲ နေ့ရှိသမျှ ပေါ်ပေါက်နေရသည့်အတွေးပင်။ ထပ်ပြန်တလဲလဲ နာကျင် ကိုက်ခဲ စေသည့်အတွေးပါတကား။

ကျနော်တို့၏ ငယ်ဘဝကြေးမုံပြင်မှာ ဤနာကျင်ကိုက်ခဲမှုများသာ တခုနှင့်တခု တွဲဖက်ဆက်စပ်နေခဲ့သည်။

ကျနော် ခြောက်တန်းသို့ ကူးမည့်နှစ်တွင် ကျောင်းဆက်မတတ်ထားနိုင်အောင် အခြေအနေကလေးရှိ ချမ်းသာသူတဦး၏ အိမ်တွင် အလုပ်လုပ်တော့ရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုအကြံကို သူသည် ရက်ပေါင်းများစွာ တိတ်တိတ်ကြိတ်၍ ကြံစည်ခဲ့ပေမည်။ သူ၏ မာနကြီးလှသောစိတ်ကို သူ့ဘာသာခက်ခဲပင်ပန်းလှစွာ ချိုးနှိမ်ထားခဲ့ရမည်။

ထိုအကြောင်းကို ပြောသောအခါ သူသည် သူ့စိတ်ထဲ၌ ဘာမျှထူးခြားခြင်းမရှိသလို ခပ်ပေါ့ပေါ့ကလေးပြောသည်။

သူ့ပြောဟန်၊ သူ့အသံမှာ ပေါ့ပေါ့ကလေးဖြစ်နေသည်။ သူ့မျက်နှာမှာလည်း ထူးခြားမှုမရှိသလိုပင်။

မီးရောင်မှိန်မှိန်အောက်၌ သူ၏အသားညိုသော မျက်နှာဝိုင်းဝိုင်းမှာ ပြုံးနေသလိုပင် ထင်ရသည်။

အဖေကလည်း အတွေးရပ်ထားကာ အမစကားကို မျက်မှောင်ကုတ် နားထောင်နေခဲ့သည်။ အမေကလည်း ထူးခြားသည့် အကြောင်းအရာမဟုတ်သလိုပင် ငြိမ်ငြိမ်သက်သက် နားထောင်နေခဲ့သည်။ အဖေနှင့်အမေတို့သည် အောက်ကျနောက်ကျ နှိမ့်ချထားရဖန် များလာခဲ့သဖြင့် ထိခိုက်မှု နည်းပါး နေပလားမဆိုနိုင်။

ကျနော်ကား မခံမရပ်နိုင် ဖြစ်နေမိသည်။ အမအလုပ်လုပ်ရမည့် အိမ်မှ သားသမီးများသည် ကျနော်နှင့် ကျောင်းနေဖက်များဖြစ်သည်။ ကျောင်း၌ကျနော်သည် သူတို့ကို မေးထူးခေါ်ပြောမျှပင် ဆက်ဆံသည်မဟုတ်၊ သူတို့ကား တောက်ပ ဝင့်ကြွားလှသည်။ ကျောင်း၌ ကျနော့်ရုပ်ပုံမှာ မှိန်လွန်းလေသည်။

ထိုအခြေအနေ အရုပ်ရုပ်ကိုလည်း အမသည် မခံစားမသိဘဲ နေမည်မဟုတ်။ ခုအခါ၌ သူ့မျက်နှာပေါ်တွင် သူတမင်ပြုံးထားနေရသည့်အပြုံးမှာ ထိခိုက်နာကျင်ဖွယ်ရာ ဖြစ်နေပေပြီ။

"နင်ကျောင်းမထွက်ရတော့ပါဖူးဟဲ့ .. ငါအလုပ် စပ်လာခဲ့ပီ၊ တလလေးဆယ်ရမယ်၊ ခလေးထိန်း၊ ထမင်းချက်၊ ဝက်စာကျွေးရုံပါဘဲ၊ အလုပ်လဲ သက်သာတယ်၊ ကောက်မစိုက်ခင် နှစ်လလောက် ငါသွားလုပ်မှာပါ"

သူက အိမ်ရှင်အမျိုးသမီးကြီး၏ အမည်ကို စကားထဲထည့်ပြောလိုက်သည်။

သူသည် အလုပ်လက်ခံမည်ဟု စကားလွန်ခဲ့ ပြီးကြောင်းလည် ပြောသည်။ ကောက်စိုက် စပါးရိတ်အလုပ်မှာလည်း သူတပါးအလုပ်ကို အခစားနားနှင့် လုပ်ရခြင်းဖြစ်၍ မည်သို့မျှမခြားနားဟု ပြောသည်။

အမကား ကျနော် ကန့်ကွက်မည်ကို ကြိုတင်ဖာထေးနေသည်။

"ကောက်စိုက်တာကတောင် ပိုပင်ပန်းသေးတယ် ကောင်လေးရယ်၊ ပီးတော့လဲ ဆွေလိုမျိုးလို ရင်းနှီးနေကြတာမှုတ်လား ဒီအတိုင်း လာကူပါအုံး ဆိုရင်တောင်မှ သွားကူနေရအုံးမှာပဲဟာ၊ ပီးတော့ အလုပ်ကလဲ ပြတ်နေတယ်မှုတ်လား၊ ပီးတော့နောက်ဆိုရင် ကိုယ်လိုရင်တောင်မှ ရှာလို့ ဖွေလို့ လွယ်တာကူတာပေါ့ဟာ .."

သူ၏ ပျော့ပျောင်းသော စကားသံမှာ တဖြေးဖြေး တိမ်ဝင်နေပေပြီ။

ခပ်တင်းတင်း ခါးထောက်ရပ်တတ်သော၊ စူးရှသည့် မျက်လုံးများဖြင့် ကြည့်တတ်သော၊ မာနကြီးတတ်သည့် အမ၏ မာနများသည် ပျောက်ဆုံးကုန်ပလား မသိ။

သူ၏မာနကို သူမည်မျှ ချိုးနှိမ်ထားရသနည်း။ ကျနော်စိတ်တွင်ကား သိနေသည်။

"ကျနော် ကျောင်းမနေဖူး၊ ကျောင်းထွက်မယ်၊ အလုပ်လုပ်မယ်၊ အမ မသွားရဖူး၊ မလုပ်ရဖူး ..."

ကျနော်သည် အဖေနှင့်အမေကိုပါ ဆန့်ကျင်ကာ တင်းမာစွာပြောခဲ့လေသည်။

နောက်ဆုံး၌ ကျနော်၏ တင်းမာစွာ ကန့်ကွက်နေသံများမှာ အရာမထင်နိုင်။ ကျနော့်အသံများမှာလည်း စိတ်ထိခိုက်ဖွယ်ရာ အားနည်းလာရသည်။ ကျနော်အလုပ်လုပ်မည်ဟု ကြိမ်းဝါးနေသော်လည်း လုပ်စရာအလုပ်ကား မရှိ။ စားဝတ်နေရေးလက်ငင်း ပြဿနာကား ထိပ်ဆုံး၌ ရောက်နေခဲ့ပေပြီ။

အမအလုပ်လုပ်ရန် ညိုးမှိန်စွာ ထွက်ခွာသည့်နေ့က ကျနော်သည်လည်း အိပ်ယာထဲတွင် တနေ့လုံးခွေအိပ်နေခဲ့သည်။ အမကရယ်ရယ်မောမောဖြင့် ထွက်ခွာသွားသော်လည်း သူ၏သိမ်ငယ်နေသောမျက်နှာ၊ အားနည်းမှေးမှိန်နေသော မျက်လုံးများကိုမူ သူမည်သို့ ဖုံးကွယ်သွားနိုင်ပါမည်နည်း။

မယမုံ၏အိမ် ရောက်နေရသော အစေခံမကလေးသည်လည်း သူ့စိတ်သူ့ကိုယ်ကိုသူသာ ပိုင်ဆိုင်ထားချင်ရှာမည်။ နှိမ့်ချရှိကျိုးနေချင်မည် မဟုတ်။ ထိုသို့ မရပ်တည်နိုင်တော့သောကြောင့်သာ သူ၏မာနတရားကို ငွေကြေးဖြင့် လဲလှယ်ခဲ့ရပေမည်။

သူဘယ်ကလာခဲ့သနည်း။

သူ၏ မူလစိတ်ဓါတ်များမှာ ဆေးရောင်မည်မျှ လွင့်ခဲ့ရပြီနည်း။

ဝတ္ထုတိုလေးကို ကျနော် ဆက်မဖတ်ချင်။ မဖတ်နိုင်။ ဤနာကျင်မှုမှာ ရင်ထဲ၌ မီးဟုန်းဟုန်း ထတောက်နေသလိုပင်။

ရေးချိန်ကြုံခိုက် ရေးသားနေသည့် မယမုံ၏ကလောင်ဖျားမှ ထွက်ပျံကျလာသည့် စာလုံးတိုင်းမှာ စက်ဆုပ်ဖွယ်ရာများဖြင့် ပြည့်ဝနေသည်။ စက်ဆုတ်ဖွယ်ရာ များသည် အလုပ်သမားများ ဖန်တီးပေးသည့် စာရွက်ဖြူများ ပေါ်တွင် ပေကျံနေသည်။

အိမ်စေမကလေးမှာ ကိုယ်ဝန်ပေါ်လာသည်။ မယမုံက လိမ္မာစွာဖြင့် ဤကိုယ်ဝန်ကို စစ်ဆေးသည်။ နောက်ဆုံး၌ အိမ်စေမကလေး၏ ကိုယ်ဝန်မှာ သူ့အကိုဟု ပြောခဲ့သည့် ဒရိုင်ဘာနှင့် ရခဲ့သည့် ကိုယ်ဝန်ဖြစ်နေသည်။

မယားကြီးရှိသော ဒရိုင်ဘာနှင့် အမြှောင်မယား ဖြစ်နေသည့် အိမ်စေမကလေးမှာ မယမုံအိမ် မရောက်မီကတည်းက ညားနေခဲ့ကြသည်။ ဤအကျင့်စာရိတ္တ မသန့်ရှင်းသူများကို သူ့အိမ်နှင့် မတန်သောကြောင့် မယမုံက နှင်လွှတ်လိုက်လေသည်။

ဝတ္ထုတိုမှာ အဆုံးသတ်သွားလေပြီ။

မယမုံကား သူ့ဝတ္ထုအဆုံးမသတ်မီ ကျနော့်ကို စကားတပိုဒ်ပြောသွားခဲ့သည်။ သူ့စကားမှာ သွယ်လည်းသွယ်ဝိုက် ညင်လည်းညင်သာသည့် စကားဖြစ်သည်။ လှပသော စာလုံးကလေးများ နောက်ကွယ်မှ မယမုံ၏စကားသံမှာ ညှင်းညှံ့စွာ ပေါ်လာခဲ့သည်။

“မောင်တို့ ဘာပြောအုံးမလဲဟင် ... ပစ္စည်းမဲ့တွေဟာ မဖောက်ပြန်ပါဘူးလို့ ပြောအုံးမလို့လား ... ပစ္စည်းမဲ့မဲ့ရှိရှိ လူဟာလူပါပဲကွယ် ...”

သူ့စကားသံသည် ကျနော်၏ အခန်းကျဉ်းကလေးထဲတွင် ဟိုမှ သည်မှ ပျံ့လွင့်တိုးဝှေ့နေသည်။ ကျနော်လည်း သူ့ဝတ္ထုကို အိပ်ယာခြေရင်းဖက်သို့ ပစ်ထားလိုက်သည်။

ယခင်အခါများကဆိုလျှင် ကျနော်လေးစား မြတ်နိုးသည့် ဖန်ဆင်းရှင်မကလေး မယမုံ၏ ဇာတ်ကောင်များသည် ကျနော့်ရင်ထဲ၌ အသက်ဝင် လှုပ်ရှားနေတတ်သည်။ သူ့ဇာတ်ကောင်အမည်နာမများ၊ ဝတ္ထုအမည်နာမများကို ကျနော်ကား တသသ သတိရနေတတ်သည်။ ကျနော့်စိတ်ဝိညာဉ်များမှာ သူ့ဇာတ်ကောင်များနှင့်အတူ ဆွတ်ပျံ့လွင့်ပျံနေတတ်သည်။ နစ်မျောနေတတ်သည်။ သူ့ဇာတ်ကောင်များ၏ စကားသံများသည် စမ်းရေစီးသံများအဖြစ်ဖြင့် ကျနော့်ရင်ထဲတွင် တိုးဝှေ့နေတတ်သည်။ သူ့ဇာတ်ကောင်များ၏ ရယ်မောသံဖြင့် ကျနော်လည်း ကြည်နူးနေတတ်သည်။

ယခုအခါတွင်မူ ဘဝများက ရိုက်ပုတ်သင်ကြားပေးမှုကြောင့် ကျနော်သည်လည်း ရန်သူမိတ်ဆွေ ခွဲခြားသိနေပေပြီ။ စည်းခြားမျဉ်းသားနေတတ်ပြီ။ ပစ်ပယ်ရမည့် အဟောင်း၊ ကြိုဆိုရမည့် အသစ်များကို ခွဲခြားနေတတ်ပြီ။

ခွဲကြအုံးစို့ မယမုံ။

နွေပန်းချီ
(ဘဝစာမျက်နှာများ – ၄)

ပန်းချီဆရာက သူ့ပန်းချီကားချပ်ကို "နွေအိပ်မက်" ဟု အမည်ပေးထားသည်။

ဆောင်းဦးပန်း ပန်းချီပြပွဲတွင် ကျနေသည် နွေအိပ်မက်ရှေ့၌ အတန်ကြာအောင် ငေးမောကြည့်နေမိသည်။

ပန်းချီကားချပ်ထဲ၌ ကျနော့်ရှေ့တည့်တည့်မှ လမ်းကလေးသည် သစ်တိုင်ခြံစည်းရိုးကို ဖြတ်လျှက်၊ စိမ်းမြရောင် ကုန်းမြေအလည်မှ လည်းကောင်း၊ နီသော သစ်ရွက်များကို ခြွေချနေသည့် သစ်ပင်ကြီးများအောက်မှ လည်းကောင်း၊ ရေညှိမှော်ပင်ရောင် တောင်စောင်း ကုန်းမြင့်ကလေးကို ပတ်လျှက် လည်းကောင်း၊ ဤလမ်းကလေးမှာ အစဟူ၍ မရှိသည့်နည်းတူစွာပင် အဆုံးမရှိနိုင်သော ဒေသသို့လည်း သွားနေသည်။ သစ်ရွက်နီများလည်း စိမ်းမြရောင် ကုန်းမြေအပေါ်တွင် ကျနေသည်။ အချို့လည်း ဝါကျင်ကျင် လမ်းကလေးပေါ်တွင် ဝဲနေသည်။ အချို့ကြွေဆဲ၊ အချို့ ကြွေစ၊ အချို့ ကြွေလုကြွေခင်။

နွေအိပ်မက်ထဲ၌ နေလုံး၏ ကိုယ်ထည်ကိုလည်းမတွေ့ရ။ နေရောင်မဲ့။ တွေ့ရသည့် အရောင်များကား အလင်းမရှိဘဲ ဖြစ်ပေါ်နေတော့သလို။ တကယ်၌ကား အလင်းမရှိဘူးဆိုလျှင် အဘယ်သို့ပင် အရောင်ဟူ၍ ရှိနိုင်ပါမည်နည်း။

လေဟူသော အရာဝတ္ထုလည်း မရှိဟု ကျနော် ထင်နေသည်။ အသက်ရှူ၍ လည်း အပြည့်အဝ ရနေသည်။ အရာရာမှာ သက်မဲ့များ ပကတိ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ လှုပ်ရှားနှု မရှိ။ အသံမရှိ။ အပူမရှိ။ အေးငြိမ်းမှုနှင့် အလှများသာ တွေ့ထိနေသည်။

နွေအိပ်မက်ကို ငေးကြည့်နေဆဲ၌ ကျနော်သည်လည်း လူမှုလောကတွေ့ဘဝမှ ကင်းလွတ်နေသည်။ ဒလပ်စပ် ဖြစ်ပေါ်နေသော ငိုသံ၊ ရယ်သံ၊ နာကျည်းသံ၊ အံကြိတ်သံ၊ ဒေါသမီးတောင်ပေါက်ကွဲသံများကို သတိမရနိုင်။

ကျနော်သည်လည်း တကိုယ်တော် ထွက်ပြေး လွတ်မြောက်ရေး ရေအလျဉ်၌ နစ်မျောနေမိခြင်းပေတကား။

ကျနော် ပြပွဲမှ ပြန်လာသောအခါ ပြပွဲသိမ်းပြီးသည်မှာ အတန်ကြာခဲ့ပေပြီ။ ပြပွဲတာဝန်ခံ ပန်းချီဆရာ ဝသုန်သည် ကျနော့်ကို ဦးဝိစာရလမ်းအတိုင်း လိုက်ပို့သည်။ သူသည် ပြည်သူနှင့် အနုပညာနှင့် ဆက်စပ်နေသည့် ခံစားမှုများကို လိုက်ပို့ရင်း ပြောလာသည်။

ကန်တော်မင်္ဂလာပန်းခြံထောင့်၌ အရပ်ရှည်ရှည်မျောမျော ပန်းချီဆရာလေးကား လှည့်ပြန်သွားလေပြီ။

ထိုအခါ၌ လှပသော ဦးဝိစာရလမ်းပေါ်တွင် ကျနော်တကိုယ်တည်း ကျန်ရစ်ခဲ့သည်။ တိတ်ဆိတ် ငြိမ်သက်နေသော ညဥ့် တကိုယ်တည်း လမ်းလျှောက်ရခြင်းကို ကျနော် နှစ်သက်လေသည်။

နှင်းမှုံများ ဆို့ဆိုင်းနေသော ကန်တော်မင်္ဂလာပန်းခြံသည်လည်း အေးမြသော လရောင်ရိပ်၌ သက်ငြိမ်ပန်းချီကားတချပ် ဖြစ်လာသည်။

ရန်ကုန်ညသည်လည်း တိတ်ဆိတ်ငြိမ်သက်တတ်သော အချို့အစိတ်အပိုင်းငယ်ကလေးများ၌ မူ အလှတရား ပေါ်ပေါက်နေပြန်သည်။

"ဒါ ပန်းချီကားချပ်တချပ်ဘဲ"

ကျနော် ဖျတ်ကနဲ တွေးလိုက်မိသည်။

"ဒါပေမယ့် ဘာမှမဟုတ်တဲ့ ပန်းချီကားတချပ် နေမှာပဲ။ ဓါတ်ပုံ တပုံလောက်သာ တန်ဖိုးရှိမယ်။ ဒါကို အနုပညာပစ္စည်းတခု ဖြစ်လာဘို့ ဆိုရင် အသက်ဝိညာဉ်တခုခု ထည့်သွင်းနိုင်ရမယ်။ အသက်ဝိညာဉ်ကို ရှာဖွေနိုင်ရမယ်။"

ကျနော့် စိတ်အာရုံ၌ "နွေအိပ်မက်" သာလျှင် ငြိတွယ် လှုပ်ရှားနေသည်။ အာရုံခံစားစိတ်ကို နှိုးဆွပေးနေသည်။ နွေအိပ်မက်နှင့် အလားတူ သော ပန်းချီကားတစ်ချပ်ကို ရေးလိုက်ချစ်စိတ်မှာ ရင်ထဲ၌ ရှန်းထ လှုပ်ရှားနေသည်။

ဤဆန္ဒမှာ ရယ်မောပစ်ချင်စရာပင်။ ကျနော်ကား ပန်းချီစုတ်တံကို ဘယ်နေရာက ကိုင်ရမှန်းပင် သိသူမဟုတ်။ ကျနော်နှင့် ပန်းချီသည် အနေနီးပါလျှက် စိမ်းနေသော မိတ်ဆွေများပါတကား။

"အို ဘာဖြစ်ဖြစ်လေ၊ ငါ့စိတ်ကူးနဲ့ ငါတော့ ငါဟာပန်းချီလဲ ရေးခွင့်ရှိတယ်။ ဂီတလဲ ဖန်ဆင်းနေချင်နေမယ်၊ ပြည်သူ့ဂီတသမားကြီး ဖြစ်ချင် ဖြစ်နေမယ်၊ ပြည်သူ့ သဘင်သည်ကြီး အဖြစ်နဲ့ ဒီနေ့သဘင်ကို လူတန်းစားတိုက်ပွဲအတွက် ထက်မြတ်တဲ့ လက်နတ်အဖြစ် အသုံးချချင် ချနေနိုင်တယ်။"

ကျနော့်စိတ်၌ ပြုံးနေမိပြန်သည်။

ထို့နောက် စိတ်ကူးဖြင့် ပန်းချီကားတချပ် ရေးလိုက်သည်။ ပန်းချီကားကို "မြစ်ရဲ့တကွေ့" ဟု အမည်ပေးလိုက်သည်။

ငါ့ပန်းချီကားဟာ ပုံပြင်ကလေးတခုကို တိုးတိုးညင်ညင်ပြောနေသလို ရေးရမှာဘဲ။ ပန်းချီကား တချပ်လုံးဟာ မှုန်မှိုင်းနေတယ်။ နွေဦး ရောက်နေပေမယ့် မနက် မလင်းတလင်းဆိုတော့ မြစ်ပြင်ပေါ်မှာ မြူတွေဆိုင်းနေတယ်။ ရေခိုး ရေမှုန်တွေ ထနေတယ်။ မြစ်ဟာ ရေအားတော့ နည်းနေပြီ။ ရေစီး ညင်သာရုံ မဟုတ်တော့ဘူး။ အချို့နေရာတွေမှာ ရေဟာ သေနေပြီ။ နေရာအနှံ့မှာ သောင်ထွန်းနေပြီ။ သောင်ခြေ ရေစပ်မှာတော့ ရေလှိုင်း ကြက်ခွပ်ကလေးတွေဟာ တဖျပ်ဖျပ် ရိုက်နေတယ်။

မြစ်ရဲ့နောက်ခံဖြစ်တဲ့ ကွေ့ထဲမှာ ကံ့ကော်ပင်တောကြီးပေါက်နေတဲ့ တောင်ကုန်းရှိတယ်။ ကံ့ကော်ပွင့်တွေဟာ ဖွေးဖွေးလှုပ်နေပြီ။ တောင်ကုန်း ထိပ်ပေါ်က ဘုရား၊ တောင်ကုန်းပေါ်မှာ နေဝန်းနီကြီးလဲ ထွက်လာနေပြီ။

နေဝန်းကြီးဟာ စက်ဝိုင်းလို တိတိရိရိ ညီညာ ဝိုင်းစက်နေတယ်။ နေရဲ့အနီမှာ ကြေးညိုရောင် နဲနဲသန်းနေတယ်။ နေလုံးကြီးဟာ ဆေးစိမ် ထားတဲ့ စက စက်ဝိုင်းတခုကို ပန်းချီကားပေါ်မှာ ကပ်ထားသလိုဘဲ၊ နေခြည်မဖြာသေးဖူး၊ ကောင်းကင်ဟာမွဲပြာရောင်။ နေရဲ့အရောင်ဟာ ဘယ်နေရာကိုမှ မစွမ်းထင်သေးဘူး။

မြစ်ကွေ့ထဲမှာ နွားဖြူကြီးတရှဉ်းဆွဲလာတဲ့ လှည်းဟာ မြစ်ကို ဖြတ်ကူး လာနေတယ်။ ရေဟာ လှည်းဘီးတဝက်မြုပ်နေတယ်။ နွားဖြူကြီးတွေ ဟာ ရေကလွတ်အောင် ခေါင်းမော့ လာတယ်။ သူတို့ဟာ ဝန်လေးကြီးကို ရုန်းလာရတယ်။

လှည်းနောက်မှာ လူအုပ်ကြီးလိုက်လာနေတယ်၊ လူရုပ်ပုံတွေ မသဲကွဲသေးဘူး၊ သူတို့ ခါးအောက်ပိုင်းတွေ ရေထဲမြုပ်နေတယ်။

လှည်းပေါ်မှာ လူအသတ်ခံရတဲ့ အလောင်းနှစ်လောင်းပါလာတယ်။ နှစ်လောင်းမဟုတ်ဘူး။ သုံးလောင်းလို့ ပြောရမှာဘဲ။ သားအမိ မြေးအဖွား လို့ ပြောရမယ်။ သမီးဖြစ်တဲ့ ကောင်မလေးကလေးမှာ ကိုယ်ဝန် နေ့စေ့ လစေ့ကြီးနဲ့ကိုး၊ ကောင်မကလေး မျက်နှာဟာ ရိုးသားဖြူစင်လွန်းလို့ ဘာမှ မသိတတ်သေးတဲ့ ခလေးကလေး မျက်နှာနဲ့ တူနေတယ်။ သူ့အမေအိုကြီးဟာလဲ အတူတူပါဘဲလေ၊ အသက်သာကြီးလာတယ်၊ သူ့သမီးကလေး မျက်နှာနဲ့ ဘာမှမခြားသေးတဲ့ မျက်နှာဘဲ။

ကျနော်သည် ပန်းချီကားအမည်ကို စိတ်၌ ထပ်ကာပြန်ကာ ရွတ်ကြည့်နေမိသည်။ ပီပြင်သော ပန်းချီကားတချပ်တော့ ဖြစ်မလာသေးဟု သုံးသပ်မိသည်။ လိုအပ်နေသည်။ ဟာနေသည်။ တခုခုတော့ ဖြည့်စွက်ရမည်။ ဘာဖြည့်စွက်ရဦးမည်နည်း။ ကျနော်မသိနိုင်။

ကျနော်ကား စိတ်ကူးထဲက ပန်းချီကား၌ လိုအပ်နေသော အသက်ဝိညာဉ်ကို လိုက်လံရှာဖွေလေသည်။ ကျနော်သည် နီရဲသော လက်ပံတော ကြီးအလည်တွင် နွေညနေဆည်းဆာများ၌ ကျနော့် မိတ်ဆွေတဦးနှင့်အတူ လမ်းလျှောက်ခဲ့သည်များကိုလည်း သတိရနေပြန်သည်။

လက်ပံများပွင့်နေသည်မှာ ရဲရဲလှုပ်လေသည်။ တောတခွင်လုံး နီမြန်းလျှက်၊ အနီရောင်သည် ပင်လုံးကျွတ်မျှ ဆိုင်းနေသည်။ အပင်များ ခြေရင်း၌ လက်ပံပွင့်ကြွေတို့ ပုံနေသည်။ ငှက်များသည်လည်း တေးသီကျူးနေသည်။

ရေခန်းနေသော ချောင်းကလေးသည် လက်ပံတောနှင့် ယှဉ်လျှက်သား လိုက်လာနေသည်။

လက်ပံပွင့်များသည် ကုန်းနိမ့်မြင့်များပေါ်မှ ဖြတ်သန်းနေသည့် လမ်းမကလေးပေါ်တွင် ကြွေနေဆဲပင်။ ချောင်းတဖက်ကမ်း၌ ဝင်လုလုနေဝန်းကြီးသည်လည်း ငြိမ်သက်နေသလိုပင်။

ဤလမ်းအဆုံး ဝေးဝေးပျပျ၌ ကျနော်တို့သွားနေကျ အညာရွာကြီးမှာ ညို့သန်းနေသည်။

ထိုအခါက ကျနော်တို့ခေါင်းထဲတွင် စိတ်အယူအဆ အကြွင်းအကျန်များနှင့် ရုတ်တရက်အမြင်တို့သည် တိုက်ခတ်နေကြသည်။ အယူအဆ ဟောင်းသည် ကွယ်ပျောက်လုဆဲဆဲ ဖြစ်သော်လည်း အငွေ့အသက်ကား ကြွင်းကျန်နေဆဲပင်။

ကျနော်တို့သည် ရုပ်မရှိဘဲ ဝိညာဉ်ချည့်ရှိနိုင်သလားကို လိုက်လန်ရှာဖွေသည်။ ကောတည မှော်ဆရာဂိုဏ်း၌ ဝင်ရောက်ကာ မှော်ဆရာ ကလေးများ လုပ်နေကြသည်။

စစ်တောရွာကြီးမှာ ကျနော်တို့ မှော်ဆရာဂိုဏ်းတည်ရှိရာ ဌာနချုပ်ဖြစ်၏။ စစ်တောရွာသား ဦးအောင်သိမ်းကမူ ဝိညာဉ်ဝါဒဖက်မှ အခိုင်အမာ သက်သေလိုက်လေသည်။

"ဦးအောင်သိမ်းပြောသလိုဆိုရင်တော့ သူကိုယ်တွေ့ ကြုံခဲ့ရတာတွေ ရှိတယ်ဆိုတာကိုး၊ ခင်ဗျားနဲ့ ကျနော်လဲ သူတို့လုပ်ခိုင်းသလို လိုက်လုပ် နေတာပဲ။ ပူးတယ် ကပ်တယ် ခွာတယ် ဆိုတာတွေလဲ လုပ်ပြီးပြီ၊ ကျနော်တို့ တော်လောက်ပြီ လုံလောက်ပြီ ထင်တယ်။"

တညနေတွင် ကျနော့်ရဲဘော် ကျနော့်မိတ်ဆွေက မှတ်ချက်ချခဲ့လေသည်။ သူကား စကားပြောလျှင် ရယ်မောခဲသည်။ ထာဝစဉ် ဣန္ဒြေကြီးစွာ လေးနက်နေတတ်သည်။ သူ့မျက်နှာမှာ တခါတရံ ရယ်မောလျှင်မူ သူ့နှလုံးသားထဲမှာ ကြည်လင်နူးညံ့နေမှုများကိုပါ မြင်လာအောင် ရိုးသား ပွင့်လင်းလေသည်။
သူ၏ နောက်ဆုံးနေ့တရက်ကို "နေညိုချိန်" ဟူ၍ ဝတ္ထုတိုကလေးတပုဒ်အဖြစ် ကျနော်ရေးခဲ့ဖူးသည်။ သူ့ဘဝ တစိတ်တပိုင်းနှင့် အယူအဆကို အခြေပြုလျှက် "မြစပယ်ရုံ" ဟူသော ဝတ္ထုရှည်တပုဒ် ကျနော်ရေးခဲ့ဖူးသည်။

"ကျနော်တို့ ပြည့်စုံပါပြီ"

သူက ငြိမ်သက်စွာ တိတ်ဆိတ်စွာ ပြောလေသည်။ သူပြောမည့်စကားများကို ခံစားတွေ့ထိပြီးဖြစ်သော်လည်း ကျနော်သည် တရားဝင် မှတ်သားလိုမိသည်။

"ကျုပ်တို့ ဆန်းစစ်ပြီးတဲ့အတိုင်းပေါ့ဗျာ၊ ကျုပ်တို့ကိုယ်တိုင် အားနာမိတာလဲပါတယ်၊ စိတ်ညွှတ်မိတာလဲ ပါတယ်၊ ဟုတ်နိုးနိုး မှော်လင့်မိ တာလဲ ပါတယ်။ ဒါကြောင့် သူတို့က ပူးလာပြီ ကပ်လာပြီ အမိန့်ပေးဖန်များလာတော့ တကယ်ကို ပူးလာပြီ ကပ်လာပြီ ကျုပ်တို့ပြောနေတဲ့ စကားတွေကိုဘဲ အပြင်ဝိညာဉ် တခုခုက လာပြောနေသလိုလို ထင်လာမိတာ၊ ချုပ်လိုက်တော့ ကျုပ်တို့ဟာ ဘာဝိညာဉ်နဲ့မှ ဆုံဆည်း ရတာမဟုတ်ဘူး။ ကျုပ်တို့လဲ သူတို့လိုဘဲ စိတ္တဇ ဖြစ်လာတာ၊ ပြဇာတ်တပုဒ်ကို သရုပ်ဆောင်နေသလိုပေါ့ဗျာ။ ကျုပ်တို့လဲ ပြဇာတ်ကနေမှန်း မသိဘဲ ကနေမိတာ"

ဣန္ဒြေကြီးမားသော မိတ်ဆွေကား သိမ့်သိမ့်ခါမျှ ရယ်မောလေသည်။ ထိုမျှလောက် သူဟက်ဟက်ပက်ပက် ရယ်မောလိမ့်မည်ဟု ကျနော် မထင်မိ။ သူ့မျက်နှာသည် ပြန်လည် တည်ငြိမ်သွားသည်။

သူသည် အခြားစကားများစွာကိုလည်း ထပ်မံ ပြောလေသည်။

ယခုမူကား သူ၏စကားများမှာ လက်ပံတောအလယ်၌ ပျောက်ကွယ်နေခဲ့ပေပြီ။ သူ၏ ကျောက်ပေါက်မာသဲ့သဲ့ မျက်နှာသည်လည်း နှစ်အတန် ကြာခဲ့ပြီဖြစ်သည့် အတိတ်၌ ပန်းချီကားဟောင်းတချပ် ဖြစ်ခဲ့ပေပြီ။

နီရဲသော လက်ပံတော၏ နွေညှ ဆည်းဆာ များကား ကျနော့်စိတ်အာရုံ၌ မကြာခဏ ပြန်ပေါ်လာတတ်သော အိပ်မက်တခု ဖြစ်နေတော့သည်။ ငြိမ်သက်နေသော မသဲမကွဲဖြစ်နေသော နှင်းမှုံများ ဆို့မှိုင်းနေသော လရောင်ဝါးဝါး ကျနေသည့် ကန်တော်မင်သည် ကျနော့်ကျောဖက်၌ နေရစ်ခဲ့သည်။

ကျနော့်စိတ်အာရုံ၌မူ ကျနော် ကြုံတွေ့နေခဲ့ရသည့် နွေပန်းချီကားချပ်များ ပေါ်လာနေကြသည်။ မှန်သားပြင်ထက်၌ အရိပ်ထင်ဟပ် လာကြသည်။ ဖြတ်သန်းသွားကြသည်။ ပျောက်ကွယ်သွားကြသည်။ နောက်ထပ် ထင်ဟပ်လာကြသည်။

ကျနော်သည် ဦးဝိစာရလမ်းမှ ရွှေတိဂုံတောင်ဘက် မုခ်သို့ချိုးကွေ့လေသည်။ ဘုရားမှ ရွှေရောင်သည် အမှောင်ထဲ၌ မီးရောင်ဖြင့် ပြိုးပျက် နေသည်။ ခုလို ညမျိုး၌ ဘုရားထီးတော်ပေါ်မှရပ်ကာ ရန်ကုန်ကို ကြည့်ချင်စိတ် ပေါ်မိသည်။

ထိုသို့ကြည့်လျှင် ညဖြစ်သော်လည်း နေ့လိုလင်းနေသည့် ရန်ကုန်လမ်းမကြီးများကို ဘုရားခြေရင်း၌ ဖြန့်ခင်းထားသလို မြင်ရသည်။ ကောက်ကွေ့သော ရန်ကုန်မြစ်သည်လည်း လရောင်ရိပ်၌ မသဲမကွဲပေါ်လာလိမ့်မည်။ ကန်တော်ကြီးကား နှင်းမှုန်များကြောင့် အိပ်မက်ထဲမှ ရှုခင်းလို မြင်ရတော့မည်။

ကျနော့်စိတ်ကူး၌ ရေးခဲ့မိသည့် "မြစ်ရဲ့တကွေ့" ပန်းချီကားချပ်ထဲမှ မြစ်တဖက်ကမ်း ကျောက်တောင်ကုန်းပေါ်ရှိ ဘုရားစေတီကို ကျနော်ကား ပြန်၍ မြင်ယောင်လာမိသည်။

ထိုဘုရားစေတီတွင် ကျနော်သည် မှန်စီပန်းရံတဦး အဖြစ်ဖြင့် တကြိမ်က အလုပ်လုပ်ခဲ့ဖူးသည်။

ထိုအခါက ဘုရားငြမ်းပေါ်တွင် ရပ်ကာ အလုပ်လုပ်ရင်း တောင်ကုန်းအခြေ၌ ကွေ့ပတ်စီးဆင်းနေသည့် မြစ်ပြင်ကို ကြည့်ရှုငေးမောရသည့် အာရုံခံစားမှုမှာ ယခုလည်း ကျနော့်စိတ်၌ ပြန်လည် စမ်းလန်းလာပြန်သည်။

ဤသတိရမှုသည် အပေါ်ယံကြောမှ ခပ်ဖွဖွကလေး ပေါ်လာသည့် သတိရမှုမဟုတ်။ နက်ရှိုင်းစွာ တသသ သတိရလာခြင်းပေတကား။

တောင်ခြေမှ မြစ်ပြင်သည် ကျွန်းသောင်ခုံငယ်များဖြင့် အစိတ်စိတ် အမြွှာမြွှာဖြစ်နေ၏။ ရေများ ကွက်ကြားစီးနေသည်။ မြစ်ကမ်း ယာခင်းများ သည် အစိမ်းရင့်နေသည်။ တနေရာ၌ ကျွန်းသစ်တောမှာ တောလုံးကျွတ်မျှ အရွက်များ ကြွေခဲ့လေပြီ။

မြစ်တဖက်ကမ်းရှိ ခပ်ဝေးဝေးတွင်ရှိ၊ ကျယ်ပြန့်လှသော အင်တောမှာ ရွက်သစ်များလဲပြီးစ၌ တတောလုံး အနီရောင်များ သစ်လွင်နေသည်။

စေတီအောက်တည့်တည့်ရှိ ဘုရားကျောင်းဝင်း တခုလုံးမှာ ပင်လုံးကျွတ်ဝေနေသော ကံ့ကော်များကြောင့် ဤရှုခင်းသည် စိတ်ကူးယာဉ် ပန်းချီဆရာ၏ အိပ်မက်ရှုခင်း ပန်းချီကားတချပ်လိုပင်။

ကျနော်ကား တောင်ခိုးများဝေနေစဉ် မြစ်ပြင်ကို မသဲမကွဲ မြင်တွေ့နေရသည်ကို ပိုမိုနှစ်သက်သည်။

ထိုအခါ၌ ပြာလဲ့သောမြစ်ပြင်သည် သမာဓိ တည်ဆောက်ကာ ငြိမ်သက်နေ၏။ မသဲကွဲသော လှိုင်းလိပ်ငယ်များသည် ကျောက်တောင်ခြေရင်းကို တဖျပ်ဖျပ် ရိုက်ပုတ်နေသည်။ လခြမ်းပုံမြစ်ကွေ့သည် တောင်ကိုပတ်နေသည်။

ရေတိမ်နေသော နွေဦး၌ ကျနော်တို့သည် ဤမြစ်ကို တနေ့နှစ်ကြိမ် ဖြတ်ကူးရသည်။

ညနေ ငါးနာရီလောက်ဆိုလျှင် ကျနော်တို့သည် တောက်ပေါ်မှ ဆင်းလာကြ၏။ ကျနော်တို့ ကိုယ်ပေါ်၌ ညစ်ပတ်သော အဝတ်များမှာ အင်္ဂတေများ ပေကျံနေသည်။ ထုံးသရိုးများကြောင့် ကျနော်တို့ပခုံးပေါ်၌ အလုပ်သိမ်းအပြန်ဖြစ်သဖြင့် ပန်းရံလက်နက် ကိရိယာများဖြင့် ပြည့်နေသော လွယ်အိတ်များ ကိုယ်စီပါလာသည်။

တညနေ အလုပ်သိမ်းအပြန်၌ ကျနော်သည် မောင်သာမြိုင်နှင့် တောင်ခြေရင်းတွင် တွေ့ဆုံရသည်။

မောင်သာမြိုင်မှာ ကျနော့် နွေရှုခင်း ပန်းချီကားချပ်များထဲတွင် ဇာတ်ကောင်တဦး အဖြစ် ပါဝင်လှုပ်ရှားရန် ရောက်လာသလိုပင် ..... ယခုအခါ၌ ကျနော်တွေးနေရသည်။

ထိုညနေက သူသည် ကျနော့်ကို တမင်လာစောင့်နေခဲ့သည်။ သူ တောင်ခြေလမ်းပေါ်၌ ရပ်နေခဲ့သည်။ ကျနော်တို့ တောင်ပေါ်မှဆင်းအလာကို စောင့်ကြည့်နေခဲ့သည်။

သူ့မျက်နှာမှာ ပြုံးရယ်ခြင်းလည်းမရှိ။ နာကျင်မှုဖြင့် အေးစက်နေသော မျက်နှာလည်းမဟုတ်။ ကြည်လင် ရုပ်သွင်လည်း မဟုတ်။ သူသည် ရှပ်လက်တို အင်္ကျီဖြူကို သေသေသပ်သပ် ဝတ်ထားသည်။ ဤမျှ မြို့ပြနှင့်ဝေးလံလှသော ဒေသ၌ ဖြစ်သော်လည်း သူ့ခြေထောက်၌ ညှပ်ဖိနပ်တရံကို သေသေသပ်သပ် စီးထားသည်။ သူ့ကို ယခင်က မတွေ့မြင်ခဲ့ဖူးသည့် ကျနော်သည် စိတ္တဇဝေဒနာသည်အဖြစ် မည်သို့လျှင် သိမြင်နိုင်ပါမည်နည်း။

ထိုအချိန်၌ ခပ်လှမ်းလှမ်းရှိ ရွာတရွာမှ မိန်းမရွယ်ကလေးတဦးသည်လည်း တောင်ခြေသို့ ပြေးလာနေသည်။ သူသည် ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်၏။ စိမ်းမြသော ယာခင်းများကိုဖြတ်ကာ သူပြေးလာနေပုံမှာ လဲလုပြိုခင် ဖြစ်သည်။ အဝေးကတည်းက သူလှမ်းအော်ပြောလာသည်။ ဘာပြောလာမှန်းမူ မသိ။

ကျနော်တို့နှင့် မောင်သာမြိုင်သည် တောင်ခြေရင်း၌ မျက်နှာချင်းဆိုင် ရပ်မိကြ၏။

မိန်းကလေး၏ အော်ပြောသံကြောင့် မောင်သာမြိုင်လည်း နောက်ပြန်လှည့်ကြည့်သည်။

သူ့မျက်နှာမှာ ရုတ်ခြည်း ညိုးရော်သွားလေသည်။ သူသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း တကိုယ်တည်း မသဲကွဲသော စကားများကို စိတ်ထိခိုက် နာကျင်စွာ ညည်းနေသည်။

ခဏကြာမှ သူသည် ကျနော်တို့ကို သတိရလာသလို စကားများကို ရပ်ပစ်သည်။ ကျနော်တို့ဖက် ပြန်လှည့်သော်လည်း သူ့ခေါင်းကိုမူ တဆစ်ချိုးငုံ့ထားသည်။

ထို့နောက်တွင် သူ ကျနော်တို့ကို ပြောသည့်စကားများမှာ စိတ္တဇဝေဒနာသည် တဦး၏ ကစဥ့်ကလျား စကားများနှင့် မည်သို့မျှမတူ။ သူ့အသံသည်လည်း ခံစားမှုဖြင့် လေးနက်နေသည်။ သူ့ဇနီးအပေါ် သူကြင်နာပုံမှာ ကျနော်တို့ နှလုံးသားကိုပင် လာရောက်ရိုက်ခတ်နေသည်။

"ဒီမိန်းမနဲ့တော့ ခက်ပါတယ်ဗျာ...သံယောဇဉ်ကလဲ တယ်ကြီးတတ်တာကိုး။ ကိုယ်ဝန်ကြီး မပေါ့မပါးနဲ့လဲ ကျနော့်သွားလေရာ နောက်က တကောက်ကောက် လိုက်နေရှာတော့တာပဲ။ သူက ကျနော့်ကို ရူးနေတယ် ထင်နေတယ်ဗျာ။ ရှင်းပြလို့လဲ မရတော့ဘူး။ ညဆို သူမအိပ်တော့ဘူး။ ကျနော့်ကို စောင့်ကြည့်နေတာပဲ။ ကျနော်သတ်သေမှာစိုးလို့တဲ့ဗျာ။ ခုလဲ ကျနော်ရေထဲဆင်းသေမှာစိုးလို့ လိုက်လာတာ ဟိုဘက်က ကွေ့ထဲက ဇကြီးထဲမှာ ကျနော် ဆင်းသေတယ်လို့ အိပ်မက်မက်လို့တဲ့။ ဆရာတို့ထဲမှာ စာရေးဆရာပါတယ်ဆို၊ ကျနော် စာရေးဆရာကို တွေ့ချင်လွန်းလို့ လာစောင့်နေတာပါ။ ကျနော့်ကို ကယ်ပါဗျာ..ကယ်တော်မူပါ...ကယ်တော်မူပါ"

သူသည် ပန်းရံဆရာကလေးလက်ကို ဆွဲထားသည်။ "ဘယ်သူ စာရေးဆရာလဲ" ဟု ထပ်ပြန်တလဲလဲ မေးနေသည်။

"ကျနော့်ကို လူတွေက အရူးတဲ့ဗျာ...မင်းလှဘုန်းကြီးဆီ ပို့မလို့တဲ့၊ ဘုန်းကြီးက ရိုက်ပီးကုမှာပေါ့ဗျာ။ ကျနော် မရူးဘူးဆိုတာ ဆရာတို့ သိပါတယ်၊ ဆရာတို့ပြောပြရင် လူတွေယုံပါတယ်၊ ကျနော့် အသားတချက်လာထိရင် ကမ္ဘာမကျေဘဲဗျို့၊ မတရားနှိပ်စပ်တာကို ဘယ်တော့မှ

ကျနော် ငုံ့မခံတတ်ဘူး၊ ကျနော်မိန်းမကို ပြောပေးကြပါဗျာ၊ မြသွေးလေးကို ပြောပေးကြပါ၊ သူလဲ ရွာက လူမသမာတွေနဲ့ တကြိတ်တည်း တဥာဏ်ထဲဘဲ၊ မင်းလှဘုန်းကြီးဆီပို့ဖို့ ကြံတဲ့အထဲ သူလဲပါတယ်၊ မိန်းမဆိုတာ ဘယ်တော့မှ မကောင်းဘူး၊ အစတုန်းကတော့ဗျာ ဒီမိန်းမကဘဲ ကျနော့်ကို ချစ်ပါတယ်ဆိုပြီး ဘုရားမှာ သစ္စာပြုခဲ့ ကြသေးတယ်၊ ကျနော်က လယ်ထွန်စက်မောင်းပါ၊ သူ့မျက်နှာ တရွာထင်ပြီး ဒီမှာလိုက်နေတာပါ၊ ခင်ဗျားတို့ထဲက စာရေးဆရာ ဘယ်သူလဲဟင် ..... ကျနော့်ကို ကယ်ပါဗျာ"

သူသည် လူတိုင်းကို အားကိုတကြီး လိုက်မေးနေ၏။ မေးမရသောအခါ ရုတ်တရင် ငိုကျွေးလေသည်။ စာရေးဆရာပါသည်ဟူ၍ ကိုရင်တေဇာ က သူ့ကိုပြောပြကြောင်း ငိုရင်းမှ ပြောလေသည်။

သူသည် အသက်နှစ်ဆယ်မှ ကျော်ဦးမည်မဟုတ်။ သူငိုကျွေးနေသောအခါ ကျနော့်စိတ်၌ ခလေးတယောက်လို မြင်နေမိသည်။

ကျနော်ကား ဓ စာရေးဆရာ ဓ ဟူသော စကားလေးလုံးကြား၌ ကျဉ်းကြပ် မနေချင်သူဖြစ်ပါလျှက် နောက်ဆုံး၌ ကျနော်သည် ဝန်ခံရ၏။ လူအများကို ပြောပြပေးမည့် အကြောင်း သူ့ကို ကတိဝန်ခံချက်ပေးနေရသည်။

သူသည် မင်းလှဘုန်းကြီးက လူအချို့ကိုသေသည်အထိ ရိုက်သတ်သည်ဟု ယုံကြည်နေသည်။ အချို့လူသေအလောင်းများကို မြစ်ထဲမျောချ သည်ဟု ပြောသည်။ အချို့မှာ သွေးအံသေဆုံးရသည်ဟု ပြောသည်။

သူသည် ကျနော့်လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။ သူ၏အားကိုးတကြီး ဖြစ်နေပုံမှာ စိတ်ထိခိုက် နာကျင်ဖွယ်ရာပင်။

သူ့ဇနီးသည်လည်း သူ့နာမည်ကို အော်ခေါ်ရင်း အနားရောက်လာသည်။ သူတို့နှစ်ယောက် ယှဉ်လျှက်မြင်ရသောအခါ မောင်နှမကလေး နှစ်ယောက်ကို တွေ့နေရသလိုပင်။နှစ်ယောက်စလုံးသည် အသားဖြူဖြူ ပုပုကလေးများဖြစ်၏။ မျက်နှာကျပုံ မျက်ခုံး မျက်လုံးများမှာ ဆင်နေကြ၏။ အပြစ်ကင်းစင်သည့် မျက်နှာကလေးများမှာ နုပျိုနေကြ၏။ မိန်းကလေး၏ မျက်နှာကလေးမှာမူ ညှိုးရော်နေသည်။သူသည် မောင်သာမြိုင်ထက်ပင် ငယ်နုနေသည်။ သူ့အသက်ကို ဆယ့်ခြောက် ဆယ့်ခုနစ်ထက် ပို၍ မှန်းဆမရနိုင်။

မောင်သာမြိုင်ကား ကျနော်နှစ်သိမ့်အားပေး နေသည့်စကားများကြောင့် တည်ငြိမ်စပြုလာသည်။ သူ့မျက်လုံးများနှင့် မျက်နှာများသည်လည်း ကြည်လင်လာသည်။ တဖြည်းဖြည်းနှင့် သူ့မျက်နှာပေါ်တွင် ရှိနေသည့် စိတ္တဇအရိပ်အယောင်မှန်သမျှ ပျောက်ကွယ်သွားနေသည်။

သူသည် လူကောင်းတယောက်လိုပင် သူ့ဘဝကို ပြောပြသည်။ သူသည် ဝေးလံလှသော ဒေသမှ လွင့်စင်လာခဲ့သည်။ လယ်ထွန်စက် မောင်းသမားကလေး အဖြစ်ဖြင့် ဤမြစ် ကမ်းရွာကလေး၌ သောင်တင်နေသည်။

သူတို့နှစ်ယောက်နှင့်အတူ မြစ်ဆိပ်သို့ လျှောက်လာခဲ့သောအခါ ကျနော့်စိတ်၌ မောင်သာမြိုင်ကို စိတ္တဇဝေဒနာရှင် တဦးအဖြစ်ဖြင့် မည်သို့မျှ မမြင်နိုင်တော့ပေ။

ထိုညနေက မြစ်ဆိပ်သောင်စတွင် သူတို့ လှည့်ပြန်ကာနီးပြောခဲ့သည့် အရူးကလေး မောင်သာမြိုင်၏ စကားများကို ခုထက်တိုင်အောင် ကျနော် တလုံးတပါဒမလွဲ မှတ်မိနေသည်။

"ကျနော် မရူးပါဘူးဗျာ၊ ကျနော်ရူးရင်လဲ စိတ္တဇဆေးရုံပို့ပေးပါ၊ ရူးတာကို ပယောဂဆိုပြီး ရိုက်ကုလို့ ဘယ်ပျောက်မှာလဲ၊ ဘုန်းကြီးရိုက်မှ ကျနော်ရူးမှာ"

အရူးတယောက်ပြောသည့် စကားတပိုဒ် ကျနော့်ရင်ထဲသို့ ခွဲစိပ်ဝင်ရောက်သွားလေသည်။

"ရူးတာကို ပယောဂဆိုပြီး ရိုက်ကုလို့ ဘယ်ပျောက်မှာလဲ"

ထိုစကားသံကား ကျနော်ရင်ထဲ၌ ပဲ့တင်ရိုက်ခတ် နေခဲ့သည်။

သူတို့နှင့် ဒုတိယအကြိမ် ပြန်ဆုံတွေ့သည့် နေရာကိုလည်း ခုအခိုက်အတန့်၌ ကျနော့်စိတ်အာရုံတွင် "အနီရောင်နွေရှုခင်း" ဟူ၍ အမည်ပေး ထားသည့် ပန်းချီကား တချပ်ဟု ထင်နေမိသည်။

ကျယ်ပြန့်လှသည့် အင်တော‌ပြင်ကြီးမှာ ထင်းခုတ်သမားများကြောင့် လူ့ရင်စို့ထက် ပိုမိုမမြင့်သော အင်ပင်ပေါက်ကလေးများဖြင့်သာ ပုံ့ပျူး ညီညာနေသည်။ ရွက်ဟောင်းချွေပြီးစဉ်၌ ရွက်သစ်နုတို့သည် ဤတောတခွင်လုံးလုံး အနီရောင် လာဟပ်နေသည်။ သစ်ပင်မဲ့သော မြေဝါ ကုန်းမြင့် ကလေးပေါ်တွင်လည်း နေ၏အရောင်ထင်ဟပ်နေသည်။ ညနေပိုင်း ကျနော်အလုပ်မှပြန်လာချိန်များတွင် တောတဖက်ထိပ်၌ ကြေးညို နီရောင် နေလုံးကြီးသည် အိပ်မက်ဆန်သော ပန်းချီကားတချပ်ထဲကလို တည်ငြိမ်စွာရပ်နေသလား ထင်သည်။

ထိုညနေများ၌ တောတခွင်လုံးမှာ နစ်မျောနေသလို တိတ်ဆိတ်ငြိမ်သက်နေသည်။ ကြည့်လေရာ၌ အနီ။ မြင်မြင်သမျှ အနီ။ မြင်မြင်သမျှ ပင်လယ်ရောင် အနီပြင်ကြီးသည် ကျနော့်အသဲနှလုံးကိုပင် ဖောက်ဝင်ကူးစက်နေသည် ထင်သည်။

သူတို့နှစ်ယောက်နှင့် ကျနော်ပြန်ဆုံတွေ့ခဲ့ရသည်မှာ ဤ "အနီရောင်ရှုခင်း" ပန်းချီကားချပ်ထဲမှာပါတကား။

ထိုညနေက ကျနော်နှင့် ပန်းရုံအလုပ်သမားများ ကုန်းမြင့်ပေါ်ရောက်လာချိန်တွင် ကျောဖက်မှ ပြေးလိုက်လာနေသော မောင်သာမြိုင်၏ခေါ်သံ အခွန်းသုံးရာမှကို ကြားရလေသည်။

သူသည် ကျနော်တို့ကို မြင်ကတည်းက ခေါ်လာသည်မှာ ကျနော့်အနား ရောက်လာသည် အထိပင်။ သူ့အသံ အက်ကွဲလာသည်အထိ အော်လာသည်။ စက်ယန္တယား တခုမှ ထုတ်လွှတ်သည့် အသံလိုပင်။

ကြာသော် ... "ဟေး ...စာရေးဆရာ" ဟူ၍ သူခေါ်လာသံမှာ အလွမ်းတေးတပုဒ်ကို ကြေကွဲစွာ သီဆိုလာသလို ဖြစ်လာသည်။

သူ့ကို ရွာသားများသည် ကြိုးနှင့်တုတ်ပြီး လှည်းပေါ်တင်ဆောင်လာကြသည်။ သူ့ဇနီးကလေးနှင့် မိန်းကလေး၏ အမေလည်းပါလာသည်။ ရွာသားများသည် လှည်းနောက်မှ လမ်းလျှောက် လိုက်လာသည်။

သူ့ကို မင်းလှဘုန်းကြီးကျောင်း ပို့တော့မည်။

ကျနော်သည် သူ့ကို စိတ္တဇဆေးရုံ တင်ပို့ကြပါဟု သူ့ဆွေမျိုးအချို့ကို တိုက်တွန်းကြည့်သေးသည်။ သူတို့သည် ပယောဂဟူ၍ ယုံကြည်နေကြ၏။ ကျနော် ပြောဖန်များသဖြင့် အချို့မှာ စိတ္တဇဆေးရုံသို့ တင်ဆောင်ချင်စိတ် ပေါ်ပေါက်မိသော်လည်း စားရိတ် စားခ ငွေကြေးအခက် အခဲကြောင့် ပယောဂဆရာကိုသာ ဇွတ်နှစ် အားကိုးကြရသည်ကိုလည်း ကျနော် ခံစားတွေ့ မြင်ရသည်။

လှည်း အနားရောက်လာသောအခါ မောင်သာမြိုင်က အတင်းဓမ္မ ခေါ်သဖြင့် ကျနော်သည် စိတ်ပင်ပန်းစွာဖြင့်ပင် လှည်းပေါ် တက်ရလေသည်။

ကျနော် လှည်းပေါ်ရောက်သည်နှင့် မောင်သာမြိုင်ကား ရှိုက်ကြီးတငင် ငိုကြွေးရှာသည်။ မမြသွေးတို့ သားအမိလည်း တဖက်လှည့်ပြီး မျက်ရည်ကျနေသည်။

မမြသွေး၌ သူ့ချစ်လင်၏ ဆန္ဒအတိုင်း စိတ္တဇဆေးရုံသို့ ပို့ချင်စိတ် မပေါ်ဘူးဟု မည်သူပြောနိုင်ပါသနည်း။ ပယောဂကို မယုံချင်ပဲနှင့် ငွေကြေးခက်ခဲမှုကြောင့် ဟုတ်နိုးနိုး ယုံကြည်လာခဲ့ခြင်း မဖြစ်နိုင်ဖူးလား။ ပယောဂ ကုနည်းကိုသာ နောက်ဆုံး လက်နက်အဖြစ် အားကိုး လာရခြင်း မဖြစ်နိုင်ဖူးလား။ ကျနော်ကား မောင်သာမြိုင်၏ ငိုကြွေး တိုင်တန်းနေသံများ အကြား၌ မေးခွန်းများ ထပ်နေမိသည်။

"စာရေးဆရာ...ခုတော့ ကျနော်သိပီ၊ ကျနော့် မိန်းမဖောက်ပြန်နေပီ၊ ကျနော် အလုပ်မရှိတော့လို့ ပိုက်ဆံမရကတည်းက ကျနော့်ကို သေစေချင် နေတာဗျ၊ ကျနော် ငွေစားရတာကလဲ သူတို့အတွက်ပါဗျာ၊ သူတို့စားဖို့ပါ၊ ဒါကြောင့် ကျနော်ငိုတာ၊ အစတုန်းက မမြသွေးလေးမျက်နှာ တရှာထင်ပီး ကျနော်အားကိုးတကြီး လိုက်လာခဲ့တာ၊ ရက်စက်ပါပေရဲ့ဗျာ၊ ရက်စက်ကြပါပေရဲ့"

ဤတိုင်တန်းသံသည် လေကိုခွဲဖြတ်ကာ သောင်းတိုက်စကြာဝဠာအထိ ပျံ့နှံ့သွားတော့မည်။

အနီရောင် ပန်းချီကားချပ်ထဲ၌ ထာဝရ မြည်ဟိန်းနေတော့မည်။

ဆေးရုံတက်ရန် ငြင်းဆန်ရင်း အဆုတ်ဝေဒနာဖြင့် သွေးအန်ရင်း ကွယ်လွန်သွားသူ ကျနော့်ဖခင်ကြီး၏ မျက်နှာကိုလည်း ဤအနီရောင် ပန်းချီကားတချပ်ထဲ၌ ကျနော် မြင်တွေ့နေသည်။ ဝက်ရူးပျံရောဂါ စွဲကပ်နေပါလျှက် ငွေကြေးချို့တဲ့မှု၊ အသိဉာဏ် ချို့တဲ့မှုများကြောင့် ပယောဂဆိုပြီး ကုသနေရင်း ရေတိမ်နစ်သွားခဲ့ရသည့် ကျနော့်နှမ အငယ်ဆုံးကလေး၏ အပြစ်မဲ့ မျက်နှာသည်လည်း အင်ရှက်နီများပေါ်၌ ပေါ်လာသည်။ စိတ္တဇဝေဒနာ ဖြစ်ပါလျှက် ပယောဂဟူ၍ ကုသရင်း ကံကောင်း ထောက်မသဖြင့်သာ ရေတိမ်မနစ်ခဲ့ရသူ ကျနော့်အကိုကြီး မျက်နှာကိုလည်း မေ့လို့မရနိုင်တော့။

ခုလည်း မောင်သာမြိုင်အတွက် ဇာတ်သိမ်းခန်းမှာ မည်သို့ ဖြစ်လာရဦးမည်နည်း။

ကျနော်သည် မောင်သာမြိုင်ကို အတတ်နိုင်ဆုံး အားပေးရုံသာ အားပေးနိုင်သည်တကား။

မောင်သာမြိုင်သည် မင်းလှဘုန်းကြီးလက်ထဲမှ သူ့ကို ကယ်တင်ပေးပါဟု ထပ်ပြန်တလဲလဲ တောင်းဆိုနေရင်း နေကြီးဝင်သွားမည်ကိုလည်း စိုးရိမ်လာသည်။ နေကြီးဝင်သွားလျှင် ဘုန်းကြီးကျောင်း ရောက်တော့မည်ဟု ထင်လာသည်။ ထို့ကြောင့် သူသည် လက်ဝါးကာလျှက် နေကိုမဝင်ရန် ထပ်ပြန်တလဲလဲ တောင်းပန်နေသည်။

နေလုံးကြီးလည်း စုပ်စုပ်မြုပ်တော့မည်။ သူ့ပတ်ဝန်းကျင်၌ မရမ်းရောင် ညိုပုပ်ပုပ် သန်းလာနေသည်။ ဤနေလုံးကြီးမှာ ဆေးရည်ထဲမှာ နှစ်ထားသည့်အတိုင်းပင်။

လုပသော နွေရှုခင်းပန်းချီကားချပ်ထဲ၌ အဆိပ်များဖုံးလွှမ်းနေသည်ဟု ကျနော်ထင်သည်။ ကိုင်တွယ်စမ်းသပ်မိရာ နေရာတိုင်း၌ လည်းကောင်း၊ အနံ့အပြား လေထုထဲ၌ လည်းကောင်း၊ ပုပ်သိုး ဆွေးမြေ့နေသော၊ မည်သို့မျှ အသစ်ဟူ၍ ဟန်ဆောင်မရသော အဟောင်း အဟောင်းတို့၏ စက်ဆုပ်ဖွယ်ရာ အဆိပ်များသာ ပြွန်းတီးနေသည်၊ ကျနော်သိသည်။

အင်တောအထွက် လမ်းခွဲသို့ ရောက်လာသောအခါ မှောင်ရီပျခဲ့လေပြီ။

ကျနော်သည် မောင်သာမြင့်၏ တတွတ်တွတ် တောင်းပန်နေသံများကြား၌ပင် လှည်းပေါ်မှ ဆင်းကာ လမ်းခွဲလာခဲ့သည်။ မောင်သာမြင့်၏ အသံကား ကျနော့် နောက်ကျောဖက်မှ ပြေးလိုက်လာနေဆဲပင်။

"စာရေးဆရာ မကယ်နိုင်တော့ဘူးနော်၊ ကျနော့်ကို ပယောဂဆိုပြီး ရိုက်ကြ နှက်ကြမှာဗျ။ အဲဒီကျမှ ကျနော်ရူးမှာ၊ ဒီမိန်းမ သစ္စာမရှိဘူးဗျ။ ကျနော့် အနိုပ်စက်ခံရရင်တော့ ဒီမိန်းမကို သတ်ပစ်မယ်ဗျို့ သတ်ပစ်မယ်"

"ဟေး စာရေးဆရာ စာရေးဆရာသွား သွားတော့၊ ခင်ဗျားလဲ ဘာမှ အသုံးမကျတဲ့လူ မဟုတ်ဘူး၊ ခင်ဗျားလို လူမျိုးတွေ ဆန်ကုန် မြေလေး တယ်ဗျို့ စာရေးဆရာ။ သွားဗျ သွားဗျ၊ မှောင်တော့မယ်ဗျို့။ ခင်ဗျားကို မြွေပွေးကိုက်တော့မယ်ဗျို့ စာရေးဆရာ"

ကျနော်သည် ရွှေတိဂုံကုန်းတော်ကို ကျောပေးလျှောက်လာစဉ် ဆောင်းဦးပန်း ပန်းချီပြပွဲမှာ ကြည့်လာခဲ့သည့် "နွေအိပ်မက်" ပန်းချီကားချပ်ကို တသသ သတိရလာသည်။

အနုပညာသည် လူကို ပြုစားနိုင်၏။ လူ၏ မနောဝိညာဉ်ကို ဖမ်းယူချုပ်ကိုင်ထားနိုင်စွမ်းသည်။ ကျနော်တို့သည် ပန်းချီကားတချပ်ရှေ့၌ အိပ်မွေ့မိနေသလို ငေးမောကြရသည်။ ဝတ္ထုများထဲမှ ဇာတ်ကောင်များနှင့် ချစ်ကျွမ်းဝင်စွာ ရင်းနှီးကြရသည်။ ဝတ္ထုများထဲမှ ဇာတ်ကောင် များ၏ အတွေးများ၊ အာရုံခံစားမှုများသည် ကျနော်တို့ကို လာရောက် ရစ်ပတ်ကြသည်။

အဆိပ်ဖြင့် မေ့မောနေစေတတ်သော ဝတ္ထုများကို ဖတ်မိလျှင် ကျနော်တို့သည် လက်ရှိ လူမှုဘဝကို မေ့လျော့ကာ တွေဝေငြိမ်သက်နေတတ်လေသည်။ ထို့ကြောင့်ပင် ထိုဝတ္ထုမျိုး၌ ကျနော်တို့သည် အချိန်ကုန်ခံ မနေတော့ပေ။

ပန်းချီဝသုန်သည် ပြပွဲအပြီး၌ ကျနော့်ကို ဦးဝိစာရလမ်းအပေါ်လိုက်ပို့ရင်း သူ မြင်တွေ့လိုသည့် ပန်းချီကားများ အကြောင်း တက်ကြွစွာ ပြောလာခဲ့သည်။

ပန်းချီကားတွေ အပေါ်မှာ လူတန်းစားတိုက်ပွဲ အရောင်ထင်ဟပ်နေရမယ်။ သူ့အလိုလို လာထင်ဟပ်ကြတာတော့ ခေတ်တိုင်းမှာ ရှိတာပေါ့ဗျာ။ ကျနော်ဆိုလိုတာက ပန်းချီကားတွေဟာ တိုက်ပွဲကို မှတ်တမ်းတင်တဲ့ ဓါတ်ပုံတင် မဟုတ်ဘူး၊ တိုက်ပွဲအတွက် တက်ကြွစေမယ့် တွန်းအားဖြစ် လာရမယ်။

ဒါကြောင့် ပန်းချီဟာ စက်ကိရိယာလို ကုန်ထုတ်ပစ္စည်း မဟုတ်ဘူး၊ သူ့တန်ဖိုးဟာ အနုပညာတန်ဖိုးဘဲဖြစ်ရမယ်လို့ ကျနော် သတင်းစာ ရှင်းလင်းပွဲမှာ ပြောတာ။ သူ့တန်ဖိုးဟာ အသေ မဟုတ်ဘူး၊ တန်းမနေဘူး၊ လူတန်းစားတိုက်ပွဲအတွက် အင်အားရှိရှိ မီးမောင်းထိုးပြနိုင်သလောက် သူ့တန်ဖိုး မြင့်တက်လာရမယ်။

အတတ်ပညာ အသစ်တွေတော့ ရှာရမှာပေါ့ဗျာ၊ ကြိုးစားရှာဖွေကြရမှာပေါ့။ နည်းလမ်းအသစ်တွေ အများကြီး ရှာကြရမယ်။

ဝသုန်သည် စကားကို အေးအေးပြောတတ်၏။ တလုံးစီ စဉ်ပြောတတ်၏။ လေးလေးနှံ့နှံ့ ပြောတတ်၏ သူ့အသံမှာမူ သူ့နှလုံးသွေးကြောမှ လာသော ယုံကြည်ချက်ကြောင့် ခွန်အားပြည့်နေသည်။

ရွှေတိဂုံ ကုန်းတော်သည်လည်း ကျနော့် နောက်ကျော်ဖက်၌ ဝေးကျန်ရစ်ခဲ့လေပြီ။

ကျနော်သည် ကျနော်ရေးချင်သည့် "မြစ်ရဲ့တကွေ့" ပန်းချီကားကို မရေးချင်တော့ပြန်ပေ။ ပြန်သုံးသပ်နေမိပြန်သည်။

ထိုပန်းချီကားသည် မြစ်ခိုး မြစ်ငွေ့များဖြင့် မှုန်မှိုင်းလေသည်။ တက်ကြွမှုကို ပေးမည်မဟုတ်။ ဣဋ္ဌာရုံ အသွင်ဆောင်မည်မဟုတ်။ အနိဋ္ဌာရုံသည်သာ ပန်းချီကားတချပ်လုံးပေါ်တွင် လွှမ်းနေပေပြီ။

ပန်းချီကားနောက်ခံ တောင်ကုန်းမှာ အပွင့်ဝေနေသော ကံ့ကော်ပင်များဖြင့် လှနေသည်။ မြစ်ရေအလျဉ်ကား တိတ်ဆိတ်စွာ ငြိမ်သက်နေပေပြီ။ ပိတ်စကြီးနှင့် ကပ်ထားသလို ငြိမ်သက်နေသည့် နေဝန်းနီကြီးမှာ ဤပန်းချီကားချပ်ထဲ၌ ဘယ်အခါတွင်မှ အရောင်တောက်ပ လာတော့မည်မဟုတ်။ နီညိုသော အရောင်နှင့် နေကား ရုပ်တန့်ကာ သေနေသလိုပင်။

သို့သော်လည်း ဤပန်းချီကားကို ကျနော်တသက်တွင် မေ့ဖျောက်နိုင်တော့မည် မဟုတ်။

ထိုနေ့မှာ ကျနော်တို့၏ ဘုရားမှန်စီအလုပ် သိမ်းမည့်နေ့ ဖြစ်သဖြင့် အလုပ်သို့ စောစောလာခဲ့ကြ၏။

မြစ်ပင်လယ်တွင် ဖြတ်ကူးလာသည့် နွားဖြူကြီးတရှဉ်း ရှုန်းဆွဲလာသည့် လှည်းကို တွေ့ရသောအခါ နေဝန်းနီစက်ဝိုင်းကြီးသည်လည်း တောင်ထိပ်တွင် ပေါ်လာစသာ ရှိသေးသည်။

လှည်းနောက်မှ မြစ်ကိုဖြတ်ကူးလာသည့် လူအုပ်ကြီးကိုလည်း မသဲမကွဲသာ မြင်ရသေးသည်။

ကျနော်၊ ပန်းရုံဆရာကလေး နှင့် ပန်းရုံ အလုပ်သမားများသည် မြစ်တဖက်ကမ်း သဲသောင်စ၌ ရပ်လိုက်ကြသည်။ လှည်းဖြတ်ကူးပြီးမှ ကူးရန်ဖြစ်သည်။

ကျနော်တို့ ကြည့်နေဆဲ၌ လှည်းသည် အနီးကပ်လာ၏။ ပထမက အလောင်းနှစ်လောင်း တင်လာမှန်းသာ သိသည်။ ရှေ့နားရောက်လာမှ မပြုံးသွေးနှင့် သူ့မိခင်အိုကြီး၏ မျက်နှာများ သဲကွဲလာသည်။

မောင်သာမြိုင်နှင့် မောင်နှမလို ရုပ်ချင်းဆင်လှသည့် မပြုံးသွေးမျက်နှာ ကလေးမှာ အလင်းဖျော့ဖျော့၌ ပေါ်လာလေသည်။

"အရှူးမယား ကောင်မကလေးမှတ်လား အကိုလေး ... ဟုတ်ပါတယ်၊ သူတို့သားအမိပါ၊ ဘယ်လိုများ ဖြစ်ကြတာလဲဗျာ၊ စိတ်မချမ်းသာ လိုက်တာ"

ကျနော့်ညီလည်း တော်စပ်သေးသည့် ပန်းရုံဆရာကလေးက အသံတုန်တုန်ဖြင့် ပြောနေသည်။

ထိုအခိုက်၌ပင် လှည်းသည် ကျနော်တို့အနား ရောက်လာ၏။ ကျနော်နှင့် မျက်မှန်းတမ်းမိနေသည့် လှည်းမောင်းသမားသည် ကျနော့်ကို နှုတ်ဆက်အကြည့်ဖြင့် လှမ်းကြည့်သည်။ ပြုံး၍မူ မပြနိုင်ရှာပေ။ သူ၏ ထိခိုက် နာကျင်နေသော အသဲနှလုံးများကို သူ့မျက်နှာပေါ် မြင်တွေ့နေရသလို ကျနော်ထင်သည်။

ကျနော်လည်း စိတ်ထိခိုက်မိသည်။ ဤလှည်းမောင်းသမားကို အကျိုးအကြောင်း မမေးမိသလား၊ မေးမိသလားကို ခုအခါ ကျနော် ပြန်တွေးနေသောအခါ မမှတ်မိတော့ပြီ။

လှည်းသမားကမူ ကျနော့်နံဘေးတွင် လှည်းရပ်ကာ အကျိုးအကြောင်း ရှင်းပြရှာသည်။

"အကြောင်းတော့ မပြောချင်ဘူးဗျာ...စာရေးဆရာနှယ် မောင်သာမြိုင်လေဗျာ၊ ညတုန်းက မင်းလှကျောင်းက ပြန်ပြေးလာပြီး သူ့ကို မတရား ရိုက်ခိုင်းတာ ဒီမိန်းမဘဲဆိုပြီး ဓားနဲ့ထိုးသတ်သွားတာ၊ ခုဓားတလက်နဲ့ အရှေ့တောင်ခြေ ကပ်သွားတာဘဲ၊ ဘယ်သူမှလည်း မဖမ်းရဲဘူး၊ အနားမကပ်ရဲဘူး၊ တောထဲမှာ တယောက်ထဲ တငိုငိုဖြစ်နေတာဘဲဗျာ"

လှည်းကား ကျနော်တို့ကို ဖြတ်ကျော်သွားလေပြီ။

ကျနော်လည်း "မြစ်ရဲ့တကွေ့" ပန်းချီကားထဲမှ နေတစင်းကို နေဆယ်စင်းအထိ ရေးဆွဲလိုက်လေသည်။

ထိုအခါ၌ ကျနော့်စိတ်အာရုံ၌ မြင်နေရသော ငြိမ်သက်သေနေသည့် မြစ်ရေပြင်မှာ ပူပြင်းလွန်းသဖြင့် အခိုးအလျှံများ ထလာသည်။ သောင်ပြင်များသည် ကြမ်းလာကြ၏။ သစ်တောများသည် မီးတောက်မီးလျှံကြီးများ ထလောင်လာကြ၏။ လှည်း၊ နွား၊ လူသေအလောင်းများမှာ မီးလောင်ကျွမ်းလျှက် ပြာများသည် ရေပွက်ပွက်ဆူထဲ လွင့်စင် ကျပျောက်နေသည်။ ယာခင်းများ ပြာကျကုန်ပြီ။

လေနီကြမ်းကား ဆင်လာပေပြီ။ မုန်းတိုင်း၏ ဟီးသံလည်း ဟိန်းဟိန်းညံလာပြီ။

ကျနော်လည်း ဤပြောင်းလဲသွားသော ပန်းချီကားကို ကြည့်လျှက် တက်ကြွလာသောစိတ်ဖြင့် ရင်အုံမှာ မောက်ကြွလာသည်။ ခဏမျှ အသက်ရှူကို ရပ်တန့်ထားမိသည်။

ကောင်းပြီ။ အဟောင်းအမြေ့ အဆိပ်အားလုံး ပြာအထိချလိုက်ကြရန် လိုအပ်ပေပြီ။

လမ်း
(ဘဝစာမျက်နှာများ – ၅)

“ခင်ဗျားဝတ္ထုတွေ လုံးချင်းပြန်ထုတ်မယ်ဆိုရင် ကျနော်အမှာစာရေးချင်တယ်ဗျာ၊ ခင်ဗျားကလဲ သဘောတူမယ်၊ ထုတ်ဝေသူကလဲ သဘောတူမယ်ဆိုရင်ပေါ့”

ထိုစကားစုကို ကျနော်သည် မိတ်ဆွေ စာရေးဆရာအား ပြင်းပြထက်သန်စွာ ပြောခဲ့လေသည်။

လပေါင်းများစွာမှာ ကြာလာလေပြီ။ သူ၏ဝတ္ထုတိုများလည်း မထုတ်ဝေဖြစ်။ ဤလပေါင်းများစွာ၌ ကျနော်ရေးချင်သည့် အတွေးစများမှာမူ ကျနော့်စိတ်အာရုံထဲမှာ လှုပ်ရှားနေသည်။

ထိုစာရေးဆရာ၏ စာဖတ်သူတဦးက ပြောခဲ့သည့်စကားသံများ စကားလုံးများသည်လည်း ကျနော့်စိတ်ထဲမှာ မပျောက်ပျက်နိုင်တော့သည့် သက်ရှိ အကောင်အထည်များ ဖြစ်နေပေပြီ။

သူက ....
“ငါကွာ .. ပထမ သူ့ဝတ္ထုတွေဖတ်တော့ သူ့ကို သနားလာတယ်၊ သူ့ဒုက္ခတွေကို ကိုယ်ချင်းစာလာတယ်၊ သူ့ကလေးတွေနဲ့ ထမင်းနပ်မှန်အောင် မစားရတာတွေ၊ သူ့အိမ်ကလေး အမိုးမလုံလို့ ခနိုကြိဖန်ရှာရတာတွေ၊ ငါဖတ်တောင် မဖတ်နိုင်တော့ဘူး၊ ရင်ထဲဆို့လာတယ်၊ ငါတို့အဖြစ်နဲ့ တူတာကိုးကွ၊ သူ့ဝတ္ထုတွေဟာ ငါတို့ဘဝတွေ တင်ပြနေတာလို့ ထင်တယ်၊ သူ့ဝတ္ထုတွေဖတ်ကာစကာများဆိုရင် သူမှ စာရေးဆရာလို့ ငါထင်မိခဲ့တယ်”

“အဲဒီတုန်းကဆိုရင်ကွာ ကုန်ကုန်ပြောရရင် ဘယ်သူ့မှ စာရေးဆရာလို့ မထင်တော့ဘူး၊ သူမှ တကယ့်စာရေးဆရာ ပေါ့ကွာ၊ ငါတို့ရဲ့ စာရေးဆရာပေါ့”

ဟူ၍ သူက လေးနက်သည့် မျက်နှာ၊ လွမ်းနွေးကြီးမားသည့်မျက်နှာ၊ တွေးဆချင့်ချိန်နေသည့် မျက်နှာ၊ လေးတွဲ့နေသည့်စကားသံများဖြင့် ပြောခဲ့သည်။

ကုန်းပေါ် ရွာကလေးမှ ထွက်ခွာခဲ့လာသည့် တိုင်အောင် ကျနော့်စိတ်အာရုံကို သူ့စကားများ သူ့အသံများသည် ရိုက်ပုတ်နေဆဲပင်။

“အံ့ဩစရာလား”

ကျနော့်ကို ကျနော် ပြန်မေးလေသည်။

ဤတောအလယ်၊ တံငါတပိုင်း လယ်သမားတပိုင်း ရွာကလေးမှ ဝေဖန်ရေးပေးလိုက်သံထဲတွင် အံ့ဩစရာကားမရှိ။ စာဖတ်သူသည် သူ့ဘဝ သူ့ပတ်ဝန်းကျင်က ရိုက်ခတ်စေ့ဆော်မှုကြောင့် ဖြစ်ပွားလာရသည့် သူ့ခံစားမှု များကို ဖော်ပြ လိုက်ခြင်းပေတကား။

ဤရွာကလေးမှ အမျိုးသမီးများမှာ တဦးတယောက်မျှပင် စာမတတ်။ အမျိုးသားများထဲတွင် သုံးပုံနှစ်ပုံမှာ ကိုယ့်နာမည်ကိုမှ ကိုယ်မရေးနိုင်။ စာသင်ကျောင်းမရှိ။ ဘုန်းကြီးကျောင်းပင် မရှိ။

ရွာကလေးကား တောကြားထဲမှ မြုပ်နေသည်။

ဤရွာကလေးသို့ ကျနော်လာလျှင် စာအုပ်များကို သယ်ပိုးလာသည်။ ကိုထွန်းခင်ကြီးက သူဖတ်သမျှများကို ဝေဖန်ရေးပေးလိုက်တတ်သည်။

“စာရေးဆရာ” ကို မည်သည့် အနုပညာရှင်၊ မည်သည့်အနုပညာ တပ်မက်သူ ပညာရှင်က မည်သို့အဓိပ္ပါယ် ဖွင့်ဆိုသည်ဖြစ်စေ၊ ကိုထွန်းခင်ကြီးကလည်း သူ့စိတ် သူ့အာရုံကို အဆွဲငင်နိုင်ဆုံး၊ သူ့နှလုံးသားကို အထိခိုက်ဆုံး ကိုင်လှုပ်နိုင်သူကိုသာ “စာရေးဆရာ” ဟု သူက ခေါ်ဆိုလိုက်လိမ့်မည်။

ကျနော့်လက်ထဲတွင် မဂ္ဂဇင်းပေါင်းစုံမှ ဖြတ်ယူကာ စုပေါင်းချုပ်ထားသော မိတ်ဆွေ စာရေးဆရာ၏ ဝတ္ထုတိုများ ပြန်ပါလာသည်။

ကျနော်လည်း သူ၏ဝတ္ထုတိုများကို ဘာသာရပ်တခုလို လေ့လာခဲ့သည်။

ထိုဝတ္ထုတိုများ၌ မိတ်ဆွေစာရေးဆရာသည် ခေတ်ရေစီးကြောင်းကို ဖွင့်ချပြရန် ကြိုးပန်းထားသည်ဟု ကျနော်ထင်ခဲ့သည်။ သူ့ဝတ္ထုတိုများမှာ သူနှင့် သူ့ဇနီး သားသမီးများကို ဇာတ်ပြုထားတတ်သည်။ သူတို့သည် ဝတ္ထုတိုများထဲတွင် အသက်ရှင် လှုပ်ရှားနေသည့် ဇာတ်ကောင်များ ဖြစ်နေသည်။

"မညှင်းစမ်း ပါနဲ့ကွာ၊ ငါ အကြဲ အဖန် ကလေးများ လုပ်ကြည့်ပါအုံးမယ်"

သူ့ဇာတ်ကောင်သည် တဲစုတ်ကလေးပေါ်မှ ခုန်ဆင်းကာ အဝေး၌ ပျောက်ကွယ်သွားသည်။

"မညှင်းစမ်းပါနဲ့ကွာ၊ မင်းတယောက်ထဲ ဖြစ်နေတာမဟုတ်ပါဘူး၊ လူတွေ ကုဋေကုဋာပါ"

သူ့ဇာတ်ကောင်များသည် စုတ်ပြတ်ညစ်ပတ်နေကြ၏။ လမ်းပေါ်မှာ လွင့်နေကြ၏။ အကြံအဖန်များ မပြတ်အစဉ် လုပ်နေကြ၏။ ကုန်သွယ်ရေး အရောင်းဆိုင်များရှေ့တွင် အမြတ် အစွန်း ရသည့် ငွေစကလေးများဖြင့် အရက်ဆိုင်များ ရှေ့သို့ လျှောက်သွားကြသည်။ အရက်ကလေး ထွေထွေဖြင့် အဘိဓမ္မာ ပုစ္ဆာများ ထုတ်တတ်သည်။

"တဲအိမ်စုတ်၊ လမ်းကြား၊ အရက်ဆိုင်၊ အကြံအဖန်" များထဲ၌ သူ့ဇာတ်ကောင်များ သူ့ဝတ္ထုများသည် သံသရာလည်နေကြ၏။

(က) မှ ထွက်ခွာသွားသည်။ (အ)သို့ ရောက်ပြီးလျှင် (က)၌ အမြီးပြန်ဆက်ကာ သူ့ဝတ္ထုများ၏ စက်ဝိုင်းကား မှန်မှန်လည်ပတ်နေသည်။

သူ့ဇာတ်ကောင်များ၌ အလုပ်သမားထုကြီး၏ မိုးကိုဖြိုချပစ်နိုင်သော စွမ်းအားကို မတွေ့မိ။

သူ့ဇာတ်ကောင်များမှာ အလုပ်သမားထုကြီး စွန့်ပစ်လိုက်သော အမှိုက်စများနှင့် တူနေ၏။ သူတို့သည် လမ်းပေါ်မှာ လေထဲမှာ လွင့်နေကြ၏။

မယားတယောက်ထဲ လင်နှစ်ယောက် ယူထားသည့် ဆင်းရဲသားဇာတ်လမ်း။ သူ့ဝတ္ထုများထဲမှ ဇာတ်ကောင်များ၊ စကားသံများ၊ အဘိဓမ္မာများသည် ကျနော့်ကို တိုးဝှေ့စွာ သွားကြလေသည်။

ဝတ္ထုများ၏ အမည်နာမများကို ကျနော်သတိ ရနေလေသည်။

ဝတ္ထုတပုဒ်၌ သူသည် "လမ်းဘယ်မမြင်ပါ" ဟု ခေါင်းစဉ်တပ်ခဲ့သည်။ သူ၏ အဘိဓမ္မာပေလား။

ထိုဝတ္ထုထဲမှ သူ့ဇာတ်ကောင်သည် စားဝတ်နေရေး မဖြေရှင်းနိုင်တော့သဖြင့် ကိုယ့်လို အကြံအဖန်သမားချင်း အပေါ်မှာ လှည့်ပတ်ကာ ထပ်ဆင့်အကြံအဖန် လုပ်သွားလေသည်။

ကျနော့်ကို သူ့စာလုံးများက မည်သို့ တိုးဝှေ့သည်၊ ရိုက်ခတ်သည်၊ ကျနော်က မည်သို့ တုန့်ပြန်သည်မှာ အဓိက မကျနိုင်။ ပြည်သူထဲမှာ မည်သို့ တိုးဝှေ့ဝင်ရောက်နေသည်သာ အဓိကကျပေမည်။

ကျနော့်စိတ်အာရုံထဲတွင် ကုန်းပေါ်ရွာကလေးမှ စာဖတ်သူ ကိုထွန်းခင်ကြီး၏ ရှေ့သွားများကျိုးနေသည့်မျက်နှာ၊ ပုအိုင့်အိုင့်ပုံသဏ္ဍာန်၊ စကားပြောလျှင် မျက်ခုန်းကြီးများ ပင့်ပင့်ထားတတ်ပုံ၊ ကျောက်ရုပ်ကြီးလို ခိုင်မြဲနေမှု၊ ကြီးမားပြင်းပြသော သူ့စိတ်ဓာတ်များကို သတိရနေသည်။

ကျနော့်နှလုံးသွေးကြောထဲတွင် ထင်းခုတ်သမားဘဝက တွေ့ကြုံခဲ့ရသည့် တောတောင်များ၏ လှုပ်ရှားသံများသည်လည်း မငြိမ်စဲနိုင်သေးပါတကား။

နှင်းမှုံများ အုံ့ဆိုင်းထားသည့် လှည်းတန်းရှည်ကြီးမှာ တမျှော်တခေါ်ကြီးပင်။ လမ်းနှစ်ဖက်၌ ဝါးရုံတောကြီး များသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တောနှင့်တောင် နောက်ခံကားချပ်ကြီးမှာလည်း ငြိမ်သက်နေသည်။ တောင်စောင်းမှ ပွဲကျလာသည့် ကျောက်တုံးပွဲကြီးများသည် တောင်ခြေ လမ်းမြောင်နံဘေးတွင် ငြိမ်ဝပ်နေသည်။ ရေအိုးမြုပ် တောင်ကြောပေါ်မှာ ဘုရားစေတီအိုကို ကျနော် သတိတရ ဖြစ်နေသည်။

ထင်းများမောက်လျှံနေသည့် လှည်းများပေါ်တွင် ငိုက်မေ့နေကြသည့် ထင်းခုတ်သမားများ၏ လက်မောင်း ကြွက်သားများ၊ မာကျောဖုထစ်နေသည့် ကိုယ်ခန္ဓာများ၊ ဟက်ဟက်ပက်ပက် ဟားတိုက်ရယ်နေသံများ၊ ညစ်ပတ် စုတ်ပြတ်နေသည့် အဝတ်အစားများ၊ မီးဖွား တဖွားဖွား ကျနေသည့် ဆေးပေါ့လိပ်တိုကြီးများကို ပါးစပ်၌ ကိုက်ခဲထားဟန်၊ သူတို့၏ ခွန်အားပြည့်သော မျက်နှာများပင်လျှင် တဦးတယောက်နှင့် အခြားတယောက်ကို ခွဲခြားမရသလို ကျနော် ထင်လေသည်။ တဦးတယောက်၏ ဘဝသည်လည်း အခြားလူပေါင်းများစွာနှင့် ဆက်စပ်နေသည်။ တစ်ဦးတစ်ယောက်၏ အတွေးသည် အခြားတစ်ယောက်နှင့် ပေါင်းစပ်သွားသည်။တစ်ဦးတစ်ယောက်၏ စိတ်ထိခိုက်နာကျင်မှု၊ ပျော်ရွှင်မှု၊ ဒေါသ ပေါက်ကွဲမှု များသည် အခြားတစ်ယောက်မှ တစ်ယောက်သို့ ရိုက်ခတ် ကူးစက်သွားသည်။ တစ်ဦးတစ်ယောက်၏ ဟိန်းဟောက်လိုက်သံ၊ ကြုံးဝါး လိုက်သံသည်လည်း အခြားသူများကို လျှင်မြန်စွာ ကူးစက်သွားသည်။

"ယောကျ်ားဆိုတာ ကျားကျားလျားလျား မှကွ...မ လိုက်စမ်းဟေ့ .... ကျား .... ကျား"

ဤတက်ကြွသော တညီတည်း၊ တပြိုင်တည်း ဟစ်အော်လိုက်သံကြီးများသည် ကျနော်တို့ နှလုံးသွေးကြောများထဲမှ တိုးထွက်လာခဲ့ သလိုပင်။

ကျနော်တို့၏ လှည်းဘီးများ တောင်ခြေရှိ လျှိုစပ်ထဲတွင် မြေထဲသို့ ခွဲဝင်သွားလေသည်။

လှည်းများပေါ်၌ ထင်းတုံးများ မောက်လျှံနေသည်။ သန်မာသော ခိုင်းနွားကြီးများသည် အမြီးများ ထောင်လျက် ခါးရိုးကြီးများ ခုံးကြွလာအောင် အားကုန်ရုန်းလေသည်။ လှည်းဘီးတို့သည် ကုတ်တုံးများဖြင့် လှည်းဘီးများကို ထမ်းထုတ်ကြသည်။ ကျွန်တော်တို့၏ အရှိန်ပြင်းစွာ အော်ဟစ်သံ ညာကြွေးသံများသည် ကျောက်တောင် ကမ်းပါးယံကြီးများကို ပြေးတိုက်ခိုက်သည်။ သစ်တောများကို ဖြတ်ကျော်လျက် တဝေါဝေါ မြည်နေသည်။

"ကျား .... ကျား"
"ကျား .... ကျား"

ထိုအော်ဟစ်သံ အစုအပေါင်းကြီးထဲတွင် ကျနော့် အသံလည်းပါမည်။ ကိုအုံးမောင်၊ ကိုခွေးပု၊ အခြား ထင်းခုတ်သမားများ၏ အသံလည်း ပါမည်။ ကျနော့်အသံဟူ၍ သီးခြားခွဲထုတ်မရနိုင်။ ကိုထွန်းခင်ကြီး၏ အသံသြကြီးသည်ပင် ဤအစုအပေါင်းကြီးအောက်၌ နစ်မြုပ် ပျောက်ကွယ်နေသည်။

တယောက်ကို တယောက် အားသွန်ကူညီနေရချိန်များ၌ သူ့ခွန်အား၊ ကိုယ့်ခွန်အား ခွဲခြားမရနိုင်။

တယောက်ကိုတယောက် မှီတွယ် ပေါင်းစီးလျက် ရှိသော ခွန်အားများလည်း မြစ်ကြီးတမြစ်ထဲ၌ ရေပေါင်းများစွာ ပေါင်းစပ်စီးဆင်း နေသလို ပင်။

တောင်ကြောအထက်၌ နွားများမရုန်းဆွဲနိုင်လျှင် လူအုပ်ကြီးသည် လှည်းတစီးပြီးတစီး တွန်းတင်သွားလိမ့်မည်။ အခက်အခဲများကြား၌ကား သူ့နွားကိုယ့်နွား ခွဲခြားမထားနိုင်။ ဝန်မဆွဲနိုင်သည့် နွားများကို ဖြုတ်ပြီး အားကောင်းမောင်းသန်နွားများဖြင့် လဲလှယ် ကောက်ကြလိမ့်မည်။ ချောင်းအတက်များ၊ ကျွံနေသော ညွံဗွက်များ၊ လျှိုမြောင်များထဲမှ ကူညီဆွဲထုတ် လာလိမ့်မည်။

အခက်အခဲများကြုံလာလျှင် အားတိုက်ခွန်တိုက် အလုပ်လုပ်သံ၊ ဆဲဆိုသံများကြောင့် တောများ၊ တောင်များ၊ လျှိုမြောင်များမှာ အသက်ဝင် လာတော့သည်။

ကိုလှမောင် သစ်ပင်ပိသည့် နံနက်ကလည်း လူသေကြော၊ ဆင်သေကြော၊ ရေအိုးမြှုပ်ကြောတို့၏ တောင်နှာမောင်းများ၊ ချောက်ကမ်းပါးများ၊ သစ်တောများ၊ လျှိုမြောင်များ၌ ဤအသံပေါင်းစုံဖြင့် လှုပ်ရှားနေခဲ့သည်။

"ဟေး ...... လှမောင် သစ်ပင်ပိလို့ဟေး"

ဤအော်ဟစ်သံ အကြောင်းကြားသံသည် တောင်ကြောတခုမှတခု၊ လျှိုမြောင် တခုမှတခုသို့ ပျံ့နှံ့သွားသည်။ နေရာတကာမှ လူများသည် ဆင်သေကြောသို့ ပြေးလွှား လာနေကြသည်။

ကျနော် ရောက်သွားချိန်၌ ကိုထွန်းခင်ကြီးနှင့် အခြားတယောက်တို့က အလောင်းကိုချိုင့်ဝှမ်းထဲမှ ထမ်းတက်လာကြလေပြီ။ လူအချို့သည် ဆဲဆို ဆူညံလျက်ပင် အလောင်းထမ်းတင်လာရာ ကျဉ်းမြောင်းသည့် မြောင်စောင်းကလေးအတိုင်း သစ်ပင်များ ဆွဲတက်လာသည်။ သူတို့သည် ပိသည့် သစ်ပင်ကြီးကို ဖယ်ကာ အလောင်းကို ဆွဲထုတ်လာခဲ့သည်။

အလောင်းမှ သွေးများသည် ထမ်းလာသူများကို ပေကျံလေသည်။ အလောင်း၏ ခြေထောက်နှစ်ဖက်စလုံး ကြေမွလျက် ရင်အုံမှာ ပိပြားနေသည်။

အလောင်းကို တောင်ကြောပေါ်တွင် ဖြုတ်ထားသည့် လှည်းပေါ်တင်ကြသည်။

အလောင်းကို ဝိုင်းကြည့်နေသူများမှာ စိတ်ထိခိုက်နေကြသော်လည်း နှုတ်များမှမူ ဆဲဆိုသံများဖြင့် ဆူညံနေသည်။

"××××မှပဲ၊ ဒီ ×××× ကလဲ ဒီချောက်စွန်းကဟာမှ သွားလှဲတာကိုးကွ၊ မနေ့ကတောင် ဒီအပင်ကို ဒီ ××××လှဲမလို့၊ ××× မနေ့ကတောင် ငါပြောထားလို့ မလှဲတာ၊ ခုတော့ ဒီအပင်မှ သွားလှဲတယ်ကွာ၊ သူ့မိန်းမနဲ့ ကလေးတွေ ဒုက္ခပါပဲကွာ၊ ငါတို့ ဘယ်လို ပြန်ပြောရမယ်တောင် မသိတော့ဘူး"

ဂရုဏာဒေါသောဖြင့် အလောင်းကို ဆဲဆိုနေကြသံ၊ အော်ကြီးဟစ်ကျယ် ပြောနေကြသံများကြား၌ ကျနော့်ခေါင်းထဲလည်း ရှုပ်ထွေးနေသည်။ သေသူ၌ သူ့အလောင်းကို လွှမ်းရန် အဝတ်စကလေးတခုပင် အပိုမရှိ။ ကိုလှမောင်၏ ဇနီးမှာလည်း ဝေဒနာသည် ဖြစ်၏။ ကျန်ရစ်ခဲ့သည့် ခလေးငါးယောက်မှာလည်း ငယ်ရွယ်လွန်းလှသည်။

သူတို့မိသားစုသည် ခရီးမိုင်များစွာဝေးသည့်အရပ်မှ လှည်းကလေးပေါ်တွင် ရှိစုမဲ့စု အိုးခွက် အဝတ်ထုပ်ကလေးများကို သယ်ကာ ကျနော်တို့ရွာသို့ ရောက်လာခဲ့သည်။ ရွာအစွန်၌ တညနေခင်းအပြီး ထန်းလက်တဲ့ကလေး ပြီးစလွယ်ထိုးကာ နေလိုက်သည်။ ကျရာ၌ အပင်ပေါက်သည့် ရွက်ကျပင်ပေါက်နှင့် မည်သို့ခြားနားပါမည်နည်း။

ကိုထွန်းခင်ကြီးသည် အလောင်းအနေအထားကို ပြင်ပေးနေသည်။ တယောက်က ပုဆိုးစုတ်ကလေးတထည်ဖြင့် အလောင်း၏ ရင်အုံကို လွှမ်းလိုက်လေသည်။ ပုဆိုးစုတ်ကလေးမှာ သွေးများချက်ချင်းနီသွားလေသည်။

“ကောင်းပါတယ်ကွာ၊ တခါထဲ သေတာပဲ ကောင်းပါတယ်၊ မဟုတ်ရင် အလုပ် မလုပ်နိုင် မကိုင်နိုင်နဲ့ ဒုက္ခိတဖြစ်နေရမှာ၊ တသက်လုံး စိတ်ဆင်းရဲနေရမှာ၊ ဒါက ကောင်းပသေးတယ်ကွာ”

ကိုထွန်းခင်ကြီး၏ မှတ်ချက်ချသံနှင့် သက်ပြင်းရှိုက်သံများမှာ ကျယ်လောင်လှသည်။ သူ့ရင်ထဲ၌ တိုးဝှေ့နေသည့် အပူငွေ့များမှာ သက်ပြင်းချသံထဲ၌ ပါသင့်သမျှကား ပါသွားပေမည်။

(ဝန်ခံချက် ။ ။ ဒီစာပိုဒ်မှာ စာရေးသူမူရင်းရေးထားတဲ့ တချို့စာလုံး စာသားတွေဟာ အနည်းငယ်ဖတ်လို့ အဆင်မပြေတာကြောင့် × × × × နဲ့ပြောင်းရေးလိုက်ပါတယ်။)

ဤတောတောင်များ၌ သစ်ပင်များ ပြုန်းတီးများကုန်သောအခါ ထင်းလုပ်ငန်းသည်လည်း နေရာသစ်ကို ပြောင်းရွှေ့သွားသည်။

လယ်ယာမဲ့၊ အိုးခြေမတည်၊ အိမ်ခြေမတည်များသည်လည်း ခရီးမိုင်ပေါင်းများစွာ ဝေးကွာလှသည့် ထိုနေရာသစ်သို့ လိုက်ပါပြောင်းရွှေ့သွားသည်။ သူတို့၏ ဇနီး၊ ခလေးများနှင့် စားအိုး စားခွက် အနည်းငယ်၊ အဝတ်အစား စောင်ထုပ်များကို လှည်းပေါ်တင်ပြီးသောအခါ ဤလှည်းသည်ပင် သူတို့၏ အိုးအိမ်ဖြစ်သွားသည်။

သူတို့၏ ပေါင်းမိုးတပ် လှည်းတန်းရှည်ကြီးမှ တညနေ၌ ရွာမှ ထွက်ခွာသွားလေသည်။

ညနေပိုင်း၌ ထွက်ခွာသွားကြမည့် လှည်းများသည် တစီးပြီးတစီး ရွာထိပ် ညောင်ပင်ဝိုင်းကြီးအောက်သို့ မောင်းလာကြသည်။ လှည်းများပေါ်၌ နို့စို့ခလေးများသည် ငိုယိုနေကြလျှက်၊ ခလေးအချို့ကား ပျော်ရွှင် ဆူညံနေသည်။ အကျိုပလာနှင့် အလုပ်သမားများသည် ဆဲသံတညံညံနှင့် စကားပြောနေသည်။

လှည်းများစုံ၍ ထွက်ခွာကြမည့် အချိန်၌ ကိုထွန်းခင်ကြီး၏ သားကလေးသည် ကျနော်နှင့် ခွဲမရဖြစ်နေသည်။

“ဦးလေး လိုက်ခဲ့ရမယ်နော်” ဟု မပီကလာ တောင်းပန်နေသံကြောင့် ကျနော်လည်း အခွဲရခက်နေသည်။

သူ၏ ပိန်လှီသေးငယ်လှသည့် လက်ကလေးဖြင့် ကျနော့်လည်ပင်းကို မလွှတ်တမ်း ဖက်ထားသည်။ သူ့ခေါင်းဖြင့် ကျနော့်မျက်နှာကို အတင်းဖိကပ်ထားသည်။ ချေးညှော် အထပ်ထပ်ကြား၌ သူ၏ မျက်လုံးကလေးများကား ကြည်လင်နေသည်။

သူ့အဖေသည် သူ့သားကို ချော့ခေါ်နေရသည်။

“ကောင်ကြီး … ဒီကောင်လေးကို မင်းခေါ်သာ ထားလိုက်တော့ကွာ၊ × × × သူ့ပထွေးကျနေတာပဲ”

သူ့အဖေက မျက်ခုံးကြီးပင့်ကာ အော်ဟစ်ရယ်မောလိုက်သည်။

“ကုရင်တောင်ပေါ်ဆိုတော့ သိပ်ချမ်းမှာပဲကွ၊ စောင်က သားအဖသုံးယောက်မှ တထည်ပါတာ၊ မိန်းမ မီးယပ်ပြန်မှ နွေးတော့မှာပဲ”

“ဟေ့ကောင်ကြီး သွားမယ်ကွ၊ ကုရင်နီကုန်းဖက် လာအုံးကွာ၊ မင်းလှည်းနဲ့နွား ပြန်အပ်လိုက်ပလား၊ မဟုတ်ရင် ဒို့နဲ့ လိုက်ခဲ့ရင်ကွာ”

“မင်း ရန်ကုန် အလုပ်ရှာသွားမလို့ဆိုကွ”

သူတို့သည် လှည်းများ မောင်းထွက်သွားသောအခါ ကျနော့်ကို ဆဲဆို နှုတ်ဆက်သွားကြသည်။

လမ်းမကြီးပေါ်၌ ဖုန်လုံးကြီးလည်း လိုင်းလုံးကြီး တခုလိုထကြွလာသည်။ လယ်ကွက်များကို ဖြတ်ကျော်သွားကြသည်။ ကြည့်နေဆဲ၌ပင် လှည်းတန်းရှည်ကြီးမှာ ဖုန်လုံးကြီး အောက်၌ တချက်တချက်သာ မြင်ရတော့သည်။ လှည်းများ၏ ပေါင်းမိုးကြီးများသည် ညွတ်ကွေးနေကြ၏။

နေလည်း ညို့ဆိုင်းခဲ့လေပြီ။

ရက်ပေါင်းများစွာ ကြာသောအခါ ကျနော်လည်း အလုပ်ရှာဖွေရန် ကျနော့်ရွာကို စွန့်ခွာလာခဲ့ရသည်။ ဤကြီးမားဝိုင်းစက်လှသည့် နေပျောက်မသန်းသော ညောင်ပင်ကြီးအောက်မှပင် လွယ်အိတ်တလုံးလွယ်ကာ ဖြတ်သန်းလာခဲ့ရသည်။ ညောင်ပင်ကြီးပေါ်တွင် ငှက်များ ဆူညံနေလျှက် ညောင်သီးမှည့်များလည်း တဖျောဖျော ကြွေနေဆဲပင်။

ထိုကတည်းက ကိုထွန်းခင်ကြီးနှင့် ကွဲကွာသွားသည်။ ကျနော်ကား ပညာမတတ် တတတ်ဖြစ်၍ မြို့ပြများတွင် ရောက်နေသည်။

ကိုထွန်းခင်ကြီးက သစ်ခက်တဲကလေးနှင့် ထင်းအလုပ်ကို ဆက်လက်လုပ်ကိုင် နေစဉ်တွင် ကျနော်ကား မီးရထားကုန်ရုံ ရုံခန်းထဲ၌ စာရေးကလေးဖြစ်နေသည်။

ထိုရုံးခန်းကလေးထဲတွင် ကျနော်ဝတ္ထုဇာတ်လမ်းများကို ဖန်တီးနေချိန်၌ ထိုထွန်းခင်ကြီး၏ ဘဝဒုက္ခများကို မသိမြင်နိုင်။

သူသည် တောင်ပေါ်၌ ထင်းခုတ်သမား တဲစုကလေးတွင်နေရင်း ပြင်းထန်လှသည့် ဝေဒနာများကြောင့် အိပ်ယာထဲ လဲကျခဲ့လေပြီ။

သူ့ဝေဒနာမှာ ဒူလာသွေးဝမ်း၊ ငန်းဖျား၊ ပန်းနာတို့တလှည့်စီ ဖြစ်သည်။ ဤနာတာရှည် ဝေဒနာများကြောင့် ထင်းကိုလည်း ဆက်မခုတ်နိုင်။ ဆေးဝါးလည်း မကုသနိုင်။ ထိုနေရာတွင် ဆက်လက်၍လည်း နေနိုင်စရာမရှိတော့ပေ။

ရက်တာရှည်လာသောအခါ သူ့ဇနီးသည် ပက်လက်ဖြစ်နေသာသူ့ကို လှည်းပေါ်တင်ကာ ပါသွားခဲ့သည်။ စောင်၊ အိုးခွက်များဖြင့်ပင် လှည်းတစီးလည်း တောင်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

ကိုထွန်းခင်သည် သူ့ဇနီးရွာသို့ လိုက်ပါသွားခဲ့ရသည်။

ထိုရွာမှာ လယ်သမား၊ တံငါများ၏ ''ကုန်းပေါ်'' ရွာကလေး ဖြစ်သည်။

ရွာ၌ နွားတကောင်ရောင်းပြီး ကိုထွန်းခင်ကြီးကို ဆေးမြီးတိုများဖြင့် ကုသရင်း သူ့ဇနီးသည်က ဈေးဆိုင်ကလေးတဆိုင် တည်သည်။ ရွာမှ ငါးများကို မြို့ပေါ်တက်ရောင်းသည်။ ဈေးဆိုင်ကလေးမှာ အရောင်းထိုင်းလှသည်။ အရင်းအနှီးများ ပြုတ်လိုက်လာခဲ့သည်။ သူ့ဇနီးမှာလည်း မာချာလှသည် မဟုတ်။ စားဝတ်နေရေးမှာ ပိုမိုကြပ်တည်း လိုက်လာသည်။

နောက်ထပ် နွားတကောင်ကို ထပ်ရောင်း ရသောအခါ ကိုထွန်းခင်ကြီး၏ ဇနီးမှာလည်း တမိုင်မိုင် ဖြစ်လာသည်။ နောက်ထပ်လှည်းကိုပါ ရောင်းရပြန်သည်။

ကိုထွန်းခင်ကြီး၏ ဝေဒနာသည်လည်း သက်သာလာသည်ဟု မရှိ။ တခါတရံ၌ သူသည် မအော်ငေါက်ဖူးသည့် ဇနီးသည်ကို အော်ငေါက် ဆဲရေးမိသည်။ သူ့ဇနီးကလည်း ဆူဆူပွက်ပွက် လုပ်လာသည်။

ယခင်က ဖုထစ်နေသော ကြွက်သားကြီးများဖြင့် သန်မာလှသည့် ထင်းခုတ်သမားကြီးမှာ ယခုမူ အရိုးပေါ် အရေးတင်နေသည့် ကမ္ဗည္ဒာန်းရုပ် ဖြစ်နေပေပြီ။ မျက်တွင်းဟောက်ပက်ဖြစ်နေသည်။ တခါတရံ စကားတခွန်းမျှ မဟနိုင်အောင် မောပန်းနေတတ်သည်။

ယခင်က ထက်သန် မာကျောခဲ့သော စိတ်ဓါတ်များမှာ ယခုတော့မူ သူ့ခန္ဓာကိုယ်၌ မရှိတော့။

ကျနော်နှင့် ပြန်ဆုံတွေ့ချိန်တွင် သူ့စိတ်ဓါတ်များမှာ အဆုံးအဖျားတိုင်အောင် ကျဆုံးနေခဲ့ပြီ။

ကျနော်လည်း အမှုထမ်းအလုပ်ကို စွန့်ပစ်လာခဲ့သည်။ စာရေးသူ တစ်ဦးအဖြစ်ဖြင့်လည်း မရပ်တည်နိုင်။ ထိုအခါတွင်မှ ကျနော်နှင့် နှစ်အတန်ကြာ ခွဲခွာနေခဲ့သောရွာသို့ ရွာရိပ်ခိုရန် ပြန်လာခဲ့သည်။ ထိုမှ...ကိုထွန်းခင်ကြီးသတင်း ကြားသဖြင့် ကုန်းပေါ်ရွာဖက်သို့ ဆက်လက်လာခဲ့သည်။

ကုန်းပေါ်ရွာမှာ ခရီးမကွာဝေး လှသော်လည်း တကူးတကန့်သွားရသည်။ လူသူအဆက်ပြတ်နေသည့် သစ်တောများ၊ တောင်ကုန်းများ၊ ချောင်းမြောင်းများကို ဖြတ်ကျော်သွားရသည်။

ရွာသည် တောအလယ်မှ ကုန်းမြင့်ကလေးပေါ်၌ တည်ထားသည်။

ကျနော်ရောက်သွားသည့် နံနက်က ဤကုန်းမြင့်ကလေးပေါ်တွင် မိုးမှုန်များ ဆိုင်းလျှက်၊ မန်ကျည်းပင်များလည်း မဲညို့နေသည်။

ရွာကို အလည်တည့်တည့်မှခွဲကာ ဖြောင့်တန်းနေသည့် သဲရုပ်ရုပ်လမ်းပေါ်၌ မိုးများတဖွားဖွား ကျနေသည်။ ထွက်ပြူစနေရောင်ကိုပင် မတွေ့မြင်နိုင်။

ကျနော် လမ်းကြုံလိုက်လာခဲ့သည့် လှည်း ရွာကုန်းပေါ်အတက်၌ပင်လျှင် ကျနော်သည် ရွာလည်လမ်းတိုင်း မျက်နှာချင်းဆိုင်မှ လာနေသည့် လူအုပ်ကြီးကို တွေ့ရသည်။

လူအုပ်ကြီး၏ ရှေ့ဆုံးမှလာနေသူ၏ ပခုံးပေါ်တွင် ပျော့ခွေနေသည့် လူတစ်ယောက်ကို ထမ်းလသည်။ သူ့နံဘေး၊ သူ့နောက်ဖက်တွင် လူများသည် ဆူညံစွာ စကားပြောလာသည်။ ငိုရှိုက်သံကိုလည်း ကြားရသည်။

ထိုသို့လျှင် ကိုထွန်းခင်ကြီးကို ကျနော်ပြန်တွေ့ ရလေသည်။

သူသည် လူတယောက်ပခုံးပေါ်တွင် ပျော့ခွေကာ သတိမရတချက် ရတချက် ဖြစ်နေပေပြီ။ သူ့တကိုယ်လုံး၌ ရေစက်လက်ကျနေသည်။ သူ့ခန္ဓာကိုယ်မှာ အရိုးနှင့်အရေ ကမ္ဘဋ္ဌာန်းရုပ် ဖြစ်နေပေပြီ။

သူ၏ ထင်းခုတ်သမားဘဝ ခန္ဓာကိုယ်ကြီးနှင့်အတူ၊ သူ၏မြဲမြံလှသည့် စိတ်ဓါတ်များလည်း ပျက်သုဉ်းခဲ့ရပြီ။

နာတာရှည်ဝေဒနာ ဆေးဝါးမကုသနိုင်၊ စားဝတ်နေရေး၊ ဇနီးသည်၏ သနားစဖွယ် ညဉ်းတွားသံများကြောင့် နောက်ဆုံး၌ ကိုထွန်းခင်ကြီး၏ မေးမိုန်သော မျှော်လင့်ချက် များမှာ အစပျောက်ကွယ်ခဲ့ရသည်။

သူသည် ရွာမြောက်ဖက် လယ်ကွင်း၏ တဖက်ရှိ ရေစီးသန်လှသည့် ချောင်း၏တံတားသို့ ညသန်းခေါင်ကတည်းက သွားခဲ့သည်။ ဖြည်းဖြည်းချင်းသွားရသည်။ တံတားပေါ်ရောက်သောအခါ သူ့ခြေနှင့်လက်များကို သူ့ဘာသာကြိုးတုတ်ကာ ရေထဲခုန်ချလိုက်သည်။

ထိုအချိန်၌ကား နံနက်ဝေလီဝေလင်းပင် တိုင်နေခဲ့ပြီ။ သူ့ကို ရေစီးသန်လှသည့် ချောင်းရေများသည်၊ ဆွဲ၍နှစ်ယူသွားခဲ့၏။ ဤရေများက သူ့ကိုအနီးရှိ ချောင်းကွေ့ထဲမှ သောင်ပြင်ပေါ်သို့တွန်းတင် ထားခဲ့လိမ့်မည်ဟု သူမည်သို့ တွေးထင်ပါမည်နည်း။

ယခုမူ သူသည် သူ့ဇနီးငိုရှိုက်သံများကို မကြားတချက် ကြားတချက် ဖြစ်နေတော့သည်။

"ငါ.....ငါ....သူ့ကို သေတာကောင်းပါတယ်လို့ ပြောခဲ့မိလို့ သူ ဒီလိုလုပ်တာ"

သူ့ဇနီး၏ ဝမ်းနည်းတကြီးရှိုက်သံ၊ ကြိတ်ပြီးငိုသံ၊ နှလုံးသားမှ ပွင့်ထွက်လာသည့် စကားများနှင့် အခြားသူများ၏ စကားသံများ စုပေါင်းလျှက် တချက်တချက်၌ သူ့နားထဲတွင် မသဲမကွဲကြားနေတော့မည်။

သူ့ဇနီးသည်လည်း ဆံပင်များ အတင်းကုတ်ဆွဲနေသည်။ သူ့ကိုယ်သူ ကုတ်ဖဲ့နေသည်။ သူ့ကို အခြားမိန်းမဖော်များက ဖျောင်းဖျနေသည်။

အမျိုးသမီးတိုင်းမှာ မျက်ရည်စက်လက် ဖြစ်နေကြသည်။ ရွာသားများ၏ မျက်နှာများမှာလည်း ညှို့မှိုင်းနေသည်။

သူတို့သည် ကိုထွန်းခင်ကြီး၏ တဲဖက်သို့ ကွေ့ချိုးလေသည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ ရေထဲနစ်လိုက်ရတာမှ မဟုတ်ဘဲ၊ ကျုပ်အကုန်လုံး မြင်လိုက်ရပါတယ်၊ သူခုန်ချတာမြင်လို့ ကျုပ်ပြေးသွားတော့ သဲခုံရှေ့ ရောက်လာပီ၊ ကျုပ်ချက်ချင်း ပြေးဆွဲလိုက်တာပါ၊ သူ့ဖာသာ နေမကောင်းလို့ သတိလစ်သွားတာပါ ..."

ကိုထွန်းခင်ကြီးကို ထမ်းလာသူက ကျနော့်ကို ရှင်းပြလေသည်။

ကျနော်လည်း သူ့နံဘေးမှ လိုက်လာခဲ့သည်။

ကျနော်ကား ကိုလှမောင်၏ အလောင်းကိုထမ်းကာ လျှိုစောင်း ဆင်ခြေလျောအတိုင်း သစ်ပင်ပေါက်ကလေးများကို ဆွဲ ဆွဲတက်လာနေသည့် ကိုထွန်းခင်ကြီး၏ပုံကို သတိရသည်။ ထိုအခါက သူသည် ကိုလှမောင်နှင့် သူ့ဘဝကို နှိုင်းစာကာ စိတ်ယူကျုံးမရ ဖြစ်နေခဲ့သည်။ ယခုလည်း ဤဆင်းရဲ နွမ်းပါးလွန်းလှသည့် ရွာသားများမှာ စိတ်ထိုက်လှသည့် မျက်နှာများချည်း ဖြစ်နေကြသည်။

ကျနော့် မိတ်ဆွေစာရေးဆရာ ဝတ္ထုတိုများကိုဖတ်ပြီး ဓ ဒီစာရေးဆရာ ရေးတာတွေဟာ ငါတို့ကို ရေးနေသလိုဘဲလို့ ငါထင်ခဲ့တယ် ဓ ဟု ကိုထွန်းခင်ကြီးက ပြောလေသည်။

သူရေးသည့် မြို့ပြပတ်ဝန်းကျင်မှ နာကျင်မှုများမှာ တောင်ခြေတောစပ်မှ ရွာကလေးတရွာမှ နာကျင်မှုများနှင့် ဆက်စပ်နေသည်။

ကိုထွန်းခင်ကြီးကို သူ့ရွာကလေးတရွာလုံးမှ အိမ်တိုင်းစေ့ငွေစုဆောင်း ကောက်ခံကာ တမြို့တနယ်ရှိ ဆေးဘုန်းကြီးကျောင်း တကျောင်းတွင် ဆေးဝါး ကုသပေးခဲ့သည်။

သူသည် ဆေးဝါးကုသနေချိန် ခြောက်လတာကို သူ့တသက်တာအတွက် ကိုယ်စိတ်နှစ်ပါး အနားယူချိန်ဟု သတ်မှတ်ခဲ့သည်။ ဆေးကု၍ တလမျှကြာသောအခါ ခြေလက်များသယ်လာနိုင်သဖြင့် စားရိတ်စားခ ကုန်ကျလွန်းသောကြောင့် သူ့ဇနီးကို ရွာပြန်လွှတ်လိုက်သည်။ သူ့ထမင်းကို သူ့ဘာသာသူ ချက်စားခဲ့သည်။

ကျနော်ပို့ပေးသည့် စာအုပ်များကို သူသည် တစိုက်မတ်မတ်ဖတ်ခဲ့သည်။ စာဖတ်စက သူသည် စာလုံးပေါင်းများဖတ်နေရသဖြင့် အခက်အခဲများကို မနည်းဖြတ်ကျော်ရသည်။

သူနေကောင်း သက်သာဖြစ်၍ အိမ်ပြန်မည် ရှိသောအခါ ကျနော်သွားခေါ်လာရသည်။

သူသည် သူ့ကို ဆေးဝါးကုသပေးသည့် ဘုန်းကြီးအား လက်အုပ်ချီ၍သာ ကန်တော့နိုင်ရှာသည်။

"ငါအလုပ်လုပ်နိုင်တော့မှဘဲကွာ၊ ငွေရအောင် စုဆောင်းပြီးမှဘဲ လာကန်တော့တော့မယ်"

သူက စိတ်အားတက်ကြွစွာ ပြောလာခဲ့သည်။

သူ့ထံတွင် တက်ကြွမှုများ၊ စိတ်အားထက်သန်မှုများကို ကျနော် တဖန်ပြန်တွေ့မြင်ရလေပြီ။ သူ့မျက်နှာပေါ်တွင် အားကောင်းသော သွေးကြောများလည်း ပြန်လည်၍ လှုပ်ရှားလာသည်။ တင်းမာသော သူ့မျက်လုံးများလည်း ပြန်၍တောက်ပလာသည်။ သူသည် လူတန်းစားတရပ် ပြောင်းလဲသွားသလိုပင်။ သူ၏ ကြမ်းထော်သော နေလောင် အသားအရေများ ပျောက်ကွယ်သွားပြီး အသားဖြူညက်လာသည်။ သူ့မျက်ခုံးအပြားကြီးသည် စိမ်းလာသည်။

သူ၏ဟားတိုက် ရယ်မောသံကို တဖန်ပြန်၍ ကြားရလေပြီ။ သူသည် အုတ်တံတိုင်းခတ်ထားသော ကျောင်းဝင်းကြီးထဲမှ အထွက်တွင် ကျနော့်ပခုံးကို လှမ်းဖက်လေသည်။

သူ့ဇနီးနှင့်သား နေကောင်းရဲ့လား မေးသည်။ "အေးမှီနေကောင်းရဲ့လားကွာ" ဟူ၍ သူမေးလိုက်သံမှာ ရှက်ကန်းကန်းလည်း ဖြစ်နေသည်။

"ခင်ဗျား မအေးမှီကြောင့် ရေထဲခုန်ချတာလို့ လူတွေက ပြောနေတယ်"

"မပြောတတ်ပါဘူးကွာ ..."

သူသည် ခွန်အားနည်းပါး ပိန်ချုံးနေသေးသဖြင့် ကျနော်လည်းလမ်းကို ဖြေးဖြေးလေး လျှောက်နေရသည်။ သာသည် သူ့ကိုယ်သူ ပြန်လှန်မေးခွန်းထုတ်နေပေလိမ့်မည်။

"မဟုတ်ပါဘူးကွာ၊ ငါ့ဖာသာငါပါ၊ ငါအေးမှီကို ဘာကြောင့်မုန်းရမှာတုန်းကွ၊ သူ့ခမျာ နေ့တိုင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတာကိုး၊ ထမင်းချက်စရာ ဆန်ကမရှိ၊ တခါတလေ ချစ်တူးကို ထမင်းကြမ်းကျွေးပီး သူဘာမှမစားဘဲ အိပ်ယာထဲ ဝင်အိပ်တာဘဲ၊ လူမမာကလဲ ပက်လက်ကြီး၊ ဆေးဖိုးဝါးခကလည်းမရှိ၊ အဲဒီညနေက ငါကလည်း အဖျားပြန်တက်လာတာ၊ ဒါနဲ့ ငန်းဆေးတခွက် လိုက်ရှာခိုင်းတာ၊ သူပြန်လာတော့ ပါမလာဘူး၊ ငါလဲအော်ဟစ်လိုက်တာလဲ၊ ဘာနဲ့လဲမသိဘူး လှမ်းပေါက်လိုက်သေးတယ်၊ ငါကောင်းကောင်း မမှတ်မိတော့ဘူး၊ အဖျားတက် ကယောင်ကတမ်း ဖြစ်နေတာကိုးကွာ၊ သူကလဲပြန်အော်ပြီး ငိုတာဘဲ၊ လှည်းတွေလည်း ပြုတ်ပီ၊ ရှင် သုတ်သုတ်သေတာအေးတယ်၊ ကျုပ်တို့သားအမိကို ဒါလောက်ဒုက္ခပေးရရင် တော်ရောပေါ့၊ တော့်ကို စေတနာလည်း မရှိတော့ဘူး၊ လူကဲ့ရဲ့မှာကြောက်လို့ မဟုတ်ရင် အဆိပ်ခတ် သတ်ပစ်တာကြာပြီ လို့ ပြောတာ ...."

"ဟေ့ကောင်ကြီးရာ.....ငါရေထဲခုန်ချတာ သူ့ကြောင့်မဟုတ်ပါဘူးကွာ၊ ပီးတော့ သူ့ကိုသနားလဲ သနားသွားမိတာတော့ ပါတာပေါ့ကွာ၊ ငါ့ကိုငါ သေမယ်လို့သိနေတော့ သေမယ့်အတူတူ မြန်မြန်ဘဲ သေတော့မယ်ဆိုပီး ...."

သူက စကားဝါကျကို ကုန်စင်အောင် မပြောချင်တော့ပေ။ သူ့အသံလှိုင်းများကား အဆုံးမသတ်သေး။ စကားဆက်များ ကြွင်းကျန်ရစ်ခဲ့သည်။

ဘူတာရုံဖက် ကျနော်တို့ရောက်လာမှ သူသည် နောက်ပြန်လှည့်ကာ သူနေခဲ့သည့် ကျောင်းဝင်းကြီးကို ကြည့်သေးသည်။ ကျောင်းနောက်ဖေးဘက် ဝါးတောကြီးထဲတွင် သူခြောက်လတာမျှ နေခဲ့သည့် လူမမာတဲကလေးကို မမြင်ရတော့ပေ။

ကျနော့်လက်ကို ဆုပ်ကိုင်ထားသည့် သူ၏ပိန်ချုံးနေသည့် လက်များမှာ စိတ်အားတက်ကြွမှုကြောင့် ပူနွေးနေသည်။

သူနှင့် ကျနော်သည် ဘူတာရုံမှ မီးရထားဖြင့် ကိုယ့်ရပ်ဒေသများသို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

ရွာသို့ ပြန်ရောက်ကာစ သူသည် တောင်းယက်နီးဖျာ ယက်သဲ့ထိုးအလုပ်ဖြင့် သူ့ဘဝကို ပြန်လည်စတင်လေသည်။ နောက်တော့ သူ၏မူလ အလုပ်ကြမ်းများကို ပြန်လည်လုပ်ကိုင်လေသည်။

ကျနော်လည်း ကုန်းပေါ်ရွာကလေးသို့ မကြာခဏ ရောက်ဖြစ်သည်။ တခါတရံ ရွာ၌သူ့ကိုမတွေ့လျှင် သူထင်းခုတ်၊ ငါးရှာ၊ မီးသွေးဖုတ် အလုပ်များ လုပ်ကိုင်ရာ ရွာနှင့် မလှမ်းကွာလှသည့် တောတောင်ချောက်ကြို မြောင်ကြားထဲအထိ လိုက်သွားသည်။

သူမီးသွေးဖုတ်သည့်နေရာမှာ တောင်ကွေ့ထဲမှ တောတွင်ဖြစ်လေသည်။

သူနှင့်ကျနော်သည် အေးမြလှသည့် နေပြောက်မသန်းသည့် သစ်ပင်ကြီးအရိပ်မှာ ထိုင်ခဲ့ကြသည်။

သူ့ကိုယ်မှာ ချွေးများ ချေးညော်များဖြင့် ပေကျံနေသည်။ သူသည် သစ်ပင်ရိပ်အောက်ရှိ စမ်းချောင်းထဲမှ ရေများဖြင့် သူ့လက်များကို ဆေးကြောလာခဲ့သည်။ သူသည် စာအုပ်များကို မကိုင်တွယ်မီ သူ့လက်များကို ဆေးကြောတတ်သည်။ စာအုပ်များ လှန်လှောလျှင်လည်း စာလုံးကလေးများအပေါ်ထားသည့် သူ၏ လေးစားမြတ်နိုးစိတ်ကြောင့် ရွရွကလေး လုပ်နေတတ်သည်။

"အတော်ဘဲကွာ၊ ခုဘဲ မီးတင်ပီးရုံ ရှိသေးတယ်"

စမ်းချောင်းကလေးတစ်ဖက်ကမ်း ကုန်းစပ်ပေါ်တွင် သူဖိုထားသော မီးသွေးဖိုကြီးအပေါ်မှ ရှို့ကာစ မီးများသည် တရှိန်ရှိန်လောင်နေသည်။

မီးသွေဖိုကြီး၏အပေါ်နှင့် နံဘေးပတ်ပတ်လည် ရွှံ့မြေကတုတ်အကာများမှာ ရေခိုးရေငွေ့များ ပျံ့စပြုနေပြီ။

သူသည် မီးသွေးဖိုကြီးနှင့် သူနှင့်မဆိုင်တော့သလို စာအုပ်များကိုသာ တပ်မက်စွာ လှန်လှောနေသည်။ စမ်းချောင်းကလေး တလျှောက်၌ အော်မြည်နေသည့် ငှက်ကလေးများ၏ တေးသံထက် သူသည် စာလုံးကလေးများကို ပိုမို၍ လေးစား မြတ်နိုးနေသည်။

"ငါ စာဖတ်တတ်လာတာ ကောင်းတယ်ကွနော်၊ နို့မဟုတ်ရင် ဒီအလုပ်လုပ်၊ ဒီထမင်းစား၊ ဒီမိန်းမ ....."

သူက စကားဝါကျအဆုံးမသတ်မီ ဟက်ဟက်ပက်ပက်ကြီး ရယ်မောလေသည်။

"ခင်ဗျားကလဲ တကယ့် စာဖတ်သမားကြီး ဖြစ်နေပြီနော်"

"မင်းတောင်မှ စာရေးဆရာ ဖြစ်လာသေးတာပဲကွာ၊ ငါ စာဖတ်သမားဖြစ်တာ ဘာဆန်းလို့လဲ၊ ကောင်းပဲ့ကွာ၊ မင်းတောင်မှ စာရေးဆရာ ဖြစ်နေသေးတာ မဟုတ်လား"

သူက တခါထပ်၍ ပေါ့ပါးကြည်လင်သည့် သရော်ရိပ်ကင်းစင်သည့် ရယ်မောသံဖြင့် အော်ဟစ် ရယ်မောလိုက်ပြန်သည်။

သူဖတ်ခဲ့သည့် စာအုပ်များအပေါ်မှ သူထိတွေ့ခံစားချက်များကို ပြောသောအခါတွင်မူ သူ့ထံ၌ ရယ်မောသံ၊ ပေါ့ပေါ့ဆဆ ပြောသံဟူ၍ မရှိတော့ပေ။ သူသည် စွမ်းအားကြီးမားစွာ ခွန်အားထုတ်လုပ်ရသူပီပီ အာရုံခံစားမှု၌လည်း နက်ရှိုင်း တည်ငြိမ်နေသည်။

သူ၏ခံစားချက်များကို ဖော်ပြရန် သူသည် ဝေါဟာရ အခက်တွေ့နေချိန်များ၌ သူ့ခေါင်းပေါ်မှ ဆံပင်ငုတ်တိုများကို လက်ဖြင့် ဖိတွန်းနေတတ်သည်။ စကားအရှိန်ရလာလျှင် သူ့မျက်နှာကြီးမှာ ချွေးညော် အစွန်းအကွက်များကြားမှ နီမောင်းလာသည်။ သူ့မျက်ခုံးပြားကြီးကို တချီချီ ဝင့်နေသည်။ သူ့လက်ကြီးဖက်ကို မြှောက်မြှောက်နေသည်။

သူသည် အထက်တန်းလွှာမှ စိတ်ကူးယာဉ် စိတ္တဇဝတ္ထုများကို ထိ၍ပင် ကြည့်မည်မဟုတ်။ အရက်စိမ် အသဲကွဲဝတ္ထုများကို သူ့သွားပေးလျှင် ဟက်ဟက်ပက်ပက်ကြီး ရယ်မောလွှတ်လိုက်လိမ့်မည်။ မော်တော်ကား၊ တိုက်တာ၊ အရာရှိမင်း ဝတ္ထုများကို သူ့သွားပေးလျှင် သူ၏ ကြောက်မက်ဖွယ် ခွန်အားပြည့်ဝနေသော စက်ဆုပ်ရွံမုန်းတတ်သည့် မျက်ခုံးကြီးများကို ဝင့်ကြည့်ကာ သရော်လွှတ်လိုက်လိမ့်မည်။

"ငါက စာတလုံးကို ဘုရားတဆူလို ကိုးကွယ်ချင်တာကိုးကွ။ အဲဒီတော့ကာ ဘုရားလား၊ တောင်ပို့လား ဆိုတာတော့ သိတာပေါ့။ နေပါအုံးကွာ အသဲကွဲတယ်၊ ရူးကြ နှမ်းကြတယ် ဆိုတာတွေကို လူတွေ ဘာပြုလို့ ကြိုက်နေကြတာတုန်းကွ။ ငါတော့ အံ့လည်း အံ့သြတယ်၊ နားမလည်ဘူး၊ ရှင်းပြစမ်းကွာ"

"မင်းလဲ စာရေးတာ သိပ် အကွန်က အညွန့်တွေ များတယ်။ တင်စားတာတွေနဲ့ ရှုပ်နေတာပဲ။ ဟိုကွေ့ဒီပတ်တွေ၊ စောင်းမြောင်းပြောတာတွေ လုပ်နေတာဟာ မင်းပြောပြောနေတဲ့ အရင်းရှင်ဉာဏ်ဘဲ မှုတ်လားကွ။ ငါနားလည်အောင် တဲ့တဲ့ရေးစမ်းကွာ။ ဒဲ့ ဒိုး ပြောစမ်းကွာ။ ပီးတော့ မင်းဝတ္ထုတေါဖတ်ရတာ သိပ်ဆွေးတာဘဲကွာ။ ဒါလဲ မင်းပြောပြောနေတဲ့ အရင်းရှင်လောက အမြင်ဘဲ မှုတ်လားကွ။ ဒါ မကောင်းဘူး။ ငါစိတ်ပျက်တယ်။ ငါတို့က ဆွေးနေချင်တော့တာ မဟုတ်ဘူး။"

သူက ကျနော့်မိတ်ဆွေ စာရေးဆရာ၏ ဝတ္ထုများကို ဝေဖန်ပြန်သည်။ သူသည် စာရေးဆရာ၏ နာမည်ကို ရေရွတ်လေသည်။ လေးနက်နေသည့် သူ့မျက်လုံးများမှာ အရာဝတ္ထုများ၏ မူလကိုခွဲခြမ်း စိတ်ဖြာနေသလို ငြိမ်သက်နေသည်။ တောက်ပ စူးရှနေသည်။

"သူစာရေးတာ သားတာကျတော့ မင့်လို ဟန်တွေပန်တွေလဲ လုပ်မနေဘူး၊ ဝေါ်ပြတ် ဆင်းရဲနေတာကိုချည့် ရေးတယ်၊ ငါတို့ဟာ နောက်တုန်းကလဲ ဒုက္ခရောက်ခဲ့တယ်။ ခုလဲ ရောက်နေတုန်းဘဲ၊ နောက်လဲ ရောက်ရအုံးမယ်လို့ ဆိုလိုသလားဘဲ။ ငါ ပထမ ဖတ်ကာစတော့ သူ့ကို ငါတို့ဘက်က စာရေးဆရာလို့ အားရမိတယ်၊ သူကဖွင့်ချပြတာကိုးကွ။ ဒါပေမယ့်ကွာ ဖတ်ရင်း ဖတ်ရင်းနဲ့ ငါသတိထားလာမိတယ်၊ အဲတော့ ဘာလဲဆိုတော့ကွာ ..."

သူ့စကားလုံးများသည် ကျနော့်ကို ရိုက်ပုတ်နေသည်။ ကျနော့်ရင်ထဲ၌ အဆက်မပြတ် ဖြစ်ပေါ်နေသည့် လှိုင်းလုံးများလို ထကြွနေသည်။

ညနေခင်း နေကျစ၌ သူကော ကျနော်ပါ နေရာမှ ထလိုက်ကြသည်။ သူက မီးသွေးဖိုကြီးကို လေမဝင်စေရန် လှည့်လည်ပြုပြင်သည်။ သူသည် အိမ်ခဏပြန်ပြီ ထမင်းစားရအုံးမည်။ ကျနော်လည်း ကျနော့်ရွာသို့ ပြန်ရန် အချိန်သင့်နေပြီ။

ထို့ကြောင့် သူနှင့် ကျနော်သည် ရွာကုန်းမြင့်ကလေးပေါ်သို့ တက်လာကြသည်။ သူသည် မိတ်ဆွေစာရေးဆရာ၏ ဝတ္ထုများကို တပုဒ်ချင်း သူတွေ့ထိချက်များ ပြောလာခဲ့သည်။

"နေပါအုံး ကောင်ကြီးရာ၊ အသဲကွဲ အရက်စိမ် ဝတ္ထုတွေဟာလဲ လူတန်းစား လူတန်းစားနဲ့အော်တော့ အော်တာဘဲမှုတ်လား။ ဂုဏ်ရှိ ငွေရှိတဲ့ ကောင်မကလေးနဲ့ နိုင်ငံရေးသမားလိုလို၊ စာပေသမားလိုလိုလူနဲ့ ကြိုက်ကြတယ်။ ဒါပေမယ့် လူတန်းစားချင်း မတူတော့ မပေါင်းနိုင်ကြဘူး။ ဒါကြောင့် အရက်သောက်ရတယ်။ အသဲကို အရက်နဲ့ စိမ်ရတယ်။ အရက်အိုးထဲ ခေါင်းစိုက်သွားတယ် နော် နော်"

"ခုလဲ သူ့ဝတ္ထုတွေဟာ ဆင်းရဲတယ်၊ ဝေါ်တယ်၊ ပြတ်တယ်၊ အကျင့်စာရိတ္တပျက်တယ်၊ အရက်သောက်တယ်၊ ဒါတွေရေးတယ်၊ စားစရာ မရှိဘူး၊ ကြွေးဆပ်စရာမရှိဘူး၊ ကြွေးရှင်တွေက ဝိုင်းဝိုင်းဆူနေတယ်၊ ဒုက္ခရောက်နေတယ်"

"ဒါတွေကိုကြည့်ရင် ငါတို့ဘဝကို ဖော်နေတယ်။ ဟုတ်ပါပီ၊ ဖော်တော့ ဖော်နေပါပီ။ ဒါပေမယ့် သူ့ဇာတ်လိုက်တွေက ဘာလုပ်သွားသတုန်း၊ ပိုက်ဆံလိမ်ပြီး ထွက်ပြေးသွားတယ်။ လှည့်ပတ် အကြံအဖန်လုပ်ပြီး ငွေရှာသွားတယ်။ နောက်တပုဒ်မှာလဲ ဒီလိုဘဲ ဘာထူးသေးသတုန်းကွာ။ အရက်အိုးထဲ ခေါင်းစိုက်သွားတာ တမျိုးဘဲလားလို့ ငါတော့ တွေးမိတော့တာဘဲ"

"ကောင်ကြီးရ၊ သူ့ဝတ္ထုတွေ ငါ့ကိုဖတ်ခိုင်းတုန်းက မင်း ငါ့ကိုဆရာလုပ်သွားတာ မှတ်မိသေးလား။ ဒီဝတ္ထုတွေဟာ ကျနော်တို့ ပစ္စည်းမဲ့ လူတန်းစားကို တကယ် ကိုယ်စားပြုတာဆိုကွ။ ဘယ်လို ကိုယ်စားပြုတုန်း"

သူက ကျနော့်မျက်နှာကို စေ့စေ့ကြည့်နေသည်။ ကျနော်ထံမှ ငြင်းချက်ကို လိုချင်နေသည်။

ကျနော်ကမူ ခေါင်းကို ငိုက်စိုက် ချထားမိသည်။ သူ့ထံမှ ဤမျှ စူးရှနက်ရှိုင်းသော ထိုးဖောက် မြင်နိုင်စွမ်းကို မူလက ကျနော် မမျှော်မှန်းခဲ့။ ဤသို့ မမျှော်မှန်းခဲ့ခြင်းသည်ပင် ကျနော် လူတန်းစားအပေး ကျနော့်အမြင် သေးသိမ်ခဲ့ခြင်းပေလား။

ကျနော်ကား စူးရှနက်ရှိုင်းစွာမြင်နိုင်သည့် အဖိနှိပ်ခံ လူတန်းစား၏ အမြင်များကို အထင်သေးတတ်သူ ဓနရှင်ပေါက်စ ပညာတတ်တဦး ဖြစ်နေပလား။

သူသည် ကျနော်မမြင်နိုင်သည်ကို ခွဲစိပ်ကြည့်သွားခဲ့ပြီ။

ကျနော်ကား ပုဂ္ဂလိခင်တွယ်စိတ်၊ အားနာစိတ်များကြောင့် မကြည့်မြင်နိုင်ခဲ့။ သူကမူ စိန်သွားလိုထက်သည့် မျက်လုံးများဖြင့် ရဲရဲကြည့်ခဲ့လေပြီ။

"ဒါနဲ့ ငါသေသေချာချာ ထပ်ထပ် ဖတ်တယ်ကွာ၊ သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေဟာ အပေါ်ယံကလေးတွေကွ၊ ဒို့ရွာက ငွေမောင်းလို အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်၊ ခိုး သူများမကောင်းကြံ၊ ငွေမောင်းလိုလူမျိုးတွေဟာ ဒို့ထက် ပိုတော်ချင် တော်မယ်၊ ဆင်းရဲမယ်၊ ဒါပေမယ့် ဒို့နဲ့မဆိုင်ဘူး၊ မင်း ပြော ပြောနေတဲ့ အမှိုက်စလိုလူတွေ ...."

"ဒီတော့ ဖတ်ရင်း ဖတ်ရင်းပျင်းလာတယ်၊ ပျင်းစရာကြီးတွေကွာ၊ ဝေါ်ပြတ်နေတယ်၊ ဒါကို သူပြောနေမှ ထပ် ထပ်ပြောနေမှ မဟုတ်ဘူး၊ ဒို့သိတယ်၊ သိပီးသား။ ဒို့လိုချင်တာ ဒါမဟုတ်ဘူး၊ ဒီဇာတ်ပြားကြီးကို ထပ်ထပ်ပီး နားထောင်မနေနိုင်တော့ဘူးကွာ၊ သူ့တရားဟာ ဒါဘဲမှုတ်လား"

သူ၏ အင်ဖက်မိုး အင်ဖက်ကာ တဲကလေးထဲ ငုံ့ဝင်သွားသည်အထိ သူ့စကားများမှာ မဆုံးနိုင်။

ကျနော်လည်း သူဖတ်ပြီးသမျှ စာအုပ်များကို ပွေ့ပိုက်ကာ ကုန်းပေါ်ရွာမှ ဆင်းလာခဲ့သည်။

ရွာကား သစ်တောများအလယ်မှာ ပျောက်ကွယ် နေရစ်ခဲ့ပေပြီ။

ကျနော့် စိတ်အာရုံထဲတွင်မူ ကိုထွန်းခင်ကြီး၏ မျက်နှာ၊ စကားသံ၊ ပြောဟန်၊ ရယ်မောသံ၊ သူ့ခံစားမှု၊ သူ့အမြင်များကို မမေ့နိုင်။ သူ၏ လက်တွေ့ဘဝမှ ပေါက်ဖွား လာခဲ့သော ခွဲခြမ်းစိတ်ဖြာချက်များကို မမေ့နိုင်။

သူသည် မျက်စိကို အစွမ်းကုန်ဖွင့်လျှက်၊ နားကို အစွမ်းကုန်စွင့်လျှက် ကျနော်တို့ထံမှ သူလိုချင်သော စာပေများကို အငမ်းမရ တောင်းဆို နေပေပြီ။

ကျနော်သည် ကျနော့်ကိုယ်ကျနော် ထပ်တလဲလဲ သတိပေးနေသည်။ စာလုံးကလေးတလုံး ရေးချလိုက်တိုင်း ထားရမည့်သတိ၊ ထာဝစဉ် တက်ကြွနေရမည့် သတိပေတကား။

ကိုထွန်းခင်ကြီးတို့သည် အရာရာကို ဖြိုလှဲတိုက်ချသွားနိုင်သည့် စွမ်းအားရှိ၏။

ယနေ့ပင်လျှင် သူတို့အတွက် ရှင်းလင်းနေသောလမ်း၊ ပီပြင်လှသောလမ်း၊ အသက်ရှင်ကြီးထွားကာ လှုပ်ရှား တက်ကြွနေသောလမ်း၊ ခိုင်မာ မြဲမြံလှသည့်လမ်း၊ သစ္စာတရား၏ လမ်းမဟာကို "မမြင်ပါပြီ" ဟု ရေးလျှင် သူသည် တိုက်လှဲ ဖြိုချသွားတော့မည်။

ဆန်းစစ်ခြင်း
(ဘဝစာမျက်နှာများ – ၆)

ထိုညနေက ကျနော့်မိတ်ဆွေ ကဗျာဆရာ၏ စကားများမှာ ကျနော့်ကို ဦးတည် ရည်ညွှန်း ပြောခြင်းမဟုတ်ပါဘဲလျက် ကျနော့်ကို ပြင်းထန်စွာ ရိုက်ပုတ်နေခဲ့သည်။

"ဒီကာလဟာ လူတန်းစားနှစ်ရပ်ရဲ့ စေ့စပ်မရတဲ့ တိုက်ပွဲကာလ၊ အရင်းရှင်ဖောက်ပြန်ရေး စာပေတွေ၊ အဆိပ်အတောက်စာပေတွေ၊ အညှီအဟောက်စာပေတွေ ဖုံးလွှမ်းနေတဲ့ကာလ၊ ဒီကာလမှာ ကျနော်တို့လူတန်းစားဖက်က ရပ်တည်ပါတယ်ဆိုတဲ့ စာပေသမားတွေဟာ တကယ်တန်းရပ်တည်နေပြီ ဆိုရင် များများရေးရမယ်၊ တိုက်ပွဲဝင်ရမယ်၊ ကတုတ်ကျင်းတွေတူး ရန်သူကို လက်ဦးမှုယူ"

ထိုမျှဖြင့်ပင် ကဗျာဆရာ၏ စကားများမှာ ပြတ်တောက်သွားခဲ့သည်။

သူသည် သမ္မာန်ယိုင်ထိုးနေသဖြင့် နံရံတဖက်ကို လက်နှင့်ကိုင်ထားရသေးသည်။ လှိုင်မြစ်နှင့် ရွှေလင်ပန်းချောင်းအဆုံး၌ လှိုင်းလုံးကြီးများလည်း ပြင်းထန်နေသည်။ ဒီရေသည်လည်း မို့မောက်နေသည်အထိ တက်နေခဲ့ပေပြီ။

"ဒီကာလမှာ ကျနော့်တို့ လူတန်းစားဖက်က တကယ်တမ်း ရပ်တည်နေပြီဆိုရင် များများရေးရမယ်၊ တိုက်ပွဲဝင်ရမယ်"

ကျနော့်စိတ်ထဲ၌ ထိုစကားပိုဒ်မှာ စွဲထင်ကျန်ရစ်နေခဲ့လေသည်။ ကျနော့်ကို ပြင်းထန်စွာ ရိုက်ပုတ်နေခဲ့သည်။ ကျနော်ကား ဝတ္ထုတစ်ပုဒ်၌ ကြွေးကြော်ခဲ့၏။ "ချယ်လှယ်သွေးစုပ်နေသူနှင့် သွေးစုပ်ခံ၊ ကျနော်ဘယ်ဘက်က ရပ်မည်နည်း" ဟူ၍ ရေးခဲ့၏။ သို့သော်လည်း လက်တွေ့၌ ကျနော်ဘာမျှ မရေးဖြစ်၊ မရေးနိုင်။

"ခံစားမှုမရှိလို့ မရေးနိုင်ဖူး" ဟူ၍ ခံစားချက်ကို အကြောင်းပြနေခဲ့၏။ စင်စစ်၌ ခံစားချက်မရှိသေးခြင်းမှာ ကျနော်၏ မပြတ်သားခြင်း၊ တွေဝေနေခြင်း၊ လူတန်းစား နာကျင်မှု မရှိသေးခြင်းများ၊ နည်းပါးနေသေးခြင်းများသာ ဖြစ်ခဲ့၏။ ကျနော့်ကိုယ် ကျနော်ကြွေးကြော်ခဲ့ခြင်းမှာလည်း မီးရှူးမီးပန်းလွှတ်ခဲ့ခြင်းသာ ဖြစ်လိမ့်မည်။ သို့မဟုတ် တကယ် ပေါက်ဖွားလာသည့် ယုံကြည်ချက်မဟုတ်။ အခိုက်အတန့် ခံစားချက်သာလျှင် ဖြစ်ပေလိမ့်မည်။

ကျနော်ကိုယ် ကျနော် မေးခွန်းများ ထုတ်ဆင့်နေမိသည်။ ကျနော့်ကိုယ်၌ စွဲကပ်နေသည့် အယူအဆ အတွေးအခေါ်များကို စစ်ဆေးနေမိသည်။

ထိုအတွေးအခေါ် အယူအဆဟောင်းများကား ကျနော့်ကို စာမရေးနိုင်အောင် တုန့်ဆွဲထားကြ၏။

"စာပေဆိုတာ ထုတ်လုပ်ကုန် ပစ္စည်းတချို့ပဲ၊ ရောင်းကုန်ပစ္စည်းပဲ၊ ကုန်ပစ္စည်းများများထုတ်လုပ်ရင် ဖောင်းပွသွားတယ်၊ တန်ဘိုးကျသွားနိုင်တယ်၊ တန်ဘိုးကို ကျစ်ကျစ်လစ်လစ် ထိန်းသိမ်းထားနိုင်ရမယ်"

"ငါတို့ရှေ့က သွားနှင့်ခဲ့တဲ့ စာရေးဆရာတချို့ဆို အခွင့်အရေးတုန်း အစွမ်းကုန်ထုတ်လုပ်၊ ဒီလိုနဲ့ တန်ဘိုးလျှော့ကျသွားတာ နောက်ဆုံး အခွံချည့်ကျန် ဘိုင်းဘိုင်းလဲကျ ကုန်ကြရတာပဲ"

ထိုအယူအဆကို ကျနော်ကား ရုတ်တရက် မချေမှုန်းပစ်နိုင်။ ကျနော့်စိတ်တွင်း၌ပင် တိုက်ပွဲများ ပြင်းထန်နေခဲ့။ "များများရေးရမယ်" အယူအဆသည် "ကျစ်လစ်သိပ်သည်းရမယ်" အယူအဆကို အနိုင်မတိုက်နိုင်။

ဤ ကျစ်လစ်သိပ်သည်းရမယ် အယူအဆသည် ငါတံခွန်ကိုလွှင့်ထူထားသော အယူအဆဖြစ်၏။ ငါဘယ်တော့မှ အကျဆုံး မခံနိုင်ဘူး။ ငါဆိုတဲ့အလံကို တလူလူ လွှင့်ထားနိုင်ရမယ်။ အမြဲမပြတ် ထူထားနိုင်ရမယ်။

"ငါဘယ်လိုခံယူချက်နဲ့ စာရေးတာလဲ"

ထိုမေးခွန်းကို မေးနေမိပြန်သည်။

"ဝါသနာ ဗီဇကြောင့်ပါ၊ အာရုံခံစားမှုက စေ့ဆော်လို့ရေးခဲ့တာပါ" လို့ဖြေရင် မမှန်သေးဘူး။ မပြည့်စုံဘူး။ ကျော်ကြားချင်တာပါတယ်။ ကိုယ့်ကိုယ်ကို ကြီးကျယ်မြင့်မားတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ချင်ခဲ့တာပါတယ်။ အနှိမ်ခံဘဝက လွတ်မြောက်ချင်တာ ပါတယ်။ "စာရေးဆရာ" ဆိုတဲ့ ဂုဏ်ပုဒ်ကို မက်မောခဲ့တာပါတယ်။

ကျနော်စာရေးစ၊ စာဖတ်စ နေ့ရက်များစွာကို သတိရနေမိသည်။ ဝတ္ထုစာပေများကို ကျနော် စဖတ်ခဲ့ရသည်မှာ ဘုန်းကြီးကျောင်းသား ဘဝတွင်ဖြစ်၏။ ဦးပဉ္စင်းတစ်ပါးထံ တပည့်အဖြစ် အလုပ်အကျွေးပြုရင်း ဖတ်ခဲ့ရ၏။ ထိုအခါက ဝတ္ထုဇာတ်လမ်းများကို ကျနော်ကား တသသ

တမြေ့မြေ့စွဲခဲ့ရလေသည်။ ဝတ္ထုထဲမှ ဇာတ်ကောင်များသည် ကျနော့်ရင်ထဲ၌ လှုပ်ရှားနေကြ၏။ အလွမ်းဝတ္ထုများ၌ ကျနော်ကား ဖြေမဆည်နိုင်အောင် တမြေ့မြေ့ ဖြစ်နေရသည်။

ထင်းခုတ်သမား ကလေးဘဝတွင် ကျနော် အချစ် အလွမ်း ရာသီဘွဲ့ကဗျာကလေးများကို စတင်ရေးလေသည်။ နေ့ခင်းအလုပ်နားချိန်၌ လျှိုကြီးနံဘေးရှိ သစ်ပင်ရိပ်များ၌ ကျနော်ကဗျာရေးလေသည်။ ဝတ္ထုတိုကလေးများလည်း စမ်းသပ်ရေးခဲ့သည်။

ကျနော်ကျင်လည်နေရသည့် ထင်းခုတ်သမားဘဝနှင့် မည်သို့မျှမနီးစပ်သည့် အထက်လွှာက မိန်းမပျိုကလေးတယောက်ကို ရမ်းယော်ဆကာ "မမှီတဲ့ပန်း" ဟု ထို ဝတ္ထုထဲတွင် တသနေခဲ့သည်။

ဆင်းရဲနုံချာလှသည့် ကောင်ကလေးကို သူဌေးသမီးက ဂရုဏာသင့်ကာ သူတို့ချင်း ချစ်ကြိုး သွယ်မိကြပါလျှက် လူကြီးမိဖများ သဘောမတူသဖြင့် ခွဲခွာကြပုံကို လွမ်းလွမ်းတတ ရေးခဲ့သည်။ ကောင်ကလေးမှာ မမျှော်လင့်ဘဲ အမွေများရလိုက်သည်။ သူတို့နှစ်ဦး ပေါင်းဖက်သွားကြသည်။ ထိုသို့လျှင် ကျနော့်ဝတ္ထုကို ပျော်ရွှင်စွာ ဇာတ်သိမ်း လိုက်လေသည်။

ကျနော့်ဝတ္ထုများ၊ ကဗျာများပေါ်တွင် ကျနော် ကလောင်နာမည်ကို အကြီးမားဆုံး စားလုံးကြီးများဖြင့် ရေးသားလေသည်။

ကျနော့်ကို ကျနော် "စာရေးဆရာ" ဖြစ်မည်ဟု အခိုင်အမာ ယုံကြည်ထားခဲ့သည်။ ထို့ကြောင့်ပင် လူကသာ ထင်းခုတ်သမား ဖြစ်နေရသော်လည်း ကိုယ့်ကိုယ်ကို ထင်းခုတ်သမားဟု မထင်။ အလုပ်လုပ်ဖော်များကိုပင် နွံထဲမှလူများဟု မြင်ခဲ့သည်။ သူတို့ကား ဤဆင်းရဲပင်ပန်းမှုနွံ၊ အငတ်အပြတ်နွံ၊ လူချင်းမတူ သူချင်းမမျှနွံ ထဲမှ မည်သည့်အခါမျှ ရုန်းမထွက်နိုင်သူများ ဟု သနားစိတ်ပင် ဝင်ခဲ့ဖူးသည်။

ထိုအခါက သူတို့၏ ငတ်ပြတ် နစ်မွန်းနေရသော လှောင်အိမ်ထဲမှ ဘဝများကို ရေးသားရမည်ဟု ကျနော်မည်ကဲ့သို့ ထင်နိုင်ခဲ့ပါမည်နည်း။

သူတို့၏ငတ်ပြတ်ခြင်း၊ ကြွေးလည်ပင်းခိုက်နေရခြင်း၊ ကြမ်းတမ်းသောဆဲဆိုသံ၊ ညဉ်းညူသံ၊ ဒေါသဖြစ်ပွားသံများနှင့် ကျနော်ရေးနေသည့် မမှီတဲ့ပန်းဇာတ်ကောင်မလေးမှာ ခြားနားလှလေသည်။

အလုပ်နားရက်များ၌လည်း အားလပ်ချိန်တွင် အိမ်၌စာရေးလေသည်။ ထိုအခါက ကျနော်စာရေးနေခိုက် လာရှုပ်တတ်သော ညီမလေးကို ကျနော်ကား အော်ငေါက်နှင်လွှတ်သည်။ ခရိုးခယိုင်ဖြစ်နေသော သူ့ကို အိမ်အပြင်သို့ တွန်းထုတ်သွားသည်။

သူသည် ကျနော့်စိတ်ကူးယာဉ် ဇာတ်လမ်းများအတွက် အနှောင့်အယှက်ဖြစ်နေပေသည်။ ကျနော့်စိတ်ကူးစိတ်သန်းများမှာ ဘယ်ဆီသို့ ပြေးထွက် ပျောက်ကွယ်ကုန်မှန်းမသိ။ စာရေးရန်ပြန်ထိုင်သောအခါ ရေးမရတော့လေ ကျနော့်ဒေါသများမှာ တငွေ့ငွေ့ ဖြစ်ပွားလာရလေလေပင်။ ကျနော်မြင်နေရသော ဇာတ်ကောင်များသည်လည်း ဘယ်ဆီသို့ ပြန်လည်ထွက်ခွာသွားကြပြီ မသိ။ ကျနော်ကြားနေရသော သူတို့၏ သာယာကြည်နူးဖွယ် မြူချိုသံ၊ အေးငြိမ့်စွာ စကားပြောနေသံများသည်လည်း ဘယ်ဆီသို့ ရောက်ကုန်ပြီမသိနိုင်။

ထိုအကြောင်းများကို ယခုပြန်တွေးမိသောအခါ ကျနော်ကား စိတ်ထိခိုက်နေရသည်။ ကျနော့်ညီမလေး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာနေခဲ့ပြီ။

ထိုအခါက ညီမလေးမှာ ဝက်ရူးပြန်ရောဂါ စွဲကပ်နေသည်။ တကိုယ်လုံး သွေးအားနည်းနေသဖြင့် ပိုးဟပ်ဖြူလို ဖြူဖျော့ဖျော့။ ဝါးခြမ်းပြားလို ပိန်ချပ်နေသည်။ ညီမလေး လက်တဖက်မှာ အကြောဆွဲကာ လက်မောင်းရင်းမှ ပြုတ်ကျနေသလို ကိုယ်တွင်ကပ်နေသည်။ မူလက ဝိုင်းစက်စက်မျက်နှာကလေးမှာ တက်ချက် ရလွန်းသဖြင့် ပါးတဖက်ရွဲ့နေခဲ့ပြီ။ ရင်အုံ၌ ထာဝစဉ် ကျနေသော သွားရေများကြောင့် ရွဲစို နေသည်။ ညီမလေး လည်ပင်းမှ လက်ဖွဲ့အမျိုးမျိုးသည် သွားရေနှင့် ချွေးများလူးနေသဖြင့် မဲညစ်ရာမှ အနက်ရောင် တောက်နေပေပြီ။ ဆံရစ်ဝိုင်းဆံပင်သည် ဆီမရှိသဖြင့် ပြောင်းဖူးမွေးလို နီကျင်နေသည်။

ညီမလေး အသက်မှာ ဆယ့်လေးနှစ်လောက် ရှိပြီဖြစ်သော်လည်း ဆယ်နှစ်အရွယ်လောက်ပင် မထွားကျိုင်းနိုင်။ တက်ရ ချက်ရလွန်းသဖြင့် ဦးနှောက်မှတ်ဉာဏ် မကောင်းတော့။ ကိုယ့်နာမည်ကိုပင် ကိုယ်မေ့နေခဲ့ပြီ။ သူရွတ်နေကျ စကား တလုံးစ နှစ်လုံးစသာ မှတ်မိတော့သည်။

ကျနော်စာရေးနေလျှင် ညီမလေးသည် အနားမှာလာပြီး ငိုင်ငိုင်ကြီး ရပ်နေတတ်၏။ အကြာကြီး ရပ်နေတတ်သည်။ သူ့နှုတ်ခမ်းမှ သွားရည်များသည် ကျနော့် အနားမှ ဖျာပေါ်တွင် တပေါက်ချင်း ကျနေတတ်၏။ စာရေးနေသည်ကို ညီမလေးစိတ်ထဲတွင် မည်သို့ထင်နေသည်မသိ။ အထူးအဆန်းဟူ၍ အောက်မေ့နေမလားမသိ။ စာရွက်များကို ငုံ့ကြည့်နေရာမှ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာနေမလားမသိ။

ညီမလေးသည် ရုတ်တရက်ငုံ့လိုက်ပြီး ကျနော့်စာရွက်များကို ကောက်ယူ ဆွဲဆုတ်လိုက်လေသည်။ ကျနော်ကြိုးပမ်းတကြီး ရေးခဲ့သမျှမှာ ပျောက်ကွယ်သွားခဲ့လေပြီ။ သူဆုပ်ဖြဲလိုက်သဖြင့် စာရွက် အပိုင်းအစများ ပြန့်ကျဲသွားသည်။ ကျနော်လည်း စိတ်မထိန်းနိုင်အောင် ဒေါသဖြစ်နေရ၏။ ရိုက်နှက်မထိုးကြိတ်မိရန် စိတ်ကိုမနည်းချုပ်တီးရသည်။

သူ့ကိုမှ အင်္ကျီဇက်ပိုးမှ ကြမ်းတမ်းစွာဆုပ်ကိုင်လျှက် ဒရွတ်တိုက်အိမ်အပြင်ဘက်သို့ ဆွဲခေါ်သွားသည်။ အိမ်အပြင် လှေကားထိပ်တွင် ပစ်ချထားခဲ့၏။ ညီမလေးသည် ခွေးကတက်တွင် လဲနေရစ်သည်။

"ငါ .... ငါရိုက်ပလိုက် မိမယ်နော် ..... အရူးမ ... အရူးမ" ဟူ၍ ကျနော်သည် စိတ်ချုပ်တီးထားရာမှပင် ကြိမ်းမောင်းမိ၏။

ကျနော့်ညီမလေးမှာ "အရူးမ" ဟုခေါ်လျှင် ဆတ်ဆတ်တုန်အောင် နာတတ်လေသည်။ ခွန်းတုံ့ပြန်မပြောတတ်၊ စကားလုံးများကို သူမေ့နေခဲ့ပြီ။ သူမကျေနပ်ကြောင်းမှု သူ၏ပြူးကျယ်ဝိုင်းစက်သည့် မျက်လုံးကြီးများဖြင့်သာ ဖော်ပြတတ်သည်။

ညီမလေးသည် ပက်လက်လဲကျနေရာမှ ထိုမျက်လုံးကြီးများဖြင့် ကျနော့်ကို လှမ်းကြည့်နေသည်။ တခုခု ပြန်ပြောချင်သဖြင့် သူ့နှုတ်ခမ်းများမှာ လှုပ်ရှားနေကြ၏။ နောက်ဆုံး၌ သူအလွတ်ရထားသည့် မမေ့သေးသည့် စကားလုံး လေးလုံးသာ သူ့ပါးစပ်ဖျားမှ ပေါ်ထွက်လာသည်။

"ကြီးကျယ်လိုက်တာ"
"ကြီးကျယ်လိုက်တာ"

ညီမလေး စကားလုံးများမှာ ကျနော့်ကို မကျေနိုင်၊ မချမ်းနိုင်ကြောင်း ဖော်ပြနေသည်။ ကျနော်လည်း သူ့ကို အိမ်အပြင်ဖက်မှာ ထားပစ်၏။ တံခါးကို အတွင်းမှ ပိတ်ပစ်လိုက်၏။

တခါတရံတွင်ကား ကျနော်သည် စိတ်မထိန်းနိုင်ပဲ ညီမလေးကို တချက်တလေ ရိုက်မိလျှင် ကျနော့်ပင်လျှင် စိတ်၌နာကျင် ထိခိုက်ရလေသည်။ တချက်တလေ ရိုက်ရုံဖြင့် သူသည်ခွေလဲကျသွားတတ်လေသည်။

ထိုအခါ၌ ကျနော်သည် ညီမလေး၏ ပိန်လှီသော ကိုယ်ကလေးကို ချက်ချင်းပြန်၍ ပွေ့ထူပြီး ချော့မော့ရသည်။ သူ့မျက်လုံးဝိုင်းကြီးများဖြင့် ကျနော့်ကို မကျေမနပ် ကြည့်နေပုံမှာ ကျနော်မခံနိုင်အောင် စိတ်ထိခိုက်ရသည်။

"ကိုယ့်အကိုလေး စာရေးနေရင် မရှုပ်ရဖူးနော်၊ စာရေးလို့ဘယ်ရတော့မလဲ၊ စာရေးဆရာဖြစ်ရင် လူတွေကလဲ လေးစားကြမယ်၊ အထင်ကြီးကြမယ်"

ညီမလေးကို ချော့မော့သည့်စကားထဲတွင် စကားတပိုဒ်ကိုမူ ကျနော့်ရင်ထဲမှာပင် သိမ်းထားရသည်။ ထုတ်မပြောဖြစ်။ "စာရေးဆရာဆိုတာ ပိုက်ဆံတွေလဲရတယ်၊ ညီမလေးကိုလဲ အကောင်းဆုံး ဆေးရုံကြီးတွေခေါ်ပြီး ဆေးကုနိုင်မယ်" စကားပိုဒ်ကို ကျနော် ဖွင့်မပြောနိုင်။

ဖွင့်ပြောလျှင်လည်း ညီမလေးမှာ နားလည်နိုင်မည်မဟုတ်။ ယခုပြောသည့် စကားများကိုပင် တလုံးတပိုဒ်မျှ နားလည်မည် မဟုတ်ပေ။ မျက်လုံးဝိုင်းကြီးဖြင့်သာ ကျနော် ပါးစပ်လှုပ်သည်ကို ကြည့်နေသည်။ ကျနော်ကြင်နာယုယစွာ ချော့မော့နေသည်ကိုမူ သိနေသည်။ ကျနော့်မျက်နှာပေါ်မှ အကြင်နာရိပ်များကိုမူ သိနေပါလိမ့်မည်။

"အကိုလေး နောက်မရိုက်တော့ဖူးနော်"

နောက်ဆုံး၌ ညီမလေးသည် ကျနော့်ကို စကားများ ပြန်ပြောရန် သူ့နှုတ်ခမ်းများလှုပ်လျှက် အားယူလေသည်။ သို့သော်လည်း ညီမလေး၌ စကားလုံးကား မရှိရှာပေ။

"ကြီးကျယ်လိုက်တာ" ဟူ၍သာ ရေရွတ်သည်။

ယခုအကြိမ်၌ သူရွတ်နေကျ ထိုစကားလုံးများမှာလည်း ချိုသာနေသည်။

တခါတရံ၌ အိမ်မှလူကြီးများ အလုပ်လုပ်ထွက်သောအခါ ညီမလေးကို အိမ်ထဲ၌ တံခါးများ ပိတ်ဆို့ထားခဲ့ရသည်။ ညီမလေးကား မျက်လုံးပြူးကြီးများဖြင့် ကြည့်လျှက်ပင် အိမ်ထဲ၌ အကျဉ်းကျနေသလို တနေကုန် တနေခမ်း နေရစ်ခဲ့ရသည်။ သူလည်း ကျနော်တို့နှင့် လိုက်ချင်ပေလိမ့်မည်။ သူ့နှုတ်ခမ်းများမှာ စကားပြောချင်သဖြင့် တဆတ်ဆတ် လှုပ်နေခဲ့သည်။ သူ့မျက်လုံးဝိုင်းကြီးထဲ၌ မျက်ရည်များဝဲနေခဲ့သည်။ ညီမလေးကား ငိုလည်း မငိုတတ်တော့။

သူ့အတွက် ထမင်းများခူးပြီး စားပွဲခုံပေါ်တွင် အုပ်ဆိုင်းထားခဲ့သည်။ တခါတရံ အိမ်သားများ ပြန်ရောက်လာလျှင် ညီမလေးမှာ ထမီ အင်္ကျီ အကျွတ်ကျွတ်ဖြင့်ပင် အိမ်ခန်းထောင့်ထဲ၌ အိပ်ပျော်နေသည်။ ဝက်ရူးတက်ပြီး အိပ်ပျော်နေသဖြင့် ထမင်းဟင်းလည်း မစားဖြစ်။ ခူးခပ်ထားခဲ့သည့်အတိုင်း နေရာမယွင်း။

ညီမလေးသည် အိမ်ထဲ၌ လှောင်ပိတ်ထားခဲ့သည်ကို မည်မျှ စိတ်ဆင်းရဲ နေရရှာမည်နည်း။ အိမ်ထဲမှ ထွက်ပြေးရန် အဖန်ဖန်ကြိုးပမ်းပေလိမ့်မည်။

တညနေ၌ ကျနော်တို့သားအဖသုံးယောက် အိမ်ပြန်ရောက်လာသောအခါ ညီမလေးကို အိမ်ထဲ၌ ရှာဖွေမတွေ့တော့ပေ။ အိမ်တံခါးများလည်း အလုံပိတ်ထားမြဲပင်။ ညီမလေးထမင်းစားသည့် စားပွဲခုံမှာလည်း ထမင်းလုံးများ ဖွေးဖွေးဖြူလျှက် မှောက်ကျနေသည်။ သူထမင်းစားသည့် သံပန်းကန်ကိုလည်း ပိန်တူးနေအောင် ရိုက်ထုထားသည်။

ကျနော်တို့မှာ သောကပွားလျှက် ပျာယာခတ်နေရ၏။ ဟိုပြေး သည်လွှားဖြင့် သူ့ကို တအိမ်လုံး မွှောက်လှန်ရှာဖွေနေရ၏။ အမ မျက်နှာမှာလည်း ငိုတော့မလို ဖြစ်နေသည်။

နောက်ဆုံး၌ ကျနော်တို့သည် အိမ်အပြင်သို့ သူ့ကို လိုက်လံရှာဖွေရန် ပြေးထွက်ခဲ့ကြသည်။ ထိုအခါတွင်မှ အိမ်ခေါင်မိုးပေါ်မှ သူက လက်ခုတ်လက်ဝါးတီးပြီး ကျနော်တို့ကို ခေါ်လေသည်။

ကျနော်တို့ မော့ကြည့်နေမိကြ၏။ သူသည် မိုးတဖွဲဖွဲရွာနေသည့်အောက်တွင် အိမ်ခေါင်ပေါ်တွင် လက်နှစ်ဖက်လွှတ်ကာ ရပ်လျှက် လက်ခုတ်လက်ဝါးတီးလျှက် ပျော်နေလေသည်။

“ဟေး ဟေး”

ညီမလေးကား ပျော်လွန်းသဖြင့် မျက်နှာတခုလုံး ပြုံးနေသည်။ သူ့ပါးလုပ်လုပ်ကိုယ်ကလေးကား လေတိုင်လျှင်ပင် လွင့်ကျလာတော့မည်။

ကျနော်တို့ စိုးရိမ်နေရသလောက် ညီမလေးမှာမူ သူ့အန္တရာယ်ကိုလည်း သူမသိနိုင်။ မတော်တဆ ဝက်ရူးပြန်ပြီး လိမ့်ကျမည်ကို မတွေးနိုင်။

သူသည် အိမ်အမိုးကို ဖောက်ထွက်ကာ အိမ်ခေါင်ပေါ်သို့ အရောက်တက်ခဲ့၏။ ကျနော်တို့မှာ လှေခါးအပြေးအလွှားရှာဖွေရ၏။ ရွာထဲရှိ လူအများကိုလည်း အကူအညီတောင်းရ၏။ လူများသည် စောင်ကြီးများကို လေးထောင့်မှကိုင်ကာ သူလိမ့်ကျလာလျှင် ဆီးဖမ်းဖို့ ပြင်ဆင်ကြရသည်။

ကျနော်သည် အိမ်ခေါင်ပေါ်သို့ တက်ရလေသည်။ သူခုန်ချသွားမည်စိုးသဖြင့် ချော့မော့ ဖျောင်းဖျရင်းမှ သူ့အနားကို ကပ်သွားကာ ဖမ်းဆီးရလေသည်။

“အိမ်မှာ လူမနေခဲလို့ မရဖူး။ တယောက်ယောက်နေခဲ့မှ။ နို့မို့ရင် တခါမဟုတ် တခါတော့ ဒုက္ခများတော့မှာပဲ” ဟူ၍ အဖေက ညည်းညူလေသည်။

ကျနော်က အိမ်အမိုးပေါ်မှ ပွေ့ချီပြီး လူလေးငါးယောက် အဆင်သင့်စောင့်နေသည့် စောင်ပိုက်ထဲ ပစ်ချလိုက်သောအခါ ညီမလေးမှာ ပျော်နေလေသည်။ သူသည် စောင်ပိုက်ထဲမှ လျှောဆင်းလိုက်ပြီး လက်ခုပ် လက်းဝါးတီးနေပြန်သည်။ ထိုကတည်းက သူ့ကို အိမ်တွင်ထားခဲ့၍ မရတော့။ အိမ်၌ တယောက်ယောက် နေခဲ့ရတော့သည်။

ညီမလေးမှာ ဝေဒနာမရမီကဆိုလျှင် မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူး၊ မျက်တောင်ကော့ကော့၊ အသားဖြူညက်ညက်ဖြင့် ကော်ရုပ်ကလေးလို လှခဲ့သည်။ စကားလည်းတတ်သည်။ သွက်လက်ချက်ချာသည်။

ထိုအခါကဆိုလျှင် ညီမလေး၏ သီချင်းသံဖြင့် အိမ်မှာစည်နေတတ်သည်။ ညီမလေးသည် ဟင်းသီးဟင်းရွက်များကို ခူးပြီး ဈေးတွင် ရောင်းတတ်သည်။ ဝေဒနာရလာသည်မှာလည်း ဟင်းရွက်ခူးရာမှ စခဲ့လေသည်။ သူသည် ရောင်းချရန် မန်ကျည်းရွက် တက်ခူးရင်း မန်ကျည်းပင်မြင့်ကြီးပေါ်မှ လိမ့်ကျကာ တက်ချက်သွားခဲ့သည်။ မည်သည့်အာရုံကြော မည်သို့ထိခိုက်သွားသည်ကိုမူ မသိနိုင်။

ထိုမှစ၍ ညီမလေးသည် မကြာခဏ တက်ချက်တတ်လေသည်။ သူ့ကို ဆရာကောင်းပေါ်သည်ဆိုတိုင်း အဖေနှင့် အမေသည် လိုက်လံကုသ၏။ ပျောက်စေဆရာများလည်း ပါသည်။ ငွေလိမ်သွားသူများလည်း တွေ့ရသည်။ တနေရာ၌ ရောဂါကုသနိုင်မည်ထင်သည့် ဆရာပေါ်ပေါက်တိုင်း အဖေနှင့်အမေသည် သူ့ကိုခေါ်သွားကြသည်။

ထိုသို့ခရီးထွက်ရသည်ကိုမူ ညီမလေးမှာပျော်နေတတ်သည်။ ဤသို့ဖြင့် ရောဂါရင့်လာသောအခါ ဦးနှောက်လည်း ပျက်စီးလာသည်။ စိတ္တဇလည်း ဝင်လာသည်။ သူ့နာမည်ကိုပင် သူမသိတော့။

ညီမလေးသည် အမေနှင့် ကျနော့်ကိုသာ ခေါ်တတ်တော့သည်။ တခါတရံ၌မူ ကျနော့်ကို “အကိုလေး” ဟု ခေါ်တတ်သေးသည်။

နောက်ပိုင်း နေ့ရက်များ၌ ညီမလေးမှာ ညညဆိုလျှင် မအိပ်ဘဲ အိမ်မှ ထွက်ပြေးတတ်လာသည်။ ပြတင်းပေါက်များမှလည်း ခုန်ချပြေးတတ်သည်။ အိမ်ထရံကြားမှလည်း ဆင်းပြေးတတ်သည်။ မကြာခဏ တရွာလုံး ဆူဆူညံညံဖြင့် သူ့ကိုလိုက်ရှာရတတ်သည်။

အမေကား သူ့သမီးလေးကို ညအိပ်လျှင် မလွှတ်တမ်းပွေ့ဖက်အိပ်ရလေသည်။ အမေသည် ညညများ၌ အမြဲလိုလိုပင် ကင်းစောင့်တာဝန် ယူနေရသည်။ သည်ကြားထဲမှာပင် အမေမေးကနဲပျော်သွားခိုက်များ၌ ညီမလေးသည် အိမ်မှထွက်ပြေးသွားတတ်သေးသည်။

နှင်းမှောင်ကြီး ကျနေသည့်တညဉ့ ညီမလေးသည် အမေ့ရင်ခွင်ထဲမှ ပျောက်သွားခဲ့သည်။ အမေသည် တအိမ်သားလုံးကို နှိုးလေသည်။ မကြာခင် အိမ်နီး နားချင်းများကို နှိုးပြီး မီးထုတ် မီးတိုင်များဖြင့် အနန့်အပြား ရှာဖွေကြရ၏။ ရွာအနောက်ဖက် ကန်စပ်သို့ လူအားလုံးသည်

စိုးရိမ်ကြီးစွာဖြင့် ရှာဖွေကြလေသည်။ ရေထဲဖြတ်အကူး၌ တက်ပြီးသေဆုံးနေလိမ့်မည်ကို စိုးရိမ်နေမိကြသည်။ ကန်စပ်၌ လည်း ခြေရာမတွေ့။ သူပျောက်သွားလျှင် ရောက်တတ် တွေ့တတ်သည့် နေရာများမှာလည်း စုံနေပေပြီ။

နောက်ဆုံး၌ အာရုဏ်တက်ချိန်တွင်မှ မမျှော်လင့်သည့် နေရာတွင် တွေ့ရလေသည်။ ညီမလေးသည် ရွာအပြင်ဖက် ညောင်ပင်ကြီးအောက်ရှိ နတ်စင်ပေါ်တွင် တက်အိပ်နေခဲ့သည်။ သူသည် ညောင်ရေအိုးမှန်သမျှကို ပေါက်ခွဲထားသည်။ နတ်ရုပ်များကို ရိုက်ချိုးထားသည်။ နတ်ရုပ်အကျိုးအပဲ့များ၊ ညောင်ရေအိုးကွဲများ၊ နတ်ပန်းများသည် စင်ရှေ့ မြေကွက်လပ်ပေါ်တွင် ပြန့်ကြဲနေကြ၏။

ညီမလေးကား နတ်စင်ပေါ်၌ ဝက်ရူးပျံတတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပေပြီ။ သူ့ပါးစပ်ကလေးသည် ပွင့်နေသည်။ သူ့ဆံရစ်ဝိုင်းဆံထုံးကလေးမှာ ပြေကျနေသည်။ သူ့ကိုယ်ပေါ်တွင်ကား ထမီမရှိတော့။ ခြေရင်း၌ ပုံနေသည်။

ညီမလေးကား နှင်းမှောင်ကြီးကျကာ ရေခဲမတတ် အေးနေသည်ကိုပင် သိနိုင်သည့် အသိစိတ် ရှိတော့ဟန်မတူ။ သူ့တကိုယ်လုံးမှာ ရေခဲလို အေးစက်နေသည်။

ကျနော်သည် သူ့ကိုပွေ့ချီပြီ ယူလာခဲ့၏။ ကျနော်ပခုံးပေါ်ရောက်သည့်တိုင်အောင် အိပ်မောကျနေသည့် ညီမလေးမှာ မနိုးသေးပေ။ သူ့အတွက် လူပေါင်းမည်မျှ သောကရောက်ကြရသည်ကိုလည်း သူ့မှာ မသိနိုင်။

ထိုအခါက စာရေးသူ ကျနော်ကား ညီမလေးကို ပခုံးပေါ်တွင် ပွေ့ယူသွားရင်း ကျနော်၏ စိတ်ကူးယာဉ်ဇာတ်လမ်းများထဲမှ ဇာတ်ကောင်များကိုသာ တွေးချင်တွေးနေလိမ့်မည် ဖြစ်သည်။

ညီမလေးအကြောင်းကို စာတလုံး တပိုဒ်ရေးရန် မည်သို့တွေးခဲ့နိုင်ပါမည်နည်း။

ကျနော် ထင်းခုတ် အလုပ်လုပ်နေသည့် ကာလတွင် နွားနားရက်တရက်၌ ခိုင်းနွားကြီး ရထားတိုက်သေသွားလေသည်။ စာဥသည် နွားချင်းဇော့ရာတွင်လည်း ပြိုင်ဖက်မထားသူဖြစ်၏။ အလုပ်လုပ်ရာ၌လည်း ကြမ်းတမ်းလှသဖြင့် နာမည်ကျော်ကြားလေသည်။ ချိုင့်များ၊ ချောက်များထဲမှ ထင်းတုန်းများဆွဲတင်ရာ၌ တော်ရုံကျွမ်းကျင်သူသည် သူ့ကိုမကိုင်တွယ်ရဲ။ ပခုံးပေါ်ထမ်းပိုးတင်ပေးလိုက်လျှင် သူသည် တုံးတိုက်တိုက် ကျားကိုက်ကိုက် တောင်နှာမောင်း ကျေအောင် အတင်းဆွဲတင်သွားသည်။ တော်ရုံ သစ်ကျိုင်းပင်ကလေးများမှ ထင်းတုံးများ ရိုက်သွားသဖြင့် အပိုင်းပိုင်း ပြတ်ကျန်ရစ်ခဲ့သည်။ သူ့၌ မောပန်းနွမ်းနယ်တတ်သည့် ပုံလည်းမပြ။

သူသည် ရထားတိုက်မိထားသဖြင့် နောက်ပိုင်းတခုလုံး ကျေမွနေလျှက်ကပင် သူသေလုဆဲဆဲ၌ ရှေ့လက်နှစ်ချောင်းထောက်ပြီး ခေါင်းထောင်နေသေးသည်။ သူ၏အောင်မြင်လှသော အသံတထိန်းထိန်း တွန်ရင်း စစ်ကြေညာရင်းမှ သေဆုံးသွားလေသည်။

သူသေသောအခါ အိမ်သားတယောက် ကွယ်လွန်သလိုပင် အဖေနှင့်အမကား ငိုခဲ့ရလေသည်။ သူ့အသားများကိုမူ မြေမြှုပ်မပစ်နိုင်။ ကျနော်နှင့် ကျနော့်သူငယ်ချင်းတယောက်သည် သူ့အသားကိုဖျက်ကာ ရွာစဉ် လှည့်ရောင်းချကြရသည်။ ထင်းကန်ထရိုက်မှ ငွေထပ်တောင်းပြီး သူ့အသားဖိုးနှင့် ပေါင်းကာ နောက်ထပ်နွားသစ်တကောက် ထူထောင်ရသည်။

စာဥသေပြီး ရက်မကွာခြားလှမီတွင် ကျနော့်ညီမလေးပါ ဆုံးပါးခဲ့ရလေသည်။ စာဥသေစဉ်က ညီမလေးရောဂါမှာလည်း တရွေ့ရွေ့ တိုးနေခဲ့သည်။ တနေ့သုံးကြိမ် လေးကြိမ်တက်ရာမှ ငါးကြိမ် ခြောက်ကြိမ်ဖြစ်လာနေခဲ့ပေပြီ။ တခါတရံ ခုနှစ်ကြိမ် ရှစ်ကြိမ်အထိမြင့်လာနေလေပြီ။ အမေတို့သည် ညီမလေးကို တိုက်နေကျသည်းခြေဆေး သွေးဆေး ငှက်ပျောသီးမန်းများကို အကြိမ်အရေအတွက် တိုးပြီးတိုက်သည်။ အထူးတလည်လည်း စိုးရိမ်စိတ်မထားနိုင်။ တခါတရံ၌ တနေ့ဆယ်ကြိမ်အထိ တက်ခဲ့ဖူးလျှက် နောက်ပိုင်းတွင် နှစ်ကြိမ် သုံးကြိမ်အထိ ပြန်ကျဆင်းခဲ့ဖူးသည့် အတွေ့အကြုံများဖြင့် စိတ်ကိုဖြေထားကြသည်။

"ကိစ္စမရှိပါဖူးကွာ၊ အခုငှက်ပျောသီးမန်းကျွေးလို့ ရောဂါနဲ့ဆေး တိုးတုန်းဖြစ်တာပါ၊ တဖြေးဖြေး ပြန်ကျသွားမှာပေါ့၊ စိုးရိမ်စရာ မရှိပါဖူး"

အဖေက ထိုသို့ ယုံယုံကြည်ကြည် ပြောနေခဲ့သည်။

ညီမလေးသည် ကျနော်တို့ အမဲသားဖျက်နေရာ သစ်ပင်ကြီးရိပ်အနား၌ လာရပ်နေသည်။ ကျနော်တို့ ဓားများဖြင့် နွားအရေကို ခွဲလှန်လိုက်သည်ကိုလည်း သူသဘောကျနေသည်။ ရင်ကိုခွဲလိုက်သောအခါ သွေးများသည် တဟောဟောဆင်းလာကြ၏။ နွားကိုယ်ထဲမှ အပူငွေ့များ အခိုးများသည် တထောင်းထောင်း ထလာကြသည်။ ကျနော်တို့သည် နွားပေါင်ကြီးများကို ဓားဖြင့် ရစ်လှီးထုတ်လိုက်ကြသည်။

ညီမလေး ရပ်နေသည်မှာ နေပူကြီးထဲတွင် ဖြစ်လေသည်။ "နေရိပ်ထဲဝင်နေလေ" ဟု ကျနော်ပြောသည်ကို သူသည် ဂရုမစိုက်။ ကျနော်က သူ့ကို နေရိပ်ဖက်သို့ တတောင်ဆစ်ဖြင့် တွန်းလွှတ်သောအခါ သူ၏ ပိန်ချပ်ကြုံလှီနေသည့် ကိုယ်ကလေးမှာ ယိမ်းထိုးသွားလေသည်။

ညီမလေးကား မနေ့က တနေ့ထက်ပင် ပိန်ချုံးကျလာသည်။ ထမင်း ဟင်းများကိုလည်း အရင်ကလောက် မစားတော့။ အရင်ကလောက်လည်း လန်းလန်းဆန်းဆန်း မရှိလှ။ သူ့အသားမှာ ပို၍ဖြူဖျော့နေပေပြီ။ သူ့အတွက် ပေါင်သားကောင်းကောင်း နှစ်ပိဿာလောက် မရောင်းဘဲ ချန်ထားလိုက်မည်ဟု ကျနော်တွေးနေမိသည်။

ညီမလေးသည် ကျနော်တွန်းလွှတ်လိုက်သည့်ဖက်တွင်ပင် သရက်ပင်ရိပ်၌ သရက်မြစ်ဆုံ တခုပေါ်တွင် အိန္ဒြေရရကလေး ထိုင်နေသည်။ သူ၏ သန်နေသေးသည့် လက်တဖက်ဖြင့် သရက်မြစ်ပေါ်ထောက်ထားသည်။

သူရှေ့၌ သရက်ရွက်ခြောက်ကလေးများ ကြွေကျနေသည်ကို ညီမလေးသည် သူ၏ဝေနေသော မျက်လုံးများဖြင့် ငေးကြည့်နေသည်။ သရက်ပွင့်ကလေးများ ဝဲကာဝေ့ကာ ကျလာပုံကိုလည်း သူသဘောကျနေမည်။

ခဏကြာလျှင် သူနေရာမှ ထလာပြန်သည်။ ကျနော် အမဲသားတွဲများချိန်ပြီး နီးဖြင့်ဖောက်ချိကာ မလှမ်းမကမ်းရှိ ထန်းရွက်များအပေါ် လှမ်းပစ်တင်နေပုံကို သူသဘောကျနေသည်။ ညီမလေးသည် အမဲသားများကို လက်ဝါးဖြင့် တဖျန်းဖျန်း ပုတ်ကြည့်လေသည်။ သူ့လက်များ၌ သွေးများလူးကျံကုန်သည်။ သူ့အကျီ သူ့မျက်နှာများ၌ သွေးများစင်နေသည်။

ကျနော်လည်း အလုပ်ကို နေရပ်ထားရ၏။ ရှာစဉ်လှည့်ရောင်းချိန် မမှီမှာကိုလည်း စိုးရိမ်မိသည်။ သူ့ကိုလက်တဖက်ဖြင့် ဆွဲကာ သရက်ပင်ရိပ်သို့ ပြန်ပို့ထားလိုက်သည်။ "ညီမလေး ငြိမ်ငြိမ်နေနော်" ဟူ၍ ချော့မော့ထားလိုက်သည်။

ညီမလေး ကျနော့်ကို မကျေမနပ်ဖြစ်နေပြန်သည်။ "ကြီးကျယ်လိုက်တာ" ဟူ၍ သူပြောနေကျ စကားလေးလုံးကို ပြောလျှက် ကျနော့်ကို မကျေနပ်သည့် မျက်လုံးဝိုင်းကြီးများဖြင့်သာ ကြည့်နေသည်။ သူ့မျက်လုံးဝိုင်းကြီးသည် ခွန်အား ဆုတ်ယုတ်မှုကို ဖော်ပြနေပေပြီ။ ယခင်ကလောက် အားမကောင်းတော့။ မျက်လုံးသွေးကြောများမှာ ဝါဖျော့နေပေပြီ။

ခဏကြာလျှင် သူသည် ရောက်လာပြန်သည်။ ကျနော်ကလည်း သူ့နေရာ သရက်မြစ်ကြီးအပေါ် ပြန်ပို့သည်။ ချော့မော့သည်။ သို့သော်လည်း ခဏမျှသာငြိမ်နေပြီး ပြန်ရောက်လာပြန်သည်။ ကျနော် ပြန်ပို့ရပြန်သည်။

"ငါတို့ ရောင်းချိန်တောင် သိပ်မရှိတော့ဖူးကွာ၊ သုတ်သုတ်လုပ်ဟေ့" ဟူ၍ သူငယ်ချင်းက ပြောနေသည်။ ညီမလေးသည် တကြိမ်ထလာပြီး အမဲသားတွဲများကို လက်ဖြင့် တဖျန်းဖျန်းပုတ်ပြန်သည်။ သည်အခါ၌မူ သူ့ကိုခပ်ကြမ်းကြမ်း ဆွဲခေါ်ကာ အိမ်ပေါ်သို့ ပို့ထားခဲ့သည်။ ညီမလေးကား ကျနော့်ကို စိတ်တိုနေပြီကိုလည်း မသိ။ ဘာကြောင့် စိတ်တိုနေရသည်ကိုမူ မည်သို့လျှင် သိနိုင်တော့မည်နည်း။

သူသည် မကျေနပ်သော မျက်လုံးဝိုင်းကြီးများဖြင့်သာ ကျနော့်ကို ကြည့်သည်။ မကျေနပ်သံဖြင့်သာ "ကြီးကျယ်လိုက်တာ" ဟူ၍ ပြောနေသည်။

ကျနော် ပြန်လှည့်လာခဲ့လျှင် သူလည်း နောက်မှခွန်အားချည်နဲ့စွာ တရွေ့ရွေ့လိုက်လာနေပြန်သည်။ ကျနော်သည် သူ့ကို သရက်မြစ်ပေါ်သို့ ပို့ပေးရပြန်သည်။

သည်တကြိမ်၌မူ သူ၏သန်စွမ်းနေသေးသည့်လက်ဖြင့် သရက်မြစ်ကိုထောက်လျှက် သရက်ပင်စည်ကြီးကိုမှီကာ အရုပ်ကလေးတခုလို အချိန်ကြာမြင့်စွာ ငြိမ်သက်စွာ ထိုင်နေသည်။ နေကလည်းပြင်းသဖြင့် အားအင်ကုန်ခမ်းနေသည့် ညီမလေးသည် နွမ်းလည်းနွမ်းနယ်နေသည်။

သူ့နှုတ်ခမ်းများမှာမူ ကျနော့်ကို မကျေနပ်သဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ သူ့မျက်လုံးများကိုမူ မှိတ်ထားလေသည်။

ခဏကြာလျှင် ကျနော်သည် အမဲသားတွဲများကို ကျောပေးထားခဲ့ပြီး အမဲရင်ဒူးများကို ခုတ်ပိုင်းနေမိ၏။ ထိုကြောင့်ပင် သူနောက်က ရောက်နေသည်ကိုလည်း မသိလိုက်။ သူအမဲသားတွဲများကို ဆွဲကိုင်နေသည်ကိုလည်း မသိလိုက်။

ညီမလေးသည် ဘယ်လိုစိတ်ကူးပေါက်သည်မသိ။ အမဲသားတွဲတတွဲကိုကိုင်ပြီး နေပူဖုန်တောထဲသို့ လှမ်းပစ်လိုက်လေသည်။ အမဲသားတွဲ ဖုန်ထဲကျသွားမှ ကျနော်လည်း လှည့်ကြည့်မိသည်။

အမဲသားတွဲ ဖုန်တောထဲကျသွားရာမှ ဖုန်များ တထောင်းထောင်း ထသွားလေသည်။ ဖုန်ထဲနစ်သွားသည်။ ရေဆေးလျှင်လည်း ဖြူသွားကာ ရောင်းလို့ရတော့မည် မဟုတ်။ သဲများ ဖုန်များ အမှိုက်စများကို ပြောင်အောင် ဆေး၍ လည်း ရမည်မဟုတ်။ ကျနော့်မှာ နှမြောစိတ် ဒေါသစိတ်များဖြင့် ဆတ်ဆတ်တုန်နေသည်။ မွှန်ထူနေသလောက်ပင် ဖြစ်သွားသည်။

ထိုကြောင့်ပင် ညီမလေးဆီပြေးသွားပြီး တားဆီးရန် သတိမရဘဲ အမဲသားတွဲကျသွားရာနေရာသို့ ပြေးသွားကာ ကောက်ယူနေမိသည်။ ညီမလေးကား ဟက်ဟက်ပက်ပက်ကြီး ပျော်နေသည်။ ကျနော်ပျာယာခတ်နေသည်ကိုလည်း သဘောကျနေ၏။ ကျနော် အမဲသားတွဲ ကောက်ယူပြီး ပြန်အလာ၌ နောက်ထပ် နှစ်တွဲကိုဆက်တိုက် လွှင့်ပစ်လေသည်။ ကျနော် ပြန်ပြေးကောက်ရသည်ကို သဘောကျကာ သူသည် ကောင်းစွာမသန်စွမ်းသည့် လက်များဖြင့်ပင် လက်ခုပ်လက်ဝါးတီးနေတော့သည်။ သူ့လက်ခုပ်သံမှာ မမြည်လှသော်လည်း သူ့နှုတ်မှ "ဟေးဟေး" နှင့် ညာသံပေးနေသံမှာမူ သူဟက်ဟက်ပက်ပက် ပျော်ရွှင်နေသောကြောင့် ကျယ်လောင်လှသည်။

ညီမလေးကား အပြစ်ကင်းမဲ့စွာ ဟက်ဟက်ပက်ပက် ပျော်ရွှင်နေပေပြီ။

ကျနော်ကမူ သူ၏ အပြစ်ကင်းမဲ့သည့် ပျော်ရွှင်မှုကိုလည်း မကြင်နာနိုင်။ သူ့ကို ဝေဒနာသည်ကလေးဟူ၍လည်း သတိမရနိုင်။ နမျောစိတ်နှင့် ဒေါသစိတ်ပေါင်းစည်းကာ မီးတောက်မီးလျှံ မျက်လုံးများဖြင့် အသားတဆတ်ဆတ်တုန်လျှက် သူ့ဆီပြေးလာနေသည်။ ကျနော့် လက်ထဲတွင် ဝါးလုံးတိုတခုကိုလည်း ဘယ်နေရာက ဆွဲယူလာမိမှန်းမသိ။

သူ့ကျောပြင်ကို အားကုန်လွှဲရိုက်နေမိ၏။

တချက်.....
နှစ်ချက်.....
သုံးချက်....
လေးချက်....
ငါးချက်......

ဤငါးချက်မှာ ကျနော့်ဘဝ တလျှောက်လုံး ကျနော့်အသည်းနှလုံးသားများကို ပါးပါးလှီးလှီး နေတော့မည့် ငါးချက်ပါတကား။ ကျနော် ဘယ်အခါတွင်မှ ပြန်မတွေး ဝံ့တော့မည့် ငါးချက်ပါတကား။

သူသည် .....

"အကိုလေးရယ်"
ဟူ၍ ကျနော့်ကိုပင် တ ခဲ့၏။

သူ၏ သစ်ရွက်ကလေးလို ကိုယ်ကလေးမှာ အမဲသားပုံကြီးပေါ်သို့ ညွတ်ကျသွားသည်။ ပက်လက်ကလေး ဖြစ်နေသည်။ ကျနော့်ကို ပြုံးကျယ်ဝိုင်းစက်လှသည့် မျက်လုံးကြီးများဖြင့် ကြည့်နေသည်။ ထိုမျက်လုံးကြီးများပေါ်တွင် မျက်ရည်များ ပြည့်လာနေသည်။ စကားပြောချင်နေသဖြင့် သူ၏ပါးလှပ်သော အားနည်း၊ ဖျော့နေသော နှုတ်ခမ်းကလေးများ တဆတ်ဆတ်လှုပ်နေသည်။

သူ့မျက်နှာပေါ်တွင် သရက်ကိုင်းများ ကြားမှ နေပြောက်များ ကျနေသည်။ သူ့ကိုယ်လုံးကလေးမှာ အမဲသားပုံထဲတွင် နစ်မြုပ်နေသည်။ ပါးစပ်ကမူ အသံလည်းမထွက်။ ဓ ကြီးကျယ်လိုက်တာ ဓ လို့တောင် မပြော။

ကျနော့်ကိုသာ ပြုံးကျယ်ဝိုင်းစက်သော မျက်လုံးကြီးများဖြင့် မျက်တောင်မခတ်တော့ဘဲ ကြည့်နေသည်။ အမဲသားပုံကြီးပေါ်သို့ သရက်ပွင့်များလည်း တဖွဲဖွဲ တဖွေ့ဖွေ့ကြွေကျနေလျှက်ပင်။ သူ့မျက်နှာကလေးပေါ်သို့လည်း ကျနေသည်။

ကျနော်လည်း ဝါးလုံးကို မလွှတ်ပစ်သေးဘဲ ယူကျုံးမရစွာဖြင့် ဆို့နင့်စွာ ရပ်နေဆဲပင်။

"ငါ ... ငါ ရက်စက်တဲ့လူ၊ အကြင်နာ ကင်းတဲ့လူ၊ ဒီအမဲသားကလေးသုံးတွဲနဲ့ ငါ့ညီမ ရောဂါသည်ကလေးကို ရိုက်ရက်တယ်၊ ရက်ရက် စက်စက် ရိုက်ရက်တယ်၊ သူတဖြည်းဖြည်း ယိုင်ပီးလဲသွားတယ်၊ ဘယ်နှစ်ချက်ရိုက်မိသလဲ။ တချက် ... နှစ်ချက် ... သုံးချက် .... လေးချက် .... ငါးချက် ..."

အမဲသားပုံကြီးထဲတွင် နစ်မြုပ်နေသည့် ကျနော့်ညီမလေး၏ သွေးဆုတ်ဖြူရော် နေသည့်ပုံကို ဘယ်အခါတွင်မှ မေ့နိုင်မည်မဟုတ်။

ကျနော် မလှုပ်နိုင် မယှက်နိုင် ဖြစ်နေခိုက်၌ပင် ညီမလေးမှာ ရုတ်တရက် မျက်ဖြူလန်ကာ တခေါက်ခေါက် တက်သွားပြန်သည်။ သူ့ခြေထောက်များသည် အမဲသားများကို ကန်ကျောက်နေ၏။ သူ့လက်ဖက်မှာ မကျေနိုင် မချမ်းနိုင် ဖြစ်နေသလို အမဲသားတွဲ တတွဲကို ဆုပ်ကိုင်ထားသည်။

ကျနော့်သူငယ်ချင်းလည်း စိတ်ထိခိုက်နေသည့် ညိုမောင်းသည့် မျက်နှာနှင့်ပင် ငုံ့ကြည့်နေသည်။ ထိုအခါတွင် ကျနော်သည် သတိရလျှက် လက်ထဲမှ ဝါးလုံးကို လွှင့်ပစ်ခဲ့၏။ ညီမလေးကို ပွေ့ယူရလေသည်။ သူ့လက်ထဲမှ အမဲသားတွဲကို မနည်း ဖြုတ်ယူရလေသည်။

သူအတက်ကျမှပင် အမဲသားတွဲမှာ လွတ်ကျသွားလေသည်။ သူ၏ပေါ့ပါးလှသည့် ကိုယ်ကလေးမှာ ကျနော့်ရင်ခွင်ထဲ၌ အိပ်မောကျနေရှာပြီ။ ပျော့ဖတ်ဖတ်ကလေး ဖြစ်နေ၏။ သူ့လက်ဖျား ခြေဖျားများသည် ရေတုံး ရေခဲ ဖြစ်နေ၏။

ကျနော်သည် ညီမလေးကို သူ့အိပ်ယာပေါ်သို့ ပွေ့ယူသွားပြီး အဝတ်အစားလဲပေးကာ သိပ်ခဲ့ရသည်။

ထိုနေ့က ကျနော့်ကို ဓ အကိုလေးရယ် ဓ ဟူ၍ ခေါ်သွားသံကား သူ၏နောက်ဆုံးခေါ်သံ၊ ကျနော့်ကို နှုတ်ခွန်းဆက်သွားသံ ဖြစ်နေခဲ့ပေပြီ။

နောက်နေ့မှစ၍ ညီမလေးကား ရှစ်ကြိမ်မှ ကိုးကြိမ်...ဆယ်ကြိမ်....အကြိမ်အရေအတွက်တိုးလာကာ သူ့အိပ်ယာကလေးပေါ်မှ မထနိုင်တော့။ ထိုအခါတွင်မှ အမေတို့လည်း သူ့ကိုကြည့်ရှုနေသည့်ဆရာကို အိမ်အရောက် ပြေးပင့်ရသည်။

နောက်ရက်များ၌ တရွေ့ရွေ့ပင် ညီမလေးကား ကြွေလုတဲတဲ ဖြစ်လာနေခဲ့ပေပြီ။ ကျနော်လည်း နွားသစ်တကောင် ကမန်းကတမ်း ဝယ်ပြီး ထင်းတောကိုချည့်ထွက်နေသည်။ ကျနော့်ကို မည်သူကမျှလည်း မတားဆီး။ ဤရက်များ၌ အလုပ်ကို လုပ်မနေသင့်သော်လည်း ကျနော်ကား အပူမီးတောက်လောင်နေသည့် အိမ်အနားသို့ပင် မကပ်ချင်။

ညီမလေးကွယ်လွန်သည့် ညနေက ထင်းလှည်းများ ရွာအဝင် ညောင်ပင်ဝိုင်းကြီးအောက် ရောက်သောအခါ မှောင်ရိပ်ဆိုင်းနေခဲ့ပေပြီ။ ကျနော်တို့လှည်းများသည် ညီမလေး တခါက ညအိပ်ခဲ့သည့် နတ်စင်ရှေ့မှ ကပ်မောင်းနေကြသည်။ အမှောင်ရိပ်မိုးနေသဖြင့် အနားရှိ လယ်ကွင်းများကိုပင် သဲသဲကွဲကွဲ မမြင်ရ။ ကန်သင်းရိုးများသည် အမှောင်ရိပ်ထဲ၌ ပို၍ မဲနေကြပေပြီ။ နေရောင်များလည်း ပါးပါးလွှာလွှာကလေးမျှသာ ကျန်တော့မည်။ အရှေ့ဖက် ရှမ်းပြည်၏ ရိုးမတောင်ကြီးပေါ်မှ လရောင်ရိပ်များ သန်းနေခဲ့ပေပြီ။

ထိုအခါ၌ပင် ရွာထဲမှ အမေ၏ ပူဆွေးသောက ကြီးမားစွာ အော်ငိုလိုက်သံကို ကြားရလေသည်။ ကျနော့်လှည်းမှာ ညီမလေးတက်အိပ်ခဲ့သည့် နတ်စင်ရှေ့သို့ ရောက်ရုံမျှသာ ရှိသေးသည်။ အမ၏ တက်မတတ် ချက်မတတ် တစာစာ အော်ငိုသံလည်း ရွာဖက်ဆီမှ ပေါ်လာသည်။ ကျနော့်အိမ်မှ ခွေးအိုကြီး၏ ဝမ်းနည်းပက်လက်ဖြင့် ကောင်းကင်သို့မော့လျှက် သံရှည်ဆွဲအူသံလည်း ပေါ်လာသည်။ တရွာလုံးခွေးများကား ရွာပျက်ခမန်း တကောင်နောက် တကောင်လိုက်ပြီး အူနေပေပြီ။

ကျနော်ကား အိမ်သို့ပြန်ရန် စိတ်ကိုတင်း၍မရ။ ဤငိုသံများကို မကြားနိုင်။ ညီမလေး၏ ပက်လက်ဖြစ်နေသော မျက်တွင်းဟောက်ပက်နှင့် ပိန်ချုံးနေသည့် ရုပ်အလောင်းကိုလည်း မကြည့်နိုင်။ အမေနှင့် အမတို့ ပူဆွေးသောကကြီးမားစွာ လူးလိမ့်ငိုနေကြမည်ကိုလည်း မတွေ့မြင်နိုင်။

"ခင်ပုရေ .... သမီးလေးရယ့် ..... အမေ့ကို ထကြည့်ပါအုံး .... ကြီးကျယ်လိုက်တာလို့ ပြောလိုက်ပါအုံးလားကွယ့်"

"ခင်ပုရေ.....ညီမရယ့်"

ကျနော်ကား မခံရပ်နိုင်တော့သဖြင့် သွားနေသည့် လှည်းပေါ်မှ ခုန်ချလိုက်ရသည်။ မှောင်နေသည့် လယ်ကွင်းပြင်ကြီးကို ဖြတ်ပြေးနေမိသည်။ လယ်ကန်သင်းများကို တိုက်ခိုက်ကာ တဘိုင်းဘိုင်း လဲနေရသည်။ ငိုယိုသံများ မကြားနိုင်တော့သည့်နေရာသို့ သုတ်သုတ်ရောက်သွားလိုလှသည်။ ငိုသံများကား တဖြေးဖြေးဝေးသွားနေပြီး ဖြစ်သော်လည်း ကျနော့်နောက်မှ လိုက်ပြေးလာနေဆဲပင်။

ထင်းသမားအချို့လည်း ကျနော့်ကို စိုးရိမ်စိတ်ဖြင့် နောက်မှလိုက်ပြေးလာနေကြသည်။ လယ်ကန်သင်းတခုပေါ်တွင် ကျနော်တိုက်မိပြီး လဲကျနေစဉ် သူတို့မှီလာကြသည်။ တယောက်သည် ကျနော့်ကို ဆွဲထူနေ၏။ ကျန်လူများသည် ကျနော့်ကို ဝန်းရှထားနေကြသည်။

"ကွာ မင်းတို့လဲ တတ်နိုင်သလောက်တော့ ကုတာဘဲမှုတ်လား၊ ဒီကြားထဲက သေရတာ ကုသိုလ်ပဲပေါ့ ငါ့ညီရာ၊ မင်း အိမ်မပြန်လို့ မဖြစ်ဘူး။ အပူဆိုတာ ဝေမျှခံစားရတယ်။ ကျန်တဲ့လူတွေချည်း ပူနေရမယ်ဆိုတာတော့ မတရားဘူး။ မင်းမျက်နှာ သူတို့မြင်ရရင် နဲနဲတော့ သက်သာတာပေါ့ကွာ။ ဒီလိုပေါ့ကွာ၊ သေခြင်းတရားဆိုတာ တားနိုင်တာမှ မဟုတ်ဘဲ"

ကျနော်စိတ်ထဲတွင်မူ "တားနိုင်တယ်" ဟု အော်ပြောလိုက်ချင်သည်။ ငွေနှင့်တားလျှင် ရနိုင်သည်ဟု ပြောလိုက်ချင်သည်။ ပြောကား မပြောဖြစ်။ မည်သူ့ကိုမှ မည်သည့်စကားမှ မပြောဖြစ်။ ကျနော့်ကို မည်သူက တရားပြနေသည်၊ ဖြေသိမ့်ပေးနေသည်ကိုပင် ကျနော် သတိမထားနိုင်။ ကျနော်ကား သူတို့ အတင်းဆွဲခေါ်နေသဖြင့်သာ စိတ်ကို အတတ်နိုင်ဆုံးဖြေကာ ရွာကြီးဖက်သို့ လိုက်ပါနေရသည်။

ညီမလေးကို မြှုပ်နှံမည့် မြေကျင်းကို ကျနော်ကိုယ်တိုင် တူးခဲ့သည်။ ကျနော်ကိုယ်တိုင် မြေဖို့ခဲ့သည်။ ညီမလေးကား ကျနော်တို့လောကမှ ထွက်ခွာသွားနှင့်လေပြီ။ မိုးကြီး တစ်မိုး နှစ်မိုးရွာလိုက်လျှင်ပင် သူ့အတွက် ကျနော်လုပ်ပေးခဲ့သည့် မြေပုံလည်း ပျောက်ကွယ်သွားပေမည်။

နောက်နေ့၌ပင် ကျနော်သည် လူအများ တားနေလျှက်နှင့် ထင်းတောသို့ တက်လာခဲ့သည်။ အိမ်တွင် မနေချင်။ ဖြစ်ပွားနေရသည့် သောကကို မျိုသိပ်ထားနေရသည်မှာ မခံရပ်နိုင်။ အလုပ်လုပ်နေရလျှင် မေ့မေ့ပျောက်ပျောက် နေနိုင်မည်ဟု တွေးထင်မိခဲ့သည်။

တကယ်မှာမူ လက်များကသာ အလုပ်ကိုလုပ်နေသော်လည်း စိတ်များကား အလုပ်ပေါ်သို့ မရောက်နိုင်။ ကျနော့်လက်မှ ဓားသည် ထင်းပင်ကို အလိုလို ခုတ်နေသလိုပင်။ ဓားစာများသည် ကျနော့် ခြေထောက်များပေါ်သို့ တဖွားဖွားကျနေကြ၏။ ကျနော့် ဓားခုတ်သံကိုလည်း မကြားမိ၊ အခြား တောင်ကြော လျှိုမြောင် နေရာအနှံ့မှ ပေါ်လာနေသည့် ဓားခုတ်သံ လွှဆွဲသံ သီချင်းဆိုသံများသည် တောတခွင်လုံး နှံ့နေသော်လည်း ကျနော့်ထံသို့မူ ရောက်မလာ။

ကျနော့်စိတ်များကား မည်မျှဝေးလွန်းနေမှန်းမသိ။ မည်သည့် နေရာမှန်းမသိ။ အဆုံးမရှိသည့် နေရာအနှံ့သို့ လွင့်နေကြသည်။ ညီမလေး၏ ပိန်လှီနေသော ဖြူလျော်လျော် သဏ္ဌာန်ကိုသာ တွေ့နေရသည်။ သူလူဖြစ်နေရသည့် တိုတောင်းလွန်းလှသည့် ဘဝကလေးထဲ၌ ညီမလေးကား လူနှင့်တူအောင် တချက်ကလေးမှ မနေသွားခဲ့ရပါတကား။ ထိုအတွေးသည်သာ ကျနော့်ခေါင်းထဲတွင် ဝဲလှည့်နေသည်။

အောက်ဖက်လျှိုထဲမှ ကျနော့်နွားနှစ်ကောင်၏ တထိန်းထိန်းတွန်နေသံများကိုလည်း မကြားမိ။ လျှိုစပ်တွင် ဖြုတ်ထားသော ကျနော့်လှည်းနံရံ၌ ချိတ်ထားသည့် ထမင်းထုပ်ကို တောကျီးကန်းကြီးနှစ်ကောင် ဖောက်စားနေကြသည်။ ကျနော် မနက်စာ ထမင်းငတ်တော့မည်ကို သိသော်လည်း သူတို့ကို မောင်းနှင်မလွှတ်ချင်။ ကျနော် အလုပ်လုပ်နေသည်မှာ ခရီးလည်း မတွင်ပါ။

တဖက်တောင်ကြောပေါ်မှ "ငနိုင်ရေ့ တင်တော့ဟေ့" ဟု ခုတ်ပီးထင်းများတင်ရန် သတိပေးသံကား ပေါ်လာပေပြီ။

သူတို့ဆီမှ ထင်းတင်နေသည့် တဝုန်းဝုန်း တဒိုင်းဒိုင်းအသံများ ပေါ်လာနေသည့်တိုင်အောင် ကျနော်ကား ထင်းပင်တပင်ကိုပင် လဲအောင် မခုတ်ရသေးပေ။ ရိုးမတောင်ကြောများပေါ်၌ နေခြည်လည်း ပြင်းလာနေပြီ။ အခါတိုင်းကဆိုလျှင် ခုလောက်နေပူချိန်၌ ကျနော့်တကိုယ်လုံးမှာ ချွေးများနစ်နေတော့သည်။ ယခုမူ ချွေးမှာစိုကရိုကလေးပင် မရှိသေးပေ။

နောက်ဆုံး၌ ကျနော်ခုတ်နေသည့် ထင်းပင်ကြီးသည် တဖျစ်ဖျစ်မြည်လျှက် ကျနော်မမျှော်လင့်ထားသည့်ဖက်ကို လည်ကျလာနေသည်။

ထိုအခါတွင်မှ ကျနော်သည် အသက်ဘေးအတွက် သတိလုစ်ကနဲ ဝင်လာခဲ့သည်။ လွတ်ကင်းမည့်ဘက်သို့ ခုန်လိုက်ကာ တတ်နိုင်သမျှ ပြေးလွှားလေသည်။ သစ်ပင်ပင်စည်မကြီးနှင့်ကား လွတ်သွားသည်။ ကိုင်းဖျားအချို့ကမူ ကျနော့်ကို သိမ်းရိုက်ချသွားသည်။ ကျနော့်ကိုယ်မှာ ချောက်ထဲသို့ ကျမည့် သစ်ပင်ကြီးနှင့်အတူ လုံးထွေးပါသွားသည်။

ကျနော်သည် အသံနက်ကြီးနှင့် ကုန်းအော်မိသေး၏။ ထိုအော်သံကား သစ်ပင်ကြီး လဲကျနေသံနှင့်အတူ တောင် တော ချောက်ကမ်းပါးများသို့ ပြေးသွားလေသည်။

သစ်ပင်ကြီးသည် တဝေါဝေါမြည်လျှက် တဆင့်ပြီးတဆင့် ချိုင့်ထဲ ထိုးကျနေသည်။ ကျနော်ကား ဘာမျှသတိမရတော့။ ကျနော့်ကိုယ်မှာ လမ်းခုလတ်ရှိ နွယ်ခြုံတခုပေါ်၌ တင်နေခဲ့သည်။ သစ်ပင်ကြီးကား ချိုင့်ထဲသို့ ကိုင်ပေါက်ချလိုက်သလို ကျသွားလေပြီ။

ကျနော့်တကိုယ်လုံးမှာ သွေးများချင်းချင်းနီလာသည်။ ကျနော် သတိမရတချက် ရတချက်၌ တောတောင်နေရာအနှံ့မှာ ဘဝတူ အလုပ်သမားများသည် ဆူညံစွာ အော်ဟစ်လျှက် ကျနော်ရှိသည့် တောင်ကြောကို ပြေးလာနေကြသည်။

သူတို့သည် တောင်ထိပ်မှလည်း ဆင်းလာကြ၏။ ချိုင့်ထဲမှလည်း တွယ်ဖက်တက်လာကြသည်။ ကျနော့်အလောင်းကို လဲကျနေသည့် သစ်ပင်ကြီးအောက်၌လည်း အနှံ့အပြား ရှာနေကြ၏။

ထိုအခိုက် ကျနော့်နားထဲတွင် ညီမလေး ဆိုနေကျ သီချင်းတပုဒ်ကို ညီမလေးအသံနှင့် ကြားနေမိသလို ဖြစ်နေသည်။ သူ့ အသံကလေးမှာ ရွှင်လန်းလတ်ဆတ်နေသည်။

"ရွှေမြင့်မိုရ်ကြီး
ပတ်ခြာ လှည့်ကာ
ပတ်ခြာ လှည့်ကာ
လိုက်ရှာ လိုက်တာ
မင်းလို ချောတာ
မင်းလို လှတာ
တွေ့မယ် မထင်ဘူး .... ဗျာ"

သူက ရှင်မီး အင်္ကျီကလေးဝတ်လျှက် ကြက်တောင်စည်းကလေးဖြင့် မေးကလေးထိုးကာ ခြေထောက်ကလေးကြွကာ လက်ကလေးမြှောက်ကာ သီချင်းဆိုလျှက် မင်းသားကကို မင်းသားဟန်ဖြင့် ကနေသည်။ ကျနော်ကလည်း ဂျာရစ်ဝိုင်းဆံပင်ဖြင့်ပင် တင်ပလင်ခွေထိုင်ကာ မြေကြီးကို ပုတ်ပုတ်ပြီး ပါးစပ်ဆိုင်းတီးပေးနေသည်။

အမေရိကန်များ ပြန်ဝင်လာကာစ ဖြစ်၏။ ရွာနံဘေးဥယျာဉ်ကြီးထဲရှိ အမေရိကန်စစ်စခန်းတွင် ကျနော်တို့နံဘေး၌ စစ်သားများဝိုင်းနေကြ၏။

သူတို့သည် ကျနော်တို့ရှေ့သို့ ငွေမူးစေ့မတ်စေ့ ကလေးများကို ပစ်ချပေးနေကြ၏။

နှစ်ပေါင်းများစွာ..များစွာမှာ ကြားခဲ့ပေပြီ။

"ရွှေမြင့်မိုရ်ကြီး
ပတ်ခြာ လှည့်ကာ
ပတ်ခြာ လှည့်ကာ
ပတ်ခြာလှည့်ကာ ..."

တယောက်က သွေးသံရဲရဲဖြင့် နွယ်ခြုံပေါ်တွင် တင်နေသည့် ကျနော့်ကို စတင်တွေ့သွားလေသည်။

"တွေ့ဘီဟေ့ ... တွေ့ပီ .... ဟိုမှာ ....ဟိုမှာ ..."

သူ့အော်သံကို ကျနော် ကြားမိသလိုလို ဖြစ်နေသည်။ သူတို့တွယ်ကပ် တက်လာကြသံများ အရေးတကြီး လျောတိုက်ဆင်းလာသံများ ဆူညံအော်ဟစ်သံများကိုမူ ကျနော်မကြားတော့ပေ။

ကျနော့်စိတ်အာရုံထဲ၌ သွေးသံရဲရဲ အမဲသားပုံကြီးပေါ်တွင် ကျနော် ရိုက်ချထားသဖြင့် ပက်လက်လန်လဲကျနေသည့် ညီမလေး၏ အားနည်းလှသော ပိန်လှီဖျော့ဖြူနေသော အသွင်သဏ္ဌာန်ကို ခပ်ဝါးဝါးမြင်နေသည်။ သူ့မျက်လုံးပြူးကြီးဖြင့် ကျနော့်ကိုကြည့်ရင်း မျက်ရည်များ ပြည့်လာနေသည်။

"အကိုလေးရယ့်"

တစ်ချက်....
နှစ်ချက်....
ငါးချက်...ငါးချက်....ငါးချက်...
သစ်ရွက်ခြောက်များ ... သရက်ပွင့်ဖြူဖြူများသည် အမဲသားပုံကြီးပေါ်မှ သူ့ကိုယ်ကလေးပေါ်ကျနေသည်။ နေပြောက်များကား နှုတ်ခမ်းတဆတ်ဆတ်လှုပ်နေသည့် ညီမလေးမျက်နှာကလေးပေါ်တွင် ယိမ်းထိုးလှုပ်ရှားနေသည်။

"အမဲသား သုံးပိဿာ သုံးပိဿာနဲ့ သူ့ကိုငါရိုက်တယ်၊ သုံးပိဿာဆိုတော့ ခြောက်ကျပ် ခြောက်ကျပ်၊ သူငါ့ကိုနာသွားပီ၊ မုန်းသွားပီ တစ်ပိဿာ နှစ်ကျပ်....သုံးပိဿာဆိုတော့ ခြောက်ကျပ်ပါ၊ ခြောက်ကျပ်ထဲပါ"

ထင်းခုတ်သမားများသည် ကျနော့်ကို ပွေ့နေကြ၏။ ကျနော့်ခြေလက်များကား လှုပ်မရ။ ဘယ်မှာ ဒဏ်ရာရနေသနည်း မသိနိုင်။ မသိနိုင်။ ခေါင်းကိုထူမရ၊ ဇက်ကျိုးကျနေသည်။ ဝေနေ၏။ မူးနေ၏။ နှုတ်ခမ်းကိုလှုပ်မရ။ မျက်လုံးများ ပျက်စီးသွားပလား။ ဖွင့်လို့မရ။

သူတို့သည် ပုရွက်ဆိတ်များ အစာချီသွားသလိုပင် ကျနော့်ကို စမ်းချောင်းနံဘေး သစ်ပင်ရိပ်သို့ ပွေ့ယူသွားနေသည်။ ထိုအချိန်တွင်ကား ချစ်ကြိုးသွယ်နေကြသည့် ကျနော့်ရေးလက်စ ဝတ္ထုကို မည်သို့လျှင် သတိရနေနိုင်ပါမည်နည်း။

"ငါစာရေးနိုင်တဲ့အခါမယ်"

ထိုစကားလုံးများ အတွေးများ ကျနော့်ခေါင်းထဲတွင် ပေါ်လာကြသည်

"ဒီအကြောင်းတွေ ရေးရမယ်...ညီမလေး .... ညီမလေး .... သူ .... သူ ..... သူ့အကြောင်း ရေးရမယ် ရေးကိုရေးရမယ်"

ကျနော့်ကို ကျနော် ကတိ အထပ်ထပ် ပေးနေမိသည်။

ထိုကတိကို ကျနော်သည် ကြိမ်ဖန်များစွာ သတိရခဲ့ပါလျှက် မည်သည့်အတွက်ကြောင့် မရေးခဲ့ပါသနည်း။ သမ္မာန်ပေါ်တွင် ကျနော်သည် ကျနော့်ကိုယ် ကျနော် စစ်တမ်းထုတ်နေရလေသည်။

ကဗျာဆရာကား သူ့မျက်နှာကို မြစ်တဖက်ကမ်းသို့ လှည့်ထားဆဲပင်။ သူ့ဆံပင်အခွေသည် သူ့နဖူးပေါ်၌ ကျနေ၏။ သူ့မျက်နှာမှာ ငြိမ်သက်နေသည်။ နက်ရှိုင်းနေသည်။ သူ့စိတ်ထဲ၌ ကဗျာတပုဒ်ရေးချင်ရေးနေတော့မည်။

သူသည် ယုံကြည်ချက်ကြောင့် ကလောင်ကို စွဲကိုင်လာခဲ့သူဖြစ်၏။ လူတန်းစား တိုက်ပွဲကြားမှ ကလောင်ကို လက်နတ်အဖြစ် ဆွဲကိုင်လာခဲ့သူ။

ကျနော်ကား ကျော်ကြားချင်စိတ်၊ ကြီးမားချင်စိတ်၊ အနိမ်ခံဘဝမှ လွတ်မြောက်ချင်စိတ်၊ "ငါ" ကိုရှေ့တန်းတင်ကာ စာရေးလာခဲ့သူ ဖြစ်နေသည်။ ငြင်းလို့မရ။ "အနုပညာသည် အားလုံးအပေါ်မှ ...." အယူအဆကို နှစ်ပေါင်းများစွာ ကိုင်စွဲလာခဲ့သည်။ နိုင်ငံရေး .... လူမှုရေး .... လူတန်းစားတိုက်ပွဲ ..... အဘိဓမ္မာ အားလုံးအပေါ်မှာ အနုပညာ ဟုစွဲမြဲလာခဲ့၏။ "ငါ" ရှေ့တန်းတင်ခဲ့သဖြင့် လူကြိုက်များမည့် တသသ ဖြစ်မည့် ပုံသဏ္ဌာန် အကြောင်းအရာများကိုသာ မောပန်းကြီးစွာ ရှာဖွေနေခဲ့သည်။

ကျနော်ကား အရာရာကို "ငါ" ရှေ့တန်းတင်နေသူ။ လူတန်းစားတိုက်ပွဲများကိုပင် "ငါ" အတွက် ရေးမည့်သူ။

လှိုင်မြစ်ပြင်ပေါ်၌ ပြေးတက်လာနေသည့် ကြီးမားလှသော လှိုင်းလုံးကြီးများသည် သမ္မာန်ကို ပုတ်ခတ်သွားကြ၏။ သမ္မာန်သည် လှိုင်းအမြင့်ကြီးအပေါ်ကျော်ပြီး ရုတ်တရက် အနိမ့်ချိုင့်ထဲ ထိုးချသွားနေသည်။

ကျနော့်နားထဲ၌ မိတ်ဆွေ ကဗျာဆရာ ပြောခဲ့သောစကားသံများကို လှိုင်းရိုက်သံများနှင့်အတူ ပြန်၍ ကြားနေရသည်။ ကျနော့်ကို ရိုက်ပုတ်နေပြန်သည်။ သည်ရိုက်ပုတ်ချက်မှာ ပြင်းထန်လှလေသည်။

"ဒီကာလဟာ လူတန်းစားနှစ်ရပ်ရဲ့ စေ့စပ်မရတဲ့ တိုက်ပွဲကာလ၊ အရင်းရှင်ဖောက်ပြန်ရေး စာပေတွေ၊ အဆိပ်အတောက်စာပေတွေ၊ အညီအဟောက်စာပေတွေ ဖုံးလွှမ်းနေတဲ့ကာလ၊ ဒီကာလမှာ ကျနော်တို့လူတန်းစားဖက်က ရပ်တည်ပါတယ်ဆိုတဲ့ စာပေသမားတွေဟာ တကယ်တန်းရပ်တည်နေပြီ ဆိုရင် များများရေးရမယ်"

"အရင်းရှင် အညီအဟောက်စာပေဆိုတာ ပုပ်သိုးသွားရမယ်၊ လူတန်းစားရပ်တည်မှု မှန်တဲ့စာပေဟာ ဘယ်လောက်ရေးရေး ဘယ်တော့မှ မဖောင်းပွဘူး၊ ဖြစ်စဉ်တရားတွေကိုဖွင့်ချသွားရမယ်၊ ရပ်တည်မှု မှန်တဲ့စာပေဟာ တိုက်ပွဲပြင်းထန်လာလေလေ ကြီးမားခိုင်မာလာလေလေ"

"တိုက်ပွဲဝင်ရမယ်၊ ကတုတ်ကျင်းတွေတူး ရန်သူကို လက်ဦးမှုယူ"

မုန်တိုင်းတောင်ကြား
(ဘဝစာမျက်နှာများ – ၇)

ကျနော်ကား ရန်ကုန်၌ ဝတ္ထုတိုကလေးတပုဒ်ကိုပင် အဆုံးသတ်အောင် မရေးနိုင်။ ဆောက်တည် မရနိုင်။ ရန်ကုန်သည် အစဉ်သဖြင့် စိတ်မတည်ငြိမ်နိုင်အောင် လှုပ်ရှားနေသည်။ ကားအမျိုးမျိုး ဥဒဟိုမောင်းပြေးနေကြသံ၊ ရထားများ မီးခိုးတအူအူဖြင့် ဥသြသံရှည် ဆွဲနေကြသံ၊ စက်ရုံအမျိုးမျိုးမှ အဆက်မပြတ် ခုတ်မောင်းသံ၊ ရေလှိုင်းကြီးတခု စီးနေသလို လူပေါင်းများစွာ၏ ကြိတ်ကြိတ်တိုးဝှေ့နေကြသံ၊ စီးပွါးရေး စားဝတ်နေရေးအတွက် လှီးဖြတ်ခုတ်ထစ် နေကြသံ၊ လိမ်လည်ဖျားယောင်း နေကြသံ၊ ခါတ်ဆီနံ့၊ စက်ဆီနံ့၊ လူနံ့၊ ချွေးနံ့၊ မိလ္လာနံ့၊ မြောင်းပုပ်နံ့၊ ကြိတ်ကြိတ်တိုး သွားလာလှုပ်ရှားနေသူများ၊ ယောက်ယက်ခတ် ပြေးလွှားနေသူများ၊ ရေးကြီးသုတ်တင် မောင်းနေသည့် ကားတန်းရှည်ကြီးများ၊ ကြပ်သိပ်နေသည့် ကားများ ရထားများ အပေါ် တွန်းထိုး လုတက်နေသည့် ရှုပ်ရှက်ခတ်နေသော မြင်ကွင်းများ၊ ခုတ်မောင်းနေသည့် မြို့ပတ်ရထား ခေါင်မိုးပေါ်တွင် ပြေးလွှားနေသူများ၊ အနောက်ယဉ်ကျေးမှု သရုပ်ပျက် ရေစီးကြောင်းထဲမှာ ပျက်စီးနေသည့် လူငယ်ကလေးများ၊ ဆံရှည်ကိုယ်တော် ခေါင်းလောင်းဘောင်းဘီ၊ ဆေးခြောက်နံ့၊ ဖြူ နီကြောင်ကြား အမေရိကန်အသံ အိုးအိုးအအ သီချင်းများ၊ အရက်ဖြူဆိုင်များရှေ့မှ ကလေကချေ လူအုပ်ကြီးများ၊ အထည်အဟောင်းရောင်းသံများ၊ အမျိုးသားယာဉ်ကျေးမှု ကုန်ခမ်းသွားကြသူ မိန်းမငယ် ကလေးများ၏ တဟိဟိ ရယ်မောသံ၊ မိန်းကလေးတစ်ယောက်နှင့် ကောင်ကလေးခုနှစ်ယောက်၊ ဘုရားပေါ်မှာ တိရစ္ဆာန်ရုံ၏ ထောင့်ချိုးကွေ့ထဲမှာ ရုပ်ရှင်ရုံထောင့် ပန်းခြံထဲမှထိုင်ခုံ လမ်းမအပေါ် နေရာအနှံ့မှ အဖိုနှင့်အမ စုံတွဲများ၊ ပုပ်သိုးနေသော အမှိုက်စများ၊ ဤတအူအူ အသံဗလံ၊ အတွေ့အထိများကြောင့် နားများမှာ ပင်းတော့မလို အူနေရပေပြီ။ အနံ့အသက်ဆိုးများသည် ကျနော့်ကို ရှောင်တိမ်းမရနိုင်အောင် လုံးထွေးထားသည်။ အဆင်မပြတ် လှုပ်ရှားနေမှုများ၊ လိမ်လည်ဟန်ဆောင်ခြင်းများ၊ နှုတ်ခမ်းဖျားကလေးများဆွတ်ပြီး ပေါ့ပေါ့ရွှတ်ရွှတ် ပေါ်ထွက်လာသည့် အပေါ်ယံ စကားသံများ၊ ကျနော် .... ကျနော် .... ကျနော်သည်လည်း ဤအထဲတွင် ရောထွေးလျှက်၊ နစ်မြုပ်လျှက် အဆင်မပြတ် ရုန်းကန်နေလျှက်၊ စိတ်ကို ဆောက်တည်မရနိုင်တော့။ ထိုကြောင့်ပင် စာရေးချင်လျှင် ကျနော့်ဇာတိရွာသို့ ပြန်ရလေသည်။

တောင်ကြားလယ်တောတွင်ကား အမြဲတမ်းပင် အရာအားလုံးသည်လည်း နှစ်ခြိုက်စွာ အိပ်မောကျနေသလို တိတ်ဆိတ်လေသည်။ တောင်ပူစာကုန်းမို့ကလေးခြေရင်းတွင် ဆောက်ထားသည့် ကိုကျေးကြီး၏ လက်တဲထဲမှ စာရေးအပြီးတွင် အညောင်းဖြေရန် အပြင်ထွက်လိုက်လျှင် တောင်ကြားထဲ တိုးဝှေ့နေသည့် မိုးသက်ငွေ့ပါသည့်လေများကို တဝကြီး ရှူရှိုက်ရသည်။ စိမ်းမှိုင်းနေသည့် လယ်တောကြီးသည်လည်း အေးငြိမ်း ငြိမ်သက်နေသည်။ ရေကတွတ်ပေါက်မှ ရေစီးကျသံများသည်လည်း အေးငြိမ့်နေသည်။ စပါးပွင့်များမှ နို့သက်မွေးရနံ့များကို ကျနော်ချစ်သည်။

လယ်တော၏ အခြားတဖက်မှ ဖိုးရှန်တောင်ထိပ်ပေါ်တွင်မူ အချိန်ရှိသမျှ မိုးမှုန်များအုံနေရာ မှိုင်းညို့နေတတ်သည်။

တစ်ခါတုန်းက .....

နှစ်များ အတော်အတန်ကြာခဲ့ပြီဖြစ်သည့် တခါတုန်းက၊ ဤလယ်တောကို ဖြတ်ဖောက်ထားသည့် နွေရာသီအတွက် လှည်းလမ်းပေါ်တွင် ထင်းလှည်းများသည် နေ့စဉ် အသွား အပြန် ဖြတ်မောင်းခဲ့ကြသည်။

ထိုအခါတွင် နံနက်များ၌ တောင်ကြားလယ်တောသည် အမှောင်ထုနှင့်အတူ နှင်းထုကြီးလည်း ပိတ်ဆိုင်းနေဆဲ ရှိသေးသည်။ ဖိုးရှန်တောင်ထိပ် အမြင့်ဆုံး ဦးဆောင်းပေါ်တွင်မူ အာရုဏ်ဦး အလင်းရောင် ပျပျကား ရိုက်ဟပ်နေပေပြီ။ လယ်တော၏ အခြားတဖက်ရှိ တောင်ပူစာ ကုန်းပေါ်မှ ဖန်ခါးတောကို အမှောင်ထဲ၌ ပို၍ မည်းနက်သည့် အရိပ်တခုလိုလို ရေးရေးကလေးမျှသာ မြင်ရလိမ့်မည်။

"ဖိုးရှန်တောင်ကြား၊ ဖိုးရှန်လယ်တော၊ ဖိုးရှန်တောင်၊ ဖိုးရှန်သချိုင်း၊ ဖိုးရှန်ရိုးချောင်း" ။ ဤ အမည်နာမများသည် တောင်ကြားလယ်တောကို ဖြတ်ကျော်နေကြစဉ် ကျနော်တို့ စိတ်အာရုံများပေါ်တွင် သူ့အလိုလို ပေါ်ပေါက်နေကြသည်။

သီပေါဘုရင် ပါတော်မူချိန်၌ နိုင်ငံမငြိမ်သက်သဖြင့် ဖိုးရှန်သည် သားနှင့် သမီးကို ဆိုင်းထမ်း တဖက်တချက် ထမ်းလျှက် အောက်ပြည်အောက်ရွာကို စုန်ပြေးလာသည်။ ဖိုးရှန်သည် ဤနေရာ၌ ခိုအောင်းလေသည်။ တောင်ကြား တောရိုင်းကို လယ်တောတိုးသည်။ သူကွယ်လွန်သောအခါ သူ့လယ်တောတခွင်လုံးကို အပေါ်စီးမှ ကြည့်နေနိုင်သည့် တဖက်တောင်ပူစာကုန်းပေါ်တွင် သူ့အလောင်းကို မြှုပ်နှံခိုင်းခဲ့သည်။

သူ့သားလက်ထက်၌ သူ့ဖခင်အလောင်း မြှုပ်နှံရာ နေရာကို ကျောက်တုံးကြီးများ စုပုံလျှက် ဖန်ခါးတောကြီး စိုက်လေသည်။ လယ်တောကို ဖျက်ဆီးနေသည့် တောင်ကျရေများဒဏ်မှ ကာကွယ်ရန် တောင်ခြေ၌ ရိုးချောင်းတခုတူးပြီး ခပ်လှမ်းလှမ်းရှိ အင်းတခုနှင့် ဆက်သွယ်သည်။ သားကွယ်လွန်သော အခါ၌လည်း အလောင်းကို တောင်ကြားကုန်းမှာပင် မြှုပ်နှံပြန်သည်။

ဖိုးရှန်၏မြေး လက်ထက်၌ကား ဤလယ်တောကို ချစ်တီးတဦး ပိုင်နေပေသည်။ ထိုမှ .. ဖိုးရှန်၏မြစ် ကိုကျေးကြီး လက်ထက်တွင်မူ ဤလယ်တောသည် ဖဆပလ မြေယာဝေခြမ်းရေး ဥက္ကဋ္ဌဖြစ်သူ သူကြီးပိုင်မြေ ဖြစ်နေပြန်သည်။

ကိုကျေးကြီးကား ထင်းခုတ်သမား တဦးအဖြစ်ဖြင့် တောင်ကြားလယ်တောပေါ်တွင် သူ့ထင်းလှည်းကို ဖြတ်မောင်းနေရရှာသည်။

ကျနော်သည် ထိုစဉ်ကတည်းက ကိုကျေးကြီးကို စာဖတ်သမားတစ်ဦးဖြစ်အောင် ကြိုးပမ်းလာခဲ့သူ ပေတကား။

သူ့အလုပ်နားချိန် အားလပ်ချိန်ကလေးများ၌ သာစာဖတ်ချင်လာအောင် ကျနော်စည်းရုံးလေသည်။ သူစိတ်ဝင်စားမည်ဟု ထင်သည့်စာအုပ်များကို ရှာဖွေပေးရသည်။ သူသည် နေ့ခင်း နားချိန်များ၌ သစ်ပင်ရိပ်တခုတွင် ကျနော့်နံဘေး၌ မှောက်ကာလှန်ကာဖြင့် စာအုပ်များကို ဖတ်သည်။ တခါတရံ မောပန်းနေသည့် အလုပ်သမားကြီးသည် စာအုပ်လွတ်ကျကာ တခူးခူးဖြင့် အိပ်ပျော်သွားသည်။

တခါတရံ သူစိတ်အားထက်သန် နေချိန်များတွင် သူသည် စာအုပ်များကို သူ့ဘာသာ လိုလိုလားလားဖြင့် ရှာဖွေတတ်သည်။ ငိုက်နေသည့် ကြားမှပင် ဆက်တိုက် ဖတ်ချင်ဖတ်နေလိမ့်မည်။

သူစိတ်မဝင်စားသောအခါ၌မူ ကျနော့်အနား သစ်ပင်ရိပ်တွင် နိုးမရအောင် အိပ်နေတော့သည်။ ထိုနေ့ရက်များ၌ကား သူ့ကိုစာဖတ်ရန် မည်သို့ပင် တိုက်တွန်းစေကာမူ မရနိုင်။

တခါတရံတွင် ထင်းလှည်းစခန်းနှင့် မလှမ်းမကမ်းရှိ လျှိုစောင်းနံဘေး သစ်ပင်ရိပ်ကြီးတွင် ကျနော် စာရေးနေရာသို့ သူလာလေသည်။ သူသည် ကျနော့်လက်ရေး စာမူများကို မပျင်းမရိ စောင့်ဖတ်ချင် ဖတ်နေပြန်သည်။

တခါတရံ သူသည် ညီလေးတယောက်ကို အလိုလိုက်သလို ကျနော်စာရေးသည်ကိုပင် အားပေးစကားများ ပြောလေသည်။

"ကြိုးစားကွာ၊ ကြိုးစားရင် ဘုရားတောင်ဖြစ်သေးတာဘဲ၊ စာရေးဆရာတွေဟာလဲ ငါတို့လို ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်နေတဲ့ လူတွေပါဘဲကွ၊ ဘာပြုလို့ မင်းစာရေးဆရာ မဖြစ်မှာလဲ၊ မင်းရေးတာလေးတွေ ငါဖတ်ကြည့်တာ ကောင်းတယ်ကွ၊ အတော့်ကို ဖတ်လို့ကောင်းတယ်၊ ငါတကယ် ပြောနေတာပါ"

ထိုစကားများကို ပြောနေစဉ်၌ ကိုကျေးကြီး မျက်နှာပေါ်တွင် ကလေးကြီးတစ်ယောက် ပြုံးနေသလို တွေ့ရလေသည်။ ဖြူစင်ရိုးသားလှသည့် အပြုံးပေတကား။

တခါတွင်မူ သူသည် ကျနော်ရေးပြီးသမျှ စာရွက်များကို ကောက်ဖတ်ပြီး တွေးတွေးဆဆဖြင့် ကျနော့်ကို မေးခွန်းတခု မေးလေသည်။

"မင်း ဘာပြုလို့ စာရေးနေတာလဲ"

သူက မေးလိုက်သည်။

ကျနော်သည် အနုပညာ အလှတရားကို ကျနော် ဖတ် ကြား တွေ့မြင်သမျှ ကြိုးပမ်းကြီးစွာဖြင့် ဖြေကြားခဲ့သည်။ ကမ္ဘာမြေပြင်ရှိ ရုပ်ဒြပ်ပစ္စည်း အစစ် အမှန်များမှာ အနုပညာ မဟုတ်ပေ။ အနုပညာသည် အစစ်အမှန်များကို စိတ်ကူးဖြင့် တုပထားခြင်းဖြစ်၏။ အစစ်၌မရှိသော အလှများကို အတုထဲ၌ တွေ့မြင်ရပေမည်။ ထိုကဲ့သို့ အရှိတရားထက် ပိုမိုလှပသော အတုကို ဖန်တီးရန် ကျနော်စာရေးပါသည်ဟု သူ့ကို ဖြေလိုက်သည်။ စင်စစ်၌ ကျနော်ဖတ်ခဲ့သည့် အနုပညာဆန်းစစ်ချက်များကို ကျနော်သည် သူ့အားပြန်၍ ရွတ်ပြခြင်းသာတကား။

သူသည် ငြိမ်သက်စွာ နားထောင်နေခဲ့၏။ ကျနော်ကလည်း တော၊ တောင်၊ သစ်ရွက်ကြွေ၊ လေပြေ၊ ချိုးကူသံ များဖြင့် တင်စားပြသည်။

သူကား မျက်မှောင်ကြီး ကြုတ်နေလျှက် ဘဝင်မကျနိုင်။ ကျနော် မည်သို့ပြောသည်ဖြစ်စေ သူကား ဘဝင်ကျတော့မည်လည်း မဟုတ်။

အတန်ကြာမှ သူသည် ခေါင်းကိုရမ်းလျှက် "မင်းလို လေး ငါး ရှစ်တန်းမအောင်လို့ ငါမသိတာ ဖြစ်ချင် ဖြစ်နေမှာပေါ့" ဟူ၍ လေးလေး တွဲ့တွဲ့ကြီး ပြောလေသည်။

"ငါဆိုကွာ မင်းဖတ်ခိုင်းလွန်းလို့ ဖတ်ရတာ၊ ဝတ္ထုတွေ လေး ငါး ခြောက်ဆယ် လောက်တောင် ရှိနေပြီ၊ ဖတ်နေတုန်းတော့ စွန့်စားခန်းတွေထဲ ငါကိုယ်တိုင်ပါနေသလိုလို၊ ရဲတိုက်ကြီးတွေထဲမယ် ဓားချင်းခုတ်လို့ ခုတ်နေရ၊ မိန်းမလှလှလေးကလေးကို နမ်းလို့ နမ်းနေရနဲ့၊ မင်းပြောတဲ့ အတုတွေပေါ့ကွာ"

"ငါပြန်စဉ်းစားကြည့်တော့ ဘိမ်းရူးသလိုပါ ငါ့ညီရာ၊ အလကားဟာတွေလို့ စဉ်းစားမိလာတယ်ကွ၊ ဒါကို ဘာပြုလို့ ရေးနေကြတာလဲလို့ မေးကြည့်တာ"

သူသည် တခုခုကို တွေးနေသလို ပြုံးနေပြန်သည်။ ကျနော်ကား ပြုံးစရာအကြောင်းလည်း ရှာမတွေ့။

"ငါ့မှာကွာ မင်းမြှောက်ပေးလွန်းလို့ ဖတ်လိုက်ရတာ အလုပ်ပင်ပန်းလွန်းလို့ နားချင်တာကလေးတောင်မှ မနားရ၊ ပြန်စဉ်းစားကြည့်တော့ ရယ်ချင်လာတယ်ကွ၊ မင်းစဉ်းစားကြည့်စမ်း၊ သူတို့ဟာ သူတို့ စွန့်စားခန်းတွေ လုပ်ကြ တောနက်ကြီးတွေထဲ ရောက်နေကြ၊ အထက်တန်းစားတွေ ချစ်လိုက်ကြ ကြိုက်လိုက်ကြ နမ်းလိုက်ကြ ကွဲလိုက်ကြ ငိုလိုက်ကြနဲ့၊ ငါဘာပြုလို့ ဒါတွေဖတ်နေရတာလဲ၊ ငါနဲ့ ဘာဆိုင်လို့တုန်း၊ ဘယ်လို ပတ်သတ်လို့တုန်း"

ထိုအခါက ကျနော်ကား စိတ်ထိခိုက် သလိုပင် ဖြစ်မိလေသည်။ သူနှင့် ကျနော်မှာ ထိုအခါက ဝေးကွာသော အစွန်းနှစ်ဖက်၌ ရောက်နေကြသည်ကို စိတ်ထဲတွင် ရေးရေးဝါးဝါးလည်း တွေ့မိသလိုပင်။ သူ့ကို မည်သို့ပြန်ပြောရမည်ကို ကျနော်လည်း မသိနိုင်။ သူပြောသည်ကို ဟုတ်မှန်သလိုလိုလည်း ဇဝေဇဝါဖြင့် ထင်နေပြန်သည်။ "ဒီလူကြီး ဘယ်တော့မှ စာပေတန်ဖိုး သိတော့မှာ မဟုတ်ပါဘူး" ဟူ၍ တွေးနေသည့်အခါ ဝမ်းနည်းနေသလိုပင်။

ကျနော့် စိတ်များကား ရှုပ်ထွေးနေပြန်သည်။ စိတ်မော ကိုယ်မောလည်း ဖြစ်နေရသည်။ ကျနော့်ဝတ္ထုကို ဆက်ရေးမည့် စိတ်ကူးစိတ်သန်းများသည်လည်း ဘယ်ဆီ ရောက်ကုန်ပြီ မသိ။ ဦးနှောက်မှာ ဗလာကျင်းကာ ဟင်းလင်းပွင့်နေသလိုပင်။ ကျနော်သည် မောမောဖြင့် သစ်ပင်ကြီး ပင်စည်ကို မှီထားလိုက်သည်။

"ကဲ … ငါ့ညီရေ … အဲတာတွေ လျှောက်ရေးမနေပါနဲ့ကွာ၊ လက်လဲညောင်းတယ်၊ မင်းကို ငါကြည့်ရတာ သနားနေတယ်ကွာ၊ မင်းမှာများ အလုပ်ပင်ပန်းလို့လဲ သူများတွေ နားသလို မနားနိုင်၊ ခုဆိုကြည့်စမ်းကွာ၊ သူများတွေ ပိုးပက်လက် အိပ်နေကြတာ၊ ဟောက်များတောင် ဟောက်လို့၊ အလုပ်လုပ်ရတာကလဲ သေလုမတတ် ပင်ပန်းခဲ့တာကလား၊ သစ်ပင်ရိပ်ကောင်းကောင်းမှာ အိပ်ပစ်လိုက်စမ်းကွာ၊ ငါတကယ်ပြောတာပါ၊ မင်း ငါ့စေတနာ ကောင်းကောင်း သိပါတယ်၊ မင်းအိပ်ရင် မင်းနွားတွေ ငါကျောင်းပေးထားပါ့မယ်"

သူ့ပြောသံထဲ၌ သရော်ရယ်မောသံလည်း တစွန်းတစမျှပင် မပါ။ ညင်သာသိမ်မွေ့နေသည်။ သူသည် နေရာမှ ထရပ်ပြီး သွားရန် ဟန်ပြင်ပြီးမှပင် မသွားသေးဘဲ ရပ်နေသေးသည်။ ပြန်လှည့်ကြည့်နေသေးသည်။

အတော်ကြာမှပင် သူ၏ရှည်လျားလှသည့် လက်ကြီးနှစ်ဖက်ကိုလွှဲကာ လျှိုစောင်းအတိုင်း လှည်းစခန်း ဝါးရုံပင်ရိပ်များဆီသို့ လှမ်းသွားလေသည်။

တညနေ ထင်းတောမှ အပြန်ခရီးတွင် တောင်ကြားလယ်တောအကူး၌ ကိုကျေးကြီးသည် သူ့လှည်းပေါ်မှ ဆင်းလာခဲ့သည်။ ကျနော့်လှည်းပေါ် တက်စီးလာခဲ့သည်။

ထိုညနေက ဖုံအလိမ်းလိမ်းကပ်နေသည့် သူ့မျက်နှာကြီးမှာလည်း ကြည်လင်နေသည်။ သူသည် စိတ်ဓါတ်တက်ကြွထက်သန်နေသလို ဖြစ်နေသည်။ လှည်းလမ်းကြောင်းတွင် ထနေသည့် ဖုန်လုံးကြီးထဲ၌ သူ့မျက်နှာ ရိုးရိုးစင်းစင်းကြီးမှာ ပြုံးရယ်နေသည်။

ကိုကျေးကြီးကား ထိုညနေတွင်မှ သူသည်သုံးနှစ်တိုင်တိုင် ကြံစည်လာခဲ့သည့် အကြံအစည်ကို မမျိုသိပ်နိုင်လွန်းတော့သဖြင့် ကျနော့်ကို ဖွင့်ပြောခဲ့သည်။

သူသည် တောင်ကြားလယ်တောကို သူကြီးလက်ထဲမှ ဝယ်ယူနိုင်အောင် ကြိတ်ကြံစည်လာခဲ့သည်။ မီးရထား ပျဉ်တွဲတင်ကူလီ၊ ကြံတွဲတင်ကူလီ၊ လယ်ကူလီ၊ ထင်းခုတ်သမား စသည့်အလုပ်များ လုပ်ရင်း ငွေ့အချို့ကို မစားရက် မသောက်ရက် စုဆောင်းလာခဲ့သည်။ ထိုဝင်ငွေဖြင့် သူ့မိသားစုအတွက် ဝမ်းရေးအလျဉ်မမီနိုင်သည့် ကြားထဲတွင် သူရအောင် စုဆောင်းနိုင်သေးသည်ဆိုသည်ကား မည်မျှ ခက်ခဲလှပါသနည်း။

သူ့ဖခင်ကြီး မမာသည်ကိုပင် လိုအပ်သလို ဆေးဝါးမကုနိုင်ပုံ ဖွင့်ပြောသောအခါ၊ သူ့မျက်နှာပေါ်မှ အပြုံးရိပ်များကား ပျောက်ကွယ်နေသည်။

လယ်ကွက်ဝယ်နိုင်တော့မည် ဖြစ်သဖြင့် သူ့ဖခင်ကြီး ဝမ်းသာကျေနပ်နေပုံ ပြောသောအခါ သူ့မျက်နှာတွင် ကြည်နူးရိပ်များဖြင့် ပြန်လည်တောက်ပလာပြန်သည်။

"လိုနေတဲ့ ငွေအတွက်တော့ နွားနီကြီးထုတ်ရောင်းလိုက်မယ်ကွာ၊ တကောင်နဲ့ မရရင် နှစ်ကောင်လုံး ရောင်းမယ်၊ နွားအငှားနဲ့ လုပ်မယ်၊ လယ်လုပ်မှ ထမင်းလုပ်ကြီးကြီး ခွံ့နိုင်မှာကွ"

သူက ကျနော့်ကို အားရပါးရ ပြောခဲ့လေသည်။

ထိုမှ မကြာမီတွင် ကျနော်လည်း ထင်းခုတ်ရာ တောတောင်များကိုလည်းကောင်း၊ ကျနော့်ဇာတိ ရွာကိုလည်းကောင်း၊ တောင်ကြားလယ်တောကိုလည်းကောင်း၊ ကိုကျေးကြီးကိုလည်းကောင်း ခွဲခွာလာခဲ့သည်။

ကျနော်ကား တနယ် တကျေးများ၌ အမှုထမ်းဘဝဖြင့် အတန်ကြာမျှ ကျင်လည်နေရသည်။ ရွာသို့ကား လပေါင်းများစွာကြာမှ တခေါက်ခဏမျှသာ ရောက်ဖြစ်တော့သည်။

ကျနော့်ဇာတိရွာသို့ အလည်တခေါက် ပြန်လာချိန်တွင်မူ ကိုကျေးကြီးနှင့် ကွဲကွာပြီးမှ ပြန်တွေ့ဆုံရပုံမှာ စိတ်ထိခိုက်စရာ ဖြစ်နေရပေပြီ။

ကိုကျေးကြီးသည် သူ့ဖခင်ကြီးကို ဟုတ္တိပတ္တိဆေးဝါး မကုသနိုင်ဘဲ လယ်တောဝယ်ပြီး စိုက်ပျိုးပြီး၍ သုံးလေးလအကြာတွင် ဖခင်ကြီး ကွယ်လွန်သွားသောအခါ ထိုအတွက် သူသည် စိတ်၌ တအုံနွေးနွေး ဖြစ်နေရာမှ အသုဘသင်္ဂြိုဟ်ရန် ဆိုင်းဝင်သည့် ညတွင်ကား စိတ်ဖောက်ပြန်သွားရှာသည်။

ထိုညက ကိုကျေးကြီးသည် လူစိတ်ပျောက်နေခဲ့၏။ သူ့ဖခင်ကြီးအလောင်းကို ခေါင်းထဲမှ ပွေ့ထုတ်ပြီး အသက်ပြန်သွင်းသည်ဆိုကာ ဓါးမဖြင့် နုတ်နုတ်စင်းပစ်သဖြင့် ရွာသားများသည်လည်း ရွာထဲ၌ မနေရဲ။ လူအများကြီးစုသည့် ရွာအပြင် လယ်ကွင်းထဲ ဖွေးဖွေးလှုပ်နေခဲ့သည်။

ကိုကျေးကြီး အခြေအနေသည်လည်း ဓါးမပိုက်ကာ ခြံစည်းရိုးပတ်လျှက် ခုတ်ပိုင်းတော့မည့်အဆင့် ရောက်နေသဖြင့် ရပ်ရွာကာကွယ်ရေး များနှင့် ရွာသားအချို့သည် သေနတ်ဖြင့် ပစ်ဖမ်းရန်အထိ စီစဉ်နေကြရတော့သည်။

ကျနော် ရောက်သွားချိန်တွင် ထိုအစီအစဉ်အတိုင်း လုပ်တော့မည့်ဆဲဆဲ ဖြစ်နေခဲ့ပေပြီ။

ကျနော်သည် ကိုကျေးကြီး၏ အန္တရာယ်ကင်း ဂါထာရွတ်နေသံကို လယ်ကွင်းထဲမှ ကြားနေရသည်။ ရွာသားများနှင့် တွေ့စက ယုံပင် မယုံကြည်နိုင်။ သူ့အသံကို ကြားနေရသဖြင့် မယုံကြည်၍လည်း မဖြစ်။ လယ်တောထဲတွင် ကိုကျေးကြီး၏ မိခင်အိုကြီးမှာ လူးလိမ့်ငိုနေသည်။ မိခင်အိုကြီးကြောင့်ပင် ကာကွယ်ရေးများသည်လည်း သေနတ်ဖြင့်ပစ်မဖမ်းရက်နိုင်ကြတော့ပေ။ ကိုကျေးကြီးနှင့် ကျနော်၏ချစ်ခင်မှုကို သိကြသည့် ရွာသားများကလည်း ကျနော့်နံဘေးတွင် ဝိုင်းအုံနေသည်။ လူအုပ်ကြီးများထဲ၌ ကျနော့်အမေနှင့် အမကိုလည်း တွေ့နေရသည်။ ကျနော့်ကိုတွေ့သဖြင့် ကာကွယ်ရေးများသည်လည်း သူတို့ အစီအစဉ်ကို ရပ်ဆိုင်းထားသည်။

ကျနော်ကား စိတ်မထိန်းနိုင် ဖြစ်နေရ၏။ ရင်ထဲ၌ ဆို့နင့်လာရလေသည်။ ကိုကျေးကြီးကို သေနတ်ဖြင့်ပစ်ဖမ်းမည့် အစီအစဉ်ကို မည်သို့မျှ လက်မခံနိုင်။ ကျနော့်ရင်ထဲ၌ ကိုကျေးကြီးကို အကြွင်းမဲ့ယုံကြည်စိတ်များ ရှိလေသည်။ သူသည် မည်သည့်အခြေအနေသို့ပင် ရောက်နေစေကာမူ ကျနော့်အသံကြားရလျှင် ကျနော့်ကို ရန်ပြုရက်မည်မဟုတ်။ သူ့မျက်နှာပေါ်တွင် ရိုးသားသော ကြင်နာတတ်သော အပြုံးကြီးမှာ မည်သည့်အခါတွင်မှ ပျောက်ကွယ်မည်မဟုတ်။

ကျနော်ကား ကျနော်ချော့မော့ဖမ်းမည်ဟု ပြောလိုက်သောအခါ အမေနှင့်အမသည်လည်း ကျနော့်ကို ငိုယိုတားဆီးကြလေသည်။ ရွာသားများ သည်လည်း စိုးရိမ်ပူပန်ကြလေသည်။

ထိုအခါက ကျနော့်တွင် အသက်ဘေးကို ရင်ဆိုင်ဝံ့သည့် သတ္တိများသည် မည်သည့်အရပ်မှ ကျနော့်စိတ်နှလုံးသားထဲသို့ တိုးဝင်လာခဲ့သည် မသိ။ ကျနော်ကား ကိုကျေးကြီး ကျနော့်ကို ဘယ်အခါမှ ရန်ပြုမည်မဟုတ်ဟု အကြွင်းမဲ့ ယုံကြည်စိတ်ကြောင့် မည်သူတားဆီးသည်ကိုမှ မနာခံတော့ပေ။

ထိုညက အဖြစ်အပျက်မှာ ကျနော့်စိတ်ထဲတွင် ပြဇာတ်တပုဒ် ကနေရသလို ဖြစ်နေခဲ့သည်။ ကိုကျေးကြီးခြံရှေ့တွင် ထိန်ထိန်သာနေသည့် လရောင်အောက်၌ ရပ်ကာ ကိုကျေးကြီးကို တကျော်ကျော် အော်ခေါ်လျှက်ရှိသည့် ကျနော့်အသံသည်လည်း ဝမ်းပန်းတနည်း ငိုသံကြီး ပါနေခဲ့သည်။

ကျနော့်အသံကြားလျှင် ကိုကျေးကြီးကား အလောင်းကို တကြိမ်ထပ်မံခုတ်စင်းနေသည်ကို ရပ်ကာ စိုင်စိုင်ကြီး ငေးကြည့်နေသည်။

အောက်လင်း ဓါတ်မီးရောင်တွင် သူ့တကိုယ်လုံးတွင် သွေးညှီများ အသားထစ်များ ပေကျန်နေသည်။ သူ့မျက်လုံးကြီးများသည် ပြူးကြောင်လျှက် ခြာခြာလည်နေသည်။ ပိန်ခြောက်လွန်းသဖြင့် ပါးရိုးပါးဆက်ကြီးများ ပြုတ်ကျမတတ် ဖြစ်လေသည်။

ကျနော်တကျော်ကျော် အော်ခေါ်သံကြောင့် သူ့မျက်နှာပေါ်တွင် ကျနော်မှတ်မိသည့် ရိုးသားဖြူစင်လှသည့် အပြုံးလည်း တရိပ်ရိပ်ပေါ် လာသည်။

“ငါ့ညီ စာတိုရှူးလေးလားဟေ့” ဟူ၍ သူက ပြန်ထူးလေသည်။

ကျနော်ခေါ်သည်ကို သူသည် ရုတ်တရက်မလာ။ ရွာသားများကသူ့ကို ရန်ပြုမည်ဟူ၍ ယုံကြည်နေသဖြင့် သူ့ထံလာရန်သာ ငိုယိုပြီး ကျနော့်ကိုခေါ်သည်။ သူ၏ငိုသံမှာ ရှိုက်ကြီးတငင်ဖြစ်နေသဖြင့် ကျနော့်စကား ပြန်ပြောသံထဲတွင်လည်း ငိုသံကိုမထိန်းနိုင်။

သူသည် ကျနော့်ကို တွေ့ဆုံချင်သဖြင့် တရွေ့ရွေ့ခြံအဝနားသို့ လျှောက်လာနေသော်လည်း သူ့လက်ထဲမှ ဓားကိုမူမချ။ သူဓားချလျှင် သူ့ရန်သူများက သူ့ကိုသတ်တော့မည် ဟူ၍လည်း သူ့စိတ်၌ ယုံကြည်စွဲလမ်းနေသည်။ ကျနော့်ကို မည်သို့မျှ သူရန်မပြု ဟူ၍လည်း အကြိမ်ကြိမ် ကတိပေးလေသည်။ ကျနော်က သူကလက်ထဲမှ ဓားကြောင့်မလာရဲဟု အထပ်ထပ်ပြောသောအခါ နောက်ဆုံးတွင် ကိုကျေးကြီးကား ရှိုက်ကြီးတငင်ငိုလျှက် သူ့ဓားမကြီးကို လွှတ်ချလိုက်လေသည်။

ကျနော်သည်လည်း သူ့အနားကိုကပ်သွားပြီး သိမ်းပွေ့လိုက်ရသည်။ ရွာသားများ ပြေးလာကြပြီး ကြိုးများဖြင့် တုတ်နှောင်လိုက်ကြသည်။ သူ့ကို ရေများအထပ်ထပ် လောင်းချိုးပေးကြရသည်။

ထိုညက ကျနော့်ကို သူ့အနားမှ ထွက်ခွာသွားတိုင်း တကျော်ကျော်ခေါ်သည်။ သူ့ကို သံကြိုးချည်ထားသည့် တိုင်အနားတွင် သူသည်တငိုထဲ ငိုပြီး ကျနော့်ကို တိုင်တမ်းတော့သည်။

“အဖေ့ကို ငါညှဥ်းသတ်ထားတာကွ၊ တေးမကုဘဲသတ်တာကွ စာတိုရှူးကလေးရ”

သူ့ငိုသံကား ရင်ထဲမှရိုက်ကာ လိုမ့်တက်လာသံဖြစ်သဖြင့် ကျနော်လည်း မခံနိုင်။ ကျနော်ကား သူစိတ်ချမ်းသာစေရန် စကားလမ်းကြောင်း ပြောင်းပေးရုံမှတပါး မတတ်နိုင်။

ထိုညတွင်းချင်း ကိုကျေးကြီး၏ဖခင်အလောင်းကို သင်္ဂြိုဟ်လိုက်ကြရသည်။ တောင်ကြားလယ်တော၏ တောင်ပူစာကုန်း၌ကား မမြုပ်နှံကြ တော့ပေ။ ထိုနေရာတွင်ဆိုလျှင် ကိုကျေးကြီးအတွက် ထာဝရပူဆွေးစရာကြီး ဖြစ်နေမည်ဟူ၍ ရွာသားများက ချင့်ချိန်ခဲ့ကြသည်။

ကိုကျေးကြီးနှင့် ကျနော်သည် ရေစက်မကုန်နိုင်။

သူ့ကို စိတ္တဇရောဂါ ပျောက်မည်မဟုတ်ဟု ကျနော် စိတ်ဒုံးဒုံးချထားပါလျှက် သူသည် တောင်ကြားလယ်တောသို့ လယ်သမားအဖြစ်ဖြင့် ပြန်ရောက်လာခဲ့သည်။ ကာလအတန်ကြာပြီး ကျနော်သလည်လည်း အမှုထမ်းအလုပ်ကို စွန့်ခွာကာ စာရေးသူတဦးဘဝဖြင့် စားရေးရန် အတွက် အစဉ်သဖြင့် တိတ်ဆိတ်ငြိမ်သက်နေတတ်သည့် တောင်ကြားလယ်တောသို့ ရောက် ရောက်နေရသည်။

တောင်ကြားလယ်တော၌ကား ကျနော်စာရေးနေချိန်များတွင် ရှိရှိသမျှ အရာဝတ္ထုအပေါင်းသည်လည်း ကျနော့်လိုပင် အတွေးရေလျဉ်၌ နစ်မြုပ်နေကြတော့သလို ငြိမ်သက်နေကြတော့သည်။

တဲထဲမှ မီးဖိုတွင် ကိုကျေးကြီး၏ တောလိုက်ခွေးကြီးသည်လည်း တဆတ်ဆတ် အိပ်ငိုက်နေသည်။ ဖန်ခါးတောအောက် တောင်ပူစာကုန်းထိပ် လူသေများ မြုပ်နှံထားသည့် ကျောက်တုံးမြေပုံကြီးနှစ်ပုံမှာ နှစ်များကြာမြင့်လုပြီဖြစ်သဖြင့် ရေညှိတက်ကာ အစိုင်အခဲကြီး နှစ်ခုလို ဖြစ်နေ ပေပြီ။

ဖန်ခါးတောထဲမှ စိမ့်အေးနေသည့် လေများသည်လည်း ကျနော်စာရေးရာသို့ တိုးဝှေ့လာကြသည်။ ဖန်ခါးပင်ကြီးများကား အသက်ကြီးရင့် လှလေပြီ။ တောလည်း ထူထပ်နေ၏။ ကျောက်ပုံကြီးများအပေါ်တွင် နေပြောက်မသန်းအောင် ကာကွယ်ထားကြလေသည်။

တောင်ကြားမှ အပြန်များတွင် ကျနော့်ရင်ခွင်၌ စာမူများ ပါလာတတ်သည်။ ဝတ္ထုတပုဒ်ပြီးတိုင်း ခံစားရတတ်သည့် စိတ်ရှင်းလင်းသွားရမှု၊ စိတ်လက်ပေါ့ပါးသွားလျှက် ကြည်လင်သွားရခြင်းများ၊ ကျေနပ်ပီတိဖြစ်မှုများဖြင့် တောင်ကြားမှအထွက်တွင် ကျနော့်မျက်နှာမှာ လန်းဆန်း နေပါလိမ့်မည်။

ရံဖန်ရံခါတွင်မူ တောင်ကြားမှအထွက်တွင် ကျနော့်စိတ်များမှာ ပေါ့ပါးနေသင့်သလောက်လည်း မပေါ့ပါးနိုင်။ မကြည်လင်နိုင်။ ပေါ့ပါးခြင်းနှင့် လေးကန်ခြင်း၊ ကြည်လင်ခြင်းနှင့် နောက်ကျိခြင်း ဆန့်ကျင်ဘက်များသည် တချိန်ထဲ၌ ရောထွေးပါလာတတ်ပြန်သည်။

ကိုကျေးကြီး၏ သူဖတ်ခဲ့သည့် စာများအပေါ် သူ့သုံးသပ်ချက်များသည် ကျနော့်စိတ်အာရုံထဲမှ မထွက်နိုင်။ အနုပညာလမ်းစကို ရှာဖွေချင်သူ ကျနော့်အတွက်ပင် လမ်းစပျောက်ဆုံးသွားတော့မလို ခံစားလာရသည်။ ကျနော်ကား ကိုကျေးကြီးအတွက် စိတ်မကောင်းသလိုလည်း ဖြစ်နေ ရသည်။ မနိုင်ဝန်လေးကြီး တခုကို ထမ်းလာရသလို ကျနော့် စိတ်များမှာ လေးလံပင်ပန်းလာရသည်။

ကျနော် သူ့ကို စာဖတ်သမားတဦးဖြစ်လာအောင် စတင်ကြိုးပမ်းစကတည်းက ကျနော်သည် အရှုပ်အထွေးကြီး တခုကို စတင်မွေးမြူလိုက်ခြင်း ပါတကား။

သူသည် "စွန့်စားခန်း၊ အချစ်၊ စိတ်ကူးယာဉ်" ဝတ္ထုများကို ဖတ်ရန် ငြင်းဆန်ခြင်းက ကျနော်သည် သူ့အတွက် စိတ်ရှုပ်နေခဲ့ရ၏။ ကျနော် မဖြေရှင်းနိုင်။ ကာလအတန်ကြာမှ

"ရသစာပေ" ဟုခေါ်ကြသည့် စာများကို ကျနော်သူ့ကိုရှာပေးရန် တွေ့ရှိလာသည်။ သူသည် ထိုစာပေများကို ကျနော့်ညွှန်းချက်များအတိုင်း အချိန်အတန်ကြာ ဖတ်ပြီး "သိပ်မထူးလှပါဘူးကွာ၊ ဒါတွေကလဲ တမျိုးပါဘဲ" ဟူ၍ ငြင်းပယ်ပြန်သည်။

နောက်ဆုံး၌ သူကျင်လည်နေရာဘဝဖြစ်သည့် လယ်သမားဘဝသရုပ်ဖော် ဝတ္ထုများကို ရှာဖွေဖတ်ရှုရန် ကျနော်တိုက်တွန်းပြန်သည်။

ထိုဝတ္ထုများတွင်လည်း သူနှစ်သက်သည့် ဝတ္ထုကို မတွေ့နိုင်။

"ဒီဝတ္ထုမျိုးတော့ ငါ့ဘာအတွက် အချိန်အကုန်ခံ ဖတ်နေရမှာလဲကွာ၊ လယ်ကိုဘယ်လိုထွန်တယ်၊ ပျိုးကို ဘယ်လိုနုတ်တယ်၊ နွားကို ဘယ်လို မောင်းတယ်၊ ရေကတွတ်ပေါက်ကို ဘယ်လိုပိတ်တယ် ဆိုတာတွေ လိုက်ပီးရေးထားတာ" ဟူ၍လည်းကောင်း ......

"ဒီဝတ္ထုမျိုးတွေကတော့ကွာ စာရေးဆရာက လယ်သမားတွေ အသိပညာနဲတယ်ဆိုပီး ပြုပြင်ရအောင် မြို့သားပညာရှိတယောက်ကိုတောပို့၊ လယ်သမားလုပ်ခိုင်း၊ စုန်းနတ်တွေတိုက်၊ မြွေကိုက်ရင် ဆေးရုံပို့ဖို့ပြော၊ တောသူကြီးသားနဲ့ရန်ဖြစ်၊ လယ်သမားတွေက သူ့ကိုဝိုင်းပီး ကြည်ညို၊ ငါတော့ ကြည်လဲကြည်ညိုမနေနိုင်ဘူး၊ အချိန်ကုန်ခံပီး ဖတ်လဲမဖတ်နိုင်ဘူး" ဟူ၍ နာမည်ကျော်ဝတ္ထု အချို့ကိုလည်းကောင်း ......

"ဒီဝတ္ထုကတော့ကွာ စဖတ်ကတည်းက ရီရတာဘဲ၊ ဝတ္ထုထဲက လယ်သမားတွေ တိုးတက် ချမ်းသာနေလိုက်ကြတာ၊ ဒို့နဲ့ ဘာဆိုင်လို့တုန်း ငါ့ညီရာ၊ ပေါက်ကရတွေ ရေးထားတာ၊ ငါမဖတ်ပါရစေနဲ့" ဟူ၍လည်းကောင်း ......

သူပြောသည့် စကားများကို ကျနော်ကား ငြင်းလည်းမငြင်းပယ်နိုင်။

ကျနော်က အနုပညာ၊ ဖန်တီးမှု၊ ရသစာပေ သဘောများဖြင့် ဆန်းစစ်ပြသောအခါ သူသည် ငြိမ်သက်စွာ နားသာထောင်နေသော်လည်း ဘဝင် ကျမည်ကား မဟုတ်ပေ။

တခါတွင် သူသည် သူ့အိပ်ရာခေါင်းရင်း ဝါးကြမ်းခင်းကလေးပေါ်မှ စာတအုပ်ကို ဆွဲယူလိုက်ပြီး ကျနော့်ကိုလှမ်းပေးလျှက် "ဒီစာအုပ်မျိုးဟာ မီးရှို့ပစ်ရတော့မယ်" ဟူ၍ပြောခဲ့လေသည်။

ထိုစာအုပ်ကား နာမည်ကျော်ကြားလှသည့်စာအုပ် ဖြစ်ကာ စာပေသမားများစွာက နှစ်ခြိုက်ခဲ့ကြသည့် စာအုပ်ပေတကား။

ကျနော်ပင်လျှင်.....

"ဒီစာရေးဆရာဟာ လူကသာ အရာရှိဖြစ်ပေမယ့် လယ်သမားဘဝကိုတော့ နိုက်နိုက်ချွတ်ချွတ် မြင်တတ်လိုက်တာ၊ သရော်စာမှာတော့ ရှားပါ တယ်၊ သရော်ချက်တွေကလဲ မိလိုက်တာ၊ လယ်သမားကြီးက လွတ်လပ်ရေးရမှာ ကြောက်လွန်းလို့ ငိုတာကိုများ ရေးထားလိုက်တာ" စသည် ဖြင့် ချီးကျူးခဲ့ဖူးသည့် စာအုပ်ပေတကား။

ကိုကျေးကြီးကမူ ထိုစာအုပ်ကို ကိုင်မြှောက်လျှက် "ဒီစာအုပ်ဟာ မီးရှို့ပစ်ရမယ့် စာအုပ်ထဲမှာပါတယ်" ဟူ၍ ပြောနေပေသည်။

"ဘာပြုလို့လဲ မင်းသိလား၊ သူတို့က အပေါ်စီးကကြည့်ပြီး ရေးထားတာ၊ လယ်သမားတွေဟာ ရိုးအတယ်၊ အ တယ်၊ သိမ်တယ်၊ ဖျင်းတယ်၊ လုပ်တိုင်း ခံကြရမယ့် သတ္တဝါကြီးတွေ၊ သနားစရာကြီးတွေ၊ အဲဒီလိုမြင်တာ၊ စော်ကားလိုက်တာကွာ၊ လယ်သမားဆိုတာ အရူးအပေါ ကြီးတွေဖြစ်လို့၊ နွားလိုသတ္တဝါကြီးတွေဖြစ်လို့၊ ငါမြင်နေမိတယ်ကွာ၊ ဒီဝတ္ထုကို အထက်တန်းစားတွေက ဘယ်လောက်များ သဘောကျနေ လိုက်မလဲ၊ ချီးကျူးခန်းတွေ ဖွင့်ကြမလဲလို့"

သူက လယ်သမားရုပ်ပုံပါသည့် စာအုပ်ကို ကျနော့်ကို လှမ်းပေးသည်။ ကျနော့်ကို ဖတ်ပြီး မပြီးမေးသည်။ ထိုစာအုပ်အပေါ် ကျနော့်အမြင်ကို မေးသည်။ ကျနော်ကား မည်သို့ပြန်ဖြေရမှန်းမသိ။ သူမရမကမေးသဖြင့် ပြန်ဖြေရသည့် ကျနော့် စကားများကား မရှင်းမလင်း ရှုပ်ထွေးနေ သည်။ အားနည်းနေသည်။ သူ့စကားသံများသာလျှင် ကျနော့်ကို ဖုံးလွှမ်းနေခဲ့သည်။

ထိုညနေက ရေးပြီးသား စာမူများကို ကျနော် သိမ်းဆည်းနေစဉ် သူသည် "ငါ တကယ့်လယ်သမားစာပေ ဖတ်ချင်တယ်ကွာ" ဟူ၍ ညဉ်းတွား သလို ပြောလေသည်။

ကျနော်ကား ရေးပြီးသည့် စာမူများကို ရင်ခွင်၌ ပွေ့ပိုက်လိုက်သော်လည်း အခါတိုင်းကလောက် စိတ်လက်ပေါ့ပါး ကြည်လင်မှုကို မခံစားနိုင်။

သူသည် တောင်ကြားအထွက်နားအထိ စကားပြော မပြတ်သေးဘဲ လိုက်လာခဲ့၏။ ကျနော်ကား ကိုကျေးကြီး၏ မွေးမြူထားသည့် စာဖတ်ဝါသနာကလေးမှာ ပျောက်ဆုံးသွားတော့မည်ဟု တွေးကာ စိတ်ထိခိုက်သလိုသာ ခံစားရလေသည်။ သူနှစ်ခြိုက်မည့် စာသည် မည်သည့်စာမျိုးဖြစ်မည်နည်း။ ရှာဖွေ၍ ရနိုင်တော့မည်ဟူလည်း ကျနော် မထင်မှတ်နိုင်ပါတကား။

"အေးကွာ .... စာဖတ်တယ်ဆိုတာ အချိန်တွေကုန်နေတာပါ၊ ငါစာမဖတ်တော့ဘူးကွာ၊ ဘယ်တော့မှ မဖတ်တော့ဘူး"

သူသည် ကျနော်အပြန်တွင် ထိုစကားစုဖြင့် နှုတ်ဆက်လွှတ်လိုက်လေပြီ။

တောင်ကြားလယ်တောအား ကိုကျေးကြီး တွယ်တာကြီးပုံ တွေးမိသည့်အခါများ၌ ကျနော့်ရင်ထဲတွင် ဝေဒနာတခု ဖြစ်ပွားနေသလို ခံစားရ တတ်သည်။

အမျိုးအမည်မသိသည့် ဝေဒနာဖြစ်၏။ နာကျင်မှုကဲ့သို့ ဖြစ်သော်လည်း နာကျင်မှုကား မဟုတ်။

ကိုကျေးကြီးသည် လယ်တောဝယ်ရန် ကြံစည်ဆဲ၌ "အဖေက ဒီလယ်တောကို သူ့အဖိုးလယ်တော ဆိုပီး သိပ်အစွဲအလန်းကြီးတာကလား" ဟူ၍ ကျနော့်ကို ပြောခဲ့သေးသည်။

ကျနော့် ထင်းလှည်းပေါ်တွင်ထိုင်လျှက် ဖုန်လုံးကြီးထဲမှ သူမျက်နှာကြီးမှာ ပြုံးရောင်သန်းနေသည်။

သူတို့သားစဉ်မြေးဆက် ဤလယ်တောကို ဘာပြုလို့ သည်မျှ အတွယ်အတာ ကြီးရပါသနည်း။

ကျနော်ကား နားမလည်နိုင်။

သူတို့သည် ကွယ်လွန်ပြီးနောက်မှာပင် လယ်တောကို လွှမ်းခြုံမြင်နေရသည့် တောင်ပူစာကုန်းပေါ်တွင် သူတို့အလောင်းကို မြှုပ်နှံ ခိုင်းခဲ့ကြသည်။

ကိုကျေးကြီး၏ ဖခင်သည်လည်း လယ်တောကို လုပ်ကိုင်နေရင်း ချစ်တီးလက်သို့ အပ်လိုက်ရသည့်တိုင်အောင် ဤလယ်တော၌ပင် သီးစားလယ်သမားအဖြစ်ဖြင့် ဆက်လက်လုပ်ခဲ့သေးသည်။ ထိုမှ အထွေထွေ အကျပ်အတည်းကြောင့် နွားပြုတ် လှည်းပြုတ် ကြွေးတင်ပြီး လယ်ကို ဆက်မလုပ်နိုင်သည့်တိုင်အောင် ဤလယ်တောတွင် သူရင်းငှားအဖြစ်ဖြင့် နှစ်အတန်ကြာ ဆက်လက်လုပ်ကိုင်နေသေးသည်။

သူတို့ကိုယ်ခန္ဓာများနှင့် တဆက်တည်း ရှိနေသလိုပင် သူတို့ လယ်တောကို တွယ်တာခဲ့ကြ၏။ ကျနော့်စိတ်၌ သူတို့ သားစဉ် မြေးဆက် ဤလယ်တောကို တွယ်တာကြပုံကို ဝတ္ထုကလေးတပုဒ်လို ခံစားနေရသည်။

ကိုကျေးကြီးကမူ ဝတ္ထုတပုဒ်နှင့်နှိုင်းသည်ကို လက်ခံနိုင်။

သူသည် ကျနော့်ကို စေ့စေ့ကြည့်ကာ "ငါ့ညီရာ ... မင်းဝတ္ထုဆိုတာ ဘိန်းရှူသလိုဟာမျိုးပါ၊ ဝတ္ထုနဲ့တော့ မနှိုင်းပါနဲ့ကွာ" ဟူ၍ လေးလေးတွဲ့တွဲ့ကြီး ပြောလေသည်။

အတန်ကြာမှ ....

"အဖေသေရင်လဲ ဖန်ခါးတောမှာ မြှုပ်မယ်၊ ငါသေရင်လဲ ဖန်ခါးတောမှာ မြှုပ်မယ်"

ကိုကျေးကြီးကား ထိုစကားများကို ကျနော်မမေ့နိုင်အောင် ပြောနေတော့သည်။

သူ့ဖခင်ကြီး ကွယ်လွန်သောအခါတွင်မူ ရွာသားများသည် အလောင်းကို ဖန်ခါးတော၌ မမြှုပ်နှံကြတော့ပေ။

ဖခင်ကြီး သင်္ဂြိုဟ်ပြီး နောက်တရက်တွင်ပင် ကိုကျေးကြီးကိုလည်း သူနေချင်သည့် လယ်တဲသို့ မပို့ဘဲ အရူးကုရန်အတွက် ပျဉ်းမနားမြို့ အဝင်ရှိ သံလမ်းကျောင်းသို့ ပို့ရလေသည်။

ကျနော်ကား ကိုကျေးကြီးကို ဘူတာရုံအထိသာ လိုက်ပို့နိုင်သည်။ ထိုနေ့က ကိုကျေးကြီးသည် လုံချည်အသစ် ပေါ်ပလင်အင်္ကျီမီးပူကျနှင့် ပင်နီတိုက်ပုံကို သေသေသပ်သပ် ဝတ်ထားသဖြင့် အရူးက သပ်ရပ်ခန့်ညားလေသည်။

သူသည် သူ့လက်တွင် ချည်ထားသည့် သံကြိုးကို တခြားသူများကို အကိုင်မခံခဲ့ပေ။

"သံကြိုးကို မင်းကိုင်ခဲ့စမ်းပါကွာ၊ လူမမြင်အောင် ကိုင်ခဲ့စမ်းပါ"

ရွာအထွက် ညောင်ပင်ကြီးအောက်တွင် သူသည် သူ့လက်ကို ကျနော့်ဖက်သို့ ထိုးအပ်လေသည်။ ကျနော်လည်း လက်ချင်းတွဲလျှောက် လာသလိုလိုဖြင့် သူ့လက်မှ သံကြိုးကို ကိုင်လာရသည်။ သူမကြိုက်သဖြင့် အရူးစောင့်ရန် လိုက်လာခဲ့သည့်ရွာသားများကို နောက်ဖက် မလှမ်းမကမ်းမှသာ လိုက်လာကြရန် ကျနော်သတိပေးရသည်။

သူနှင့်ကျနော် ခင်တန်းကြောပေါ်မှ လမ်းအတိုင်း နှစ်ယောက် ယှဉ်သွားနေသောအခါ သူ၏ မြင့်မားလှသည့် အရပ်ကြီးသည် ကျနော့်အပေါ်မှ မိုးနေခဲ့သည်။ သူ၏ပိတ်ချုံးကျနေသော မျက်တွင်းဟောက်ပက် မျက်နှာကြီးပေါ်၌ စက်ရုပ်ဆန်သော အပြုံးကား အရိပ်မရပ်တော့ပေ။ သူသည် ကျနော်နှင့် ထင်းခုတ်ရင်းဆိုခဲ့သလို သီချင်းတပုဒ်ကိုလည်း သံကုန်ဟစ်လာခဲ့သည်။

ခင်တန်းတနေရာ၌မူ သူသည် သုတ်သုတ်လှမ်းနေရာမှ ရုတ်တရက် သီချင်းအဆိုလည်းရပ် လူလည်းရပ်ပစ်လိုက်သည်။ သူ့မျက်နှာကိုလည်း တဖက်သို့ လှည့်ပစ်လိုက်သည်။ မျက်နှာပေါ်မှ စက်ရုပ်အပြုံးများလည်း ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထိုနေရာကား တောင်ကြားလယ်တော အဝင်ဝကို လှမ်းမြင်နေရသည့် နေရာပေတကား။

"ငါ့လယ်တောကို ငါဝအောင် ကြည့်သွားချင်တယ်ကွာ"

သူသည်မလှုပ်မယှက်ကြီး ငိုင်နေသည်။ သူ့မျက်နှာ ကျယ်ပြန့်ပြန့်ကြီးပေါ်တွင် ကြီးစွာ ထိခိုက် နာကျင်နေပုံ ပေါ်လာသည်။

ဖိုးရှန်တောင်ထပ်တွင် မိုးသားများ လေးတွဲ့စွာ ဆိုင်းနေကြပေပြီ။

ကျနော်သည် သူ့စိတ်ထား ပြောင်းလာအောင် ကြိုးပမ်းရ၏။

"ဟေ့လူကြီး သွားရအောင် နောက်ကလူတွေ မှီလာတော့မယ်၊ မှီလာတော့မယ်"

သူသည် ခင်တန်းကြောပေါ်၌ ခြေလှမ်းနေးကွေးစွာလှမ်းရင်း ခေါင်းကြီး တဖြည်းဖြည်း ငုံ့သွားလေသည်။

"ကောင်လေးရေ .... ခုဟာ ငါ့ကို သံလမ်းကျောင်းသွားပို့ကြမှာ မှုတ်လား၊ ငါ တော်တော်ကြာအောင် နေရအုံးမယ်၊ ငါ ပြောမယ်ကွာ၊ ငါ့မှာ နှစ်ကိုယ်ခွဲနေရတယ်၊ တကိုယ်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကွ၊ ခုနက မင်းနဲ့စကားပြောနေတဲ့ပုဂ္ဂိုလ်က လယ်သမားကလေး ငကျေးစိန်နော်၊ မှတ်ထားအုံး၊ မလွဲစေနဲ့၊ ခက်လိုက်တာကွာ၊ ငါ့လယ်တောကလဲ ဒီနှစ်မှ ကောင်းလိုက်တာ မဲမှောင်နေတော့တာဘဲ၊ ဆင်မတိုးနိုင်ဘူး၊ အိုးပစ်မကွဲဘူး၊ လယ်သမားကလေး ငကျေးစိန်မှာတော့ကွာ ကြွေးတွေတင်နေလိုက်တာက ပတ်လည်ဝိုင်းဘဲဟေ့၊ နေပါစေတော့ နေပါစေတော့၊ ငကျေးစိန်လယ်ကို ကြွေးရှင်တွေ မရိပ်ယူကြပါစေတော့ ငါကတော့ သာဓုသာ များများခေါ်လိုက် တော့မယ်၊ သာဓု သာဓု သာဓု"

သူသည် ဇက်ကြီးကျိုးကျနေပြန်သည်။

သူပြောလက်စ စကားများကို မေ့သွားသည်။ အခြားစကားများ ပြောဆိုရင်း ပျော်ရွှင်လျှက် သီချင်းများ ဆိုနေပြန်သည်။

ဘူတာရုံကုန်းကြောနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါတွင်မူ သူ့ကိုချော့ခေါ်၍ မရအောင် ဖြစ်လာသည်။ သူသည် သူ့လယ်တောကို သတိရလာပြန်သည်။ သူ့လယ်တောကို သူသတိရတိုင်း ကျနော်သည် ဝမ်းနည်းသလို ဖြစ်နေမိသည်။ သူ့ကို စိတ်ပြောင်းသွားအောင် ကြိုးစားကြည့်သည်။ မရတော့။ သူကား ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ရပ်နေသည်။

"ငါ့လယ်ကို ငါပြန်မလုပ်ရင် ဆုံးမှာ၊ ဆုံးမှာ၊ ဆုံးမှာ"

သူသည် လူကောင်းပကတိ ငိုနေသလို ဝမ်းထဲမှ လှိုက်တက်လာသဖြင့် ရှိုက်ရှိုက်ပြီး ငိုသည်။

"ငါ့ညီလေးရာ .... မင်းအလုပ် ထွက်လာခဲ့ပါကွာ၊ ငါ့မှာလေ အားကိုးစရာဆိုလို့၊ ဆွေမျိုးဆိုလို့ကွာ ခွေးတကောင် ကြောင်တမြီးမှ မရှိပါဘူး၊ ငါ့လယ်ငါမလုပ်နိုင်ရင် ဆုံးတော့မယ်၊ ငါ့လယ်ကို မင်းလုပ်ပေးစမ်းပါ၊ ငါကြောက်တယ်ကွာ၊ ငါ့လယ်ဆုံးမှာကို ငါကြောက်တယ်၊ ကဲ .... ငါမလိုက်တော့ဘူးဟေ့၊ မလိုက်ဘူး၊ မလိုက်ဘူး"

"ကိုကျေးကြီး မငိုပါနဲ့ဗျာ၊ ရှက်စရာကြီးဗျာ၊ စိတ်တင်းစမ်းပါ။ ကဲ နောက်ကလူတွေ မှီလာတော့မယ်၊ သွားကြမယ်၊ သွားကြမယ်"

ကျနော်အတင်းဆွဲခေါ်ပြန်သော အခါ၌လည်း ကျနော်နှင့် ယှဉ်လျှက် အပြေးသွားနေပြန်သည်။

"သွားကြမယ်၊ သွားကြမယ်"

ဘေးချင်းယှဉ်လျှောက်ရင်း ကိုကျေးကြီး ပျော်နေပြန်သည်။ သူ့ကိုယ်သူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အဖြစ်ဖြင့် စေတလုံးပိုင်စကားများ ပြောလာသည်။

သူ့ကိုယ်သူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အဖြစ်ဖြင့်သာ ထင်နေစမ်းပါစေဟု ကျနော်ဆန္ဒ ဖြစ်ပွားနေသည်။ သူရှူးနေခိုက်၌ လွတ်လွတ်လပ်လပ် ပျော်နေစမ်းပါစေ။ သူ့တဘဝလုံး ခံစားနေရသည့် စားဝတ်နေရေး လူမှုရေးအဖြစ်ဆိုးများမှ အချိန်ရသမျှ စိတ်လွတ်မြောက် နေစမ်းပါစေ။ သူ့အတွက် အပျော်ရွှင်ဆုံး အကောင်းဆုံး ဘဝများကို သူ့စိတ်ကူးယဉ်ထဲ၌ လွတ်လွတ်ကျွတ်ကျွတ် တည်ဆောက်နေနိုင်ပါစေ။

သူ့စိတ်များကား မကြာခဏပင် သူ့လယ်တောသို့ ပြန်ပြန်ရောက်လာနေသည်မှာ ဝမ်းနည်းစရာမလိုပင် ကျနော် တွေးနေတော့သည်။ သူက သူ့လယ်တောအတွက် စိုးရိမ်ကြီးစွာငိုရှိုက်ရင်း ကျနော့်ကို အလုပ်မှထွက်ကာ သူ့လယ်ကိုလုပ်ပေးရန်အတွက် ကတိများ တောင်းလေသည်။ ကျနော်ကလည်း သူယုံကြည်စေရန် ကတိများ အကြိမ်ကြိမ်ပေးနေရသည်။

သူ့ကို ကျနော်ကား ဘူတာရုံအထိသာ လိုက်ပို့နိုင်သည်။ သူရထားပေါ်အတက်တွင် သူ့လယ်တောကို ဆက်လက်လုပ်ကိုင်ရန် ကျနော် နေခဲ့သည့်အကြောင်း ပြောရသည်။ သူသည် ခေါင်းကို အကြိမ်ကြိမ်ညိတ်သွားလေသည်။

ရထားထွက်ခွာသောအခါ ကိုကျေးကြီးသည် ပျော်ရွှင်ကျေနပ်နေသည့် မျက်နှာကို ပြူတင်းပေါက်မှ အပြင်ထွက်ပြီး တောက်လျှောက်အောဟစ် နှုတ်ဆက်သွားသည်။ သူသည် ရထားခတ်မောင်းနေသံကို ကျော်လွန်စေရန် သံကုန်မြင့်အော်ဟစ်နေသည်။

"ငါ့ညီစာတိုရှူးလေးရေ့ ..... နေခဲ့တော့ ..... နေခဲ့တော့ ..... နေခဲ့တော့ ..... နေခဲ့တော့ ..... နေခဲ့တော့ ....."

ကိုကျေးကြီး၏ အဆုံးမသတ်နိုင်သော အော်ဟစ်နှုတ်ဆက်သွားသံမှာ သဲ့သဲ့မျှင်မျှင်ကလေး နောက်၌လည်း မဆုံးနိုင်သေး။ ကျနော့်နားထဲ၌ အဆုံးမရှိတော့အောင် အသံတိုးတိုးကလေးများနောက်မှ ဆက်ကာဆက်ကာ ကြားနေခဲ့ရသည်။

ကျနော်ကား အလုပ်ခွင့်ရက်မှ ကျော်ပင်ကျော်နေခဲ့ပြီ ဖြစ်သဖြင့် အမြန်ဆုံးဆိုက်ကပ်လာသည့် ရထားဖြင့်ပင် ကိုကျေးကြီးနှင့် ဆန့်ကျင်ရာဘက်သို့ ခရီးဆက်လာခဲ့ရသည်။

လပေါင်းများစွာ ကြာပြီး ကျနော့်ဇာတိရွာသို့ အလည်တပတ် ပြန်အလာတွင် ကိုကျေးကြီးကို သူ့လယ်တောင်၌ ပြန်၍ တွေ့ဆုံရသည်။ တောင်ကြားလယ်တောသို့ ကျနော် မဝင်မီ အဝေးကြီးကတည်းက ကိုကျေးကြီးသည် သူ့မျက်နှာပြားပြားကြီးကို ဖွင့်ပြီး ကြည်လင်စွာ ပြုံးရယ်လျှက် ကျနော့်ကို ကြိုဆိုနေသည်။

သူကား ဆေးကုရာမှ ပြန်ရောက်လာသည်မှာ လေးငါး ခြောက်လမျှသာရှိသေးသည်။ ဆေးကု အငြိမ်းစား အနားယူနေစဉ် ခြောက်လ၌ သူသည် ဝက်ကြီးတကောင်လို ဝဖြိုးလာခဲ့သည်။ မျက်နှာပြားပြားကြီးမှာ ဖေါင်းမို့နေသည်။ ဂုတ်ပိုးသားကြီးများသည် အိတွဲကျနေကြ၏။ သွက်သွက်လက်လက် လည်းမရှိတော့။

ထိုညနေတွင် သူသည် တက်ကြွရွှင်လန်းစွာဖြင့် သူ့လယ်ကွက်များကို တကွက်ပြီးတကွက် လိုက်ပြလေသည်။ သူ့စပါးပင်ကြီးများ ကြီးထွားသန်မာနေလုပုံကို သူ့အရပ်နှင့် တိုင်းပြသည်။ သူ၏ စိတ်ကြည်နူးနေသော မျက်နှာမှာ ခလေးတယောက်လိုပင် ကြည်လင်နေလေသည်။

"ရေကိုနိုင်မှ လယ်သမား"
"မြေကိုနိုင်မှ လယ်သမား"

သူက ရင်ကိုကော့ကာ ပြုံးပြုံးကြီး ပြောလေသည်။

"ဒီနားက လယ်ပွဲတွေ ငါ့လယ်ကိုမှီရင် လည်ပင်းစင်းပေးလိုက်မယ်"

"သိပ်လဲ အကြွားလွန်လွန်းနေပါလားဗျ" ဟူ၍ ကျနော်က နောက်ပြောင် ပြောသောအခါ သူသည် တက်ကြွရွှင်လန်းစွာ အားပါးတရ ရယ်မောလေသည်။

သူသည် လူချင်းကွဲကွာနေသည့် အချိန်များ၌ ကျနော့်ကို ပြောရန်စကားများ သူ့ရင်နှင့်အပြည့် စုဆောင်းထားသလိုပင်။ ထိုစကားများကို မည်သို့ ထုတ်ဖော်ပြောနေသည်ဖြစ်စေ ကုန်ခန်းသွားလိမ့်မည် မဟုတ်ဟု ထင်နေရသည်။

"ငါ စဉ်းစားနေတာ တခုရှိတယ်ကွ၊ ဒို့လယ်သမားဆိုတာ ကိုယ့်လက်ကို ကိုယ်နွားနဲ့ကို လုပ်နိုင်တာတောင်မှ တနှစ်ကို သွေခုနှစ်ရာ ရှစ်ရာလောက် ဝင်တာ၊ ဒါတအိမ်ထောင်လုံး လုပ်ရတဲ့အလုပ်နော်၊ အခု ကုန်ဈေးနှုန်းတွေနဲ့ ငတ်ပြတ် ကြွေးတင် စပါးပေးယူရ၊ ပင်ထောင်ပေးယူရ၊ သမင်မွေးလာ ကျားစာဖြစ်တာလိုပေါ့ကွာ၊ ပင်ပန်းလိုက်တာကလဲ ဘယ်အလုပ်နဲ့မှ မတူ၊ ခုဆို ငါ့ကိုဘဲကြည့်ကွာ၊ ဒီလယ်တောကြီး ဒီလောက်ကောင်းနေတာမှ ပီးခဲ့တဲ့နှစ်က ယူခဲ့တဲ့ကြွေး ကျေရုံဘဲရှိမယ်၊ ဒါတောင် နောက်မိုးမဖျက်မှ၊ နွားကလေးတကောင် ဝယ်နိုင်ဖို့ မလွယ်ပါဘူး၊ နောက်နှစ်လယ်လုပ်ရင်းစားဖို့ဆို စပါးပေးထပ်ယူရအုံးမယ်၊ ဒါတောင် ငါ့လယ် ငါ့မြေဆိုပီး ဟုတ်ကောဟုတ်လို့လားကွ၊ ငါဘာပြုလို့ ငါလောက်မက်မောနေတာလဲ"

သူ့မျက်နှာမှ အပြုံးများမှာ ခနမျှ ငြိမ်သက်သွားလေသည်။ သူ့စကားတနေရာတွင်မူ သူသည် ထပ်ပြုံးလေသည်။

"ခုနေ ငါ မိန်းမ မယူချင်ပါဘူးကွာ၊ နွားကလေးတကောင်လောက် လိုချင်ပါတယ်"

သူသည် ပေါ့ပေါ့ကလေးပြောပြီး ရယ်ရယ်မောမော ဖြစ်နေသည်။ သူ့စကားကို သူက ရယ်မောစရာဟု သဘောထား၍ မရပေ။

ကိုကျေးကြီးကား အသက်လေးဆယ် ပြည့်တော့မည်။ သူသည်လည်း သားမယား သားသမီးများနှင့်အတူ သိုက်သိုက်ဝန်းဝန်း နေချင်ရှာမည်။ နေလည်း နေခွင့်ရှိရမည်ဟူ၍ ကျွန်တော်သည် တွေးနေမိ၏။

သူ့စကားကို သူရယ်မောစရာ လုပ်ပစ်ခြင်းမှာလည်း တကယ်ရယ်မောချင်သောကြောင့်ဟု ကျနော် မည်သို့ ထင်နိုင်ပါမည်နည်း။ သူ့စိတ်ကိုသူ လှည့်စား ဖြေသိမ့်လိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

သူသည် ထိုညနေက သူ့တဲထဲတွင် မီးဖိုဘေး၌ ထိုင်ရင်း သူ၏ အရှုံးဘဝ အတွေ့အကြုံများကို မကုန်နိုင် မခမ်းနိုင် ပြောလေသည်။ သူသည် ဖြစ်ခဲ့သမျှ အားလုံးကိုလည်း မှတ်မိနေသည်။

သူ့ဆေးကုသရာ ကျောင်းအောက်တွင် သံကြိုးဖြင့်ချည်ထားသောအခါ ကျောင်းအဝင်ဝ ဝါးရုံပင် လှုပ်ရှားနေသည်ကိုကြည့်ရင်း သူ့စိတ်ထဲ၌ နတ်သမီးကလေးများ သီချင်းဆိုကာ ကနေသည်ကို တွေ့မြင်ရနေသည်။ ဤသူယောင်မယ်မကလေးများနှင့်လည်း သူသည် မမောမပန်း စကားများစွာ ပြောနေရသည်။

ညလသာသာများ၌ သူသည် ကျောင်းဝင်းနံဘေး လယ်ကွင်းပြင်ကြီးထဲ၌ ကန်သင်းခုံတခုပေါ်တွင် မင်းသားကြီးကိုကျေးစိန်အဖြစ်ဖြင့် ကနေခဲ့သည်။ သူ့နံဘေး၌ မင်းသမီးများသည် လခြမ်းသဏ္ဌာန်
ဝိုင်းထားကြသည်။ ပရိတ်သတ်ကြီးကား ကြည့်မျှော်မဆုံးတော့။

တခါ၌ နွေခေါင်ခေါင်တွင် မိုးကြီးရွာချလိုက်ရာ သူသည် ပျော်ရွှင်လွန်းသဖြင့် မိုးရွာထဲ ထွက်ပြေးသွားကာ အားပါးတရ ငိုနေမိသည်။ ထိုအခါက လမ်းပေါ်တွင် မိုးရေများစီးနေသည်ကို ကြည့်ရင်း သူ့လယ်တောကို သတိရလာခဲ့သည်။ သူ့လယ်တောကို လများမကြာမီ ထွန်ယက်နိုင်မှ သူလက်မလွတ်မည်ကို သတိရလာသည်။

ထိုနေ့မှစ၍ သူသည် သူ့ကိုယ်သူ လယ်သမားကျေးစိန်အဖြစ်ဖြင့် သတိထားမိလာသည်။ သူ့ကိုယ်သူ ဘိုးဘိုးဖြစ်စေ၊ ဖိုးစိန်ကြီးဖြစ်စေ ထင်မြင်လာတိုင်း သူသည် သူ့ကိုယ်ကို သတိဖြင့် ထိန်းချုပ်လေသည်။

"ငါအရူးပျောက်ရတာ ငါ့လယ်ကိုငါ တွယ်တာလွန်းလို့"

သူက မှတ်ချက် ချလိုက်ပြန်သည်။

ထိုမှ သူ့စိတ်များသည် တည်ငြိမ်လာခဲ့၏။ သူသည် မကြာမီရွာသို့ ပြန်ခွင့်ရလေသည်။ သူအပြန်၌ အလုပ်ကြမ်းမလုပ်ရန် ဘုန်းကြီးက အတန်တန် မှာလွှတ်လိုက်သည်။ အလုပ်ကြမ်းလုပ်လျှင် သည်းခြေပြန်၍ လှုပ်ရှားတတ်သည်။

သူကား လယ်တောကိုပစ်၍ အငြိမ်ထိုင်မနေနိုင်။ သူ့စား ဝတ် နေရေးကလည်း ခွင့်မပြုပေ။ သူသည် တစတစစမ်းသတ် လုပ်ကိုင်ရ၏။ သူလယ်ထဲဆင်းသောအခါတွင် ခိုင်းနွားတကောင်မျှ မရှိတော့ပေ။ တကောင်ကို လယ်တောဝယ်ရန် ရောင်းချခဲ့ရသည်။ ကျန်တကောင်ကို သူ့ဖခင်ကြီးသင်္ဂြိုဟ်စားရိတ်၊ သူ့အရူးကုစားရိတ်အဖြစ် ရောင်းချခဲ့သည်။

"ငါအလုပ် ပြန်လုပ်စကတောင် တခါတခါ သတိလက်လွတ်နေမိရင် စပါးပင်ကလေးတွေက ဥစ္စာစောင့်မကလေးတွေ ဖြစ်လာတတ်သေးတယ်၊ ရောဂါလက်ကျန် ရှိနေသေးတာပေါ့ကွာ"

သူကား စကားပြောရင်း ဟက်ဟက်ပက်ပက်ကြီး ရယ်မောလေသည်။ ထိုတခေါက်က ကျနော်ရွာအပြန်တွင် ကျနော်ရရှိလာခဲ့သည့် ခွင့်ရက်တဝက်လောက်မှာလည်း တောင်ကြားလယ်တောတွင် ကုန်ဆုံးခဲ့လေသည်။

ကျနော်ပြန်ကာနီး၌ "အဖေ့ အလောင်းကိုဒီမှာ မမြှုပ်တာတော့ကွာ ငါစိတ်မကောင်းဘူး" ဟူ၍ ကိုကျေးကြီးသည် တငွေ့ငွေ့ညိုးရော်သွားနေသည့်မျက်နှာဖြင့် ပြောလေသည်။

ယခုတခါတွင်ကား ဤတောင်ကြားလယ်တောအတွက် ကိုကျေးကြီးဖခင် ကွယ်လွန်ခဲ့ရခြင်းကိုလည်းကောင်း .... ကိုကျေးကြီး ရူးသွပ်သွားခဲ့ရသည့် အဖြစ်အပျက်ကိုလည်းကောင်း .... ဤလယ်တောကို သူမက်မောလွန်းသဖြင့် စိတ္တဇရောဂါမှ ပျောက်ကင်းလာရသည်ကိုလည်းကောင်း ဖန်ခါးတော၌ သူ့ဖခင်ကြီးအလောင်းကို မမြှုပ်ကြခြင်းအတွက် သူစိတ်ထိခိုက်နေသည်ကိုလည်းကောင်း .... ကျနော်ကား ဝတ္ထုတပုဒ်လို စိတ်၌မတွေ့နိုင်တော့ပေ။

"လယ်သမားဟာ မြေတလက်မအတွက် အသက်ပေးခဲ့ရတယ်"

ထိုစကားလုံးများသည် ကျနော့်ခေါင်းထဲ၌ ပေါ်ပေါက်လာသည်။ ခေါင်းထဲမှတဆင့် နှလုံးသား၏ သွေးရှင်ကြောထဲသို့ စီးဆင်းသွားနေသည်။

ထိုကြောင့်ပင် တောင်ကြားလယ်တော၌ ကျနော် စာရေးနေစဉ် အချိန်များ၌ ကိုကျေးကြီး၏ သူဖတ်သမျှ စာများအပေါ် သူ့ဝေဖန်ရေး သူ့ခံစားချက်များကို ကျနော်ခံစားနိုင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"ဒီလယ်သမား ဝတ္ထုကို မဖတ်ခင် အညွှန်းကို ဖတ်ကြည့်စမ်းပါအုံးကွာ"

.... အပါအဝင်၊ ရိုးသော၊ အသော၊ နုံသော၊ ဖျင်းသော၊ အသိအလိမ္မာ ဉာဏ်ပညာတို့ဖြင့်လည်း ကင်းမဲ့ဘိသော၊ ကျေးတောသူ ကျေးတောသားတို့ အကြောင်း .... လူပင်ဖြစ်သော်လည်း လူနှင့်မတူ .....

ကျနော့်နားထဲ၌ ဆင်းရဲသမား ကိုကျေးကြီး၏ ဒေါသပေါက်ကွဲနေသံကို မည်သည့်အခါတွင်မှ ဖျောက်ဖျက်ပစ်၍ရတော့မည်နည်း။

သူသည် လယ်သမား ရုပ်ပုံနှင့်ဝတ္ထုစာအုပ်ကို ကျနော့်ရှေ့တွင် လှန်လှောပြခဲ့သည်။ သူ့လက်ညှိုးကြီးဖြင့် စာလုံးများကို မိမိထောက်ပြနေသည်။ သူ၏တပိုဒ်ချင်း စကားတစုချင်း တလုံးချင်း အသံဝါကြီးဖြင့် ဖတ်နေသံမှာ မီးဟုန်းဟုန်းလောင်နေသလိုပင်။

"အသော၊ နုံသော၊ ဖျင်းသော၊ အသိအလိမ္မာ ဉာဏ်ပညာတို့ဖြင့်လည်း ကင်းမဲ့ဘိသော၊ မင်းတို့စာရေးဆရာတွေဟာ လယ်သမားတွေကို ဒီလိုချည့်ဘဲ မြင်နေကြရှာသလားကွာ နော်၊ လူပင်ဖြစ်သော်လည်း လူနှင့်မတူ၊ တိရစ္ဆာန်တွေနဲ့တူနေတဲ့ သတ္တဝါတွေပေါ့ ဟုတ်လား၊ လုပ်သမျှ ဘာမှပြန်မပြောတတ်တဲ့ လုပ်တိုင်းခံ သတ္တဝါကြီးတွေပေါ့ကွာ နော်"

သူ့နှုတ်ခမ်းပေါ်မှ အပြုံးမှာ နာကျင် ကိုက်ခဲနေသော ဝေဒနာမျိုးပေတကား။

ကျနော် အတန်ကြာ ငြိမ်သက်နေမိ၏။

အတန်ကြာမှပင် ထိုအညွှန်းကို စာရေးဆရာက ရေးခြင်း ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်ဟု ပြောရလေသည်။

အရင်းရှင် သမိုင်းစဉ်ထဲ၌ လယ်သမားများ အလုပ်သမားများကို ထိုသို့မြင်ကာ ရေးသားတင်ဆက်ကြသည်မှာ ထူးဆန်းသည်ကား မဟုတ်ပေ။

ကျနော်သည် ကိုကျေးကြီး စိတ်ဖြေနိုင်ရန် တတ်စွမ်းသမျှ ရှင်းမိ၏။ ကျနော့် ရှင်းလင်းချက်များကား ကိုကျေးကြီး နားထောင်နေသော်လည်း သူ့စိတ်နှလုံးသားထဲသို့မူ မရောက်နိုင်။ သူကား စေ့စပ်ပေးမှုကို ဂရုမစိုက်သူပေတကား။

သူသည် စာအုပ်ကို တဲအပြင်ဖက် မိုးရွာထဲ လွှင့်ပစ်လိုက်သည်။ ခမောက်ကောက်ဆောင်းပြီး တဲအပြင်ဖက် လယ်ကွက်များဆီသို့ ထွက်သွားလေသည်။ ဖန်ခါးတော တောင်ကပူစာကုန်းပေါ်မှ ပြေးဆင်းလာသည့် ရေစီးကြောင်းထဲ၌ စာအုပ်သည် တရွေ့ရွေ့ မျောပါသွားရာမှ ကျနော့် အမြင်မှ ပျောက်ကွယ်သွားလေသည်။

သူသည် ပြုစုပျိုးထောင်လာခဲ့သည့် စာဖတ်ချင်စိတ်ကလေးကိုပင် အပြီးတိုင်ဆုတ်ဖြဲ စွန့်လွှတ်သွားပြီ ဟူ၍ ကျနော်ကား နားလည်နေသည်။ ကျနော့်စိတ်အာရုံထက်၌ ရုပ်ထွေးနေရစ်ခဲ့သည်။

"ဒါနောက်ဆုံးဘဲ၊ သူဘယ်တော့မှ စာဖတ်တော့မှာ မဟုတ်ဘူး"

ကျနော်ကား ရေးလက်စ ဝတ္ထုကိုဆက်ရေးရန် ကြိုးပမ်းကြည့်လေသည်။ ကျနော့်ဖောင်တိန်သည် ရှေ့သို့ မတိုးဝံ့သလို ရပ်နေသည်။ ကျနော့် စာလုံးများသည်လည်း ရောက်ရာအရပ်၌ ငြိမ်သက်နေကြတော့သည်။

မည်သို့ပင်ဖြစ်စေ ရန်ကုန်၌ အသက်ရှူမဝသည့် ကျနော်သည် ဤတောင်ကြား လယ်တော၏ တိတ်ဆိတ်ငြိမ်သက်လှသည့် လယ်တဲကလေး တွင်မူ မကြာခဏ စာလာရေးဖြစ်ခဲ့သည်။

ဤလယ်တဲ၌ စာရေးရင်း ဆက်လက်မရေးချင်အောင် ငြီးငွေ့လာလျှင် ကျနော်သည် လယ်ကွက်များကို ဖြတ်ကာ ဖိုးရှန်တောင်သို့ လာခဲ့လေ သည်။

တောင်ကိုတက်လာခဲ့သဖြင့် တောင်ထိပ် ကျောက်တုန်းကြီးပေါ်တွင် ထိုင်သောအခါ ကျနော်ကား မောဟိုက်နေပေပြီ။ ပါးစပ်ကိုဖွင့်၍ မြူငွေ့ပါသည့် အေးမြသည့်လေကို အားပါးတရ ရှူသွင်းလိုက်သည်။

ခဏကြာလျှင် ညည်းငွေ့နေသော စိတ်များသည် ပြန်၍ လန်းဆန်းလာသည်။ စိတ်အာရုံထဲတွင် ခိုအောင်းနေသော အညစ်အကြေးများကို မြူငွေ့များက သယ်ယူ သွားနေကြသလိုပင်။ အအေးငွေ့များသည် ကျနော့်ကို တိုးဝှေ့သွားကြ၏။ ကျနော့်ခေါင်းပေါ်မှ ရုပ်တိုက်ကာ တိမ်များသည် ရွေ့လျားနေကြ၏။

ထိုနေရာမှ ငုံ့ကြည့်လိုက်လျှင် မျှော်မဆုံးနိုင်သည့် လယ်တောကြီးများ၊ လယ်တဲကလေးများ၊ တောင်ခြေမှ တရွေ့ရွေ့စီးနေသည့် ရိုးချောင်း ကလေး၊ ကျနော့် ဇာတိရွာ၊ မလှမ်းမကမ်းရှိ မီးရထား သံလမ်းပေါ်မှာ ခုတ်မောင်းနေသည့် ရထားများ၊ အပေါ်စီးမြင်ကွင်းမှာ ကျယ်ပြော လှလေသည်။

အဝေးဆီ၌ ခင်တန်းကုန်း တခုပေါ်တွင်ရှိသည့် မီးရထားဘူတာရုံကလေးမှ အုတ်အနီရောင်ကား တောက်ပနေသည်။ ကျောက်တုံးကြီးများပေါ်၌ ထိုင်နေစဉ်တွင် ကျနော့်စိတ်အာရုံထဲမှ ထွက်ခွာကာ ကျနော့်ကို စွန့်ပစ်ထားခဲ့သော ကျနော့်ဇာတ်ကောင်များသည်လည်း ပြန်ရောက်လာ ကြသည်။ သူတို့သည် မီးခိုးများလို အဝေးမှ ပြန်လည် လွင့်လာကြသည်။ ကျနော့်စိတ်အာရုံထဲ၌ အကောင်အထည်အဖြစ်ဖြင့် ပြန်လည် ဖွဲ့စည်းလာကြပြန်သည်။ သူတို့၏ အပြုအမူများကို ကျနော်သည် မှန်းဆနေမိ၏။ သူတို့၏ ပြောစကားများကို ကျနော်ဖမ်းယူ ကြည့်လေ သည်။

တကြိမ်၌ ဝတ္ထုရှည်တပုဒ်ရေးရန် သွားသောအခါ ကျနော်သည် တောင်ကြားလယ်တောသို့ ရုတ်တရက် မရောက်ဖြစ်ခဲ့ပေ။

ရွာနှင့် အလှမ်းမဝေးလှသည့် ကမ္ဗည္ဒာန်းကျောင်းတခု၏ အုတ်ဂူထဲ၌ပင် ရေးဖြစ်လေသည်။

ကျနော်ရောက်သွားချိန်တွင် ကမ္ဗည္ဒာန်းစီးဖြန်းသူများလည်း မရှိ။ ဝါးရုံတောကြီးအလည်ရှိ ကမ္ဗည္ဒာန်းဂူထဲ၌ အေးချမ်း ငြိမ်သက်နေသည်။ အသံဟူ၍ ဖောင်တိမ်အသွားနှင့် စာရွက်ခြစ်သံ၊ ကျနော့် အသက်ရှူသံများသာ ပြန်ကြားနေရသည်။ ထိုဂူထဲတွင် သုံးလနီးနီး ကြာသောအခါ ကျနော့်ဝတ္ထုကို အဆုံးသတ်လိုက်နိုင်သည်။

ထိုနေ့ညတွင်ပင် ကျနော် ရန်ကုန်ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

တကယ်၌ကား ကျနော့်ဝတ္ထုကို အဆုံးသတ်သင့်သည်မှာ ကြာခဲ့ပေပြီ။ ထုတ်ဝေသူကလည်း ကျနော့်အပေါ်စိတ်မရှည်နိုင်တော့။ ပုံနှိပ် အလုပ်သမားများကလည်း ကျနော့်ဝတ္ထုကို စောင့်မျှော်နေကြပေသည်။

ဝတ္ထုအဆုံးသတ်လျှင် သတ်ချင်း အခါတိုင်း ကျနော်ပြုမူနေကျအတိုင်း ဖိုးရှန်တောင်ထိပ်ပေါ်သို့ သွားခဲ့သည်။ အဆုံးသတ်ပြီးစာမူကို ရင်ခွင်ပိုက်ကာ ကျနော်ကား တောင်ထိပ်ပေါ်ရှိ မိုးကောင်းကင်လို ရင်ထဲ၌ ပေါ့ပါးကြည်လင်နေသည်။

ထိုမှ ကိုကျေးကြီးကို နှုတ်ဆက်ရန် တောင်၏ဆင်ခြေလျှောအတိုင်း တဖက်သို့ ဆင်းလာခဲ့သည်။ ထိုညနေတွင် ကိုကျေးကြီးသည်လည်း ကျနော့်ကို ထွက်ကြိုနေသည်။ အဝေးကြီး အဝေးကြီးကတည်းက သူ့မျက်နှာ ကျယ်ပြန့်ပြန့်ကြီး ပြုံးနေသည်ကို မြင်နေရသည်။

သူသည် လုံချည်ကို ခပ်ရှည်ရှည်ဝတ်ထားသည်။ စစ်အင်္ကျီဟောင်းတထည်ကို လက်မောင်းခေါက်ပြီး ဝတ်ထားသည်။ ညနေခင်း နေရောင် အောက်မှ သူ့အပြုံးမှာ ကျနော် မမေ့နိုင်လောက်အောင် တက်ကြွ ထက်သန်နေသည်။

သူ အပြစ်ကင်းမဲ့သော ခလေးကြီးလို ပြုံးတတ်ပုံ၊ သူ အပြစ်ကင်းမဲ့စွာ ဟက်ဟက်ပက်ပက် ရယ်မောနေပုံ၊ သူ ညိုးနွမ်းစွာ ရှော့ရဲစွာ ပြုံးတတ်ပုံ၊ သူရှုံးစဉ်က ပြုံးခဲ့သည့် စက်ရုပ်ဆန်သော သေနေသည်အပြုံး၊ ဝတ္ထုတပုဒ်အညွန့်ကို ဖတ်ပြအပြီး သူ့မျက်နှာကြီးပေါ်တွင် ပေါ်လာခဲ့သည့် နာကျင် ကိုက်ခဲနေသည့် အပြုံး၊ ထိုအပြုံးများကား ကျနော်ထိတွေ့နေကျပင်။

ခုအပြုံးမျာမူ ကျနော် သူ့မျက်နှာပြင်ကျယ်ကြီးပေါ်၌ တခါကမျှတွေ့ဖူးသည့် အပြုံးမျိုးမဟုတ်ပေ။ ဤအပြုံးထဲတွင် ကြီးမားလှသော စွမ်းအား စွမ်းမာန်များဖြင့် တက်ကြွထက်သန်နေသည်။

အဝေးကြီးကတည်းကပင် သူ၏ထူးခြားလှစွာ တက်ကြွနေမှုကို တွေ့ထိနေရသည်။ လူက လက်နှစ်ဖက် ခါးထောက်လျှက် ငြိမ်သက်စွာ ရပ်နေသော်လည်း သူ၏ လှုပ်ရှားမှု အသက်ဝင်နေသော ထက်ကြွ ထက်သန်နေမှုများသည် သူ့မျက်လုံးများထဲတွင် သော်လည်းကောင်း .... သူ့နှုတ်ခမ်းများပေါ်တွင် လည်းကောင်း .... သူ့မျက်နှာကြီးပေါ်တွင် လှည့်ပတ် လှုပ်ရှားနေသည့် သွေးကြောများထဲတွင်လည်းကောင်း ... သူ၏တောက်ပနေသည့် မျက်နှာကြီးကို ပိုမိုကျယ်ပြန့်သွားစေသည့် အပြုံးထဲတွင်လည်းကောင်း ကျနော် တွေ့ထိနေရသည်။

တဲကုန်းပေါ် ကျနော်အတက်တွက် သူက လက်ဝါးကြမ်းကြီးဖြင့် ကျနော့်လက်မောင်းကို တဟုန်ထိုး စီးဆင်းနေသည့် သွေးကြောများ ပူနွေးလျှက်ဖြင့် အားပါတရ ဆုပ်ကိုင်ကာ ဝမ်းသာအားရဖြစ်နေသည်။

ဤအပြုအမူမျိုး သူထံ၌ မရှိခဲ့ဖူးပါကလား။

"ငါ ဖတ်စရာ စာ တွေ့ပီကွ"

သူက မျက်ရည်လည်မတတ် ဝမ်းသာအားရကြီး ပြောလိုက်သံကြောင့် ကျနော်သည်ပင် လှုပ်ရှား တက်ကြွသွားလေသည်။

သူနှင့် ကျနော်သည် တဲထဲ ဝင်လိုက်ကြ၏။

ကျနော် စာရေးနေကျ ဝါး ကွပ်ပစ်ကလေးပေါ်တွင် ထိုင်လိုက်ကြသည်။သူကား ကျနော် မမှတ်သားနိုင်အောင်ပင် များပြားလှသည့်စကားများကို တက်ကြွစွာဖြင့် လုံ့သွန်သလို ပြောလာသည်။ သူ့အိပ်ယာခေါင်းရင်း ငြမ်းစင်ကလေးပေါ်မှ စာအုပ်နှစ်အုပ်ကိုလည်း ဆွဲယူလိုက်သည်။

ကျနော်ကား ခုမှပင် သူဘာကြောင့် ပြောင်းလဲသွားရသည်ကိုလည်း တွေ့ရသည်။ သူတသက်လုံး ကျနော် ဖတ်ခိုင်းခဲ့သမျှ စာများကို ဘာကြောင့် ငြင်းဆန်လာခဲ့သည်ကိုလည်း တွေ့မြင်လာရသည်။ သူ့ကို ငြင်းဆန်ရန် သင်ကြားပေးနေသည့် လမ်းညွှန်သူကား သူ့ဘဝပါ တကား။ ကျနော်တို့အတွက် အနာဂတ်မှာ ကြည်လင်ရှင်းလင်းနေပြီ ဟူ၍ ယုံကြည်စိတ်များသည် ပိုမို ထက်သန်လာရသည်။

တချိန်သောကာလတွင် လယ်သမားကြီးများသည် မြောက်မြားစွာသော စာပေများကို အငမ်းမရ ဖတ်လာကြလိမ့်မည်။

"ငါကွာ ဒီစာအုပ်နှစ်အုပ်ကို မင့်သူငယ်ချင်း ဘီအေပညာရှိကြီးအိမ်မှာ တွေ့ခဲ့တာကွ၊ သူ့ ဒါလဲ လယ်သမားဝတ္ထုလို့ပြောတာနဲ့ ငါကလဲ အမှတ်တမဲ့ ငှားမိတယ်ကွာ၊ သူက ပါးစပ်ကပြောတာတော့ အကောင်းပါဘဲ၊ သူ့စာအုပ်တွေကို ဘယ်သူ့မှ မငှားတော့တာ ကြာပီတဲ့၊ ပျောက်လွန်းလို့တဲ့ကွာ၊ ပါးစပ်ကတော့ ငါ့ကိုတောင်းပန်သလိုလို ပြောပါတယ်"

"မျက်နှာကတော့ သရော်နေသလိုဘဲကွ၊ ခင်ဗျားတို့ အသိပညာခေါင်းပါးတဲ့ လယ်သမားတွေနဲ့ ဒီစာအုပ်နဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားတို့ နားမလည်ပါဘူးနဲ့ ပြောနေသလိုပဲ၊ သူ့စိတ်ထဲမှာ ဖြစ်နေတာ ငါသိပါတယ်ကွာ"

"ငါလဲ ငါ့မာနနဲ့ငါဘဲကွ၊ ချက်ချင်း မြို့သွားပြီး စာအုပ်နှစ်အုပ်ကို မရမနေရှာတာ တနေလယ်ကုန်တာဘဲကွာ၊ ခေါင်းကို မူးနောက်သွားတာဘဲ၊ ခုနစ်ကျပ်တောင် ပေးရတယ်၊ ငါလဲ မျက်စိမှိတ် ဝယ်လိုက်တယ်၊ ငါဖတ်ကြည့်တော့ မင့်ပညာရှိကြီးထက် ငါ ဆယ်ဆနားလည်တယ်ကွ၊ ငါ စိန်ခေါ်ရဲတယ်"

"ဒါမှ လယ်သမားဝတ္ထုကွ၊ သိလား၊ ဒါမှလယ်သမားဝတ္ထု"

သူ၏ ထက်သန်လှသည့် စကားသံများမှာ တလုံးထက်တလုံး ပို၍ တက်ကြွလာသည်။

"ချို။
ကို။
ဥက္ကဋ္ဌကြီး ကို။
ဥက္ကဋ္ဌကြီး ချို။"

ထိုအမည်များမှာ သူပြောနေသည့် စကားများထဲ၌ ခြေရာချင်းထပ်နေသည်။ ကျနော်သည် သူပြောသမျှ ထက်သန်လှသည့် စကားများကို ငြိမ်သက်စွာ နားထောင်ရင်း အတွေးစပေါင်းများစွာ ဖြစ်ပွားနေရသည်။

ကျနော် သူ့ကိုပေးဖတ်ရန် သတိမထားမိသေးမီတွင် စာရေးဆရာ ချယ်လီပို၏ "မုန်တိုင်း" ဝတ္ထုသည် ဤတောင်ကြားလယ်တောကလေးသို့ ရောက်ရှိနေခဲ့ပေပြီ။

"မုန်တိုင်း" ဝတ္ထုထဲ၌ ...

တရွာလုံး စာမတတ်ကြသော လယ်သမားများသည် မြေရှင်ကြီးများ၏ မြေယာများကို သိမ်းပိုက်လိုက်ကြ၏။ "ချို" သည် မူလက အလွန်ပျင်းသောလူ ဖြစ်၏။ ချို၏ဇနီးမှာ ဝတ်စရာ အဝတ်မရှိသဖြင့် ပြောင်းတောထဲ၌ ပုန်းအောင်းနေရသည်။ "ချို"ကို ဆင်းရဲ ကျပ်တည်းလှသော မြေကမန်လယ်သမားဘဝ၌ လူနုံ လူညံ့ဟု ထင်ရသည်။ တော်လှန်ရေး၌ကား "ချို" သည် လူပျင်း လူဖျင်း မဟုတ်တော့။ အလုပ်ကို နေ့ ည မအိပ် လုပ်နေသူ ဖြစ်လာခဲ့ပြီ။ ချို၏ တက်ကြွ ထက်သန်နေမှုများကား ယုံကြည်နိုင်စရာပင် မရှိ။ "ချို" သည်ရွာ၌ ဥက္ကဋ္ဌကြီးအဖြစ်ဖြင့် ဦးဆောင်နေသူဖြစ်လာခဲ့သည်။

မြေရှင်ကြီးများကို စစ်ဆေးသည့်ကျေးရွာ တရားခုံရုံးများတွင် လယ်သမားတိုင်းသည် သူတို့တသက်လုံး ခံစားခဲ့ရသမျှ နာကျည်းချက်များဖြင့် စွဲချက်တင်ကြ၏။ တခါတွင် ကိုမင်တန်စားမြဲများနှင့် တိုက်ပွဲဖြစ်ရာ ဥက္ကဋ္ဌကြီး "ချို" ကျဆုံးသွား၏။ သူ့နေရာ၌ လူပျိုကြီး "ကို" သည် ဥက္ကဋ္ဌကြီးအဖြစ် အစားဝင်လိုက်လေသည်။

ယခုမှ "ကို" ၏ ကိုယ်ကျိုးစွန့်မှု ပြတ်သားမှုများသည် ကိုကျေးကြီး၏ စိတ်ဓါတ်များထဲသို့ ကူးပြောင်းသွားနေသလိုပင်။

ကိုကျေးကြီးကို ယခင်က ကိုကျေးကြီး မဟုတ်တော့သလိုပင်။ ကျနော့်စိတ်တွင် ခံစားတွေ့ထိနေရသည်။ သူ၏ လှုပ်ရှားမှုတိုင်းသည် နက်နဲစွာ ခိုင်မာစွာ ထက်သန်တက်ကြွ နေသလိုပင်။ ကိုကျေးကြီး ရင်ထဲတွင်လည်း အင်အားကြီးမားလှသော မုန်တိုင်းကြီးတခု တင်နေသိုပင်။ မူလက ညှင်းညှင်းလှသည့် လေပြေကလေးသည် ဝဲလှည့်နေရာမှ အစအစကြီးထွားလာသည်။ အင်အားကြီးမားလာသည် ထို့နောက် ...... ထို့နောက် .... မုန်တိုင်းကြီးအဖြစ်သို့ ပြောင်းလဲနေပေပြီ။

"ဥက္ကဋ္ဌကြီး 'ကို' ဟာကွာ နောက်ဆုံးတော့ ကိုမင်တန်စားမြဲတွေ တိုက်ဖို့ သေနတ်ဆွဲထွက်သွားတာဘဲ၊ သူ့နောက်မှာ တရွာလုံးလိုလို လိုက်သွားကြတယ်"

ကိုကျေးကြီး၏ စကားသံမှာလည်း မပြတ်တော့ပေ။

နေသည်လည်း တောင်ကြားတဖက်သို့ လျှောကျသွားပေပြီ။ အလင်းရောင်လည်း ဖျော့သွားပေပြီ။ ကျနော်လည်း ရထားအမှီသွားရန်ရှိသဖြင့် သူ့စကားများ ကျန်နေသေးလျှက်ဖြင့်ပင် နေရာမှ ထလိုက်ရသည်။

"ဟုတ်တယ်မှုတ်လားကွ၊ ငါတို့ဟာ ငါ့လိုလယ်တွေကို မက်မောတယ်၊ မက်မောရမယ်၊ မက်မောလို့ ...."

သူက ကျနော့်ကို လယ်ကန်သင်းရိုးအတိုင်း လိုက်ပို့ရင်း ပြောလိုက်လာနေသေးသည်။ တောင်ကြားအထွက်တွင် အလင်းရောင်မှာ သူ့မျက်နှာ ကိုယ့်မျက်နှာ သဲကွဲယုံမျှသာ ယဲ့ယဲ့ကျန်တော့သည်။ သူ့ကို နေရစ်ခဲ့တော့ရန် ကျနော်က ရပ်ပြောရသည်။ သူကမူ စကားပြော မဝသေးပေ။

"ငါ့အတွက် ဘယ်လိုစာအုပ်မျိုး ကြိုက်မယ်ဆိုတာ မင်းသိပီနော်၊ ငါလဲ စာအုပ်ကောင်းတွေဆို လယ်နာနီးချင်းတွေ ဖတ်ခိုင်းရမယ်၊ သူတို့ ဖတ်လာကြမှာပေါ့ ...."

ကျနော် ခပ်ဝေးဝေး ရောက်သည်အထိ သူကား အော်ပြောနေဆဲ ရှိသေးသည်။ တောင်ကြားကား မှောင်ရီ ဆိုင်းပေပြီ။ ဖိုးရှန် တောင်ထိပ် စွန်းသည် အမှောင်အောက်တွင် ပျောက်ကွယ်သွားပေပြီ။

ကျနော်လည်း အလင်းရောင် ဖျော့ဖျော့တွင် ကန်သင်းခုံများကို စမ်းနင်းရင်း အတွေးနက်လာသည်။ ထိုအတွေးအောက်၌ အရာဝတ္ထုများသည် ပျောက်ကွယ်နေ၏။ ကျနော်ကိုယ်တိုင်၏ ရုပ်ခန္ဓာသည်ပင် စုန်းစုန်းမြုပ် ပျောက်ကွယ်နေသည်။

"တကယ်တော့ ငါဟာ ဒီတောင်ကြားလယ်တောကလေးထဲလာပီး စာပေ သဘောတရား သင်တန်းတွေ တက်နေရတာဘဲ၊ စာအုပ်ထဲက သဘောတရားတွေ မဟုတ်ဘူး၊ စက္ကူဖြူဖြူပေါ်က စာလုံးကလေးတွေ မဟုတ်ဘူး"

"ကိုကျေးကြီး ..... မုန်တိုင်း .... တောင်ကြားလယ်တော။ မုန်တိုင်း ကိုကျေးကြီး .... မုန်တိုင်း ... မုန်တိုင်း ..."

ကျနော့်နှလုံးသားများမှာလည်း နက်နဲစွာ ခိုင်မာစွာ တက်ကြွနေသည်။ ကြည်နူးဆွတ်ပျံ့မှုများအောက်၌ နစ်မြုပ်နေသလိုပင်။

ဗန်းမော်တင်အောင်၏ "မုန်တိုင်းကထန်၊ ငြေ" တိုကိုလည်း စိတ်ထဲမှာ သတိတရ ဖြစ်နေသည်။

ကျနော်ကား ရန်ကုန်ပြန်ရောက်လျှင် ရောက်ချင်း ကိုကျေးကြီးကြိုက်မည့် စာအုပ်များကို ရှာဖွေ စုဆောင်းရမည်။ ထုပ်ပိုးပြီး ကိုကျေးကြီး နေထိုင်ရာ တောင်ကြားလယ်တောသို့ အရောက် တင်ပို့ပေးရမည်။

နိုင်ဝင်းဆွေ

▪ - ¤ - ▪